# ရှေးဦးသင်အဘိဓမ္မာ

## ABHIDHAMMA
for beginners and Intermediate students

by
U Aung Thein

၁၄၉၉ -

ရေးသူ
ဦးအောင်သိမ်း
ဗုဒ္ဓကျမ်းစာဒုတိယကထိက
ရန်ကုန်တက္ကသိုလ်

အောင်သိပ္ပံစာအုပ်တိုက်

ဥပစာတန်းအတွက်

# ရှေးဦးသင်အဘိဓမ္မာ

## ပထမတွဲ

သာသနာ့ဘောင်တွင်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက် ✦❊✦✦
ထမ္ဘာဆေး - ရှန်ကျန်။

ဦးအောင်သိမ်း

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓကျမ်းစာဌာန ဒုတိယကထိက
စီစဉ်ရေးသားသည်။

၁၉၅၈ ခု

ကုသလဝတီပုံနှိပ်တိုက်
၆၀ - ရေကျော်လမ်း၊
ရန်ကုန်မြို့

A

ပဌမနှိပ်အကြိမ် ၁၉၅၂-ခုနှစ်။

ဒုတိယ ။ ၁၉၅၃ ။

တတိယ ။ ၁၉၅၈ ။

# နိဒါန်း။

---

**ရှေးဦးသင်**
**အဘိဓမ္မာ**

ဤကျမ်းစာကို ၁၃၀၉ (၁၉၄၇) ခုနှစ်ကပင် စတင် ရေးသား ထားခဲ့ ပေသည်။ ကျွန်ုပ်သည် အဘိဓမ္မာ၏ သဘာဝများကို သင်ကြားခဲ့ရာ၌ အလွန်ပင် ဝါသနာထုံ ခဲ့သဖြင့် ငယ်ရွယ်စဉ် ကပင် စစ်ကိုင်း တောင်ရိုး ဘထွေးတော် ဦးလက္ခဏထံ၌ အဘိဓမ္မတ္ထ ဘဂ်ဟ ကျမ်းကို သင်ကြားစဉ် "ငါးပိုင်းစပ်သရုပ်ခွဲ"ကို ဆရာ ပို့ချစဉ် အတိုင်း ရေးသား ထားခဲ့ ဘူးလေသည်။ ဘထွေး ဖြစ်သော ဆရာတော် ဦးလက္ခဏာ သည်လည်း အဘိဓမ္မာ သဘာဝ များကို ပိုမို နှစ်သက်သော ဆရာတော် ဖြစ်သည့် အလျောက် အဘိဓမ္မာဆိုင်ရာ ဋီကာကျော်,ဝိသုဒ္ဓါရုံပရမတ္ထသရူပဘေဒနီ, လယ်တီ ပရမတ္ထဒီပနီ, စသော ကျမ်းများ နှင့် အဘိဓမ္မာညဝါ ကျမ်းစာ များကို အထူး အားဖြင့် သင်ကြား ပို့ချ၍ ပေးခဲ့ လေသည်။

ထိုနောက် တဖန်····မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံတိုက် ရွှေကျောင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဖြစ်တော် မူသော အဂ္ဂမဟာပဏ္ဍိတ စည်ရှင် ဆရာတော် ဘုရားထံ ပါဠိ, သက္ကဋနှင့်တကွ ပိဋက ကျမ်းစာများကို သင်ကြားစဉ် အခါမှာ လည်း အဘိဓမ္မာဆိုင်ရာ အဋ္ဌသာလိနီ အဋ္ဌကထာနှင့် မူလဋီ ကာများကို ပိုမို၍ သင်ကြားခဲ့ရလေသည်။

သို့ရာတွင် ထိုစဉ်အခါက စာမေးပွဲ ပရိယတ္တိ ဓမ္မသင်္ဘာင်များ အတွက် ငဲ့ကွက်လျက် အဋ္ဌကထာနှင့် ဋီကာတို့၏ ကျမ်းသွားကျမ်းလာနှင့် ပုဒ်ဖွင့် ပါဠိဖွင့်, စုဒ်,စောဒနာ, နေတ္တိဟာရ, အလင်္ကာနည်း, ဆန်းနည်း,စသည်ဖုံဖုံ အလုံးစုံသော နည်းတို့ဖြင့်သာ နစ်မွန်း မျောပါလျက် သဘော သဘာဝတ္ထ ဘက်၌ စိတ်မစိုက်နိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်သွားသည့်နောက် ၁၃၀၉-ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ပါဠိနည်းပြ ဆရာအဖြစ် လုပ်ကိုင်စဉ် အဘိဓမ္မာသင်တန်းများကို ချပို့သောအခါမှသာ အဘိဓမ္မာ၏ သဘော သဘာဝတ္ထများကို လက်တွေ့ကျင့်သုံး၍ ယထာဘူတ ဝိနိစ္ဆယ အနေမျိုး ရောက်အောင် တွေးတော ကြံစီခွင့်ရခဲ့လေသည်။

လက်တွေ့ လောကခေတ်ပညာ ခေတ်စားနေသော အချိန်အခါ၌ ကျောင်းသားများအား အဘိဓမ္မာ၏ သဘော တရားများကို ပါဠိဘာသာဖြင့်၎င်း, ကျမ်းသွားကျမ်းလာ စာအဘိဓမ္မာတို့ဖြင့် ၎င်း, ဋီကာများမှ လာသော ဝေဆာ လှသော အဓိပ္ပါယ်တို့ဖြင့်၎င်း,သဘာဝတ္ထမှ တပါးသော စုဒ်စောဒနာတို့ဖြင့်၎င်း,အဘိဓမ္မာသဘောမသက်ရောက်သောသရုပ်သင်္ချာ ရေတွက်မှုဖြင့်၎င်း, ရှေးရာအတိုင်း အချိန်ရှည်ရှည် သင်ကြား ရသော ရဟန်းတော်များ၏ သင်ကြားနည်းတို့ဖြင့် သင်ကြား ပို့ချနေလျှင် အချိန်တို သင်ကြား ရသော ကျောင်းသားများ စိတ်ပါဝင်စားမှုမရှိဘဲ ''ပိုးသာကုန် မောင်ပုံ စောင်း-မတတ်'' သကဲ့သို့ဖြစ်၍ အလွန် ဝန်လေးကာ ပြင်းရိ ငြီးငွေ့ဘွယ်ရာဖြစ် လိမ့်မည့်ဘေးကို''လယ်ပြင်မှာ ဆင်သွားသလို'' အထင်အရှား တွေ့မြင် မိပါသည်။

သို့ဖြစ်၍ ပါဠိဘာသာ မဘက် မြန်မာ သက်သက်ဖြင့်ရင်း, စာအဘိဓမ္မာ မဟုတ်ဘဲ လက်တွေ့ အဘိဓမ္မာ အားဖြင့်ရင်း, အဋ္ဌကထာ ဋီကာမှ လာသော သဘာဝ မဟုတ်သော စုဒ်, စောဒနာများကို ရှောင်ကွင်းလျက် သဘာဝတ္တအား ကျေးဇူး များသော သရုပ် သချ်ာမျှ ကိုသာ မကင်းစေဘဲ အဘိဓမ္မာ သဘော သက်ရောက်နိုင်သမျှ သက်ရောက် စေလျက် ပေါ်လွင် ထင်ရှားသော အဘိဓမ္မာ ကျမ်းစာ တစောင် ရေးသား၍ သင်ကြား ပြသ ရသော် ကောင်းလိမ့်မည်-ဟု အကြံ ဖြစ်ပေါ် လာခဲ့လေသည်။

ထိုအကြံ အားလျော်စွာ ဤ"**ရှေးဦးသင်အဘိဓမ္မာကျမ်း**" ကို ၁၃၀၉-ခုနှစ် တပေါင်းလမှာပင် စတင် ရေးခဲ့ လေသည်။

သို့ရေးသား ထားလင့် ကစား ထိုစဉ်က ရေးသားသည် မှာလည်း မှတ်စုအနေဖြင့် ရေးသား ထားခဲ့ရသည်ဖြစ်၍ ယခု ကဲ့သို့ ကျမ်းစာ တစောင်တဖွဲ့ အနေဖြင့် ထုတ်ဝေရန် ရည်ရွယ် ရင်း စိတ်ဆန္ဒ မရှိခဲ့ပေ။ မိမိ၏ ကျမ်းစာကိုလည်း မိမိကိုယ်တိုင် ပင် အားရ နှစ်သက် တင်းတိမ် လှသည် မရှိလှသဖြင့် ကျမ်းစာ တစောင် တဖွဲ့ အနေမျိုး မရောက်ဘဲ ၅-နှစ်ခန့်မျှ မှတ်စု ဘဝ ဖြင့်သာ အချိန်ကုန်ခဲ့ရလေသည်။

ထိုနောက် အဘိဓမ္မာကိုလေ့လာလိုကြသော ပါဠိပါမောက္ခ ဦးအောင်သန်းနှင့် ကထိက ဦးဘလေး တို့ကို ကြည့်ရှု စေရာ ထိုပုဂ္ဂိုလ်များ၏ တိုက်တွန်းချက်အရ ယခုမှပင် ဖြည့်စွက်ပြင် ဆင်လျက် ကျမ်းစာ တစောင် တဖွဲ့ အနေဖြင့် ရိုက်နှိပ်ထုတ်ဝေ ခြင်း ပြုလုပ်ရပါသည်။

( ၈ ) ရှေးဦးသင် အဘိဓမ္မာ။

ဤကျမ်းစာ၌ မူလကျမ်းစာ ''အဘိဓမ္မတ္ထသင်္ဂဟ''(သင်္ဂြိုဟ်) ကျမ်းကိုမူတည်၍''မူလစာကိုယ်''ဟုခေါ်ဝေါ်ကာ မြန်မာ စကားပြေများဖြင့် ရေးသား ထားပါသည်။

၎င်း''မူလစာကိုယ်''၏ နံပါတ်များမှာ သင်္ဂြိုဟ်ပါဠိ နံပါတ်များဖြင့် တပ်ထားပါ၍ လွယ်ကူစွာ ပါဠိဖြင့် တိုက်ဆိုင် ကြည့်ရှုနိုင်ပါသည်။

အဓိပ္ပါယ်၏ နံပါတ်မှာ ''မူလစာကိုယ်'' နံပါတ်အတိုင်း တပ်ထားသဖြင့် အလွယ်တကူ ကြည့်လိုသူများ အကျယ် သိလိုသူများသည် နံပါတ် အတိုင်း တိုက်ဆိုင် ကြည့်ရှု နိုင်ပါသည်။

ဤကျမ်းစာ ဖြစ်မြောက်ရေး၌ အကူအညီပြုသော ဆရာဦးအေးမောင်အားလည်း အထူး ကျေးဇူး တင်ပါကြောင်း။

**အောင်သိမ်း၊**

၁၃၁၅-ခု၊ ဒုတိယ ဝါဆိုလဆုတ်(၅)ရက်၊

31–7–53.

ရန်ကုန်မြို့။

# အဘိဓမ္မ နိဒါန်း။

---

**အဘိဓမ္မ** = အဘိဓမ္မာ ဆိုသည်မှာ သုတ္တန် ဓမ္မ တို့ထက် လွန်ကဲ ထူးမြတ်သော တရားဖြစ်သောကြောင့် အဘိဓမ္မာဟူ၍ ခေါ်ဆိုအပ်၏။ သုတ္တန် ဓမ္မ တို့ထက် အဘယ်ကဲ့သို့ လွန်ကဲထူး မြတ်သနည်း····သုတ္တန်၌ ခန္ဓာငါး ပါးကို နည်းအပြည့်အစုံ ဝေ ဘန်၍ ဟောတော်မမူ၊ တစိတ် တဒေသ အားဖြင့် ဝေဘန်၍ ဟောတော်မူ၏။

**အဘိဓမ္မာတို့၌ကား**····သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မာ ဘာဇနီယနည်း, ပဉှာပုစ္ဆက (အမေး-အဖြေ) နည်းတို့ဖြင့် အကြွင်းမရှိအပြည့်အစုံဝေဘန်၍ ဟောတော်မူသည်။ထို့အတူ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး၊ သစ္စာ ၄ပါး၊ ဣန္ဒြေ ၂၂-ပါး၊ ပဋိစ္စသမုပ္ပါဒ် စသည်တို့ကိုလည်း နည်း ၃-နည်း တို့ဖြင့် အကြွင်းမရှိ အပြည့်အစုံ ဝေဘန်၍ ဟောတော်မူသည်။ ဤသို့ သုတ္တန် ဓမ္မတို့ထက် (ပါဠိဓမ္မအားဖြင့်) လွန်ကဲထူးမြတ် လေသည်။ အနက်အဓိပ္ပါယ် (အတ္ထ) အားဖြင့်လည်း ခက်ခဲ နက်နဲ၍ လူသာမန်တို့ မသိအပ်,မသိထိုက်သော သဘာဝတ္ထ, ပရမတ္ထတို့ကိုသာ ဟောတော် မူသောကြောင့် သုတ္တန်ဓမ္မတို့ ထက် လွန်ကဲ ထူးမြတ်လေသည်။

ထို လွှန်ကဲ ထူးမြတ်သော အဘိဓမ္မာသည် ကျမ်းဂန်အားဖြင့် ၇-ကျမ်းရှိသည်....

၁။ ဓမ္မသင်္ဂဏီကျမ်း၊
၂။ ဝိဘင်းကျမ်း (ဝိဘင်္ဂကျမ်း)
၃။ ဓါတုကထာကျမ်း၊
၄။ ပုဂ္ဂလပညတ္တိကျမ်း၊
၅။ ကထာဝတ္ထုကျမ်း၊
၆။ ယမကကျမ်း၊
၇။ ပဋ္ဌာနကျမ်း များဖြစ်သည်။

ဤ၌.... ဝိတဏ္ဍာဝါဒီ (အကျယ်ချဲ့၍ ဆန့်ကျင်ဘက် စကားကပ်ပြောတတ်သူ) ပုဂ္ဂိုလ်တို့ကား **ကထာဝတ္ထု** ကျမ်းကို ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် ၂၁၈ - နှစ် ကျော်လွန်မှ ''မောဂ္ဂလိတိဿပုတ္တထေရ်'' ဟောတော်မူသော ကျမ်းဖြစ်၍ အဘိဓမ္မာ ၇-ကျမ်းတွင် ထည့်သွင်း၍ မရေတွက်သင့်-ဟု ဆိုကြပေသည်။ သို့ရာတွင် ကထာဝတ္ထုကျမ်းသည်ဘုရားဟောမဟုတ်သော်လည်း ဘုရား ပေးသော မာတိကာနည်း အမြွက်ဖြင့် ဟောတော် မူသောကြောင့် ဘုရားဟော ဟူ၍ပင် ဆိုအပ်၏။

ထို့ကြောင့် ... ထေရဝါဒအားဖြင့် ကထာဝတ္ထု ပါဝင်သော အဘိဓမ္မာ ၇-ကျမ်းကိုသာ ဘုရားဟော အဘိဓမ္မာ ၇-ကျမ်းဟု ဆုံးဖြတ် သတ်မှတ် ခဲ့ကြလေသည်။ ဤအဘိဓမ္မာ ၇-ကျမ်းကို ဘုရားရှင် ဟောတော် မူကြောင်းမှာ-

ဘုရားရှင်သည် ပေါဓိပင်ရင်း၌ ထိုင်နေတော်မူလျက် ဤအဘိဓမ္မာတို့ကို ထိုးထွင်း သိမြင်တော်မူပြီးနောက်၊

"ငါသည် ဤအဘိဓမ္မာတို့ကို ရှာဖွေနေစဉ် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းလွန်ခဲ့လေပြီ၊ ယခု ဤဗောဓိပင်ရင်း၌ ထိုင်လျက်နေသော ငါသည် တထောင့်ငါးရာ ကိလေသာ တို့ကို ကုန်စေလျက် ဤ အဘိဓမ္မာတို့ကို ထိုးထွင်း၍ သိအပ်ပြီ"၊

ဤသို့ သိအပ်သောတရားကို ဆင်ခြင်လျက် ၇-ရက်ပတ်လုံး ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏၊

ထိုနောက်···· ထို ဗောဓိပင်မှ ထ၍ ငါသည် ဤ ပလ္လင်၌ သဗ္ဗညုတာဉာဏ်ကို ရအပ်၏ဟု မျက်စိ မမှိတ်ဘဲ ၇-ရက်ပတ်လုံး ပလ္လင်ကိုရှုကြည့်၍ ရပ်တော်မူ၏။

ထိုနောက်···· ဘုရားရှင်သည် "သိဒ္ဓတ္ထမင်းသားသည် ပလ္လင်ကို ကြည့်နေခြင်းဖြင့် ပြုဘွယ်ကိစ္စ ပြီးမည် မဟုတ်" ဟု ကြံဆသော နတ်တို့၏ အကြံကိုသိ၍ ခဏချက်ချင်း ကောင်းကင်သို့ ကြွသွား၍ တံခိုးပြာဋိဟာကို ပြတော်မူ၏။ တံခိုးပြာဋိဟာ ပြပြီးနောက် ဗောဓိပင်နှင့် ရပ်၍ ကြည့်ရာ ဌာန ၂-ခု၏ အကြား၌ ကောင်းကင်မှ သက်ဆင်း၍ စင်္ကြံ ကြွလျက် ၇-ရက်ပတ်လုံး နေတော်မူ၏။

ဤ ၃-သတ္တဟ ၂၁-ရက်တို့၌ ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်များ မထွက်သေးပေ။

စတုတ္ထ ၇-ရက်၌ကား အနောက်နှင့် မြောက် လျားလျက် နေသော "**ရတနာဃရ**" ရတနာ အိမ်တော်၌ နေတော်မူစဉ် အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ် ဆင်ခြင် တော်မူသည်။

ထိုတွင်····ဓမ္မသင်္ဂဏီ, ဝိဘင်္ဂ, ဓာတုကထာ, ပုဂ္ဂလပညတ္တိ ကထာဝတ္ထု, ယမက, အဘိဓမ္မာ ၆-ကျမ်းကို သုံးသပ် ဆင်ခြင်

သောအခါ ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် မထွက်ကုန်သေး။ ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ် ဆင်ခြင်သော အခါမှသာ ကိုယ်တော်မှ ရောင်ခြည်တော် တို့သည် ထွက်ကြွ ကွန့်မြူးကြကုန်သည်။ မှန်၏…. နူးညံ့ သိမ်မွေ့သော အဘိဓမ္မာကို သုံးသပ်ဆင်ခြင်သော ဘုရားရှင်၏ သွေးသည် ကြည်လင်၏။ သွေးကြည်လင်သဖြင့် စိတ်၏ မှီရာ ဝတ္ထုရုပ်ကြည်လင်၏။ဝတ္ထုရုပ် ကြည်လင်သဖြင့် စိတ်ကြည်လင်၏။ စိတ်ကြည်လင်သဖြင့် အရေအဆင်း ကြည်လင်တောက်ပ၏။ထိုစိတ်ကြောင့် ဖြစ်သော ဥတုဇ အဆင်းပါတ်သည် ပတ်ဝန်းကျင် အတောင် ရှစ်ဆယ်မျှ လောက် မတိုမလှုပ် တည်လေသည်။ ထိုရတနာဃရ၌ ၇-ရက် ပတ်လုံး ဆင်ခြင် သုံးသပ်သော အဘိဓမ္မာတို့သည် အဆုံး အပိုင်း အခြား မရှိကုန်။ အလွန်များပြား ကုန်၏။ ဤကား…. အဘိဓမ္မာတို့ကို စိတ်တော်ဖြင့် ဟောတော်မူခြင်းတည်း။

---

## နတ်ပြွက်၍ ကိုယ်တော်တိုင်
### ဟောတော် မူသည်မှာ–

ပါရိဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလ နာမကေ။
သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ။
စက္ကဝါဠ သဟဿေဟိ၊ ဒသဟာဂမ္မ သဗ္ဗသော။
သန္နိ သိန္နေန ဒေဝါနံ၊ ဂဏေန ပါရိဝါရိတော။
မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မ ကထာ မဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။ ။

(အဋ္ဌသာလိနီ အဋ္ဌကထာ ပဏာမ)

တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍု ကမ္ဗလေ။
ပါရိစ္ဆတ္တက မူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။
ဒသသု လောက ဓာတူသု၊ သန္နိပါတေတွာန ဒေဝတာ။
ပယိရုပါသန္တိ သမ္ဗုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဒနိ။ ။
(ဓမ္မပဒ နှင့် ပေတဝတ္ထု ပါဠိတော်)

ဘုရားရှင်သည် သာဝတ္ထိပြည်ကောသလမင်း၏ ယျာဉ်စောင့် ကဏ္ဍအားစိုက်စေသော သရက်ပင်ရင်း၌ရေမီးအစုံအစုံသော တံခိုး ပြာဋိဟာ တို့ကို ပြတော်မူပြီးသည်၏ အဆုံး၌ တာဝတိံ သာ နတ်ပြည်သို့ အဘိဓမ္မာကို ဟောရန်ကြွသွားတော်မူသည်။ ထိုတာဝတိံသာနတ်ပြည် ပင်လယ် ကသစ်ပင်ရင်း၌ ခင်းထား သော ''**ပဏ္ဍုကမ္ဗလ**'' မည်သော ကျောက်ဖျာ ထက်၌ ထိုင်နေ တော်မူလျက်။ မယ်တော်ဟောင်း ''**သန္တုသိတ နတ်သား**''ကို ကိုယ်တော်၏ မျက်မှောက် ထား၍ တသောင်းသော စကြာ ဝဠာမှ လာရောက်ကြကုန်သော နတ်အပေါင်းတို့အား အဘိ ဓမ္မာ တရားတော်ကို ဟောတော်မူသည်။

ထိုသို့ အဘိဓမ္မာ ဒေသနာတော်ကို ဝါတွင်း ၃-လ ပတ်လုံး မပြတ် ဟောတော်မူသော ဘုရားရှင်၏ အဟာရနှင့် စပ်သော ဥပါဒိန္နကခန္ဓာကိုယ်တော်သည် အဘယ်သို့ မျှတစွာ နေထိုင် သနည်း-ဟု ဆိုသော်။

အာဟာရနှင့် စပ်သော ရူပကာယတော်ကို အာဟာရဖြင့် လုပ်ကျွေးမြဲ လုပ်ကျွေးလျက်သာ တရားကို ဟောတော်မူသည်။

**ချဲ၍ပြဦးအံ့**····ဘုရားရှင်တို့သည် ထိုသို့ပြုလုပ်ရမည့် အချိန် အခါ ကာလတို့ကို ပိုင်းခြား သတ်မှတ်၍ ထားမြဲဖြစ်၏ ဘုရား ရှင်သည် တရားတော်ကိုဟောတော်မူလျက် လူ့ပြည်လောက၌

အချိန်ကာလကို ကြည့်ရှုတော်မူ၏။ ဆွမ်းခံချိန်ကို မှတ်သား၍ နိမ္မိတဗုဒ္ဓ ဘုရားအတုကို ဖန်ဆင်း၍ ဤနိမ္မိတဗုဒ္ဓ၏ **''သင်္ကန်း ကိုင်ခြင်း, သပိတ်ကိုင်ခြင်း, အသံပြုခြင်း, အသွင်အပြင်တို့သည် ဤသို့ ဖြစ်စေသတည်း။ ဤမျှလောက်သော တရားတို့ကို ဟော စေသတည်း''**ဟု အဓိဋ္ဌာန် ပြုလျက် သပိတ် သင်္ကန်းကို ယူ၍ အနောတတ္တအိုင်သို့ ကြွသွားတော်မူ၏။ ထို အနောတတ္တအိုင်၌ ကိုယ်လက် သုတ်သင်၍ မနောသိလာ မည်သော ကျောက်ဖျာ ပေါ်၌ ရပ်လျက် သင်္ကန်းဝတ်ခြင်း, ရုံခြင်းကိုပြုပြီး၍ စတု လော ကပါလနတ်မင်းကြီး လေးဦး ပေးလှူအပ်သော ကျောက်သပိတ် ကို ယူကာ မြောက်ကျွန်းသို့ ဆွမ်းခံ ကြွတော် မူ၏။ ထိုမြောက် ကျွန်းမှ ဆွမ်းခံခဲ့၍ အနောတတ္တအိုင်၏ ကမ်းနား၌ ထိုင်လျက် ဘုဉ်းပေးတော်မူ၏။ နေ့အခါ နေ့သန့်စင်ရန် အလို့ငှါ စန္ဒကူး တောသို့ ကြွသွားတော်မူ၏။

ထိုအချိန် အခါ၌ **အရှင် သာရိပုတ္တရာထေရ်** သည်လည်း ထိုစန္ဒကူး တောသို့ သွား၍ ဘုရားရှင်အား ဝတ်ပြု တော်မူ၏။ ထိုအခါ ဘုရားရှင်သည် သာရိပုတ္တရာထေရ်အား အဘိဓမ္မ၏ နည်းအကြက်ကို ပေး၍ ဟောတော်မူ၏။ အရှင် သာရိပုတ္တရာ ထေရ်သည်လည်း ဘုရားဟောအပ်တိုင်း ဟောအပ်တိုင်းသော တရားတို့ကို ဆောင်ယူလျက် အတူနေ တပည့်ရဟန်း ငါးရာတို့ အား ဟောတော်မူ၏။ နတ်ပြည်၌ ဘုရားရှင် ဟောတော်မူအပ် သော အဘိဓမ္မာ၏ ပြီးဆုံးခြင်းနှင့် ထိုရဟန်းတို့၏ အဘိဓမ္မာ သင်ယူခြင်းကိစ္စ ပြီးဆုံးခြင်းတို့သည် တပြိုင်နက်ဖြစ်ကုန်၏။

ထို့ကြောင့်····ဤလူ့ပြည် လောက၌ရှိသော အဘိဓမ္မာတို့ သည် အရှင်သာရိပုတ္တရာထေရ် ဟောတော်မူအပ်သော အဘိ ဓမ္မာတို့သာဖြစ်ကုန်၏။ အဘိဓမ္မာ၏ စကားအစီအစဉ်တို့သည်

အရှင် သာရိပုတ္တရာ၏ စကားအစီ အစဉ်တို့သာ ဖြစ်ကုန်၏။ ဤသို့ဆိုလျှင် အဘိဓမ္မာကို ရှင်သာရိပုတ္တရာထေရ်သည် ဟော အပ်သည်ဖြစ်၍ **ဗုဒ္ဓဘာသိတ** ဘုရားဟောမဟုတ်-ဟု စောဒနာ ရန် ရှိသော်လည်း ရှင်သာရိပုတ္တရာထေရ်သည် မိမိ၏ကိုယ်တိုင် ထုတ်သော ဉာဏ်ဖြင့် ဟောသည် မဟုတ်။ ဘုရားရှင်ပေးသော နည်းနာနယတို့ဖြင့်သာ ဟောတော် မူသဖြင့် ဘုရားဟောပင် ဖြစ်ပေသည်။ ထိုဘုရားရှင်၏ နည်းနာနယတို့ဖြင့် ဟောတော် မူအပ်သော အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းချုံး၍ အဆီအနှစ် ကိုသာ ရေးသား ထားသော ကျမ်းငယ်ကို အဘိဓမ္မတ္ထသင်္ဂဟ၊ ၀ါ-သင်္ဂြိုဟ်ကျမ်း-ဟု ယခု ခေါ်ဝေါ်လျက် ရှိသည်။

ၡင်းအဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ အဓိပ္ပါယ် သဘောတို့ကို အစအဦးသင်ကြားလိုသူများအတွက် "**ရှေးဦးသင်အဘိဓမ္မာ**" ဟု ဤကျမ်းစာကို ခေါ်ဝေါ် သမုတ် လိုက်ပါသတည်း။

## ဆရာတော်–ဦးသေဋ္ဌိလ၏
## ထင်မြင်ချက်။

---

အဘိဓမ္မာ တရားတော်သည် စိတ်၏ သဘော, စိတ်၏ ထူးထူး ထွေထွေ ဖြစ်ပုံ, ပျက်ပုံ, တက်ပုံ, ကျပုံ စသည်ကို ပြသောကြောင့် (Psychology) စိတ် အကြောင်း အရာလည်း မည်၏။

အကြောင်းရင်း, အကြောင်းမှန်, အကျိုးရင်း, အကျိုးမှန် များကို ပြသောကြောင့် (Philosophy) ကြောင်း, ကျိုးပြ ပညာလည်း မည်၏။

သူတော်ကောင်း ကျင့်ဝတ်စဉ်ကို ပြသောကြောင့်(Ethics) သူတော်ကောင်း ကျင့်စဉ် ပညာလည်း မည်၏။

သို့ဖြစ်၍ အဘိဓမ္မာ တရားတော်ကို ( Psycho-Ethical Philosophy ) စိတ်၏အကြောင်းနှင့်သူတော်ကောင်းကျင့်စဉ် ကြောင်း,ကျိုးမြင် ပညာ-ဟု ခေါ်ဆိုထိုက် ပေသည်။

ဤသို့လျှင် အဘိဓမ္မာ တရားတော်သည် စိတ် အကြောင်း အရာ ပညာ၊ သူတော်ကောင်း ကျင့်စဉ် ပညာ၊ ကြောင်း, ကျိုးမြင် ပညာ ဟူသော ပညာ သုံးရပ် ပါဝင် သဖြင့် ရိုးရိုး (Psychology, Ethics နှင့် Philosophy) ထက် သာလွန် ပေသည်။

၎င်းပြင်၊အဘိဓမ္မာတရားတော်သည် စိတ်၏အကြောင်းကို အသေးစိတ်၍ အပြည့်အစုံ ပြရုံသာမက ၎င်းစိတ်ကို အဘိဓမ္မာ နည်း အရ အကြွင်း မရှိ စင်ကြယ်အောင် ထိမ်းနိုင်လျှင် ၎င်း

စိတ်ဖြင့်ပင် လောကီချမ်းသာထက်သာလွန်သောလောကုတ္တရာ နိဗ္ဗာန်ချမ်းသာကို မြင်နိုင်သော ပညာဖြစ်သဖြင့် ကာလပေါ် (Psychology) ထက်လည်း အထက်တန်းကျပေသည်။

လူ့ ချမ်းသာ, နတ် ချမ်းသာ, ဗြဟ္မာ့ ချမ်းသာ, မဂ်ဖိုလ် ချမ်းသာ, နိဗ္ဗာန်ချမ်းသာ များကို ရရာ ရကြောင်း လမ်းကောင်း ကျင့်ဝတ် များကို ပြသောကြောင့် ရိုးရိုး (Ethics) များထက်လည်း အထက်တန်းကျပေသည်။

လူ, နတ်, ဗြဟ္မာ စသော သက်ရှိသတ္တဝါ, တောတောင်, ရေ, မြေ စသော သက်မဲ့အရာဝတ္ထု ဟူသော ဘုံသုံးပါး အတွင်းရှိ လောကီ ရုပ်နာမ် တရားများနှင့်တကွ လောကုတ္တရာ မဂ်,ဖိုလ် တရားတို့၏ အကြောင်းစစ် အကျိုးစစ်များကို ပိုင်းပိုင်းခြားခြားဝေဘန်၍ပြထားသောကြောင့် ရိုးရိုး(Philosophy) များထက်လည်း အထက်တန်း ကျပေသည်။

၍ကဲသို့ သာလွန် ထူးမြတ်သည့် အတိုင်လည်း အလွန်ကျယ်ဝန်း နက်နဲ ခက်ခဲ လှ၍ အဘိဓမ္မာ၏ သဘောများကို လူသာမန်တို့ သိနိုင်ရန် အလွန်ခဲယဉ်း ပေသည်။ ထိုကြောင့် လူသာမန်တို့၏ အကျိုးငှါ အဘိဓမ္မတ္ထ သင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို အနုရုဒ္ဓါဆရာ စီရင် ရေးသားတော် မူခဲ့ပေသည်၊ ၎င်းကျမ်းမှာ အကျဉ်းချုပ် ဖြစ်သည့်အတိုင်း အဘိဓမ္မာတရားတို့၏ အမည်သရုပ်သာများ၍ လိုရင်း သဘောများမှာ အလွန်တိမ်မြုပ် နေသဖြင့် ၎င်းကျမ်း၏ အဘွင့်ကျမ်းများကို ပါဠိဘာသာ, မြန်မာဘာသာ စသည်ဖြင့် အမျိုးမျိုး ရေးသားခဲ့ကြပေသည်။ ထိုသို့ရေးသားကြရာ၌လည်း ပါဠိပုဒ်များ၏ အဘွင့်စုဒ် စောဒနာ အထွက် အတက် ကိုးကားချက် စသည်ဖြင့်

# ရှေးဦးသင် အဘိဓမ္မာ။

မြှင်မြှင်ဆိုင်ဆိုင် တန်းဆာဆင်၍ ရေးသား ထားကြသဖြင့် ကျမ်းစာများမှာ ခမ်းနားကြပါ၏၊ သို့ရာတွင် အဘိဓမ္မာတရား တို့၏ သဘော များကို ''လွယ်လွယ်နှင့် သိစေရန်'' ဟူသော လိုရင်းကိစ္စ မပြီးဘဲ ရှိနေသေးရာ ခေတ်မှီဆရာများ ကျေးဇူး ကြောင့် ၎င်းကိစ္စ လုံး၀ မပြီးသေးသော်လည်း အတော် တိုး တက်လျက် ရှိသဖြင့် အလွန် ၀မ်းမြောက်ဖွယ် ဖြစ်ပေသည်။

နောက်ရေး စာအုပ်များအနက် ''ဦးအောင်သိမ်း'' စီရင် ရေးသားသော ''ရှေးဦးသင် အဘိဓမ္မာ'' ကျမ်းသည် ခေတ်မှီ စကား အသွားအလာ ဥပမာ ဥပမေယျ တို့ဖြင့် စာအဘိဓမ္မာ သက်သက် မဟုတ်, သဘော အဘိဓမ္မာ အတော်ပါအောင် ရေးသား ထားသော ကျမ်းဖြစ် သဖြင့် ကျမ်းအမည်နှင့် လိုက် လျောစွာ အဘိဓမ္မာကို အလျဉ်း မသင်ဘူး သူများနှင့် အသင့် အတင့် သင်ဘူးသူများ အတွက် ရှေးဦး သင်ရန် အလွန် သင့် လျော်သောကျမ်း ဖြစ်ပေသည်။ ။

၁၃၁၅-ခု ကဆုန်လဆန်း ၈-ရက်။

**ဆရာတော်-ဦးသေဋ္ဌိလ**

ရန်ကုန်တက္ကသိုလ် အဘိဓမ္မာ ကထိက။

# ရန်ကုန် တက္ကသိုလ်၌
## ဗုဒ္ဓ ကျမ်းစာ စတင်
## သင်ကြားခဲ့ပုံ။

---

၁၉၅၁-ခုနှစ်တွင် ညောင်ရမ်း ဆရာတော် အမှူးပြုသောဆရာတော်ကြီး ၄-ပါးနှင့်တရားလွှတ်တော်ချုပ် တရားဝန်ကြီး ဦးအေးမောင် (ယခုဒေါက်တာဦးအေးမောင်)ခေါင်းဆောင်သော ကော်မီတီ အဖွဲ့ဝင် များက စုံစမ်း စစ်ဆေး၍ ၁၉၅၂-ခုနှစ် ဇွန်လမှ စ၍ ရန်ကုန် တက္ကသိုလ်တွင် ဗုဒ္ဓကျမ်းစာခေါ်ဗုဒ္ဓအဘိဓမ္မာကို စတင်သင်ကြား လာခဲ့ ပေသည်။

ရန်ကုန်တက္ကသိုလ်၌ ဗုဒ္ဓအဘိဓမ္မာကိုစတင်သင်ကြား စဉ်က ကျောင်းသူ, ကျောင်းသား များသည် မသိကြသေးသဖြင့် အလွန်ပင် ခက်ခဲနက်နဲ၍၊ ခေတ်ဆန်သော ဘာသာ, လောက၌ အသုံးဝင်သော ဘာသာ မဟုတ်-ဟု အထင်မှားခဲ့ကြ ပေသည်။ ယခု မူကား တစတစ သိရှိလာကြ သဖြင့် အလွန် ကောင်းသော ပညာ, လောက၌ အသုံး အဝင်ဆုံး ပညာ, အားလုံးသော ကိစ္စ ကြီးငယ် တို့၌ အထောက် အကူ အပြုဆုံးသော ပညာ, အတွေး အခေါ် ပညာ ဖြစ်ကြောင်း သိလာကြ ပေသည်။

# သို့ဖြစ်၍—

ဥပစာ အပိုင်း (က) အတွက်

**ရှေးဦးသင် အဘိဓမ္မာ ပထမတွဲ။**

ဥပစာ အပိုင်း ( ခ ) အတွက်

**ရှေးဦးသင် အဘိဓမ္မာ ဒုတိယတွဲ။**

ဝိဇ္ဇာ အပိုင်း (က) အတွက်

**ရှေးဦးသင် အဘိဓမ္မာ တတိယတွဲ။**

ဝိဇ္ဇာ အပိုင်း ( ခ ) အတွက်

**ရှေးဦးသင် အဘိဓမ္မာ စတုတ္ထတွဲ။**

များကို ပါဠိမဘာက် မြန်မာစကား သက်သက်ဖြင့် ရှင်းလင်းအောင် မှတ်သား နိုင်အောင် လွယ်ကူစွာ သိနိုင်အောင် ရေးသား ထားသည်။

❖❖❖❖❖

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏ္ဏာမ နှင့် ပဋိညာ .... .... | |
| ၂။ | သင်္ဂြိုဟ် ပဏ္ဏာမ .... .... | ၁ |
| ၃။ | အဘိဓမ္မတ္ထသင်္ဂဟာအမိပ္ပါယ် .... | ၂ |
| ၄။ | ပရမတ္ထတရား ၄-ပါးနှင့် ပညတ် .... | ၃ |
| | **အဘိဓမ္မတ္ထသရုပ် နှင့် စိတ်သရုပ်ဇယား။** | |
| ၅။ | စိတ် အကြောင်း .... .... | ၆ |
| ၆။ | စေတသိက် အကြောင်း .... .... | ၁၄ |
| ၇။ | ရုပ် အကြောင်း .... .... | ၁၅ |
| ၈။ | နိဗ္ဗာန် အကြောင်း .... .... | ၂၂ |
| ၉။ | စိတ် ၄-မျိုး ကွဲပြားပုံ .... .... | ၂၅ |
| ၁၀။ | ကာမစိတ် ၃-မျိုး .... .... | ၂၇ |
| ၁၁။ | အကုသိုလ်စိတ် ၃-မျိုး .... .... | ၂၇ |
| ၁၂။ | စိတ် ဖြစ်ပေါ်လာခြင်း အကြောင်း .... | ၂၈ |
| ၁၃။ | လောဘစိတ် ဖြစ်ပေါ်ပုံ .... .... | ၃၁ |
| ၁၄။ | လောဘစိတ်တပါးမှ ၈-ပါး ဖြစ်ပေါ်ပုံ .... | ၃၂ |
| ၁၅။ | လောဘစိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း | ၃၅ |
| ၁၆။ | ဒေါသစိတ် အကြောင်း .... .... | ၃၆ |
| ၁၇။ | ဒေါသစိတ် ဖြစ်ခြင်း၏ အကြောင်းရင်း .... | ၃၆ |
| ၁၈။ | မောဟစိတ် ယုံမှားခြင်း ၈-ပါး.... .... | ၃၈ |
| ၁၉။ | အကုသိုလ် နိဂုံးစကား .... .... | ၄၀ |
| ၂၀။ | အကုသိုလ်စိတ် သရုပ်ခွဲ .... .... | ၄၁ |
| ၂၁။ | အကုသိုလ်စိတ်၏ အကျိုးပေးရာ ဘုံဘ၀ .... | ၄၂ |
| ၂၂။ | အဟိတ်စိတ် အကြောင်း .... .... | ၄၂ |

မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | အကုသလ ဝိပါက်စိတ် | ၄၅ |
| ၂၄။ | ကုသလ ဝိပါက်စိတ် | ၄၇ |
| ၂၅။ | အဟိတ်ကြိယာစိတ် | ၅၂ |
| ၂၆။ | အဟိတ်စိတ်သရုပ်ခွဲ | ၄၄ |
| ၂၇။ | အသောဘဏ, သောဘဏ ကွဲပြားပုံ | ၅၅ |
| ၂၀။ | မဟာကုသိုလ်စိတ် | ၅၇ |
| ၂၉။ | ကုသိုလ်စိတ် ၈-မျိုး ဖြစ်လာပုံ | ၅၈ |
| ၃၀။ | ပုညကြိယဝတ္ထု ၁၀-ပါး | ၆၁ |
| ၃၁။ | မဟာဝိပါတ်စိတ် | ၆၅ |
| ၃၂။ | မဟာကြိယာစိတ် | ၆၆ |
| ၃၃။ | ကာမသောဘဏ်စိတ် သရုပ်ခွဲ | ၆၉ |
| ၃၄။ | ရူပကုသိုလ်စိတ် | ၇၁ |
| ၃၅။ | ရူပဝိပါက်စိတ် | ၇၄ |
| ၃၆။ | ရူပကြိယာစိတ် | ၇၇ |
| ၃၇။ | ရူပစိတ် သရုပ်ခွဲ | ၇၈ |
| ၃၈။ | ရူပစိတ် အကျဉ်း မှတ်ဘွယ် | ၇၉ |
| ၃၉။ | ဈာနင် ၅-ပါးတို့၏ နီဝရဏများကို ပယ်ခွါပုံ | ၈၁ |
| ၄၀။ | အရူပဝစရစိတ် | ၈၁ |
| ၄၁။ | အရူပကုသိုလ်စိတ် | ၈၃ |
| ၄၂။ | အရူပဝိပါက်စိတ် | ၈၅ |
| ၄၃။ | အရူပကြိယာစိတ် | ၈၆ |
| ၄၄။ | အရူပစိတ်နိဂုံးသရုပ်ခွဲ | ၈၇ |
| ၄၅။ | မဟဂ္ဂုတ်စိတ် သရုပ်ခွဲ | ၈၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၆။ | လောကုတ္တရာမဂ်စိတ်၄-ပါးအကြောင်း .... | ၉၀ |
| ၄၇။ | မဂ်စိတ် ဖြစ်ပေါ် လာပုံ .... .... | ၇၁ |
| ၄၈။ | မဂ် ၄-ပါး ပယ်သတ်သော ကိလေသာများ | ၈၃ |
| ၄၉။ | ဖိုလ်စိတ် ၄-ပါးအကြောင်း .... .... | ၉၄ |
| ၅၀။ | လောကုတ္တရာစိတ် အကျယ်ပွားပုံ .... | ၉၉ |
| ၅၁။ | ဈာန်နှင့်စပ်သောစိတ်များသရုပ်ခွဲ .... | ၁၀၆ |
| ၅၂။ | စိတ်ပိုင်းနိဂုံးချုပ် .... .... | ၁၀၇ |
| ၅၃။ | အကျဉ်းချုပ်သိမှတ်ဘွယ် .... .... | ၁၀၈ |

## စေတသိက်ပိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၄။ | စေတသိက်လက္ခဏာ ၄ ပါး .... .... | ၁၁၂ |
| ၅၅။ | စေတသိက်သရုပ်ဇယား | |
| ၅၆။ | စေတသိက် ၅၂ ပါး .... .... | ၁၁၃ |
| ၅၇။ | သဗ္ဗစိတ္တသာဓါရဏစေတသိက် .... | ၁၁၃ |
| ၅၈။ | ပကိဏ်းစေတသိက် .... .... | ၁၁၈ |
| ၅၉။ | အညသမန်းအဓိပ္ပါယ် .... .... | ၁၂၂ |
| ၆၀။ | အကုသိုလ်စေတသိက် .... .... | ၁၂၃ |
| ၆၁။ | သောဘဏသာဓါရဏစေတသိက် .... | ၁၃၁ |
| ၆၂။ | ဝိရတီစေတသိက် .... .... | ၁၃၇ |
| ၆၃။ | အပ္ပမညာစေတသိက် .... .... | ၁၄၀ |
| ၆၄။ | စေတသိက် ၅၂-နိဂုံချုပ် .... .... | ၁၄၂ |
| ၆၅။ | သမ္ပယောဂနည်း .... .... | ၁၄၃ |
| ၆၆။ | အညသမာန်းသမ္ပယောဂနည်း .... | ၁၄၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၆၇။ အကုသိုလ်စေတသိက်သမ္ပယောဂနည်း .... ၁၅၂
၆၈။ သောဘဏစေတသိက်သမ္ပယောဂနည်း .... ၁၅၅
၆၉။ အနိယတယောဂီစေတသိက် .... .... ၁၆၃
၇၀။ သင်္ဂဟနည်း .... .... ၁၆၅
၇၁။ လောကုတ္တရာစိတ်သင်္ဂဟနည်း .... .... ၁၆၆
၇၂။ မဟဂ္ဂုတ်သင်္ဂဟနည်း .... .... ၁၇၀
၇၃။ ကာမသောဘဏစိတ်သင်္ဂဟနည်း .... ၁၇၂
၇၄။ ဝိသေသကစေတသိက်များ .... ၁၇၇
၇၅။ အကုသိုလ်စိတ်သင်္ဂဟနည်း .... .... ၁၇၉
၇၆။ အဟိတ်စိတ်သင်္ဂဟနည်း .... .... ၁၈၃
၇၇။ ဘူမိဘေဒစိတ်နှင့်အမျှ စေတသိက် ကွဲပြားပုံ ၁၈၇
၇၈။ ဇာတိဘေဒစိတ်နှင့်အမျှ ကွဲပြားပုံ .... ၁၈၈
၇၉။ စိတ်နှင့်မျှသော စေတသိက်ဇယား
၈၀။ နာမ်သဘာဝတို့၏ ဥပ္ပါဒ်ဖြစ်ပုံ.... .... ၁၈၉
၈၁။ သံသရာစက်လည်ပုံ .... .... ၁၉၃

# ပဏာမနှင့်ပဋိညာ

၁။ နယ သာဂရ ဓမ္မာဘိ၊
ဓမ္မ ဒေသက နာယကော။
ဉာဏ သာဂရ ဉာဏာဘိ၊
ဉာဏ ဝေဒက နုတ္တရော။ ။

၂။ အာဘိဓမ္မိက ဗုဒ္ဓေါစ၊
ဓမ္မောတေန သုဒေသိတော။
ဓမ္မဋ္ဌော အရိယော တဿ၊
ဋ္ဌမေ လောကေ သုပါကဋော။ ။

၃။ ဝန္ဒိတွာ တာဒိသံ ဗုဒ္ဓံ၊
ဓမ္မဋ္ဌာရိယ ဝံသိယံ။
ဘာသိဿံ ''အဘိဓမ္မတ္ထံ၊
မူလသိက္ခံ'' သုဗုဒ္ဓိယာ။ ။

၁။ နက်နဲကျယ်ဝန်း နည်းပေါင်း ပြွမ်းလျက် မကုန်ခမ်းနိုင်သဖြင့် ''နယသာဂရ'' ခေါ်ဆိုရသော ဓမ္မတို့ထက် လွန်ကဲထူးမြတ် အဘိဓမ္မ ပရမတ်ကို ဆက်ဆက်ဟောကြား, သတ္တဝါများ၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော စက်သံသရာ အဏ္ဏဝါနှင့် နည်းနာဓမ္မ သာဂရကို ကျနသိတတ် သဗ္ဗညုတ ရွှေဉာဏ်တော် မြတ်ဖြင့် ဓမ္မလုံးစုံ အဖုံဖုံကို အကုန်သိတတ်, မြတ်ထက်မြတ် ဖြစ်ထော်မူသော အဘိဓမ္မ သခင် ဘုရားရှင်သည်ရှင်း။

၂။ ထိုဘုရားရှင်သည် ကောင်းစွာ ဟောအပ်သော ဓမ္မသည်၎င်း, ထိုဘုရားရှင်၏ တရား၌ တည်ကုန်သော အရိယာနွယ်ဝင် သူတော်စင်သည်၎င်း, ဤသုံးပါးတို့သည် ကမ္ဘာလောကကြီး၌ အလွန် ထင်ရှားကြပေကုန်၏။

၃။ ထိုဆိုအပ်ခဲ့ပြီး နိုင်ဖြိုးထင်ပေါ် ရှင်တော်ဘုရား, တရားဓမ္မ,, အရိယာနွယ်ဝင် သူတော်စင်တို့ကို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပြီးကာ ''ရှေးဦးသင် အဘိဓမ္မာ'' ဤကျမ်းစာကို ကျောင်းသားသူငယ် လူမမယ်တို့ သိလွယ်စိမ့်ငှါ ရေးသားပါအံ့သတည်း။ ။

## မှီရာပြုသော ကျမ်းစာများ

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ
၂။ ၎င်းမူလ ဋီကာ
၃။ ပရမတ္ထ သရူပဘေဒနီ(မဟာဝိသုဒ္ဓါရာမ ဆရာတော်)
၄။ ပရမတ္ထဒီပနီ (လယ်တီဆရာတော်)
၅။ အဘိဓမ္မတ္ထ သရူပဒီပက (မြို့ပြင်ကြီး ဆရာတော်)

# ရှေးဦးသင်အဘိဓမ္မာ။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

## ပဌာမ

**မူလစာကိုယ် (၁)** မဖေါက် မပြန် သစ္စာ လေးပါးကို ကိုယ်တော်တိုင် သိတော်မူသော၊ တုဘက်, ပြိုင်ဘက် ကင်းတော်မူသော၊ သူတော်ကောင်းတရား မြတ်သော အဂ္ဂိယာ သံဃာနှင့် တကွ ဖြစ်တော်မူသော ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး၍ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ကျွန်ုပ်(အနုရုဒ္ဓါဆရာ)သည် ဆိုပေအံ့။ ။

---

**အဓိပ္ပါယ် (၁)** အရှင် အနုရုဒ္ဓါ ထေရ်သည် အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကို မရေးမီ ရှေးဦးစွာ အန္တရာယ် မရှိခြင်း ကျမ်းပြီးစီးခြင်း အကျိုးရှိသော ရတနာ ၃-ပါး ကို ရှိခိုး၍ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ရေးအံ့ ဟု ပဋိညာဏ် ထားလေသည်။ ။

## ဤပဋိညာဉ်စကား၌ အဘိဓမ္မတ္ထသင်္ဂဟ…. ဟူသည်

**အဘိဓမ္မတ္ထ**=အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူသော အနက်အဓိပ္ပါယ် သဘာဝတ္ထများ။

**သင်္ဂဟ**=ပေါင်းစု၍ အကျဉ်းချုံး၍ ပြသော ကျမ်းဂန်။ ထို့ကြောင့်အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူသော အနက်အဓိပ္ပါယ် သဘာဝတ္ထများကို ပေါင်းစု အကျဉ်းချုံး၍ပြသော ကျမ်းဂန် ဟူလို။

**အဘိဓမ္မ**=အဘိဓမ္မာ ဆိုသည်မှာ အဘယ်နည်း။

သုတ္တန်ဓမ္မတို့ထက် လွန်ကဲ ထူးခြားသော ဓမ္မကို အဘိဓမ္မ ဟု ခေါ်သည်။

## ၎င်းအဘိဓမ္မာ ကျမ်းဂန်တို့သည်

၁။ ဓမ္မသင်္ဂဏီ
၂။ ဝိဘင်း
၃။ ဓါတုကထာ
၄။ ပုဂ္ဂလပညတ်
၅။ ကထာဝတ္ထု
၆။ ယမိုက်
၇။ ပဋ္ဌာန်း ဟူ၍ ၇-ကျမ်းဖြစ်လေသည်။

(နိဒါန်း၌ အကျယ်ပါသည်)

## ပရမတ္ထတရား ၄-ပါး။

မူလစာကိုယ် (၂) ထိုအဘိဓမ္မာ ၇-ကျမ်း၌ဟောဘော်မူသော အဘိဓမ္မာ တရားတို့သည် ပရမတ္ထအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဟူ၍ အလုံးစုံ ခြုံလိုက်လျှင် လေးပါး အပြား ရှိသည်။

---

## ပရမတ္ထ အဓိပ္ပါယ်။

**ပရမတ္ထ** ဟူသည် " ပရမော အတ္တော ပရမတ္တော " မဖောက်မပြန် မှန်သောတရား ၄-ပါးကို ခေါ်သည်။

တနည်း။ ။မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သော တရား ၄-ပါးကို ခေါ်သည်။

## ပရမတ်နှင့် ပညတ်အထူး။

**ပရမတ်** ဟူသည် မဖေါက်မပြန် မှန်ကန်သော သဘော၊ **ပညတ်** ဟူသည် ၎င်းမှန်ကန်သော ပရမတ္ထတို့၏ ခေါ်ဝေါ် ပြောဆိုစရာ နာမည်နှင့် အထည်ကိုယ် ဖြစ်သည်၊ ဥပမာ-လူ-ဆိုရာ၌ လူနာမည်သည် သဒ္ဒပညတ်၊ ထိုပညတ်၏တည်ရာ ရုပ် တုံး ခန္ဓာကိုယ်ကောင်လူဗြဲသည့်အတ္ထပညတ်၊ ထိုအတ္ထပညတ် ၏ တည်ရာ ပထဝီ စသော ရုပ်တရားသည့် ပရမတ် မည်၏၊ အိမ်,တော,တောင်, စသည်တို့၌လည်း ဤနည်းတူ ခွဲပါလေ။

# (၁) စိတ်သရုပ်ခွဲ

- အဘိဓမ္မ
  - ပရမတ်
    - စိတ် ၈၉
      - ကာမစိတ် (၅၄)
        - အကုသိုလ်စိတ် ၁၂
        - အဟိတ်စိတ် ၁၈
        - သောဘဏစိတ် ၂၄
      - ရူပစိတ် (၁၅)
      - အရူပစိတ် (၁၂)
      - လောကုတ္တရာစိတ် (၈)
    - စေတသိက်*
    - ရုပ်※
    - နိဗ္ဗာန်※
  - ပညတ်※

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|

(မှတ်ချက်) * ချယားပွင့်အမှတ်အသားဖြင့် ပြထားသော

| | | | |
|---|---|---|---|
| လောဘမူစိတ် | ၈ | | ၈ |
| ဒေါသမူစိတ် | ၂ | | ၂ |
| မောဟမူစိတ် | ၂ | | ၂ |

| | | | |
|---|---|---|---|
| အကုသလဝိပါက်စိတ် | ၇ | | ၇ |
| ကုသလဝိပါက်စိတ် | ၈ | | ၈ |
| အဟိတ်ကြိယာစိတ် | ၃ | | ၃ |

| | | | |
|---|---|---|---|
| မဟာကုသိုလ်စိတ် | ၈ | | ၈ |
| မဟာဝိပါက်စိတ် | ၈ | | ၈ |
| မဟာကြိယာစိတ် | ၈ | | ၈ |

| | | | |
|---|---|---|---|
| ရူပကုသိုလ်စိတ် | ၅ | | ၅ |
| ရူပဝိပါက်စိတ် | ၅ | | ၅ |
| ရူပကြိယာစိတ် | ၅ | | ၅ |

| | | | |
|---|---|---|---|
| အရူပကုသိုလ်စိတ် | ၄ | | ၄ |
| အရူပဝိပါက်စိတ် | ၄ | | ၄ |
| အရူပကြိယာစိတ် | ၄ | | ၄ |

| | | | | |
|---|---|---|---|---|
| မဂ်စိတ် | အကျဉ်း | ၄ | အကျယ် | ၂၀ |
| ဖိုလ်စိတ် | ॥ | ၄ | ॥ | ၂၀ |

[ပေါင်း အကျဉ်း [၈၉] အကျယ် [၁၂၁]

သဘာဝဓမ္မတို့၏ သရုပ်ခွဲဇယားကို သီးသန့်ဖော်ပြမည်။

## ၁။ စိတ် အကြောင်း။

အဓိပ္ပါယ် စိတ္တ=စိတ်။ အာရုံကို သိတတ်သော သဘော (၂) တရား။

### အဘယ်ကဲ့သို့ သိသနည်း။

အာရုံမှန်သမျှကို အမြင်အားဖြင့်,အကြားအားဖြင့်,အနံ့အားဖြင့်, အရသာ အားဖြင့်, အတွေ့ အားဖြင့်, ကြံစီ စိတ်ကူး အောက်မေ့ တွေးတောသော အားဖြင့် သိသည်။

### ထင်ရှားအောင် ပြဦးမည်။

၁။ ရူပါရုံ= ခေါ် အဆင်းကို မျက်စိဖြင့် မြင်သော အားဖြင့် သိ၏၊ ဝါ၊ မြင်-သိ သိ၏၊ အမြင်နှင့် အသိ အတူတူပင်၊ မျက်စိကို အကြောင်းပြု၍ သိမှုကိုပင် မြင်သည် ဟု လောက၌ ခေါ်ဝေါ်ကြသဖြင့် တခြားစီ ကဲ့သို့ ထင်ရသည်၊ တခြားစီ မဟုတ်၊ အမြင်ပင် အသိ၊ ထိုအသိတရား သည်ပင် စိတ် ခေါ်သော ပရမတ္ထ၏ ဖြစ်မှုပေတည်း။

၂။ သဒ္ဒါရုံ= ခေါ် အသံကို နားဖြင့် ကြားသောအားဖြင့် သိ၏၊ ဝါ၊ ကြား-သိ သိ၏၊ အကြားနှင့်အသိ အတူတူပင်၊ နားကို အကြောင်းပြု၍ သိမှုကိုပင် ကြားသည်ဟု လောက၌ ခေါ်ဝေါ်ကြသဖြင့် အကြားနှင့်အသိ တခြားစီကဲ့သို့ ထင်ရသည်၊ တခြားစီ မဟုတ်၊ အကြားပင် အသိ၊ ထိုအသိတရားပင် စိတ် ခေါ်သော ပရမတ္ထဓမ္မ၏ ဖြစ်မှုပေတည်း။

၃။ **ဃာနာရုံ**=ခေါ် အနံ့ကို နှာခေါင်းဖြင့် နံသောအားဖြင့် သိ၏၊ ဝါ၊ နံသိ သိ၏၊ နံသည်နှင့် အသိ အတူတူပင်၊ နှာခေါင်းကို အကြောင်းပြု၍ သိမှုကိုပင် နံသည်, အနံ့ရသည် ဟု လောက၌ ခေါ်ဝေါ်ကြသဖြင့် အနံနှင့် အသိ တခြားစီကဲ့သို့ ထင်ရသည်၊ တခြားစီမဟုတ်၊ အနံပင် အသိ၊ ထိုအသိတရားသည်ပင် စိတ် ခေါ်သော ပရမတ္ထဓမ္မ၏ ဖြစ်မှုပေတည်း။

၄။ **ရသာရုံ**=ခေါ် လျှာဖြင့် ချိုသည်, ငန်သည်, စသည်ဖြင့် သိ၏၊ ဝါ၊ အရသာသိ သိ၏၊ တခြားစီ မဟုတ်၊ လျှာကို အကြောင်းပြု၍ သိမှုကိုပင် အရသာရှိသည် ဟု လောက၌ ခေါ်ဝေါ်ကြသဖြင့် တခြားစီကဲ့သို့ ထင်ရသည်၊ ထို အရသာရှိသည်ဟု သိသော အသိသည်ပင် စိတ်ခေါ်သော ပရမတ္ထဓမ္မ၏ ဖြစ်မှုပေတည်း။

၅။ **ဖောဋ္ဌဗ္ဗာရုံ**= ခေါ် အတွေ့အထိကို ကိုယ်ဖြင့် တွေ့ထိသောအားဖြင့် သိ၏၊ ဝါ၊ တွေ့ထိသိ သိ၏၊ အတွေ့ အထိနှင့် အသိ အတူတူပင်၊ ကိုယ်ကို အကြောင်းပြု၍ သိမှုကိုပင် တွေ့သည်, ထိသည်ဟု လောက၌ ခေါ်ဝေါ်ကြသဖြင့် အတွေ့အထိနှင့် အသိ တခြားစီကဲ့သို့ ထင်ရသည်၊ အမှန်မှာ တခြားစီမဟုတ်၊ အတွေ့အထိပင် အသိ၊ ထိုအသိသည်ပင် စိတ် ခေါ်သော ပရမတ္ထဓမ္မ ဖြစ်မှုပေတည်း။

၆။ **ဓမ္မာရုံ** = ခေါ် အာရုံများကို မနောဝိညာဏ် ( စိတ်ဖြင့် သိခြင်း ) အားဖြင့် သိ၏၊ ဝါ၊ ဖြစ်ပြီးသည်ကို တွေးတော စမြုံ့ပြန်၍ သိခြင်း, မဖြစ်သေးသကကို ရှေ့ရမ်း မှန်းဆ၍ သိခြင်း, မျက်မှောက်အာရုံ ၆-ပါးကို လက်တွေ့ သိခြင်းအားဖြင့် သိ၏၊ ထို အသိသည်ပင် စိတ် ခေါ်သော ပရမတ္ထဓမ္မ၏ ဖြစ်မှုပေတည်း။

ငင်း စိတ် ခေါ်သော ပရမတ္ထဓမ္မ၏ သိမှုသည် သိကာမျှ အသိ သာမညသာ ဖြစ်သည်၊ အထူးသိမှုမဟုတ်၊ အထူး သိမှုကား စေတသိက်ခေါ် ပရမတ္ထဓမ္မ၏ သိမှု ဖြစ်၏။ ( နောက်၌ တွေ့ရလတံ့ )

ဥပမာ- လူတယောက်ကို ပထမ မြင်၏၊ နောက် မောင်ဖြူ ဟု သိ၏၊ ဤ၌ မြင်ခြင်းသည် စိတ်၊ မောင်ဖြူ ဟု သိခြင်းသည် စေတသိက်၊ ဤကဲ့တို့ သာမညသိ မှန်သမျှသည် စိတ်သဘောတရားချည်း မှတ်၊ ဝိသေသ သိမှုသည် စေတသိက် မှတ်၊ သို့ရာတွင် စိတ်နှင့် စေတသိက်ကား မကွေမကွာ အတူ ဖြစ်ကြ၍ စေတသိက်၏ အထူး သိမှုတရား၌ စိတ်ပါသည် ချည်းမှတ်၊ ပန်းကုံး၌ အလယ်က ပန်းသီကြိုးသည် အားလုံး သော ပန်းတို့နှင့် မကင်းသကဲ့သို့ ကိုအတူ စေတသိက် အထူး သိ တရား အားလုံး၌ စိတ်တရား မကင်းပေ၊ စိတ် ပရမတ် တရား သည်ကား အထူးသိ သိတတ်သော ခေါင်းဆောင် စေတသိက် အချို့တို့နှင့် ကင်း၍ဖြစ်သော အရာဌာနရှိ၏၊ ယခု အထက်တွင် ဖေါ်ပြခဲ့သော မြင်မှု, ကြားမှု စသော သာမည

သိမှု၌ အထူးသိတတ်သော ခေါင်းဆောင် စေတသိက် အချို့နှင့် ကင်း၏။

## စိတ်သဘာဝ၏ အဓိပ္ပါယ်တမျိုး။

**စိတ္တ=စိတ်**။ ဆန်းကြယ် သောကြောင့် စိတ် မည်၏။ အဘယ်ကဲ့သို့ ဆန်းကြယ်သနည်း....

လောက၌ ဆန်းကြယ်၍ သိမ်မွေ့ နူးညံ့သော "သုခုမ ပညာ"ခေါ် ပန်းချီရေးမှု, လောကဓါတ်ပညာ, စသည်တို့ကို စိတ်ဖြင့်သာ ပြုလုပ်နိုင်ကုန်၏။ စိတ်မရှိသော, စိတ်မပါသော ပုဂ္ဂိုလ်တို့က ပြုလုပ်နိုင်သည်မဟုတ်။ ထိုသို့ အပြင်လောက၌ ဆန်းကြယ်မှုမျိုးကို ပြုလုပ်တတ်သော စိတ်သည် မိမိကိုယ်တိုင်က ဆန်းကြယ်သောကြောင့် ဆန်းဆန်းကြယ်ကြယ်ဖြစ်အောင် ပြုလုပ်ဖန်တီးနိုင်လေသည်။

တိုပြင် အတွင်းသန္တာန်၌လည်း ဆန်းကြယ်အောင်ပြုလုပ်နိုင်၏။ အဘယ်သို့နည်း။ လူဘဝ, နတ်ဘဝ, တိရစ္ဆာန်ဘဝ, ငရဲဘဝ, ပြိတ္တာဘဝတို့၌ ပြုလုပ်ခဲ့သော ဆန်းကြယ်သော ကံအမျိုးမျိုးကြောင့် အသွင်သဏ္ဍာန် အမျိုးမျိုး ဆန်းကြယ်၏။ အသွင်သဏ္ဍာန်ဆန်းကြယ်မှုကြောင့် အခေါ်အဝေါ်အမျိုးမျိုး ဆန်းကြယ်၏။ထိုအခေါ်အဝေါ် ဆန်းကြယ်မှုကြောင့် လိုချင်မှု အမျိုးမျိုး ဖြစ်ကာ ကံ အမျိုးမျိုး ပြုလုပ်၏။ ထိုကံ အမျိုးမျိုး ကြောင့် လူ ဘဝ, နတ် ဘဝ, တိရစ္ဆာန် ဘဝ, ငရဲဘဝ,

ပြဲတ္တဘာဝ, ဟူသော လားရောက်ရာ ဂတိအမျိုးမျိုး ဖြစ်ပေါ် ရလေသည်။ ထိုသို့ ဂတိငါးမျိုး၌ ကံ အမျိုးမျိုး, ဆန်းကြယ်မှု, အသွင် အမျိုးမျိုးဆန်းကြယ်မှု, သညာအမျိုးမျိုး ဆန်းကြယ်မှု, အခေါ် အဝေါ် အမျိုးမျိုး ဆန်းကြယ်မှု, စသော အတွင်း သန္တာန် ဆန်းကြယ်မှု မျိုးတို့ကို စိတ်ကသာ ပြုလုပ်နိုင်သဖြင့် အကြောင်း ဖြစ်သော စိတ်သည် သာလွန်၍ ဆန်းကြယ် လေသည်။

ထိုဖြင် = စိတ္တေန နီယျတေ လောကော၊
စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသ မန္ဝဂူ။ ။ဟု
သုတ္တန် ပါဠိတော်များ၌ ဟောတော်မူသည်။

လောကကြီးကို အဘိသင်္ခါရဝိညာဏ်ခေါ် စိတ်သည် ဆွဲ ဆောင်ထား၏။ ရှေ့ဆောင်နေ၏။ လောကကြီးကို စိတ်သည် ဆွဲငင်နေ၏။ တခုသော စိတ်တရား အလိုသို့ အားလုံးသော သူတို့သည် လိုက်ပါနေကြရ ကုန်၏။

ဓမ္မပဒ၌ = မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနော သေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊
ဘာသတိ ဝါ ကရောတိ ဝါ။ ။

နာမ်သဘာဝ အားလုံးကို စိတ်ကသာ ပဓါန ပြုလုပ်၍ ခေါင်းဆောင်၏။ စိတ်သာလျှင်မွန်မြတ်၏။ ဘာမဆို စိတ်ဖြင့်

ဦးစီး အောင်မြင်ကုန်၏-ဟု သုတ္တန်များ၌ စိတ်၏ သဘာဝတွေ များကို များစွာဆို၏။ သို့ရာတွင် ကျယ်အံ့စိုး၍ အသုံးကျ လောက်သော အရာကိုသာ ထုတ်ပေအံ့။

## စိတ်၏ဂုဏ်သတ္တိများ

ဒူရင်္ဂမံ ဧကစရံ၊
အ သရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊
မောက္ခန္တိ မာရဗန္ဓနာ။ ။

၁။ စိတ်ဆိုသော နာမ် သဘာဝသည် အရှေ့, အနောက် တောင်, မြောက်, အရပ်လေးမျက်နှာသို့ လမ်းမရှိဘဲ သွား နိုင်၏။ အယုတ်ဆုံး ပိုးမျှဉ် လောက်မျှ သွားလမ်း လာလမ်း မရှိပေ။ သို့ရာတွင် အဝေးရှိအာရုံများကို လက်ခံနိုင် ယူနိုင် လေသည်။ ထိုကြောင့် "ဒူရင်္ဂမ" ဟု ဟောတော်မူ၏။

၂။ စိတ် ဆိုသော နာမ် သဘာဝသည် တခုသော အာရုံ ကို အာရုံပြု၍ ဖြစ်သောအခါ တခုသော ခဏ၌ စိတ်နှစ်မျိုး ပြိုင်၍မဖြစ်နိုင်။ တခုဖြစ်ပြီး၍ ချုပ်သောအခါမှ တခု ဖြစ်လေ ရှိသည်။ ထိုကြောင့် "ဧကစရ" ဟု ဟောတော်မူသည်။

၃။ စိတ် ဆိုသော နာမ် သဘာဝသည် လူ, နတ်, စသည် တို့ကဲ့သို့ ခန္ဓာကိုယ် သဏ္ဍာန် ဒြပ် မရှိပေ။ ထိုမျှ မကသေး စိတ် ဟူသည် ညိုသည် ဖြူသည် ဝါသည် နီသည် စသည်ဖြင့် အရောင်အဆင်းလည်း မရှိပေ၊ ထိုကြောင့် "အသရီရံ" ဟု ဟောတော်မူသည်။

၄။ စိတ် ဆိုသော နာမ် သဘာဝသည် ဟဒယ ခေါ် နှလုံးအိမ် လှိုင် ( လိုဏ် ) ဂူ၌ ကိန်းအောင်းတတ်သည်၊ ဝါ- ဟဒယ ခေါ် နှလုံးအိမ်ကို မှီတွယ်၍ ဖြစ်ရသည်။ ထို့ကြောင့် '' ဂုဟာသယံ'' ဟု ဟောတော်မူသည်။

၅။ စိတ်ဆိုသော နာမ်သဘာဝကို (မဖြစ်ပေါ်သေးသော ကိလေသာများ မဖြစ်ပေါ်ရအောင်, ဖြစ်ပေါ်ပြီး ကိလေသာ များ မေ့ပျော့သွားသော အားဖြင့် စွန့်လွှတ်လျက်,) စောင့် စည်းနိုင်ကြ ပေကုန်သော ယောက်ျား-မိန်းမ လူရှင် ရဟန်း အားလုံးတို့သည် မာရ်နတ်၏ အနှောင်အဖွဲ့ဖြစ်သော ဝဋ်သုံး ပါးမှ လွတ်မြောက်ကြလိမ့်မည်ဟု ဟောတော်မူသည်။ ။

## ထိုပြင် သုတ္တန်ပါဠိတော်များ၌။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

စိတ္တ သံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ။ စိတ္တ ဝေါဒါနာ ဝိသုဇ္ဈန္တိ။-ဟု ဟောတော်မူ၏။

ရဟန်းတို့၊ ဤစိတ်ဆိုသော သဘောတရားသည် ပြိုးပြိုးပြက် အရောင် လက်နေ၏။ ထို ပြိုးပြိုးပြက် အရောင် လက်သော ပကတိစိတ်သည် အညစ်သည်ဖြစ်သော ညစ်နွမ်း စေတတ်သော ကိလေသာတရားတို့နှင့် ရောနှော သောကြောင့်သာ ညစ်နွမ်း

ညှိုးမှိန်ရ၏။ ပဘာတိပင် ကိုယ်သဘောအားဖြင့် အလွန်ဖြူစင် သန့်ရှင်း၍ ပြိုးပြိုးပြက်လက်နေသည် ဟူလို။ ။

ရဟန်းတို့၊ ထိုစိတ်တရား ညစ်နွမ်းသောအခါ သတ္တဝါများ ညစ်နွမ်းကြကုန်၏။ ထိုစိတ် ဖြူစင်သောအခါ သတ္တဝါများ ဖြူစင်ကြကုန်၏။

## စိတ်၏ပရမတ်မည်ပုံ

၎င်းစိတ် ပရမတ်သည် အာရုံကို သိတတ်သော မိမိ၏ ပင်ကိုယ်သဘာဝမှ ပြောင်းလဲဖေါက်ပြန်၍ ဘယ်အခါမျှမဖြစ်။ လူ သန္တာန် မှာလည်း စိတ်သည် အာရုံကို သိတတ်သော သဘောဖြစ်၏။ နတ်သန္တာန်မှာလည်း စိတ်သည် အာရုံကို သိတတ်သော သဘောဖြစ်၏။ ထိုထက်အောက်တန်းကျသော ခွေးတိရစ္ဆာန်နှင့်, အထက်တန်းကျသော ဗြဟ္မာများနှင့် မည်သည့် သတ္တဝါ သန္တာန်၌ မဆို စိတ်၏ သဘောသည် အာရုံကိုသိခြင်း (အာရမ္မဏဝိဇာနန) သဘောမှ မပြောင်းလဲပေ။ ထိုသို့စိတ်၏သဘောသည် မဖေါက်ပြန်ဘဲ မိမိသဘော အတိုင်း အမြဲမှန်ကန်ခြင်းသည် ပရမတ္ထ သဘော ဖြစ်၏။ ထို့ကြောင့်စိတ်သည် အမြဲတန်းအားဖြင့် အာရုံများကို သိတတ်သော သဘာဝမှ မဖေါက်မပြန် မှန်ကန်စွာ ဖြစ်တတ်သည် ဟူလို။

ထိုစိတ်သည် ဖြစ်ပြီးက ပျက်စီးရသော ဖေါက်ပြန်မှု ရှိ၏။ ထိုကဲ့သို့သော ဖေါက်ပြန် ပျက်စီးမှု သည်ကား သင်္ခါရတရား

မှန်က ပျက်စီးရမြဲ ဓမ္မတာတရားသာ ဖြစ်၏။ ထိုကြောင့် ထိုပျက်စီးမှုမျိုးကို ဤ၌မဆိုလိုချေ။ မိမိ၏ကိုယ်ပိုင် သဘာဝသတ္တိအားဖြင့် မဖေါက်မပြန် မှန်ကန်စွာ ဖြစ်မှုကိုသာ "ပရမတ္ထ" ဟူ၍ဆိုအပ်လေသည်။

❖❖❖❖❖❖

## ၂။ စေတသိက်အကြောင်း။

စေတသိက — စေတသိက်။ ။စိတ်နှင့် မကွေ မကွာ ပူးပေါင်းယှဉ်တွဲ၍ အထူးသိတတ်သော သဘောတရားများ။

### ထင်ရှားအောင်ပြဦးမည်။

လူ တယောက်သည် လှပသော လိုချင်ဘွယ် ကောင်းသော အရာဝတ္ထုတခုကိုမြင်၍ လိုချင်၏။ ဤ၌ အရာဝတ္ထုကို မြင်ခြင်းသည် စိတ်၏သဘော ဖြစ်သည်။ လိုချင် ခြင်းသည် လောဘ ခေါ် စေတသိက်၏သဘောဖြစ်သည်။ ထိုစေတသိက်၌ စိတ်တရား ပူးတွဲ ပါရှိသည်။ သို့ရာတွင် သူ၏ သတ္တိကားသာမညဖြစ်၍ ဝိသေသ စေတသိက် တရားက လွှမ်းမိုးကာ လိုချင်မှု လောဘ တရားသာ ထင်ရှား တော့သည်။ စိတ်၏သဘော တရားကား အာရုံကို သိမှု။ ဝါ အာရုံ၌ လောဘ စေတသိက်ကို တည်နေအောင်, ဖြစ်နိုင်အောင်, ပြုလုပ်ရန်သာ တွဲဘက်ပါရ၏။ စိတ်မပါက လောဘ စေတသိက်သည် အာရုံပေါ်၌ မတည်နိုင် မဖြစ်နိုင်ပေ။

**ဥပမာ**–စိတ်သည် ရေနှင့်တူ၏။ စေတသိက်သည် အနီ, အဝါ, အပြာစသော ဆေးမှုန့်များနှင့် တူ၏။ အာရုံသည် ပန်းချီရေးမည့် အဖြူထည် ကားချပ်ကြီးနှင့်တူ၏။ ဤဥပမာ၌ ကားချပ်ကြီး ပေါ်၌ ရေနှင့် ဆေးမှုန့် များကို ပေါင်းစပ် ရောနှော၍ရေးမှ စွဲသည်ထင်သည်။ အကယ်၍ ဆေးမှုန့်ချည်း ရေးက မစွဲနိုင်,မထင်နိုင်။ ရေတခုတည်းသာ ရေးပါကလည်း အနီ, အဝါ, အပြာ စသော အရောင် မထင်နိုင်၊ ရေရောင် သာမည်သာ ထင်ရာ၏။ ဤအတူ အာရုံကားချပ်ပေါ်၌ စွဲထင်ရန် စေတသိက် တည်းဟူသော နီ, ဝါ, ပြာ စသော ဆေးမှုန့် များကို စိတ်နှင့် တူသော ရေနှင့် ရောနှော ပေါင်းစပ် ရလေသည်။ သို့မှ အာရုံကိုသိမှု ဖြစ်နိုင်သည်။

**လိုရင်းမှာ**–အဖြူကားချပ် နှင့်····အာရုံ
ရေ············ နှင့်····စိတ်
နီ, ဝါ, ပြာ စသော ဆေးမှုန့်နှင့် စေတသိက်တို့ တူကြလေသည်။

ရေ၏သဘောမှာ ကားချပ်၌ စွဲကပ်ရန်သတ္တိသာရှိသကဲ့သို့ စိတ်၏သဘောမှာ အာရုံ၌စွဲကပ်ရန်၊ ဝါ-ဖြစ်နိုင်ရန် သတ္တိသာ ရှိ၏။ ရေ၏ သဘောမှာ နီ, ဝါ, ပြာ စသော အရောင် ဖြစ်အောင် ချယ်လှယ် နိုင်သော သတ္တိ မရှိသကဲ့သို့ စိတ်၏ သဘောမှာ လောဘ (လိုချင်မှု) ဒေါသ (စိတ်ဆိုးမှု) စသော အထူးသိမှုဖြစ်တတ်သော သတ္တိမရှိ။

နီ, ဝါ,ပြာ စသော ဆေးမှုန့်တို့၏သဘောမှာ နီ,ဝါ,ပြာ စသော အရောင် ဖြစ်အောင် ချယ်လှယ် နိုင်သော သတ္တိသာ

ရှိသကဲ့သို့ ဤအတူ စေတသိက်၏ သဘောမှာ လောဘ ( လိုချင်မှု)၊ ဒေါသ (စိတ်ဆိုးမှု) စသော အထူးထူးသိမှု ဖြစ်တတ်သော သတ္တိသာ ရှိ၏။ ဆေးမှုန့်များ၏ ကားချပ်ပေါ်၌ စွဲမြဲနိုင်သော သတ္တိမရှိသကဲ့သို့ စေတသိက် တရားတို့သည် အာရုံ၌ စွဲကပ်ရန် ဖြစ်နိုင်ရန် သတ္တိ မရှိပေ။

ထို့ကြောင့် စိတ်နှင့် စေတသိက်ကား အာရုံပြု၍ အာရုံပေါ်ဖြစ်မှု၌ မကောင်းနိုင်ကြ၊ တခု နှင့် တခု ကင်း၍ မဖြစ်နိုင်ကြသောကြောင့် '' လိုချင်မှု လောဘ စေတသိက်၌ စိတ်တရား ပူးတွဲပါရှိသည် '' ဟူ၍ အောက်၌ ပြဆိုပြီးခဲ့ပြီ။

သို့ဖြစ်၍ * စိတ်နှံ့မှိုဟွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်ဒွိက်၊ စေတသိက် -- ဟု လယ်တီ ဆရာတော်ဘုရား ရေးသားခဲ့လေသည်။ ။

ထို့ကြောင့် စေတသိက်သည် ၅၂-ပါးရှိ၏။ ထို ၅၂-ပါးတို့သည် အသီး အသီး သတ္တိ ၅၂- မျိုးဖြစ်ကြ၏။ ဖဿ= တွေ့ထိခြင်းသဘော၊ ဝေဒနာ=ခံစားခြင်းသဘော၊ သညာ= မှတ်သားခြင်းသဘော - စသောအားဖြင့် ၅၂-ပါးရှိသည်။ ( နောက်စေတသိက်ပိုင်း၌ အကျယ်သိရလတံ့ )

## စေတသိက်၏ ပရမတ် မည်ပုံ

ထို စေတသိက်တို့ သည်လည်း မဖေါက် မပြန် မှန်ကန်သောကြောင့် ''ပရမတ်'' မည်ကြသည်။ ထို ၅၂-ပါးတို့တွင်

ဖဿ=တွေ့ဆုံခြင်း သဘောသည် မည်သည့်အခါ မည်သည့် ဌာန မည်သူ့ သန္တာန်မှာ ဖြစ်ဖြစ် အခါမရွေး ဌာန မရွေး ပုဂ္ဂိုလ်မရွေးဘဲ ဖြစ်သောအခါ " တွေ့ဆုံခြင်း " သဘောမှ မဖေါက်မပြန်ဘဲ " တွေ့ဆုံခြင်း " သဘောသာလျှင် ဖြစ်၏။ ဤသို့ ဖဿစေတသိက်သည် မဖေါက် မပြန် မှန်ကန်ပေသည်။ ဤသို့ မိမိ၏သဘာဝသတ္တိမပြောင်းလွဲဘဲ အဖြစ်မှန်ကန်ခြင်းကို " ပရမတ် " ဟု ခေါ်ရသည်။ ဖြစ်ပြီးက ပျက်စီးသွားသော ဖေါက်ပြန်မှုကို ဤ၌မလိုအပ်။ ဖေါက်ပြန် ပျက်စီးမှုသည်ကား သင်္ခါရတရားမှန်က ရှိရမြဲဓမ္မတာသာဖြစ်၏။

ထို့ကြောင့် ဖဿစေတသိက်သည် မိမိ၏ကိုယ်ပိုင်သဘာဝ သတ္တိမှ မဖေါက်မပြန်မှန်ကန်စွာဖြစ်သောကြောင့် "ပရမတ်" မည်လေသည်။ ဝေဒနာ စသော စေတသိက်များကိုလည်း ဤနည်းတူ သိပါလေ။

## ၃။ ရုပ်အကြောင်း။

**ရူပ=ရုပ်။** ။သဝိညာဏက သက်ရှိအားဖြင့် လူ, နတ်, ဗြဟ္မာ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်ကောင်, အဝိညာဏက သက်မဲ့ အားဖြင့် တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ကောင်းကင်မြင့်မိုရ်, ထိုထိုကြာ ဝဋ္ဋာ အစိုင်အခဲဝတ္ထု, အတ္တပစ္စယ်ဖြစ် အားဖြင့် ထင်ရှာ

နေသော ပထဝီ စသော တရား တို့သည် ဖေါက်ပြန် ပျက်စီး တတ်သောကြောင့် ရုပ်မည်ကုန်၏။

**ထင်ရှားအောင်ပြဦးမည်**-လူ, နတ်, ဗြဟ္မာ, စသော သက်ရှိ ခန္ဓာကိုယ်ကောင် ဖြစ်စေ၊ တော, တောင်, ရေ, မြေ စသော သက်မဲ့ အရာဝတ္ထု ဖြစ်စေ' အသေးဆုံး ပရမာဏုမြူ အဏုမြူ ရုပ်မှုန့်ကလေးများကို ပေါင်းစပ် ဖွဲ့စည်း ထားသော အစိုင် အခဲမှ ပွားစီးသော ဝတ္ထုများ ဖြစ်လေသည်။ လူတို့၏ မျက်စိ အမြင်၌ကား တလုံးတည်း, တခဲတည်းဟု ထင်မြင်ကြပေ သည်။ တလုံးတည်း, တခဲတည်းမဟုတ်၊ အသေးဆုံး ပရမာ ဏုမြူ-အဏုမြူ ရုပ်မှုန့်, ရုပ်ဖွဲ့ ရုပ်မွှား ကလေးများကို ပေါင်း စည်းထားခြင်းပင် ဖြစ်သည်။ ထို ရုပ်သေး, ရုပ်ဖွဲ့ ကလေး များ၏ အပေါင်း အစည်း ဝတ္ထုဒြပ် အတ္တပညတ်စု၏ မူလ ဓါတ်ပထဝီ စသည် တို့သည် အစေါတ်, အပူဓါတ်, စသော အကြောင်း တို့ကြောင့် ရှေ့၌ ဖြစ်သော ရုပ်နှင့် နောက်၌ ဖြစ်သော ရုပ်တို့၏ အဖြစ် မတူသော အားဖြင့် ဖေါက်ပြန် တတ်ကုန်၏။ ထိုသို့ ဖေါက်ပြန် တတ်သောကြောင့် ရုပ်- ဟု ခေါ်ရလေသည်။ အသေးဆုံး ပရမာဏုမြူဓါတ်၌ပင် ရုပ်ရှစ်မျိုး ပေါင်းထားသော ရုပ်တုံး-ရုပ်ခဲ ဖြစ်သည်။ ထို ရုပ်မှုန့် ရုပ်ဖွဲ့ ရုပ်မွှားကလေးတို့၏ ပေါင်းစည်းမှု, ရောနှော ဖွဲ့စည်းမှု ကိုမှာ တွေ့ခဲ၍နေအောင် သာမာန်ဓါတ်မျှဖြင့် ခွဲခြါ၍ မရနိုင် အောင်ပင် ပူးပေါင်း ဖွဲ့စည်း ရောနှောသော သဘောရှိသည်။ ထို ကြောင့်ပင် အနောက်တိုင်း လောကဓာတ် ဆရာတို့သည်။ (ATOM) ခေါ် အဏုမြူ ဓါတ်ကို လောကဓာတ် နည်းဖြင့် ခွဲစိတ်၍ သေစေတတ်သော ဗုန်းလက်နက်၌ အသုံးချ၏။

သိုထက် သေးငယ်သော ပရမာဏုမြူ ဓါတ်ကိုပင် တဆင့်တက်၍ကြံစည် ခွဲစိတ်နိုင်မှုကား ကမ္ဘာလောကကြီး တခုလုံးကိုပင် ချေမှုန်းပြစ်နိုင်ပေလိမ့်မည်။

ထိုပရမာဏုမြူ အဏုမြူတို့၏ အတိုင်းအရှည်မှာ သာသနဝင် ကျမ်းဂန်များအလိုအားဖြင့် ...

(က) သန်းတကောင်၏ ၇ ပုံ ၁ ပုံသည် လိက္ခ တခု ဖြစ်၏။
(ခ) ထိုလိက္ခတခု၏ ၃၆ ပုံ ၁ ပုံ သည် ရထရေဏုမြူ တခု ဖြစ်၏။
(ဂ) ထိုရထရေဏုမြူ၏ ၃၆ ပုံ ၁ ပုံသည် တဇ္ဇာရီမြူ တခုဖြစ်၏။
(ဃ) ထိုတဇ္ဇာရီမြူ၏ ၃၆ ပုံ ၁ ပုံသည် အဏုမြူ တခု ဖြစ်၏။
(င) ထိုအဏုမြူ၏ ၃၆ ပုံ ၁ ပုံသည် ပရမာဏုမြူတခု ဖြစ်၏။

## ရှင်းလင်းချက် အဓိပ္ပါယ်။

(က) လိက္ခ ဆိုသည်မှာ ပကတိ မျက်စိဖြင့် မြင်ရသော အသေးငယ်ဆုံးဝတ္ထုဖြစ်သည်။

(ခ) ရထရေဏုမြူဆိုသည်မှာ ရထား မော်တော်ကား စသည်တို့ သွားလာသဖြင့် ထသော မြူမှုန့်ဖြစ်သည်။

(ဂ) တဇ္ဇာရီမြူ ဆိုသည်မှာ၊ အဝတ် အထည် စသော အရာဝတ္ထု တို့ကို ဟောင်းနွမ်း ဆွေးမြေ့ စေသော မြူမှုန့် ဖြစ်သည်။ ၄င်းကို ပကတိမျက်စိဖြင့် မမြင်နိုင်တော့ပြီ။ သို့ရာတွင် နံရံပေါက် စသည်တို့၌ ထိုးဝင် နေသော နေရောင်ခြည် ထဲ၌ မြင်ရတတ်သည်။

(ဃ) အဏုမြူ ဆိုသည်မှာ၊ သေးငယ်သော မြူမှုန့် ဖြစ်သည်။

(င) ပရမာဏုမြူ ဆိုသည်မှာ၊ အသေးဆုံး မြူမှုန့်–ရုပ်မှုန့် ဖြစ်သည်။ ၄င်းကို အနောက်တိုင်း လောကဓာတ် ဆရာတို့ ပင်လျှင် စမ်းသပ် ရှာဖွေ၍ မတွေ့ရသေးချေ။

ဤသို့ လွယ်ကူအောင် ပြောရလျှင် မျက်စိဖြင့် မြင်ရသော မြူမှုန့်, ရထရေဏု, ပိဿ, တို့၏ စုပေါင်းထားသော အစိုင်အခဲ ဖြစ်အတ္ထပညတ်၏ တည်ရာ ပထဝီ စသည်ကို ရုပ် ခေါ်သည် ဟု အသေအချာ မှတ်။

**ဥပမာ** – ကောင်းထုချောထားသော ညက်ညက်, မှုန့်မှုန့် ဖြစ်နေသော ဂုံမှုန့်ကို ရေနှင့်ဖျော်၍ လုပ်ထားသော မုံ့ညက်ရုပ် ကဲ့သို့ တည်း။ လူ၏ ခန္ဓာကိုယ်, နတ် ခန္ဓာကိုယ်, တိရစ္ဆာန် ခန္ဓာကိုယ် စသည်တို့သည် ထို မုံ့ညက်ရုပ် ကဲ့သို့ အသေး မှုန့်တို့၏ စုပေါင်း ဖွဲ့စည်းမှုဖြင့် ခန္ဓာကိုယ်ကောင် အထည်ရုပ် ဖြစ်ကြီးပေါ်နေရလေသည်။

ရုပ်တရားတို့သည် အဧကြောင့် ၄င်း, အပူကြောင့်၄င်း, ဆာလောင် ငတ်သိပ်သောကြောင့် ၄င်း, ဒဏ် ထိခိုက်ခြင်းကြောင့်၄င်း, ဖျားနာခြင်းကြောင့်၄င်း, ဤသို့ အစရှိသော

အကြောင်းတို့ကြောင့် ဖြူတလှည့်,ဝါတခါ,နီတမျိုး,ညိုတဖုံ, ဗိန်ချိုကြိုလှိ အမျိုးမျိုးဖေါက်ပြန်တတ်လေသည်၊ ထိုသို့ဖြစ်လျှင် ပရမတ်သဘောကား မဖေါက် မပြန် တတ်သော သဘောရှိသည် ဆိုသော စကားနှင့် အဘယ်သို့ မဆန့်ကျင်သနည်း၊(ရုပ်၏ သဘောသည် ဖေါက်ပြန်တတ်သော ပင်ကိုယ် သဘောမှ ပြောင်းလဲ၍မဖေါက်မပြန်တတ်သော သဘောတရား အဖြစ်ဖြင့် မဖြစ်ဘဲ မိမိပင်ကိုယ် ( ဖေါက်ပြန် တတ်သော ) သဘော အတိုင်း တည်နေမှုကိုပင် မဖေါက်မပြန် မှန်ကန်သည် ဟု ဆိုရသဖြင့် ပရမတ် တရားနှင့် မဆန့်ကျင်ပေ။ ။ ဤနေရာ၌ အချို့သော ဆရာတို့သည် အကျဉ်းမျှဖြင့် နားလည် ကြဟန် မတူ၊ ရောင်လည်လည် ဖြစ်လျက် မျက်စိလည်နေကြသည်၊ သို့ ဖြစ်၍ အကျယ်ရှင်းလင်း ဖေါ်ပြဦးအံ့—ရုပ္ပတီတိ ရူပံ(ရှေ့ရုပ် အစဉ်နှင့် နောက်ရုပ်အစဉ် မတူသောအားဖြင့် အဖြစ်မမှန်) ဖေါက်ပြန် တတ်သောကြောင့် ရုပ်မည်၏—ဟု ရုပ်တရား၏ ဗျုပ္ပတ္တိ ဝစနတ်ကိုပြဆိုရာ၌ စောဒကပုဂ္ဂိုလ်က ဖေါက်ပြန် တတ်သောကြောင့် ရုပ်မည်၏ ဟူသော တဘက်မြင် မျက်စိဖြင့် ကြည့်၍ ပရမတ်တရားတို့ မည်သည် မဖေါက်မပြန် မှန်ကန်၏ ဟု-ဆရာ အထက်က ပြဆိုခဲ့ပြီ၊ ယခု ရုပ်တရား သည်လည်း ပရမတ်တရား ၄-ပါးတွင် အပါအဝင် ဖြစ်ခဲ့၏၊ ထိုသို့ပရမတ် တရား ၄-ပါးတွင် အပါအဝင် ဖြစ်သော ရုပ်တရားသည် ဖေါက်ပြန်တတ်၏-ဟု ဆိုက အဘယ်သို့လျှင် ပရမယ်တရား တွင် အပါအဝင် ဖြစ်၍ ပရမတ် မည်နိုင် ပါ မည်နည်း-ဟု တဘက်မြင် အားဖြင့် ကြည့်၍ စောဒနာရာ၏၊ ထိုကဲ့သော စောဒကပုဂ္ဂိုလ်၏ စောဒနာကို ဖြေသောအားဖြင့် ‘‘ ရုပ်

၏သဘောသည် ဖေါက်ပြန် တတ်သော ပင်ကိုယ် သဘောမှ ပြောင်းလဲ၍မဖေါက်ပြန်တတ်သော သဘောတရား အဖြစ်ဖြင့် မဖြစ်ဘဲ မိမိပင်ကိုယ် ဖေါက်ပြန်တတ်သော သဘော အတိုင်း တည်နေခြင်းကိုပင် မဖေါက်မပြန် မှန်ကန်သော ပရမတ် ဟု ဆိုသဖြင့် ပရမတ်တရားနှင့် မဆန့်ကျင်ပေ''—ဟု ရေးခဲ့ပေသည်။

အမှန် စင်စစ် ရုပ် ၂၈-ပါးတို့၏ ပရမတ် မည်ပုံမှာ— ပထဝီ=ခက်မာမှုသဘော- အာပေါ= ဖွဲ့စည်းမှုသဘော- စသည်ဖြင့် ရုပ် ၂၈-ပါးတို့သည် မိမိ မိမိတို့၏ သဘာဝသတ္တိ အသီးအသီး ရှိကြသည်၊ ပထဝီ = ခက်မာမှုသည် မည်သည့် အခါ, မည်သည့်ဌာန,မည်သူ့ သန္တာန်, သို့မဟုတ် မည်သည့် အရာဝတ္ထုမှာ ဖြစ်ဖြစ် အခါမရွေး, ဌာနမရွေး, သန္တာန် မရွေး, အရာဝတ္ထုမရွေး၊ ဖြစ်သောအခါ—'' ခက်မာမှု'' သဘောဖြင့် အမြဲတန်းဖြစ်၏ အချို့ အခါမှာ ခက်မာမှုဖြစ်၍ အချို့အခါမှာ ခက်မာမှု မဖြစ်ဘဲ ဖေါက်ပြန်၍' မဖြစ်ပေ၊ ဤသို့ ပထဝီသည် သူ၏ ကိုယ်ပိုင် သဘာဝသတ္တိ အားဖြင့်- မဖေါက်မပြန် မှန်ကန်စွာ ဖြစ်သောကြောင့် ''ပရမတ်''မည် လေသည်၊ အာပေါ-ဝါယော စသည်တို့ကိုလည်း ဤနည်း တူ သိပါလေ။

## နိဗ္ဗာန် အကြောင်း

**နိဗ္ဗာန်**=နိဗ္ဗာန်။ ။နိဗ္ဗာန် ဆိုသည်မှာ အကျဉ်း အား ဖြင့် ငြိမ်းမှု သဘောတရား ဖြစ်သည်၊ ခန္ဓာငါးပါး ရုပ်နာမ်

တရားများ, လောဘ စသော မီး ၁၁-ပါး, တို့၏ အဆုံးသတ် တဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်း၍ အအေးဆုံး ဓာတ်သဘောတရား သန္တိသုခ ပရမသုခသည် နိဗ္ဗာန် မည်၏။

## ထင်ရှားအောင် ပြဦးမည်

**ဥပမာ**–မီးတောက်, မီးလျှံ မီးခဲ စသည် ရှိလျှင် အပူဓာတ်ရှိ၏၊ မီးတောက်မီးလျှံ မီးခဲ စသည် မရှိသော် အပူဓာတ် မရှိ၊ ထိုအပူဓာတ် မရှိလျှင် ဘာရှိသလဲ····

ထိုအပူဓာတ် မရှိသော်၊ ဆန့်ကျင်ဘက် အအေးဓာတ် ရှိသည်ဟု ခေါ်ရလိမ့်မည်၊ အအေးဓာတ်မှ တပါး ဘာမျှ မရှိ၊ ထိုအအေးဓာတ် ရှိဘည်ဟု ဆိုရခြင်းမှာလည်း အပူဓာတ်၏ ငြိမ်းမှုကိုပင် ဆန့်ကျင်ဘက် အားဖြင့် ခေါ်ဆို ထားရခြင်း ဖြစ်လေသည်၊ ဤအတူ ခန္ဓာငါးပါး, လောဘ စသော ၁၁ မီးတို့၏ အဆုံးသတ် နောက်ထပ် မဖြစ်သော အားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် ဒုက္ခ အပူဓါတ် မရှိ၊ ဒုက္ခအပူဓာတ် မရှိက ဆန့်ကျင်ဘက် ဖြစ်သော သန္တိသုခ, ပရမသုခ ခေါ်သော အအေးဓါတ် ရှိပေသည်၊ ထိုဒုက္ခအပူဓါတ် ရှိခြင်း၏ ဆန့်ကျင်ဘက် အားဖြင့် ခေါ်ရသော အအေးဓါတ်မှ တပါး အခြားတစုံတရာ မရှိပေ၊ ထို အခြားသော အရာဝတ္ထု မရှိမူ၍၊ အအေးဓါတ် သန္တိသုခ ပရမသုခ တခုတည်းသို့ ရောက်သွားသောသူသည် နိဗ္ဗာနဓါတ်သို့ ရောက်သူ ဖြစ်ပေသည်၊ ဤ၌ အဘာဝပညတ်နှင့် နိဗ္ဗာန် ကွဲပြားသည်မှာ အဘာဝပညတ်

သည် ပင်ကိုယ်က မရှိခြင်းတည်း၊ နိဗ္ဗာန်သည် ပင်ကိုယ်ရှိသော တရားတို့၏ ချုပ်ပျက်သောအားဖြင့် မရှိခြင်းတည်း။

## သိလွယ်အောင် ပြဦးမည်

ကျမ်းဂန်တို့၌ ''ဝိမုတ္တိရသ'' ဟု တမျိုး ပြဆိုကြသည်၊ ၎င်း၏ အဓိပ္ပါယ်ကို လွယ်လွယ်နှင့် သိရန်မှာ '' လွတ်ကင်း၍ ချမ်းသာသော အရသာ'' သည် နိဗ္ဗာန်မည်၏၊ ဥပမာဖြင့် ထင်စွာ ပြဦးမည်၊ လောက၌ တစုံတယောက်သည် ပြစ်မှု တစုံတရာကြောင့် ထောင်တန်း ကျနေ၏၊ ၎င်းလူသည် မည်သည့်လ, မည်သည့်ရက်မှာ လွတ်တော့မည်ကို သိသောအခါ ဝမ်းသာ၏၊ ထိုနေ့ ကျရောက်၍ တကယ်လွတ်သောအခါ အလွန် ဝမ်းသာ၏၊ ၎င်း အလွန် ဝမ်းသာခြင်းကို လွတ်ကင်းသဖြင့် ဝမ်းသာခြင်း ဖြစ်သောကြောင့် '' လွတ်ကင်း၍ ချမ်းသာသော အရသာ'' ဟု ခေါ်ရမည်၊ ဤအတူ ခန္ဓာ ငါးပါး ရုပ် နာမ် တရားတို့ဖြင့် မပြတ်မလပ် နိုင်အောင် ချုပ်နှောင် ထားသော သံသရာ ဝဋ်ဘဝမှ လွတ်ရတော့မည်. လွတ်ကင်း ချမ်းသာ တော့မည် ကြိုတင် ဝမ်းသာ၍၊ တကယ်တန်း လွတ်၍ ရဟန္တာ ဖြစ်သွားသောအခါ အလွန် ဝမ်းသာ၏၊ ထိုနောက် ပရိနိဗ္ဗာန စုတိ ပြီးသော အခါ၌ကား မည်သည့်ဒုက္ခမျှ မရှိသော အစစ် နိဗ္ဗာန်သို့ရောက်၍၊ လွတ်ကင်းသော ချမ်းသာ''ဝိမုတ္တိရသ''ကို ရလေသည်၊ ဤ၌ လောကသားတို့သည် ခန္ဓာကိုယ်ကို နှစ်သက် နေသူများ ဖြစ်၍ ဝဋ်ဒုက္ခ ဟု မထင်ကြသဖြင့် လွတ်ကင်း၍ ချမ်းသာသည် ဟု ထင်မြင်ရန် ခဲယဉ်းလှဘိတောင်း။ ဤသို့

**မူလစာကိုယ် (၃)** ထိုပရမတ္ထတရား လေးပါးတို့တွင် ရှေးဦးစွာ စိတ်သည် ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်, ဟူ၍ ၄-ပါး ရှိသည်။

---

သဉပါဒိသေသ နိဗ္ဗာန် ရောက်မှုပင် အလွန် ဝမ်းသာလျှင် ခန္ဓပရိနိဗ္ဗာန် စံပြီးနောက် အနုပါဒိသေသ ရောက်မှုကား အဘယ်မျှ "လွတ်ကင်း၍ ချမ်းသာသောအရသာ" ရှိလိမ့်မည်ကို မှန်းဆနိုင်ပေသည်။

ကျမ်းဂန်တို့၌ကား နိဗ္ဗာန်ကို အမျိုးမျိုးရေးသားကြသည်၊ သို့ရာတွင် ပါဠိ မတတ်သူ, တတ်သော်လည်း သဘာဝကို မစဉ်းစားသူ မှန်သမျှသည် နိဗ္ဗာန်၏ သဘောတရားကို အတိအကျ ယထာဘူတအားဖြင့် မသိနိုင်သည့်ပြင် နားရှုပ်ထွေးမည်၊ ခက်ခဲဘိတောင်း။

ပရမတ္ထတရား ၄-ပါးကို အကျဉ်း ချုပ်လိုက်သော် နာမ်-ရုပ် ဟူ၍ ၂-ပါးသာ ရှိသည်၊ စိတ်, စေတသိက် နိဗ္ဗာန်သည် နာမ် ပရမတ် မည်၏၊ ရုပ်သည် ရုပ်ပရမတ် မည်၏။

ဤသို့လျှင် ပရမတ္ထတရား လေးပါးတို့၏ အဓိပ္ပါယ်ကို တိုတို ကျဉ်းကျဉ်း လိုရင်းဖြင့်သာ အဆုံးသတ်လိုက်ပြီ။

---

**အဓိပ္ပါယ် (၃)** စိတ်သည်(အာရမ္မဏဝိဇာနနလက္ခဏာ) အာရုံကို သိခြင်းအားဖြင့် တပါးတည်းပင် ဖြစ်သော်လည်း ဘုံအားဖြင့် ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်, ဟူ၍ ၄-ပါး ကွဲပြားရသည်။

ထိုတွင်-ကာမ ၁၁-ဘုံ၌ များစွာဖြစ်သော စိတ်ကို ကာမစိတ်၊ ဝါ-ကာမာဝစရစိတ် ဟု ခေါ်သည်၊ ၎င်း ကာမ စိတ်သည် ရူပဘုံ, အရူပဘုံ,တို့၌ အနည်းငယ်သာ ဖြစ်သည်။

ရူပ ၁၅-ဘုံ၌ များစွာ ဖြစ်သော စိတ်ကို ရူပစိတ်, ဝါ-ရူပါဝစရစိတ် ဟု ခေါ်သည်၊ ၎င်းသည် ကာမဘုံ၌ အနည်းငယ်သာ ဖြစ်သည်၊ အရူပဘုံ၌ကား လုံးဝ မဖြစ်ပေ။

အရူပဘုံ၌ များစွာ ဖြစ်သော စိတ်ကို အရူပစိတ်၊ ဝါ-အရူပါဝစရစိတ် ဟု ခေါ်သည်၊ ၎င်းသည်လည်း ကာမဘုံ, ရူပဘုံတို့၌ အနည်းငယ်သာ ဖြစ်သည်။

လောကုတ္တရာစိတ်၌ကား- လောကုတ္တရာဘုံ ဟူ၍ ဌာနဘုံ မရှိပေ၊ လောကုတ္တရာစိတ် ဟူသော(အဝတ္ထာ)အခိုက်အတန့်ဘုံသာ ရှိသည်၊ သို့ဖြစ်၍ အထက် ဘော်ပြခဲ့ပြီးသော ကာမစိတ်, ရူပစိတ်, အရူပစိတ် ဟူသော လောကီစိတ်, လောကီတရားတို့ထက် ပြတ်သောစိတ်ကို ဝါ - လောကီ တရားတို့မှ ထွက်မြောက်သောစိတ်ကို လောကုတ္တရာစိတ်ဟု ခေါ်ရသည်၊ ဤမျှ အကျဉ်း သိထားနှင့်ဦး။

**မူလစာကိုယ် (၄)** ထိုတွင် ကာမစိတ်သည် အကုသိုလ်စိ[illegible] စိတ်, သောဘဏစိတ် ဟူ၍ သုံးပါး အပြားရှိသည်။ ထိုတွင် အကုသိုလ်စိတ်သည် လောဘမူစိတ် ဒေါသမူစိတ် မောဟမူစိတ် ဟူ၍ သုံးပါးရှိသည်။

---

**အဓိပ္ပါယ် (၄)** အကုသိုလ်စိတ် ဆိုသည်မှာ မကောင်းသောစိတ်၊ ဝါ-စိတ်မိုက် စိတ်ရိုင်းပင်ဖြစ်သည်၊ အကုသလ+စိတ္တ=မကောင်းသော စိတ်သဘောတရား။

၂။ အဟိတ်စိတ် ဆိုသည်မှာ၊ ဟိတ် မရှိသော စိတ်၊ ဝါ-အကျိုး ဖြစ်မြောက် ထမြောက်အောင် အကြောင်း မရှိသော စိတ်ပင် ဖြစ်သည်၊ ကောင်းကျိုး ကိုလည်း မပေးစွမ်းနိုင်၊ မကောင်းကျိုးကိုလည်း မပေးစွမ်းနိုင် စိတ်သေး- စိတ်ဖွဲ့များသာ ဖြစ်၍ ဖြစ်နိုင်သော အကြောင်း မရှိသောစိတ် ဟူလို။- (နောက် အဟိတ်စိတ်၌ အကျယ် သိရလတံ့)

၃။ သောဘဏစိတ် ဆိုသည်မှာ၊ တင့်တယ် ကောင်းမွန်သော စိတ် ဖြစ်သည်၊ လောက၌ လူလိမ္မာ လူကောင်းတို့သည် တင့်တယ် ကောင်းမြတ်၏၊အဘယ့်ကြောင့်တင့်တယ် ကောင်းမြတ်သနည်း၊ ကောင်းမွန် တင့်တယ်သော သောဘဏ ခေါ်သော စိတ် သဘောတရားများနှင့် ပြည့်စုံသူဖြစ်၍ တင့်တယ် ကောင်းမြတ်၏။

(အကျယ်ကို နောက် သောဘဏစိတ် အခန်းမှာကြည့်)

**အကုသိုလ်စိတ် ၃ မျိုးတို့တွင်-** ၁။ လောဘမူစိတ် ဆိုသည်မှာ လောဘ+စိတ္တ=လိုချင်စိတ်။ ဆိုလိုရင်းမှာ ခေါင်း

ဆောင် လောဘစေတသိက်နှင့် ယှဥ်တွဲသောစိတ်၊ ဝါ-လိုချင်မှု ပြဋ္ဌာန်းသောစိတ် ဟူလို။ တနည်းအားဖြင့် လိုနေသောစိတ်၊ ပြည့်တယ်လို့ မရှိ၊ လို လိုနေသည် ဟူလို၊ အာရုံငါးပါးတို့၌ တွယ်တာ နှစ်သက် လိုချင် ရမက် ဖြစ်သော ထိုလောဘစိတ်ကို ကျမ်းဂန်များ၌ လောဘ, ရာဂ, ဝိသတ္တိကာ, တဏှာ, ပေမ, ရတိ, ကာမ, ပိယ, စသည်ဖြင့် များစွာ ဆိုသည်။

၂။ ဒေါသမူစိတ် ဆိုသည်မှာ၊ ပြစ်မှားကြမ်းတန်း စိတ်ဆိုးသော စိတ် ဖြစ်သည်၊ ထို ဒေါသစိတ်သည် ကိုယ် အင်္ဂါကြမ်းတန်း တောင့်တင်းခြင်း ထက်သော ဒေါသ၊ မျက်နှာမသာယာ ညှိုးငယ်နွမ်းလျ ပူပုံပန်းဖြစ်ခြင်း, ငိုယိုခြင်း ဆုပ်နစ်သော ဒေါသအားဖြင့် အတူး ၂-မျိုး ရှိလေသည်။

၃။ မောဟမူစိတ်ဆိုသည်မှာ၊ မိုက်မဲ, တွေဝေ, မိန်းမောရှု မသိသောစိတ်၊ ဝါ-မိုက်စိတ်, မသိသောစိတ် ဟူလို။

ကမ္ဘာလောကကြီးကို အမှန် မသိရအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်နှင့် တူသော စိတ်မှာ ဤ မောဟစိတ်ပင် ဖြစ်သည်ဟု မှတ်ပါလေ။

---

## စိတ်ဖြစ်ပေါ်လာရခြင်း အကြောင်း

စိတ်သည် အဘယ် အရာဝတ္ထုမှ အဘယ် အကြောင်းကြောင့် ဖြစ်ပေါ်လာရသနည်း။ ။အာရုံများကို အကြောင်းပြု၍၊ ဟဒယခေါ် အကြည်ဓါတ်နှင့် ဟဒယခေါ် နှလုံးအိမ်မှ ဖြစ်ပေါ်လာသည်။

(က) **အာရုံများမှာ-**

၁။ ရူပါရုံ=အရာဝတ္ထု မှန်သမျှ၏ နီ, ဝါ, ပြာ စသော အဆင်း။

၂။ သဒ္ဒါရုံ=အသံဖြစ်နိုင်သော အရာဝတ္ထု မှန်သမျှ၏ အသံ။

၃။ ဂန္ဓာရုံ=အရာဝတ္ထု မှန်သမျှ၏ အနံ့။

၄။ ရသာရုံ=အရာဝတ္ထု မှန်သမျှ၏ ချို, ချဉ်, စပ်, ငန်, ဖန်, ခါး, အရသာ ၆-မျိုး။

၅။ ဖောဋ္ဌဗ္ဗာရုံ=တွေ့ထိ ကိုင်တွယ်၍ ရသော အရာဝတ္ထုတို့၌ အတွေ့အထိ။

၆။ ဓမ္မာရုံ = ဆိုခဲ့ပြီးသော အာရုံ ၅-ပါးမှ လွတ်သော ၇၆-ပါးသော သဘာဝဓမ္မများ။

( ၇၆-မှာ စိတ် ၁၊ စေတသိက် ၅၂၊ ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန် ၁၊ ပညတ် ၁၊ ပေါင်း၇၆-ပါး )။

(ခ) **ပသာဒများမှာ-**

၁။ စက္ခုပသာဒ - မျက်စိ အလယ်၌ရှိသော သူငယ်အိမ်ခေါ် အကြည်ဓါတ်။

၂။ သောတပသာဒ= နားရွက် အတွင်း၌ ရှိသော လက်စွပ်ကွင်း သဏ္ဌာန် ခွေရစ်ကာ ပေါက်လျက်ရှိသော အမွေးနုကလေးများ။

၃။ ဃာနပသာဒ = နှာခေါင်း အတွင်း၌ ရှိသော ဆိတ်ခွါကဲ့သို့သော အသားနီနုကလေး။

၄။ ဇိဝှါပသာဒ=ပါးစပ် အတွင်း၌ ရှိသော လျှာ၏ ကြာရွက်ပြတ်ကဲ့သို့သော ရှေ့ပိုင်းလျှာ။

၅။ ကာယပသာဒ=တကိုယ်လုံး၌ စိုစွတ်သောအရာ ဌာန အားလုံးပင်။

(ဂ) **ဟဒယ**=ခေါ် နှလုံးအိမ် ဆိုသည်မှာ ရင်သား နှစ်ခု တို့၏ အလယ်ရင်ချိုင့်၌ ရှိသော တလက်ဆွမ်းမျှလောက်သော သွေးကို ခေါ်သည်။

## စိတ်ဖြစ်ပေါ်လာပုံ

၁။ မျက်စိအကြည်ဓါတ်နှင့် ရူပါရုံအဆင်းဓါတ် တွေ့ဆုံ ကြသောအခါ မြင်မှုစိတ်၊ (စက္ခုဝိညာဏ်) ပေါ်လာသည်၊ ထိုကြောင့် မြတ်စွာဘုရားသည် ''စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇ တိ စက္ခုဝိညာဏံ'' ဟု ဟောတော်မူသည်။

၂။ နား အကြည်ဓါတ်နှင့် သဒ္ဒါရုံ အသံဓါတ် တွေ့ဆုံ သောအခါ ကြားမှုစိတ် (သောတဝိညာဏ်စိတ်) ပေါ်လာ သည်။

၃။ နှာခေါင်း အကြည်ဓါတ်နှင့် ဂန္ဓာရုံအနံ့ဓါတ် တွေ့ ဆုံသောအခါ နံမှုစိတ် (ဃာနဝိညာဏ်စိတ်)ပေါ်လာသည်။

၄။ လျှာအကြည်ဓါတ်နှင့် ရသာရုံ အရသာဓါတ် တွေ့ဆုံသောအခါ အရသာစိတ် ( ဇိဝှါဝိညာဏ်စိတ် ) ပေါ်လာသည်။

၅။ ကိုယ် အကြည်ဓါတ်နှင့် ဖေါဋ္ဌဗ္ဗာရုံ အတွေ့ဓါတ်တို့ ပေါင်းဆုံကြသော အခါ တွေ့ထိမှုစိတ် (ကာယဝိညာဏ်စိတ်) ပေါ်လာသည်။

၇။ မနခေါ်သော ဘဝင်စိတ်နှင့် အာရုံ အမျိုးမျိုးတို့ တွေ့ဆုံသော အခါ တွေးတောသည်, ကြံစည်သည် စသည်ဖြင့် (မနောဝိညာဏ်စိတ်) ပေါ်လာသည်။

## လောဘစိတ် ဖြစ်ပေါ်ပုံ

ထိုသို့ စိတ်သာမညဖြစ်ပြီးနောက် တွေ့မြင် နေရသော အာရုံ၌ အသင့်အတင့် နှလုံးမသွင်းနိုင်သော အယောနိသော မနသိကာရကြောင့် အာသာငန်းငန်း ရမက်ဖမ်းလျက်၊ ဒလ ကြမ်းပင် သာယာတပ်မက် နှစ်သက်မှု လောဘ တရား ပေါ် လာတော့သည်၊ ထို လောဘစိတ် သည် အာရုံ၌ တွယ်တာ ကပ်ငြိ တတ်သည်၊ တွေ့ဆုံသော အာရုံကို မလွှတ်ဘဲ မကွေ မကွာ ကပ်ထားတတ်သည်၊ ဥပမာ-မျောက်နဲ့စေးနှင့် တူ၏။ မျောက်နဲ့စေးတို့၏ သဘောကား ထိလာသော အရာဝတ္ထု ကို တွယ်ကပ်တတ်၏၊ မျောက် တကောင်သည် မျောက်နဲ့စေး ပင်မှ အစေးတို့ကို လက်ခြေဆော့သဖြင့် လက်နှင့်တို့၏၊ လက် ကပ်နေ၏၊ နောက် ခြေထောက်နှင့်တို့၏၊ နောက် နှုတ်သီးနှင့်

တို့ပြန်၏၊ တို့တိုင်းပင် ကပ်နေသဖြင့် ခွါ မရနိုင်တော့ပေ၊ ထို အတူ လောဘတရားဖြင့် ရူပါရုံကိုမြင်က နှစ်သက်၏၊ သဒ္ဒါရုံ ကို ကြားက နှစ်သက်လိုက်ပြန်၏၊ ဂန္ဓာရုံကို နံက နှစ်သက် လိုက်ပြန်၏၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ကို ကြုံကြိုက်ပြန်သော အခါ ခံစား နှစ်သက်လိုက်ပြန်၏၊ မည်သည့် အာရုံကိုမျှ ပယ်သည် မရှိ၊ မလွှတ်တန်း ဖမ်း၍ ဆုပ်ကိုင် ထားတတ် လေသည်၊ မျောက်ချဲ့စေးသည် ထိလာသောမျောက်၏ လက်, ခြေ, နှုတ် သီး ငါးခုတို့ကို မလွှတ်ဘဲ ကပ်ငြိစေသကဲ့သို့ ထိုအတူ လော ဘ တရားသည် ရောက်လာသော အာရုံ ငါးပါးကို မလွှတ် တန်း ဖမ်းကိုင် ထားလေသည်၊ ထို့ကြောင့် မျောက်ချဲ့စေးနှင့် တူလေသည်။

( လောဘသည် ဓမ္မာရုံကိုလည်း အာရုံပြုနိုင်၏ ဟု မှတ် ထားပါဦး။ )

## လောဘစိတ် ပင်ကိုယ် ၁-ပါးမှ ၈-ပါး ဖြစ်ပေါ်ပုံ

**အဓိပ္ပါယ် (၄-ခ)** လောဘစိတ်သည် လိုချင်တတ်သော သဘော တရား အားဖြင့် တပါးသာ ဖြစ်သည်၊ ဝေဒ နာ, ဒိဋ္ဌိ, သင်္ခါရ, ၃-ပါးသော စေတသိက်တို့၏ ယှဉ်တွဲခြင်း, မယှဉ်တွဲခြင်းအားဖြင့် ၈-မျိုး ကွဲပြားလေသည်။

မူလစာကိုယ် ထိုတွင် လောဘမူစိတ် ၈-ပါးကား အဘယ်နည်း။
(၄) ၁။ သောမနဿ ဒိဋ္ဌိ အသင်္ခါရိကစိတ် ၁-ပါး။
၂။ သောမနဿ ဒိဋ္ဌိ သသင်္ခါရိကစိတ် ၁-ပါး။
၃။ သောမနဿအဒိဋ္ဌိ အသင်္ခါရိကစိတ် ၁-ပါး။
၄။ သောမနဿအဒိဋ္ဌိ သသင်္ခါရိကစိတ် ၁-ပါး။
၅။ ဥပေက္ခာ ဒိဋ္ဌိ အသင်္ခါရိကစိတ် ၁-ပါး။
၆။ ဥပေက္ခာ ဒိဋ္ဌိ သသင်္ခါရိကစိတ် ၁-ပါး။
၇။ ဥပေက္ခာ အဒိဋ္ဌိ အသင်္ခါရိကစိတ် ၁-ပါး။
၈။ ဥပေက္ခာ အဒိဋ္ဌိ သသင်္ခါရိကစိတ် ၁-ပါး။

ဤသို့ ၈-ပါးရှိသည်၊ ( အလွယ်ဆုံး အခေါ်အဝေါ်ဖြင့် မြန်မာပြန်ထားသည်။)

---

## လောဘစိတ် ၈-မျိုး၏ အဓိပ္ပါယ်

၁။ ဝမ်းမြောက် ရွှင်လန်းစွာ အာရုံကို စွဲလမ်း၍၊ မတိုက်တွန်းရဘဲ အလိုလို ထက်ထက်မြက်မြက် အာရုံများကို တပ်နှစ်သက်ခြင်းသည် ပထမ လောဘစိတ် ဖြစ်၏။

၂။ ဝမ်းမြောက် ရွှင်လန်းစွာ အာရုံကို စွဲလမ်း၍၊ သူတပါး နှိုးဆော် တိုက်တွန်းသဖြင့် နုံ့ညံ့လေးဖင့် အာရုံများကို တပ်နှစ်သက်ခြင်းသည် ဒုတိယ လောဘစိတ် ဖြစ်သည်။

၃။ ဝမ်းမြောက် ရွှင်လန်းစွာ အာရုံကို မစွဲလမ်းမူ၍ မတိုက်တွန်းရဘဲ အလိုလို ထက်ထက်မြက်မြက် အာရုံများကို တပ်နှစ်သက်ခြင်းသည် တတိယ လောဘစိတ် ဖြစ်သည်။

၄။ ဝမ်းမြောက် ရွှင်လမ်းစွာ အာရုံကို မစွဲလမ်းမူ၍ သူတပါး တိုက်တွန်း နှိုးဆော်သဖြင့် နုံ့ညံ့လေးဖင့် အာရုံများကို တပ်နှစ်သက်ခြင်းသည် စတုတ္ထ လောဘစိတ် ဖြစ်သည်။

၅။ အာရုံ၌ ကပ်ရောက်ကာမျှ အာရုံကို စွဲလမ်း၍၊ မတိုက်တွန်းရဘဲ အလိုလို ထက်ထက် မြက်မြက် အာရုံများကို တပ်နှစ်သက်ခြင်းသည် ပဉ္စမလောဘစိတ် ဖြစ်သည်။

၆။ အာရုံ၌ ကပ်ရောက်ကာမျှ အာရုံကို စွဲလမ်း၍၊ သူတပါး တိုက်တွန်း နှိုးဆော်သဖြင့် နုံ့နုံ့ ညံ့ညံ့ အာရုံများကို တပ်နှစ်သက်ခြင်းသည် ဆဋ္ဌမလောဘစိတ် ဖြစ်သည်။

၇။ အာရုံ၌ ကပ်ရောက် ကာမျှ အာရုံကို မစွဲလမ်းမူ၍ မတိုက်တွန်းရဘဲ အလိုလို ထက်ထက်မြက်မြက် အာရုံများကို တပ်နှစ်သက်ခြင်းသည် သတ္တမ လောဘစိတ် ဖြစ်သည်။

၈။ အာရုံ၌ ကပ်ရောက်ကာမျှ အာရုံ၌ မစွဲလမ်းမူ၍ သူတပါး တိုက်တွန်း နှိုးဆော်သဖြင့် နုံ့နုံ့ ညံ့ညံ့ အာရုံများကို တပ်နှစ်သက်ခြင်းသည် အဋ္ဌမ လောဘစိတ်ပင် ဖြစ်သည်။

## လိုရင်း အချုပ်အားဖြင့် မှတ်ရန်မှာ

ဝေဒနာ – (က) သောမနဿ၏ သဘောတရားမှာ ဝမ်းမြောက် ရွှင်လန်းခြင်းတည်း။

(ခ) ဥပေက္ခာ၏ သဘော တရားမှာ အာရုံသို့ ကပ်ရောက်ကာမျှ ကြည့်ရှုကာမျှ ဖြစ်၍ ဝမ်းမြောက် ရွှင်လန်းခြင်း မရှိပေ။

ဒိဋ္ဌိ– (က) ဒိဋ္ဌိဂတ သမ္ပယုတ်၏ သဘောသည် ကာမဂုဏ် အာရုံ များကို အဟုတ် အမှန် အကောင်း ဟုထင်မှတ် စွဲလမ်းခြင်း ဖြစ်သည်။

(ခ) ဒိဋ္ဌိဂတ ဝိပ္ပယုတ်၏ သဘောသည် ကာမဂုဏ် အာရုံ များကို အဟုတ် အမှန် အကောင်းဟု မစွဲလမ်းခြင်း တည်း။

သင်္ခါရ- (က) အသင်္ခါရိက သဘောမှာ တိုက်တွန်းမှု မရှိ၍ ထက်မြက်သည်၊

(ခ) သသင်္ခါရိက သဘောမှာ တိုက်တွန်းမှု ရှိ၍ နုံးညံ့သည်။

## လောဘစိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း

(၁) အာရုံဘက်မှ ဣဋ္ဌာရုံများနှင့်-

(၂) အာရမ္မဏိက ဘက်မှ အယောနိသောမနသိကာရ အသင့် အတင့် နှလုံး မသွင်းခြင်းများတည်း။ ချဲ့၍ ပြဦးမည်၊ အာရုံကို မြင်, ကြား, နံ, စား, တွေ့ထိ, သိသောအခါ အာရုံ က သဘာဝအတိုင်း အလွန်ကောင်း၍ အချို့မှာ မိမိအထင် အားဖြင့် အလွန်ကောင်း၍ စိတ်ထားအားဖြင့် မသင့် မတင့် နှလုံးသွင်းသော် လောဘစိတ်တို့သည် တဖွားဖွား ဖြစ်ပေါ် လာတော့သည်။ ဤဖြစ်ရပ်မှန်မမှန်ကို မိမိတို့ကိုယ်တိုင် ဣဋ္ဌာရုံ များနှင့် ကြုံကြိုက်သောအခါဝယ် ဘယ်လို ဘယ်ပုံ ဖြစ်လာ သည်ကို သတိနှင့် စဉ်းစားဆင်ခြင်ပါ၊ ဣဋ္ဌာရုံနှင့် တွေ့ကြုံပါ သော်လည်း "ဤ အရာမျိုးကတော့ ငိုးနေပါပြီ၊ သို့မဟုတ်- ငါတို့မှာ တွေ့ဘူးကြုံဘူးခဲ့ပြီ၊ ငါတို့မှာ လက်ရှိ ဖြစ်နေပြီ၊ ပိုနေ သော် အဘ ယ်အသုံးပြုမည်နည်း" စသည်ဖြင့် သင့်တင့်အောင် နှလုံးသွင်းလိုက်ပါလျှင် လောဘ မပေါ်တော့ပေ။ ။

**မူလစာကိုယ် (၅)** ဒေါသစိတ် ၂-ပါးမှာ မကောင်းသော ခံစားမှုနှင့် တကွ ထက်မြက် ပြင်းထန်စွာ စိတ်ဆိုးသော ဒေါသစိတ် ၁-ပါး၊ မကောင်းသော ခံစားမှုနှင့် တကွ နှံ့ညံ့ ဆုတ်နစ် လျော့ပါးသဖြင့် ဝမ်းနည်းသော ဒေါသစိတ် ၁-ပါး၊ ဤနှစ်ပါး သော စိတ်တို့သည် ဒေါသစိတ် မည်ကုန်၏။

---

**အဓိပ္ပါယ် (၅)** ဒေါသစိတ် ဆိုသည်မှာ လူတိုင်း နားလည်ကြ သော စိတ်ဆိုးသော စိတ်ပင်ဖြစ်သည်၊ ထိုစိတ်ဆိုး မှုကား ရှူးရှူး ဒိုင်းဒိုင်း, နင်ဘဲ, ငါဘဲ, စသည်ဖြင့် ၎င်း,မျက်စိနီခြင်း, မျက်နှာမလှခြင်း, မျက်နှာ ညိုခြင်း စသော အမူ အရာ တို့ဖြင့်၎င်း သိသာ ထင်ရှားလှ ပေသည်၊ အခြား သော ဒေါသစိတ်များလည်း ရှိ၏၊ သူတပါးကို မုန်းတီးသော စိတ်, လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းသောစိတ်, ငိုကြွေးတမ်းတ သောစိတ်,သူတပါးပစ္စည်းဥစ္စာ ပေါကြွယ်ဝသည်ကို မနာလို သောစိတ်, မိမိ၏ ပစ္စည်းဘဏ္ဍာ, ဆွေမျိုးသားချင်းတို့ကို သူတ ပါးသို့ မဝေငှလို သူတပါးနှင့် မဆက်ဆံလိုသော ဝန်တိုသော စိတ်စသည်တို့သည် ယခုပြဆိုခဲ့သောဒေါသစိတ်တို့ပင်ဖြစ်သည်။

ဒေါသစိတ္တ=ဒေါသစိတ်၊ ဒေါသ စေတသိက်နှင့် တွဲဖက် သော စိတ် ဟူလို၊ ကျမ်းဂန်များ၌ကား၊ ၎င်းဒေါသစိတ်သည် ကြမ်းတန်းသော သဘော ရှိ၏၊ ဒုတ်ဖြင့် ရိုက်ခတ်မိသော မြွေ ဟောက်နှင့်တူသည် ဟု ဆိုကြ၏။

**ဒေါသစိတ် ဖြစ်ပေါ် ခြင်း၏ အကြောင်းရင်းများ။**

(၁) အာရုံဘက်မှ အနိဋ္ဌာရုံများနှင့်

(၂) အာရမ္မဏိက ဘက်မှ အယောနိသောမနသိကာရ အသင့်အတင့် နှလုံး မသွင်းခြင်းများတည်း။ ချဲ၍ပြဦးမည်၊

အာရုံကို မြင်,ကြား,နံ့,စား, တွေ့ထိ သိ သောအခါ အာရုံက ပင်ကိုယ်အတိုင်း မကောင်းခြင်း, မိမိ အထင် အားဖြင့် မကောင်ခြင်း ဖြစ်၍ စိတ်ထား, စိတ်ရင်းကလည်း မသင့် မတင့် နှလုံးသွင်းမှု ဒေါသစိတ်တို့သည် တဖွားဖွားဖြစ်ပေါ်လာတော့ သည်။ ဤ၌ မကောင်းသော အနိဋ္ဌာရုံ တို့သည် အမျိုးမျိုး ကွဲပြားကြ ကုန်၏။ သို့ရာတွင် အာဃာတ ဝတ္ထုခေါ် ဒေါသ ဖြစ်စရာ အကြောင်း ဝတ္ထု ၉-ပါး ဟူ၍ ဘုရား ဟောတော် မူသည်။

**ရင်းတို့မှာ**-ဤသူသည် ငါ့အကျိုးကို လိုလားသူ မဟုတ် ဟု မိမိကို အစွဲပြု၍-၃-ပါး။

( အတိတ် ) ၁။ ရှေးအခါက ငါ့အကျိုးမဲ့ကို ပြုဘူးပြီ။

( ပစ္စုပ္ပန် ) ၂။ ယခုလည်း ငါ့အကျိုးမဲ့ကို ပြုနေသည်။

(အနာဂတ်) ၃။ နောင်လည်း ငါ့အကျိုးမဲ့ ပြုမှာဘဲ-ဟု စိတ်ဆိုးခြင်း ၃-ပါး။

ဤသူသည် ငါ့မိတ်ဆွေ, ငါ့မယား,စသည်တို့၏ အကျိုးကို လိုလားသူမဟုတ် ဟု မိမိနှင့်စပ်သူကို အစွဲပြု၍-၃-ပါး။

( အတိတ် ) ၁။ ရှေးအခါက ငါ့မိတ်ဆွေတို့၏ အကျိုးမဲ့ကို ပြုဘူးပြီ။

( ပစ္စုပ္ပန် ) ၂။ ယခုလည်း ပြုနေဆဲ။

(အနာဂတ်) ၃။ နောင်လည်း ပြုမှာဘဲ ဟု စိတ်ဆိုးခြင်း- ၃-ပါး။

ဤသူသည် ငါ မုန်းသောသူ၏ အကျိုးကို လိုလားသူ ဟု- မိမိနှင့် မစပ်သူကို အစွဲပြု၍-၃-ပါး။

မူလစာကိုယ် (၆) အာရုံသို့ ကပ်ရောက်ကာမျှ ယုံမှားသံသယ ဖြစ်သော စိတ် ၁-ပါး၊ အာရုံသို့ ကပ်ရောက်ကာမျှ ပျံ့လွင့်သော စိတ် ၁-ပါး အားဖြင့် မောဟစိတ် ၂-ပါး ဖြစ်သည်။

---

( အတိတ် ) ၁။ ရှေးကလည်း ရွက်ဆောင်၏။

( ပစ္စုပ္ပန် ) ၂။ ယခုလည်း ရွက်ဆောင်သည်။

(အနာဂတ်) ၃။ နောင်လည်း ရွက်ဆောင်မှာဘဲ ဟု-စိတ်ဆိုးခြင်း ၃-ပါး အားဖြင့် ဒေါသဖြစ်ကြောင်း ၉-ပါး။

နေသည် ပူလွန်းလှသည်,မိုးကလဲ ရွာနိုင်လိုက်တာ,ခလုပ်ကလဲ တိုက်လိုက်တာ,စသည်ဖြင့် အရာမဟုတ်သည်၌ စိတ်ဆိုးခြင်း အဋ္ဌာနကောပနှင့် ၁၀-ပါး။

## မောဟစိတ်

အဓိပ္ပါယ် (၆) ဝိစိကိစ္ဆာ မောဟစိတ် ဟူသည် အာရုံ၌ ယုံမှား သံသယ ဖြစ်၍ တွေဝေ မိုက်မဲ မသိသော စိတ် ဖြစ်သည်၊ ဝါ-အမှန်ကို တိကျ ပြတ်သားအောင် မသိဘဲ အာရုံ၌ တွေဝေ ယုံမှား သဖြင့် သိတတ်သော စိတ် ဖြစ်သည်။

၎င်း ဝိစိကိစ္ဆာ မောဟစိတ်သည် ၈-မျိုး ရှိသည်-

၁။ ဗုဒ္ဓေကင်္ခတိ=ဘုရား၌ ယုံမှား သံသယ ဖြစ်ခြင်း။

၂။ ဓမ္မေကင်္ခတိ=တရား၌ ယုံမှား သံသယ ဖြစ်ခြင်း။

၃။ သံဃေကင်္ခတိ=သံဃာ၌ ယုံမှား သံသယ ဖြစ်ခြင်း။

၄။ သိက္ခာယကင်္ခတိ=အကျင့်၌ ယုံမှားသံသယ ဖြစ်ခြင်း။
၅။ ပုဗ္ဗန္တေကင်္ခတိ=သံသရာ၏ရှေ့အစွန်း၌ သံသယဖြစ်ခြင်း။
၆။ အပရန္တေကင်္ခတိ=သံသရာ၏ နောက်အစွန်း၌ သံသယ ဖြစ်ခြင်း။
၇။ ဥဘယေကင်္ခတိ၊ ရှေ့အစွန်း နောက်အစွန်း ၂-ပါး၌ ယုံမှားသံသယဖြစ်ခြင်း။
၈။ ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ၊ အကြောင်း တရားကြောင့် အကျိုး တရား ဖြစ်သည် ဟူသော တရား တို့၌ ယုံမှားသံသယ ဖြစ်ခြင်း အားဖြင့် ၈-ပါးရှိသည်။

ဥဒ္ဓစ္စ၊ မောဟစိတ် ဆိုသည်မှာ အာရုံ၌ တည်ကြည်မှု မရှိဘဲ ပျံ့လွင့်သောအားဖြင့် တွေဝေမိုက်မဲ မသိသော စိတ်ဖြစ်သည်။

ငင်းစိတ်သည် သမာဓိခေါ် တည်ကြည်မှုတရား၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ထိုကြောင့် လောက၌ တည်ကြည် ဖြောင့်မတ်စွာ တဖြောင့်တည်း မလုပ်သောသူကို သမာဓိ မရှိဘူးဟု ခေါ်ကြသည်။ သို့ရာတွင်၊ ထိုသို့ ခေါ်ဝေါ်ကြခြင်းသည် အတိအကျ သဘာဝအားဖြင့် မမှန်သေးပေ အမှန်စင်စစ်မှာ တည်ကြည် ငြိမ်သက်မှုမရှိဘဲ ပျံ့လွင့် လှုပ်ရှား နေသော စိတ်ကို ဥဒ္ဓစ္စ မောဟစိတ်-ဟု အတိအကျ မှတ်ပါ။ ဥပမာ–တရားနာသောသူ, ပညာသင်သောသူတို့သည် တရားအာရုံပေါ်၌ငင်း, ပညာအာရုံပေါ်၌ငင်း စိတ်မရှိဘဲ တခြားတပါးသို့ လွင့်ပါ၍ ဟိုရောက်, ဒီရောက် စိတ်လေနေသောအခါ ထို ဥဒ္ဓစ္စမောဟ စိတ် ဖြစ်နေခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ တရားကိုငင်း, ပညာ

မူလစာကိုယ် (၇) ဤသို့လျှင် အလုံးစုံအားဖြင့် အကုသိုလ် စိတ်တို့သ ၁၂-ပါး ရှိကုန်၏။

(၈) လောဘမူလစိတ် ၈-ပါး၊ ဒေါသမူလစိတ် ၂-ပါး၊ မောဟမူလစိတ် ၂-ပါး။ ဤသို့ အကုသိုလ် ၁၂-ပါး ရှိကုန်သည်။

---

ကိုဂုဏ်း, တစုံတခုမျှ နားလည် မှတ်မိသည်မရှိ။ ထိုသို့တစုံတခုမျှ နားလည် မှတ်မိသည်မရှိခြင်းမှာ မောဟစိတ် သဘောတရားပင် ဖြစ်ပေသည်။

ဤပြခဲ့သော ၂-ပါးသာ မောဟစိတ် စစ်စစ်ရှိသည်။ အခြားသော လောဘစိတ်, ဒေါသစိတ်တို့၌ မောဟတရားသည် ပါရှိသော်လည်း ပဓါနမဟုတ် နောက်လိုက်ဖြစ်၍ သူ၏ သတ္တိသဘောတရား မထင်ရှားတော့။ စေတသိက်ပိုင်းမှာ ထင်ရှားလတ္တံ့။

**အဓိပ္ပါယ်** (၇) ဤ ၇-နံပါတ် စကားရပ်ဖြင့် အဆုံးသတ် နိဂုံးစကားကို ကျမ်းပြုဆရာ ရှင်အနုရုဒ္ဓါသည် အချုပ်အားဖြင့် ဆိုတော်မူသည်။

ထိုအကုသိုလ်စိတ်ကို မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ အကုသလာဓမ္မာ, သံကိလိဋ္ဌ သံကိလေသိကာဓမ္မာ, ဟီနာဓမ္မာ စသည်ဖြင့် ဟောတော်မူသည်မှာ အလွန်များပြားကျယ်ဝန်းလှသည်။ သို့ဖြစ်၍ ဤ၌မရေးဘဲ ချန်လှပ်ခဲ့ပါသည်။

အကုသိုလ် မကောင်းသော တရားဖြစ်ခြင်းအကြောင်းမှာ အယောနိသော မနသိကာရပင်ဖြစ်၏။

အဓိပ္ပါယ်မှာ - သင့်တင့် လျောက်ပတ်စွာ စိတ် နှလုံး မသွင်းခြင်းသည် အကုသိုလ် ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း ဖြစ်သည်။ ဥပမာ၊ လူတယောက်သည် အလွန်လှပ လိုချင်ဘွယ် အာရုံကို မြင်တွေ့သည်ရှိသော်၊ မသင့်မတင့် နှလုံးသွင်းလိုက်သောအခါ လောဘတဏှာ စိတ်တို့သည် သောင်းကျန်းထကြွ ဖြစ်ပေါ်လာတော့သည် အသင့်အတင့် နှလုံးသွင်းလိုက်ပါမူ အကုသိုလ် လောဘစိတ်တွေ မဖြစ်ဘဲ ငြိမ်းသွားတော့သည်။ အလွန် ဆိုးဝါးသော အာရုံကို မြင်, ကြား, နံ, သိ, တွေ့ထိရသည်ရှိသော် မသင့်မတင့် နှလုံးသွင်းပါက ဒေါသစိတ် ဖြစ်ပေါ်လာတော့သည်။

**အဓိပ္ပါယ်** (၈) အကုသိုလ်စိတ် သရုပ်ခွဲသော်—

| | | |
|---|---|---|
| လောဘမူစိတ် | ၈-ပါး။ | ၁၂-ပါး။ |
| ဒေါသမူစိတ် | ၂-ပါး။ | |
| မောဟမူစိတ် | ၂-ပါး။ | |

တနည်း ဝေဒနာအားဖြင့်ခွဲသော်—

| | | |
|---|---|---|
| သောမနဿစိတ် | ၄-ပါး။ | ၁၂-ပါး။ |
| ဥပေက္ခာစိတ် | ၆-ပါး။ | |
| ဒေါမနဿစိတ် | ၂-ပါး။ | |

ဒိဋ္ဌိအားဖြင့်ခွဲသော်—

| | | |
|---|---|---|
| ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | ၄-ပါး။ | ၁၂-ပါး။ |
| ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄-ပါး။ | |
| ပဋိဃသမ္ပယုတ်စိတ် | ၂-ပါး။ | |
| ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | ၁-ပါး။ | |
| ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁-ပါး။ | |

သင်္ခါရ အားဖြင့် ခွဲသော်—
အသင်္ခါရိကစိတ် ၇-ပါး။ }
သသင်္ခါရိကစိတ် ၅-ပါး။ } ၁၂-ပါး။
ဤသို့အကုသိုလ်စိတ်သည်အမျိုးမျိုးဖြင့်ခွဲသော်၊၁၂-ပါးရသည်။

**အမှာစကား**–သင်စကျောင်းသားများသည် သရုပ်ကိုပိုင်နိုင်အောင် နှုတ်ကို အခြေခံ အားဖြင့် လိုပေသည်။ သို့ဖြစ်၍ သရုပ်အကျယ်ခွဲဇယားကိုထည့်သွင်းရေးသားထားသည်ကိုကြည့်ပါ။

**အကုသိုလ် ပြုလုပ်က ဖြစ်တတ်သော အကျိုးတရားများ။**

လောဘတရားဖြင့် သေသော သတ္တဝါတို့သည် ပြိတ္တာဘုံ၌ များသောအားဖြင့် ဖြစ်တတ်ကုန်၏။ ထိုကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ''ယေဘုယျေနဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ''ဟု ဆိုသည်။

ဒေါသတရားဖြင့် သေသော သတ္တဝါတို့သည် ငရဲဘုံ၌ ဖြစ်တတ်ကုန်၏။ ဒေါသေန ဟိ သတ္တာ စဏ္ဍဇာတိတာယ ဒေါသသဒိသံနိရယံဥပပဇ္ဇန္တိ-ဟု အဋ္ဌသာလိနီအဋ္ဌကထာ၌ဆိုသည်။

မောဟတရားဖြင့် သေသော သတ္တဝါတို့သည် တိရစ္ဆာန်ဘုံ၌ ဖြစ်ကုန်၏။ ''မောဟေန ဟိ နိစ္စံ သံမုဠ္ဟံ တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ''ဟု အဋ္ဌကထာ၌ ဆိုလေသည်။ ။

**အဟိတ်စိတ်။**

**အဟေတုက**=ဟိတ်မရှိ + **စိတ္တ** =စိတ်။

**အဟေတုကစိတ္တ**=ဟိတ်တရား မရှိသောစိတ်။

**ဟိတ်**–ဆိုသည်မှာ ဟေတု ပါဠိမှ ဆင်းသက်၍ ဟိတ်ဖြစ်သည်။ အကြောင်း တရားဟု ဆိုလိုသည်။ ၎င်းအကြောင်းတရားသည် ၆-မျိုး ရှိသည်။

| | |
|---|---|
| ၁။ လောဘဟိတ်<br>၂။ ဒေါသဟိတ်<br>၃။ မောဟဟိတ် | အကုသိုလ်ဟိတ် ၃-ပါး။ |
| ၄။ အလောဘဟိတ်<br>၅။ အဒေါသဟိတ်<br>၆။ အမောဟဟိတ် | ကုသိုလ်အဗျာကတဟိတ် ၃ ပါး |

ကျမ်းဂန် များ၌ကား၊ ၎င်း ဟိတ် ခြောက်ပါး ယှဉ်ဘော် ယှဉ်ဘက် မရှိသောကြောင့် (၁၈) ပါးသော စိတ်များကို အဟိတ်စိတ်ဟု ဆိုကြသည်။ ၎င်းကား စာအဆိုသာ ဖြစ်၍ ဘာကိုဆိုလိုသည် အဘယ်သဘောရှိသော စိတ်ကို အဟိတ်စိတ် ဟူ၍ အတိအကျ မသိကြပေ၊ သို့ဖြစ်၍ သိလွယ်အောင် ရှင်းရှင်း ပြောရမည် ဆိုသော်-အကျိုးတစုံတရာ ဖြစ်မြောက် ထမြောက် အောင် အကြောင်းမရှိသော စိတ်သေး စိတ်ဖွဲ့များကို အဟိတ် စိတ် ခေါ်သည်ဟု အသေအချာမှတ်။

**ရှင်းလင်းဦးအံ့**။လောက၌အကျိုးတရားသည် ကောင်းကျိုး မကောင်းကျိုးဟု ၂-မျိုးသာ ရှိသည်။ ကုသိုလ် ကောင်းမှု ကံတရား ပြုလုပ်လျှင် ကောင်းကျိုး ပေး၏။ အကုသိုလ် မကောင်းမှု ကံတရားကို ပြုလုပ်လျှင် မကောင်းကျိုး ပေး၏။

ဤ စကား ရပ်၌ ကုသိုလ်ကံ အကုသိုလ်ကံ တို့သည် အကြောင်း၊ကောင်းကျိုး မကောင်းကျိုးဆိုသည်မှာ အကုသိုလ် ၏ အကျိုး ဝိပါက၊ သို့ ဖြစ်၍ ကုသိုလ်ကံ ခေါ် ကုသိုလ်စိတ်, အကုသိုလ်ကံ ခေါ် အကုသိုလ် စိတ် တို့သည် ကောင်းကျိုး

မကောင်းကျိုး ဖြစ်မြောက် ထမြောက်အောင် ဖြစ်စေနိုင်သော အကြောင်းတရား ရှိကြသည်။ ဝါ-အကျိုးတစုံတရာ ထမြောက် အောင်မြင်အောင် ဟိတ်အကြောင်း တရား ရှိသော စိတ်များ ဖြစ်ကြသည်။ ဤအဟိတ်စိတ်ကား ကုသိုလ်စိတ် အကုသိုလ်စိတ် များကဲ့သို့ အကျိုး တစုံတရာ ထမြောက် အောင်မြင်အောင် ဖြစ်နိုင်သော ဟိတ် အကြောင်း တရားများ မရှိကြပေ။

စက္ခုဝိညာဏ် မြင်သိ, စိတ်သည် မြင်ကာမျှ ကောင်း, မကောင်း, အမှုကို ပြုလုပ် သေးသည် မဟုတ်၊ ကောင်းမှု, မကောင်းမှု ပြုလုပ်ရန်အတွက် ရှေ့ပိုင်းမှ မြင်ပေးထားရသော ၁|၁၇-မျှသော အစိတ် အပိုင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ကောင်းကျိုး မကောင်းကျိုး တစုံ တရာ ဖြစ်မြောက် အောင် မြင်အောင် ဖြစ်စေနိုင်သောအကြောင်းတရား မရှိသောကြောင့် စက္ခုဝိညာဏ် စသော (၁၈) ပါးသော စိတ်များကို အဟိတ် စိတ်ဟူ၍ ခေါ်ဝေါ် ပညတ်ကြသည်ဟု အသေအချာ မှတ်ပါ။ ဤနေရာ၌ သဟိတ် မဟာဝိပါတ်စိတ်နှင့် သဟိတ် ကြိယာ စိတ် များလည်း အကျိုး ပေးနိုင်သော စိတ် မဟုတ်၍ အဟိတ်စိတ် မည်ရာ၏ဟု ထင်မြင် ရာ၏။ မထင်မြင် နိုင်ပါ၊ ဟိတ် တရား ပါသော အကျိုး တရား များသာ ဖြစ်သည်။ အကျိုး ဝိပါက တရားများ၌ ဥဿာဟသတ္တိ မရှိကြ၍ အကျိုး မပေးကြတော့ ပေ၊ ၎င်း စိတ်များကား အကြောင်း နှင့် တူစွာ ဟိတ်တရား ပါသော စိတ်များ ဖြစ်ကြပါ၏။ ဝါ-ပဋိသန္ဓေ ဘဝင်စုတိ ကိစ္စများကို ရွက်ဆောင်သော စိတ်ကြီးများ ဖြစ်ကြ၏။ အဟိတ် စိတ်များကား အကြောင်းနှင့် ဟိတ်ဝေဒနာစသည် မတူသော စိတ်သေး စိတ်ဖွဲများ ဖြစ်ကြသည်။ ထို့ကြောင့် အထက်တွင်

**မူလစာကိုယ် (၉)** အဟိတ် စိတ်သည် အကုသလ ဝိပါက်စိတ် ၇-ပါး၊ ကုသလ ဝိပါက်စိတ် ၈-ပါး၊ အဟိတ် ကြိယာစိတ် ၃-ပါးအားဖြင့် ၁၈-ပါး ရှိပါသည်။ ထိုတွင် ဥပေက္ခာ စက္ခုဝိညာဏ်စိတ်၊ ထို့အတူ ဥပေက္ခာသောတဝိညာဏ်စိတ်၊ဥပေက္ခာ ဃာနဝိညာဏ်စိတ်၊ ဥပေက္ခာ ဇိဝှါဝိညာဏ်စိတ်၊ ဒုက္ခဝေဒနာ ကာယ ဝိညာဏ်စိတ်၊ ဥပေက္ခာ သမ္ပဋိစ္ဆန်းစိတ်၊ ဥပေက္ခာ သန္တီရဏစိတ်၊ ဤ ၇-ပါးသော စိတ်တို့သည် အကုသလဝိပါက်စိတ်တို့ မည်ကုန်၏။

---

ဖေါ်ပြ ခဲ့သော ကောင်းကျိုး, မကောင်းကျိုး တစုံ တရာ ဖြစ် မြောက် အောင်မြင်အောင် ဖြစ်စေနိုင်သော အကြောင်းတရား မရှိသောကြောင့် စက္ခုဝိညာဏ် စသော ၁၈-ပါးသော စိတ် များကို အဟိတ်စိတ် ဟူ၍ ခေါ်ဝေါ်ပညတ်ကြသည်ဟု အသေ အချာ မှတ်ပါ။

သောတ ဝိညာဏ် ကြားသိ,စိတ် စသည်တို့လည်း ဤစက္ခု ဝိညာဏ်စိတ် အတူ သိသာနိုင် ပါပြီ။ အသီးသီး စိတ်တို့၏ အဓိပ္ပါယ်ကို ဆိုင်ရာမှ ရေးမည်။

**အဓိပ္ပါယ် (၉)** (၁) ဥပေက္ခာ စက္ခုဝိညာဏ်စိတ် ဆိုသည်မှာ၊ မကောင်းသောရူပါရုံကိုမြင်သောစိတ်။ထိုစိတ်၏ ခံစား မှုသည် ဆင်းရဲ ချမ်းသာ တို့၏ အလယ် အလတ် ခံစားမှု ဥပေက္ခာ ဝေဒနာ ဖြစ်သည်။

(စိတ်၏ သဘော တရားကို ရေးသားစဉ်က ငှင်းစိတ်ကိုပင် ဥပမာ တင်ပြ၍ အောက်၌ ရေးသားခဲ့သည်ကို သတိပြုပါ။)

(၂) ဥပေက္ခာသောတဝိညာဏ်စိတ်ဆိုသည်မှာ၊မကောင်းသော သဒ္ဒါရုံကို ကြားသောစိတ်။ ထိုစိတ်၏ ခံစားမှုသည် ဆင်းရဲ ချမ်းသာ တို့၏ အလယ် အလတ် ခံစားမှု ဥပေက္ခာဝေဒနာ ဖြစ်သည်။

(၃) ဥပေက္ခာ ဃာနဝိညာဏ်စိတ် ဆိုသည်မှာ၊ မကောင်းသော ဂန္ဓာရုံကို နံသောစိတ်။ ထိုစိတ်၏ ခံစားမှုသည် ဆင်းရဲချမ်းသာတို့၏ အလယ် အလတ် ခံစားမှု ဥပေက္ခာ ဝေဒနာ ဖြစ်သည်။

(၄) ဥပေက္ခာ ဇိဝှါဝိညာဏ်စိတ် ဆိုသည်မှာ၊ မကောင်းသော ရသာရုံကို အရသာရှိသောစိတ်။ ထိုစိတ်၏ ခံစားမှုသည် ဆင်းရဲ ချမ်းသာ တို့၏ အလယ် အလတ် ခံစားမှု ဥပေက္ခာဝေဒနာ ဖြစ်သည်။

(၅) ဒုက္ခ ကာယ ဝိညာဏ်စိတ် ဆိုသည်မှာ၊ မကောင်းသော ဖောဋ္ဌဗ္ဗာရုံကို အတွေ့အထိစိတ်။ ထိုစိတ်သည် ဆင်းရဲသော ခံစားမှု ဒုက္ခဝေဒနာ ဖြစ်သည်။ ဝါ-နာကြင်တတ်သော စိတ်ဖြစ်သည်။

(၆) ဥပေက္ခာ သမ္ပဋိစ္ဆန်းစိတ် ဆိုသည်မှာ၊ မကောင်းသော အာရုံ ငါးပါးကို သိမ်းပိုက် လက်ခံသောစိတ်၊ ဥပေက္ခာ အလယ် အလတ် ခံစားသည်။

(၇) သန္တီရဏစိတ် ဆိုသည်မှာ၊ မကောင်းသော အာရုံငါးပါးကို ရှုစမ်း ဆင်ခြင်သောစိတ်။ ဥပေက္ခာ၊ အလယ်အလတ် ခံစားသည်။ (၎င်း ၂-ပါးတို့၏ အဓိပ္ပါယ်အကျယ်ကို နောက်၌ ရေးသားမည်။)

**မူလစာကိုယ် (၁၀)** ဥပေက္ခာ ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၊ထို့အတူ သောတ ဝိညာဏ်စိတ်၊ ဃာန ဝိညာဏ်စိတ်၊ ဇိဝှါ ဝိညာဏ်စိတ်၊ သုခ ကာယ ဝိညာဏ်စိတ်၊ ဥပေက္ခာ သမ္ပဋိစ္ဆန်းစိတ်၊ သောမနဿ သန္တီရဏစိတ်၊ ဥပေက္ခာသန္တီရဏစိတ်၊ ဤ ၈-ပါးသော စိတ်တို့သည် ကုသလဝိပါက် အဟိတ် စိတ်တို့ မည်ကုန်၏။

---

**အဓိပ္ပါယ် (၁၀)** (၁) ဥပေက္ခာ စက္ခုဝိညာဏ်စိတ် ဆိုသည်မှာ၊ ကောင်းသော ရူပါရုံကို မြင်သောစိတ်။ အလယ် အလတ် ခံစားမှု။

(၂) ဥပေက္ခာသောတဝိညာဏ်စိတ် ဆိုသည်မှာ၊ကောင်းသော သဒ္ဒါရုံကို ကြားသောစိတ်။ အလယ်အလတ် ခံစားမှု။

(၃) ဥပေက္ခာ ဃာနဝိညာဏ်စိတ် ဆိုသည်မှာ၊ ကောင်းသော ဂန္ဓာရုံကို နံသောစိတ်။ အလယ် အလတ် ခံစားမှု။

(၄) ဥပေက္ခာ ဇိဝှါဝိညာဏ်စိတ် ဆိုသည်မှာ၊ ကောင်းသော ရသာရုံကို အရသာ ရှိသော စိတ်။ အလယ် အလတ် ခံစားမှု။

(၅) သုခ ကာယ ဝိညာဏ်စိတ် ဆိုသည်မှာ၊ ကောင်းသော ဖောဋ္ဌဗ္ဗာရုံကို အတွေ့ အထိ စိတ်။ ဝါ - ချမ်းသာစွာ တွေ့ထိသောစိတ်။ ချမ်းသာစွာ ခံစားသော သုခဝေဒနာ။

(၆) သမ္ပဋိစ္ဆန်းစိတ် ဆိုသည်မှာ၊ ကောင်းသော အာရုံ ငါးပါးကို လက်ခံ သိမ်းပိုက်သော စိတ်။ အလယ် အလတ် ခံစားမှု။

(၇) သောမနဿ သန္တီရဏစိတ် ဆိုသည်မှာ၊ ကောင်းသော အာရုံငါးပါးကို စူးစမ်းဆင်ခြင်သောစိတ် ဝမ်းမြောက်စွာ ခံစားသော သောမနဿ။

(၈) ဥပေက္ခာ သန္တီရဏစိတ်မှာ ကောင်းသော အာရုံငါးပါးကို စူးစမ်း ဆင်ခြင်သောစိတ် အလယ်အလတ် ခံစားမှု။

**စက္ခုန္ဒ**—ကောင်းသောအာရုံကို မြင်ခြင်းသည် ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ဖြစ်သည်။ ဥပမာ-အလွန်လှပ တင့်တယ်သော လူများနှင့် အလွန်လှပ ဆန်းကြယ်သော အရာဝတ္ထု အဆောက်အဦးများ စသည်ကို မြင်သောအခါ ကုသလဝိပါက် စက္ခုဝိညာဏ်ဖြင့် မြင်သည်။

မကောင်းသောအာရုံကို မြင်ခြင်းသည် အကုသလဝိပါက် စက္ခုဝိညာဏ်စိတ် ဖြစ်သည်။ ဥပမာ-စစ်ခေတ်က မလှ, မပ, မဖွယ်မရာ ပုံးဒဏ်ထိသဖြင့် ခြေပြတ် လက်ပြတ် သူသေကောင်, ခွေးသေကောင်ပုပ် စသည်ကို မြင်ရခြင်းသည် အကုသိုလ်ကံကြောင့် မြင်ရသည်ဖြစ်၍ အကုသလဝိပါက် စက္ခုဝိညာဏ်ဖြင့် မြင်ခြင်း ဖြစ်သည်။

နောက် သောတဝိညာဏ် စိတ်တို့၌လည်း ဤအတူမှတ်။

**သောတ**—ကောင်းသော အာရုံကို ကြားခြင်းသည် ကုသလ ဝိပါက် စက္ခုဝိညာဏ်စိတ်။
မကောင်းသော အာရုံကို ကြားခြင်းသည် အကုသလဝိပါက် သောတဝိညာဏ်စိတ်။

**ဃာန**—ကောင်းသော ဂန္ဓာရုံကို နံခြင်းသည် ကုသလ ဝိပါက် ဃာနဝိညာဏ်စိတ်။
မကောင်းသော ဂန္ဓာရုံကို နံခြင်းသည် အကုသလဝိပါက် ဃာနဝိညာဏ်စိတ်။

**ဇိဝှါ**—ကောင်းသော ရသာရုံကို အရသာရှိခြင်းသည် ကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ်။
မကောင်းသော ရသာရုံကို အရသာရှိခြင်း သည် အကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ်။

**ကာယ**—ကောင်းသော, နူးညံ့သိမ်မွေ့သော ဖေါဋ္ဌဗ္ဗာ ရုံကို တွေ့ထိခံစားရခြင်းသည် ကုသလဝိပါက် ကာယ ဝိညာဏ်စိတ် ဖြစ်သည်။ ၎င်း ကာယ ဝိညာဏ် စိတ်သည် ချမ်းသာ ကောင်းမွန်စွာ တွေ့ထိ ခံစား ရသည် ဖြစ်၍ သုခ ဝေဒနာ ဖြစ်သည်။

မကောင်းသော ကြမ်းတန်း စူးရှ ချွန်ထက်သော ဖေါဋ္ဌဗ္ဗါ ရုံကို တွေ့ထိ ခံစားရခြင်းသည် အကုသလဝိပါက် ကာယ ဝိညာဏ်စိတ်ဖြစ်သည်။ ၎င်းသည် ဆင်းရဲ နာကြင် တွေ့ထိခံစား ရသည်ဖြစ်၍ ဒုက္ခဝေဒနာဖြစ်သည်။

လက်၌ ဒါးရှသူ, ခလုပ်တိုက်မိသူ, ကြမ်းတမ်းသော ကျောက်စရစ်လမ်း ဘိနပ်မပါဘဲ သွားရသူ, ဒါးခုတ် လှံထိုး သေနတ်ပြစ် ခံရသူ စသည်တို့သည် ထို ဒုက္ခဝေဒနာ ကာယ ဝိညာဏ်စိတ် တရားပင်ဖြစ်သည်။

ဘုရားရှင် ခြေမတော်၌ ကျောက်ခဲ ထိမှန်သော အခါ ၌စိတ်ပင်ဖြစ်၍ နာကြင် ကိုက်ခဲရလေသည်။

**သမ္ပဋိစ္ဆနစိတ်**= အာရုံကို လက်ခံ သိမ်းပိုက်တတ်သော စိတ်ဖြစ်သည်။

အဘယ်ကဲ့သို့ သိမ်းပိုက်တတ်သနည်း။ ဝတ္ထုပစ္စည်း တခုခု ကို သိမ်းပိုက်ထားသကဲ့သို့ ပရမတ္ထ သဘာဝ တရားတို့သည် သိမ်းပိုက်မထားတတ်။ အမှန်မှာ လက်ခံသိမ်းပိုက်ထားသော အချင်းအရာဖြင့်သာ ဖြစ်သည်ကို ဥပစာအားဖြင့် လက်ခံသိမ်း ပိုက် ထားတတ်သည်ဟု ခေါ်ဝေါ် ပြောဆိုရလေသည်။

## ဥပမာ အားဖြင့် ထင်ရှားအောင် ပြဦးမည်။

အုဋ္ဌသယ်ယူသော လူ ၁၇-ယောက် တို့သည် စီတန်း၍ လိုရာအရပ်သို့ ရောက်အောင် လက်ဆင့်ကမ်းခါ သယ်ယူကြ သဖြင့် လိုရာအရပ်သို့ရောက်၏။ ဤအတူ အာရုံကို လောဘ စိတ်, ဒေါသစိတ်, ကုသိုလ်စိတ်စသည်လိုရင်း “ ဇော ”ခေါ် သော သဘာဝဓမ္မ ဖြစ်ပေါ်မှု ရောက်အောင် သယ်ဆောင် သော စိတ် ၁၇-ချက်အနက် တခုသော စိတ္တုပ္ပါဒ် အစိတ် အပိုင်းကလေးကို သမ္ပဋိစ္ဆန်းခေါ်သည်။

စီတန်း၍ အုဋ္ဌသယ် ကြသော လူ ၁၇-ယောက် အနက် ၆-ယောက်မြောက်လူသည် ပေးသောအုဋ္ဌကိုလက်ခံသိမ်းပိုက် ၍နောက်လူသို့ မပို့သော် ထိုအုဋ္ဌခဲသည် လိုရာအရပ်သို့ရောက် မည်မဟုတ်။ ၆-ယောက်မြောက်လူက လက်ခံသိမ်းယူ ပို့လိုက် ၍သာ လိုရာအရပ်သို့ အုဋ္ဌခဲ ရောက်ရလေသည်။ ဤအတူ စိတ္တက္ခဏ ၁၇-ချက်အနက် ၆-ခုမြောက်ဖြစ်သောသမ္ပဋိစ္ဆန်း ကိုသာ ရှေ့စိတ်က ပေးလိုက်သော အာရုံကို လက်ခံ သိမ်း

ပိုက်၍ နောက်စိတ်သို့ မကမ်းလှမ်းလိုက်သော် ထိုအာရုံသည် လိုရင်းလောဘ, ဒေါသ, ကုသိုလ်စသည် ဇောများ မဖြစ်ဘဲ ပြတ်ရာ၏။ သမ္ပဋိစ္ဆန်း စိတ်က လက်ခံ သိမ်းပိုက် နောက်သို့ ကမ်းလှမ်းလိုက်၍သာ လောဘ, ဒေါသ,ကုသိုလ်စသည် ဇော များဖြစ်ရသည်။ ဤကား သမ္ပဋိစ္ဆန်း၏ သိလွယ်သော ဥပမာ ဖြစ်သည်။ သို့ရာတွင် ပရမတ္ထ သဘာဝတို့မှာ ဤကဲ့သို့ မရ စကောင်း၊ သူ့သဘာဝအတိုင်း ရှေ့စိတ်ချုပ်က နောက်စိတ် ဖြစ်မြဲ ဖြစ်ကြသည်။ နာမ်တရားတို့၏ ဖြစ်မှုကား အလွန်မြန်၏။ မျက်စိတမှိတ် လက်ဖျစ် တတွက်မှာ ကုဋေတသိန်း အဟုန်ရှိ သော နာမ်တရားများ ဖြစ်ကြ ချုပ်ကြသည်ဟု ကျမ်းဂန်များ၌ ဆိုသည်။

အချုပ်အားဖြင့်–သမ္ပဋိစ္ဆန်းစိတ် ဆိုသည်မှာ အာရုံတခု ကိုစွဲ၍ ဖြစ်ပေါ်သောစိတ် ၁၇–ချက်အနက် တခုသော အစိတ် အပိုင်းလေးပင် ဖြစ်သည်။ ၎င်းကို နာမည်ပေးသော် ရှေ့စိတ် ၏ အာရုံကို လက်ခံ၍ ယူတတ်သောကြောင့် သမ္ပဋိစ္ဆန်း ဟု အမည် ပေးထား လေသည်။ ၎င်း သမ္ပဋိစ္ဆန်း သည်လည်း ကောင်း, မကောင်း အာရုံကို လက်ခံခြင်းဖြင့် ဝါ–လက်ခံ သော အချင်းအရာအားဖြင့် အာရုံကို သိမြင်ခြင်းဖြင့် ကုသလ ဝိပါက် သမ္ပဋိစ္ဆန်း, အကုသလ ဝိပါက် သမ္ပဋိစ္ဆန်း ဟူ၍ ၂–မျိုးရှိလေသည်။

**သန္တီရဏစိတ်** — အာရုံကို စူးစမ်းသော စိတ်ဖြစ်သည်။ ဝါ=စူးစမ်းသော အချင်းအရာအားဖြင့် သိတတ်သော စိတ် ဖြစ်သည်။ ၎င်းစိတ်လည်း သမ္ပဋိစ္ဆန်း ကဲ့သို့ပင် အာရုံကိုစွဲ၍ ဖြစ်ပေါ်သောစိတ် ၁၇-ချက်အနက် တခုသော အစိတ်အပိုင်း

မူလစာကိုယ် (၁၁) အာရုံသို့ကပ်ရောက်ကာမျှ ပဉ္စဒွါရာဝဇ္ဇန်းစိတ်။ ထို့အတူ မနောဒွါရာဝဇ္ဇန်းစိတ်, ရယ်ရွှင်သော ဟသိတုပ္ပါဒ်စိတ် ဤ ၃-ပါးသော စိတ်တို့သည် အဟိတ် ကြိယာ စိတ်တို့ မည်ကုန်၏။

---

စိတ္တုပ္ပါဒ်တချက်ကိုစူးမ်းသောအားဖြင့် သိတတ်သောကြောင့် သန္တီရဏ နာမည်ပေးကာ ခေါ်ဝေါ်လေသည်။ ၎င်းစိတ်သည် မကောင်းသော (အနိဋ္ဌာရုံ) အာရုံကို စူးစမ်းသော အခါ အကုသလဝိပါက်သန္တီရဏဖြစ်သည်။ ကောင်းသော(ဣဋ္ဌာရုံ) အာရုံကို စူးစမ်းသောအခါ အလွန်ကောင်းသော အာရုံဖြစ်လျှင် ကုသလဝိပါက် သောမနဿ သန္တီရဏဖြစ်သည်။ တော်ရုံသင့်ရုံ ကောင်းသော အာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏဖြစ်သည်။ ဤသို့သန္တီရဏစိတ်သည် ၃-မျိုး ၃-စား ကွဲလေသည်။

**အဓိပ္ပါယ် (၁၁)** ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဆိုသည်မှာ ပဉ္စ+ဒွါရ= ငါးဒွါရ။ ပဉ္စဒွါရ+အာဝဇ္ဇန= ငါးဒွါရ၌ ဖြစ်သော အာရုံကို ဆင်ခြင် သုံးသပ်သော စိတ်။ ၎င်းစိတ်သည်လည်း အာရုံကိုစွဲ၍ဖြစ်သောစိတ် ၁၇-ချက် အနက် စတုတ္ထမြောက် အစိတ်အပိုင်း စိတ္တုပ္ပါဒ် တခုသာ ဖြစ်ပေသည်။ မျက်စိ, နား, နှာ, လျှာ, ကိုယ် ဟူသော တံခါး ပေါက် ၅-ခု၌ ဖြစ်သော အာရုံကို ဆင်ခြင် သုံးသပ်တတ် သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း-ဟု အမည် ပေးထားလေသည်။

မနောဒွါရာဝဇ္ဇန်း၌ မနော+ဒွါရ=စိတ်+တံခါး မနော ဒွါရ+အာဝဇ္ဇန=စိတ်တံခါးပေါက်၌ဖြစ်လာသော အာရုံကို ဆင်ခြင် သုံးသပ်တတ်သော စိတ်-ဟု ဆိုလိုသည်။

ၚင်းစိတ်သည်လည်း အာရုံကိုစွဲ၍ ဖြစ်ပေါ်သောစိတ် ၁၇-ချက် စသည့်တို့ အနက် တခုသော အစိတ် အပိုင်း စိတ္တက္ခဏ တခုပင် ဖြစ်သည်။ ၎င်းစိတ်ကား မနောဒွါရခေါ် စိတ်တံခါး၌ ဝါ-စိတ်တံခါးမှ ဝင်လာသော အာရုံများကို ဆင်ခြင်သုံးသပ် တတ်သောကြောင့် မနောဒွါရ ဝဇ္ဇန်း-ဟု အမည် ပေးထား လေသည်။(၎င်းစိတ်များ အားလုံး ဝီထိပိုင်း၌ ထင်ရှားလတံ့)။

၎င်းအာဝဇ္ဇာန်းစိတ် ၂-ပါးသည် အာရုံကို ဆင်ခြင်သော စိတ်ချည်း ဖြစ်ကြ၏။ ဒွါရလိုက်၍သာ ခွဲခြား ထားသည်။ ဤ၌ ဆင်ခြင် ဟူသည် ဉာဏ်ဖြင့် ဆင်ခြင်သည် မဟုတ်၊ နှလုံး သွင်းခြင်းကို ပြုခြင်း ဖြစ်သည်။ ဝါ-ဝီထိမှတ် စိတ်များမှ ဝီထိစိတ်သို့ ပြောင်းလဲ ပေးလိုက်ခြင်း ဖြစ်သည်။

ဟသိတုပ္ပါဒ်စိတ် ဟူသည် ရယ်ရွှင်သောစိတ် ဖြစ်သည်။ ဟသိတ၊ ပြုံးရယ်ခြင်း၊ ဥပ္ပါဒ = ဖြစ်စေခြင်း၊ ဟသိတုပ္ပါဒ်၊ ပြုံးရယ်ခြင်းကို ဖြစ်စေခြင်း။ ဝါ-ဖြစ်စေတတ်သောစိတ် ဟူလို။ ဂိဇ္ဈကုဋ်တောင်မှ အဆင်း ဘုရားရှင်နှင့် ရှင်မဟာမောဂ္ဂလာန် တို့သည် ဝက်မငယ် ပြိတ္တာကို မြင်၍ ပြုံးသောအခါ ဖြစ်သော စိတ်သည် ပြုံးရယ်သောစိတ် သက်သက် ဖြစ်၍ ဟသိတုပ္ပါဒ် စိတ်-ဟု နာမည် ပေးလေသည်။

၎င်းဟသိတုပ္ပါဒ် (ရယ်ခြင်း) စိတ်မှာ ပုထုဇဉ် ပုဂ္ဂိုလ်နှင့် အောက်တန်းအရိယာပုဂ္ဂိုလ်တို့၌မဖြစ်၊ဘုရားရဟန္တာတို့၌သာ ဖြစ်သည်။ ထို့ကြောင့်ပင် ကြိယာစိတ် ဟူ၍ ရှင် အနုရုဒ္ဓါ သတ်မှတ် ထားခဲ့သည်။

ဤနေရာ၌ ပြုံးရယ်ခြင်းနှင့် စပ်လျဉ်း၍ ပုထုဇဉ်နှင့် အောက်တန်း အရိယာ များ၏ ရယ်သော စိတ်များကား အဘယ် စိတ်များ ပါလဲ-ဟု သိလိုကြမည်။

**မူလစာကိုယ် (၁၂-၁၃)** ဤသို့လျှင် အလုံးစုံ အားဖြင့် အဟိတ် စိတ်တို့သည် အကုသလ ဝိပါက်စိတ် ၇-ပါး၊ ကုသလ ဝိပါက်စိတ် ၈-ပါး၊ ကြိယာစိတ် ၃-ပါး အားဖြင့် ၁၈-ပါး ရှိကုန်၏။

---

ပုထုဇဉ်ကား-သောမနဿ လောဘစိတ် ၄-မျိုး။
သောမနဿ မဟာကုသိုလ် ၄-မျိုး။
ဤရှစ်မျိုးတို့တွင် တခုခုဖြင့် ပြုံးရယ်လေသည်။

အောက်တန်း အရိယာ များကား- သောမနဿ လောဘ ဒိဋ္ဌိသမ္ပယုတ်စိတ် ၂-မျိုး၊ သောမနဿ မဟာကုသိုလ် ၄-မျိုး၊ ဤ၆-မျိုးတို့တွင် တမျိုးမျိုးဖြင့် ပြုံးရယ်ကြသည်။

အဟိတ် ကြိယာစိတ် (အကြောင်း မဟုတ် ပြုလုပ် ကာမျှ စိတ် ၃-မျိုး) အဓိပ္ပါယ်ကား ဤတွင် ပြီး၏။

အဟိတ်စိတ် ၁၈-ပါးသည် ရေသောက်မြစ် မရှိသော သစ်ပင်သည် အသီးအပွင့် မရှိသကဲ့သို့ ဟိတ် ၆-ပါး မရှိသော ကြောင့် ကောင်းကျိုး, မကောင်းကျိုးကို မဖြစ်စေနိုင်ပေ။

**အဓိပ္ပါယ် (၁၂-၁၃)** **အဟိတ်စိတ် သရုပ်ခွဲသော်-**

| | | |
|---|---|---|
| အကုသလဝိပါက်စိတ် | ၇-ပါး | ၁၈-ပါး။ |
| ကုသလဝိပါက်စိတ် | ၈-ပါး | |
| အဟိတ်ကြိယာစိတ် | ၃-ပါး | |

**မူလစာကိုယ် (၁၄)** ပြခဲ့ပြီးသော အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ ပေါင်း ၃၀-တို့သည် မတင့်တယ်သောကြောင့် အသောဘဏစိတ် မည်ကုန်၏။

အကုသိုလ်စိတ် အဟိတ်စိတ်မှ တပါးသော ၅၉-ပါးသော စိတ်တို့သည် ဝ၁-အကျယ် အားဖြင့် ၉၁-ပါးသော စိတ်တို့သည် ကောင်းမြတ် တင့်တယ်သောကြောင့် သောဘဏစိတ် မည်ကုန်၏။

---

| | | | |
|---|---|---|---|
| တနည်း။ | သောမနဿဝေဒနာ | ၂ | ဤသို့ ဝေဒနာအားဖြင့် ၁၈-ပါး။ |
| | ဥပေက္ခာဝေဒနာ | ၁၄ | |
| | သုခဝေဒနာ | ၁ | |
| | ဒုက္ခဝေဒနာ | ၁ | |
| တနည်း။ | ဝိပါက်စိတ် | ၁၅ | ဤသို့ အကျဉ်း အားဖြင့် ၁၈-ပါး။ |
| | ကြိယာစိတ် | ၃ | |
| တနည်း။ | စက္ခုဝိညာဏ်ဒွေး | ၂ | ဤသို့ နာမည် အားဖြင့် ၁၈-ပါး။ |
| | သောတဝိညာဏ်ဒွေး | ၂ | |
| | ဃာနဝိညာဏ်ဒွေး | ၂ | |
| | ဇိဝှါဝိညာဏ်ဒွေး | ၂ | |
| | ကာယဝိညာဏ်ဒွေး | ၂ | |
| | သမ္ပဋိစ္ဆန်းဒွေး | ၂ | |
| | သန္တီရဏ | ၃ | |
| | အာဝဇ္ဇန်းဒွေး | ၂ | |
| | ဟသိတုပ္ပါဒ် | ၁ | |

**အဓိပ္ပါယ် (၁၄)** ယခု ပြဆိုခဲ့ပြီးသော အကုသိုလ်စိတ်နှင့် အဟိတ်စိတ်မှ တပါးသော ကျန်သောစိတ် ၅၉-ပါး၊ အကျယ်အားဖြင့် ၉၁-ပါးသောစိတ်တို့သည် သောဘဏစိတ် တင့်တယ်ကောင်းမြတ်သော စိတ်မည်၏ ဟူလိုသည်။

လူနှစ်ယောက် လမ်းလျှောက် လာကြရာ ရှေ့က လူက အသားမဲ၏ ဆိုသဖြင့် နောက်က လူသည် အသားဖြူသည်ဟု သိရမည်။ ဤအတူ အကုသိုလ်စိတ် အဟိတ်စိတ်မှ တပါး ကျန်သော စိတ်များသည် သောဘဏစိတ်မည်၏ ဆိုသဖြင့် အကုသိုလ်စိတ် အဟိတ်စိတ်များသည် အသောဘဏ-မတင့်တယ် မကောင်းမြတ်သော စိတ်မည်ကုန်၏ ဆိုသည်ကို ဗျတိရေကနည်းအားဖြင့် သိရသည်မှတ်။ ထိုကြောင့် အကုသိုလ်စိတ် အဟိတ်စိတ်တို့သည် အသောဘဏစိတ် မည်ကုန်၏။

**ထိုအသောဘဏ စိတ်ကား အပြား ၃၀-ရှိသည်။**

| | | | |
|---|---|---|---|
| သရုပ်ခွဲသော်- | အကုသိုလ်စိတ် | ၁၂ | ၃၀ |
| | အဟိတ်စိတ် | ၁၈ | |
| တနည်း | သုခဝေဒနာစိတ် | ၁ | ဝေဒနာအားဖြင့် ၃၀ |
| | ဒုက္ခဝေဒနာစိတ် | ၁ | |
| | သောမနဿဝေဒနာစိတ် | ၆ | |
| | ဥပေက္ခာ ဝေဒနာစိတ် | ၂၀ | |
| | ဒေါမနဿဝေဒနာစိတ် | ၂ | |
| တနည်း | သုခဝေဒနာစိတ် | ၇ | အကျဉ်းဆုံးအားဖြင့် ၃၀ |
| | ဒုက္ခဝေဒနာစိတ် | ၃ | |
| | ဥပေက္ခာဝေဒနာစိတ် | ၂၀ | |

**မှတ်ချက်။** ဤနောက်ဆုံးနည်း၌ သဘောတူသော သောမနဿကို သုခထည်း၌ ဒေါမနဿကို ဒုက္ခထည်း၌ ထည့်သွင်းရေတွက်၍ ဝေဒနာ သုံးမျိုးအားဖြင့် ခွဲခြားထားသည်။

အသောဘဏစိတ် ပြီးပြီ။

| | | | |
|---|---|---|---|
| မူလစာကိုယ် (၁၅) | သောမနဿ ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| | ။ ။ | သသင်္ခါရိကစိတ် | ၁ |
| | သောမနဿ ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| | ။ ။ | သသင်္ခါရိကစိတ် | ၁ |
| | ဥပေက္ခာ ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| | ။ ။ | သသင်္ခါရိကစိတ် | ၁ |
| | ဥပေက္ခာ ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် | ၁ |
| | ။ ။ | သသင်္ခါရိကစိတ် | ၁ |

ဤရှစ်ပါးသော စိတ်တို့သည် ကာမာဝစရ ကုသိုလ်စိတ် မည်ကုန်၏။

---

| | | |
|---|---|---|
| သောဘဏစိတ်ကား- | ကာမာဝစရ သောဘဏစိတ် | ၂၄ |
| | ရူပါဝစရ သောဘဏစိတ် | ၁၅ |
| | အရူပါဝစရသောဘဏစိတ် | ၁၂ |
| | လောကုတ္တရာ သောဘဏစိတ် | ၈ |

ပေါင်း…. ၅၉-ပါး။

အကျယ်အားဖြင့်- လောကုတ္တရာ စိတ်မှာ-၄၀=ဖြစ်၍ ၉၁ ဖြစ်သည်။

## မဟာကုသိုလ်စိတ်။

**အဓိပ္ပါယ်** (၁၅) **သောမနဿ** ဟူသည် အောက်က ပြဆိုခဲ့ ပြီး သည့်အတိုင်း ရွှင်လန်း ဝမ်းမြောက်ခြင်းတည်။

**ဥပေက္ခာ** ဟူသည် ဝမ်းမြောက်ခြင်းလည်းမဟုတ် စိတ်ဆိုး ခြင်းလည်းမဟုတ် အလယ် အလတ် ဘယ်ဘက်မှ မကျရောက် ဘဲ ငြိမ်သက် တည်ကြည်သော ခံစားမှု ဝေဒနာဖြစ်သည်။

**ဥာဏ်ဟူသည်** အသိဥာဏ် ပညာတရားပင် ဖြစ်သည်။

**အသင်္ခါရိက သသင်္ခါရိက** တို့၏ သဘောမှာ အောက်၌ ပြဆိုခဲ့သည့်အတိုင်းပင် ဖြစ်သည်။

ကုသိုလ်စိတ်၌ ကုသလ သဒ္ဒါကို ကျမ်းဂန်တို့၌ အမျိုးမျိုး ဆိုကြသော်လည်း ကောင်းသောစိတ် ဟုသာ သိလွယ်အောင် မြန်မာပြန်သင့်သည်။ ၎င်းစိတ် ၈-မျိုးကား ပေးကမ်းလှူဒါန်း ခြင်း ဒါန, စောင့်ထိမ်းခြင်း သီလ, ပွားများခြင်း ဘာဝနာ စသော အလုပ်ကိစ္စများ ဖြစ်သောအခါ ထို ဒါန သီလ ဘာဝ နာ စသော အာပုံ ၆-ပါးကို စွဲ၍ဖြစ်သော စိတ်တည်း။

မူလကုသိုလ် ဖြစ်ခြင်း အကြောင်းတရားမှာ ယောနိသော မနသိကာရ ဖြစ်သည်။ ဖြစ်ရာဌာနမှာ ပုညကြိယာဝတ္ထု ၁၀-ပါးတည်း။

## ကုသိုလ်စိတ် ၈-မျိုးဖြစ်ပေါ်ပုံ။

၁။ အကြင်သူသည် ပေးကမ်း စွန့်ကြဲခြင်းစသော အလုပ် သည် အကျိုးရှိသည် ကောင်းသည် ဟု သိ၍ မဆုတ်မနစ် ထက်ထက်မြက်မြက် ရက်ရက်ရောရော မနှမြောဘဲ ဝမ်း မြောက် ရွှင်လန်းစွာ ပေးလှူ၏။ ထိုသူမှာ ပထမ ကုသိုလ်စိတ် ဖြစ်၏၊

၂။ အကြင်သူသည် ဒါန၏အကျိုးတရားကိုသိသော်လည်း စေတနာမသန် နှမြောတွန့်တိုပျက် ဝမ်းမြောက် ရွှင်လန်းစွာ ပင် ပေးလှူ၏။ ထိုသူမှာ ဒုတိယ ကုသိုလ်စိတ်ဖြစ်၏။

၃။ အကြင်သူသည် ဒါန၏ အကျိုးကို မသိ သော်လည်း သူတပါးသို့ အတုယိုက်၍ စေတနာ သန်သန်နှင့် မဆုတ် မနစ်

ထက်ထက် မြက်မြက် ရက်ရက် ရောရော မနှမြောဘဲ ဝမ်းမြောက် ရွှင်လန်းစွာ ပေးလှူ၏။ ထိုသူမှာ တတိယ ကုသိုလ်စိတ် ဖြစ်၏။

၄။ အကြင် သူသည် ဒါန၏ အကျိုး ကိုလဲ မသိ၊ စေတနာကလဲ မရှိ၊ နှမြော တွန့်တို သော်လည်း မိတ်ဆွေ၏ တိုက်တွန်းမှုဖြင့် ဝမ်းမြောက် ရွှင်လန်းစွာ ပေးလှူ၏။ ထိုသူမှာ စတုတ္ထ ကုသိုလ်စိတ် ဖြစ်၏။

၅။ အကြင် သူသည် ဒါန၏ အကျိုးကို သိ၍ စေတနာ ထက်ထက် သန်သန် မနှမြောဘဲ တည်ကြည် ငြိမ်သက် အေးအေး ဆေးဆေး ပေးလှူ၏။ ထိုသူမှာ ပဉ္စမ ကုသိုလ်စိတ်ဖြစ်၏။

၆။ အကြင် သူသည် ဒါန၏ အကျိုးကို သိသော်လည်း စေတနာ မရှိ၊ နှမြော တွန့်တိုလျက် တည်ကြည် ငြိမ်သက် အေးအေး ဆေးဆေး ပေးလှူ၏။ ထိုသူမှာ ဆဋ္ဌမ ကုသိုလ်စိတ် ဖြစ်၏။

၇။ အကြင် သူသည် ဒါန၏ အကျိုး တရားကို မသိသော်လည်း သူတပါးသို့ အတုလိုက်၍ စေတနာ ထက်ထက်သန်သန် မနှမြောဘဲ တည်ကြည် ငြိမ်သက် အေးအေး ဆေးဆေး ပေးလှူ၏။ ထိုသူမှာ သတ္တမ ကုသိုလ်စိတ် ဖြစ်၏။

၈။ အကြင် သူသည် ဒါန၏ အကျိုး တရားကိုလည်း မသိ၊ စေတနာလဲ မရှိ၍ နှမြော သော်လည်း လောကဝတ် မိတ်ဆွေဝတ္တရာဖြင့် အေးအေး ဆေးဆေး ပေးလှူ၏။ ထိုသူမှာ အဋ္ဌမ ကုသိုလ်စိတ် ဖြစ်၏။

ဤကား ဒါန ကုသိုလ်၌ ၈-မျိုး ဖြစ်ပုံ အချင်း အရာသာ ဖြစ်သည်။ သီလကုသိုလ်, ဘာဝနာကုသိုလ် စသည်တို့၌လည်း ဒါနကုသိုလ် နည်းတူ သိပါလေ။

ဤနေရာ၌ "စိတ်ကောင်းတခု" ခေါ် ကုသိုလ်စိတ်တို့သည် ပင်ကိုယ်အားဖြင့် တပါးတည်းသာဖြစ်၏။ သို့ရာတွင် ဝေဒနာ (ခံစားမှု) ဉာဏ် (အသိဉာဏ်) သင်္ခါရ (ပုဗ္ဗပယောဂ) တို့၏ ယှဉ်မှု မယှဉ်မှု အားဖြင့် ၈-မျိုး ၈-ပါး ကွဲပြား ခြားနား ဖြစ်ပေါ် ရသည်။

အဘယ် သို့နည်း — စိတ်ကောင်း တပါးသည် ခံစားမှု ဝေဒနာ အားဖြင့် ဝမ်းမြောက် ဝမ်းသာ ခံစားသော စိတ်ကောင်းတခု၊ ငြိမ်သက် တည်တန့်စွာ ခံစားသော စိတ်ကောင်း တခု။ ဝါ-သောမနဿ ကုသိုလ်စိတ်၊ ဥပေက္ခာ ကုသိုလ်စိတ် ဟူ၍ ၂-မျိုး ကွဲပြား လာသည်။ ထို့နောက် ဉာဏ် အားဖြင့် သောမနဿ ဉာဏသမ္ပယုတ်စိတ်၊ သောမနဿ ဉာဏဝိပ္ပယုတ် စိတ်၊ ဥပေက္ခာ ဉာဏသမ္ပယုတ်စိတ်၊ ဥပေက္ခာ ဉာဏဝိပ္ပယုတ် စိတ် ဟူ၍ ၄-မျိုး ကွဲပြား လာသည်။ ထို့ နောက် – သင်္ခါရ အားဖြင့် ၁။ သောမနဿ,ဉာဏသမ္ပယုတ်,အသင်္ခါရိကစိတ်။

၂။ ။ ။ သသင်္ခါရိကစိတ်။
၃။ သောမနဿ, ဉာဏဝိပ္ပယုတ်, အသင်္ခါရိကစိတ်။
၄။ ။ ။ သသင်္ခါရိကစိတ်။
၅။ ဥပေက္ခာ, ဉာဏသမ္ပယုတ်, အသင်္ခါရိကစိတ်။
၆။ ။ ။ သသင်္ခါရိကစိတ်။
၇။ ဥပေက္ခာ, ဉာဏဝိပ္ပယုတ်, အသင်္ခါရိကစိတ်။
၈။ ။ ။ သသင်္ခါရိကစိတ်။

၈-မျိုး ၈-ပါး ကွဲပြား လာသည်။

# ပုညကြိယဝတ္ထု ၁၀-ပါး။

ဤစိတ်ကောင်း ကုသိုလ်စိတ်သည် ပြုသင့်သော အရာဝတ္ထု များကို ပြုလုပ်သော အခါ ဖြစ်ပေါ် လာသည်။ ၎င်း ပြုလုပ် သင့်သော အရာဝတ္ထု များမှာ—

| | |
|---|---|
| ၁။ ဒါန။ | ၆။ ပတ္တိဒါန။ |
| ၂။ သီလ။ | ၇။ ပတ္တာနုမောဒန။ |
| ၃။ ဘာဝနာ။ | ၈။ ဓမ္မဿဝန။ |
| ၄။ အပစယန။ | ၉။ ဓမ္မဒေသနာ။ |
| ၅။ ဝေယျာဝစ္စ။ | ၁၀။ ဒိဋ္ဌိဇုကမ္မ။ |

ဤ ၁၀-ပါး ဖြစ်သည်။ ဤ ၁၀-ပါးကို ကောင်းသောစိတ် (ကုသိုလ်စိတ်) ဖြစ်ရာဌာန ၁၀-မျိုး ဖြစ်သောကြောင့် ပုည ကြိယဝတ္ထု ၁၀-ပါး ဟူ၍ ဘုရား ဟောတော်မူသည်။

ထို့ပြင် ဤစိတ်ကောင်း ကုသိုလ်စိတ်သည် မပြုသင့်သော ဒုစရိုက် တရားတို့မှ ရှောင်ကြဉ်သော အခါမှာလည်း ဖြစ်ပေါ် လာသည်။ မပြုသင့်သော ဒုစရိုက် ၁၀-ပါးမှ ရှောင်ကြဉ်ခြင်း သုစရိုက် ၁၀-ပါးမှာ—

၁။ ပါဏာတိပါတာ ဝိရတီ= သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝိရတီ = သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင် ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ ဝိရတီ=ကာမဌ် အမှား ပြုကျင့် ခြင်းမှ ရှောင်ကြဉ်ခြင်း။

ဤသို့ ကာယကံ ၃-ပါး။

၄။ မုသာဝါဒါ ဝိရတိ=လိမ်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း။
၅။ ပိသုဏာဝါစာ ဝိရတိ=ကုံးချောခြင်းမှ ရှောင်ကြဉ်ခြင်း။
၆။ ဖရုသဝါစာ ဝိရတိ=ကြမ်းတမ်းစွာ ပြောခြင်း, ဆဲရေးခြင်းမှ ရှောင်ကြဉ်ခြင်း။
၇။ သမ္ဖပ္ပလာပ ဝိရတိ = ပြိန်ဖြင်းသော ဝတ္ထု, ဒဏ္ဍာရီ စသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း။

ဤသို့ ဝစီကံ ၄-ပါး။

၈။ အနဘိဇ္ဈာ=သူ့စည်းစိမ်ကို ရှေ့ရှု မကြံစီခြင်း။
၉။ အဗျာပါဒ=သူတပါးကို မပျက်စီးစေလိုခြင်း။
၁၀။ သမ္မာဒိဋ္ဌိ=အယူ မှန်ကန်ခြင်း။

ဤသို့ မနောကံ ၃-ပါး အားဖြင့် သုစရိုက် ၁၀-ပါး ဖြစ်ပါသည်။

၎င်း ကုသိုလ်စိတ် ၈-ပါး တို့တွင် သောမနဿ ဝေဒနာ ဥပေက္ခာ ဝေဒနာတို့၏ အဓိပ္ပါယ်ကို ရှေ့၌ ပြဆိုခဲ့သည့်အတိုင်း သိသာ ထင်ရှားပြီ။ ဉာဏသမ္ပယုတ်စိတ်၊ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်ပုံကို ထင်ရှားအောင် ပြဦးအံ့။

ဤ၌ ဉာဏ်ဟု ဆိုသည်မှာ— ကမ္မဿကတာ ဉာဏ်ပင် ဖြစ်၏။ ကံကိုယုံကြည်ခြင်း, ကံ၏အကျိုးကိုယုံကြည်ခြင်း-ဟု ဆိုလိုသည်။

အယုတ် အမြတ်ဖြစ်သော ပုညကြိယာ ဝတ္ထု များကို ပြုလုပ်သော အခါ ပြုလုပ်သော အခိုက်၌ ကမ္မဿကတာဉာဏ် ပါ၍။ ဝါ-ပြုလုပ်သော အလုပ်နှင့် အလုပ်၏ အကျိုးကို ယုံကြည်၍။ ဝါ-အကြောင်း တရားကြောင့် အကျိုး ဖြစ်ထွန်း သည်-ဟု ယုံကြည်၍ ပေးလှူခြင်း၊ သီလ ဆောက်တည်ခြင်း, ဘာဝနာ ပွားခြင်း စသည်တို့၌ ဉာဏသမ္ပယုတ် ကုသိုလ်စိတ် ဖြစ်သည်။

ထိုသို့ ကမ္မဿကတာဉာဏ် မပါဘဲ။ ဝါ - ကံ, ကံ၏ အကျိုးကို မယုံကြည်ဘဲ ပေးလှူခြင်း စသည် ပြုလုပ်သော အခါ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ် ဖြစ်၏။ ကမ္မဿကတာဉာဏ် မပါဘဲ ပြုလုပ်သော ကုသိုလ်စိတ်များ အရေ အတွက်မှာ များပြားလှ၏။ ကမ္မဿကတာဉာဏ် အရင်းခံရှိပြီးဖြစ်သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ သန္တာန် မှာပင် အလှူ ပေးခြင်း စသည်ကို ပြုဆဲခဏ၌ ဉာဏ်မပါသော ကုသိုလ်စိတ်တွေ အနန္တဖြစ်တတ်လှ၏။ ဖြစ်တတ်ပုံမှာ—

၁။ မိရိုးဖလာ ရှေးက မိဘတို့ ပြုနေကျ ကုသိုလ် မျိုးကို မိမိတို့က ဆက်လက် ပြုလုပ်နေမြဲ ပြုလုပ်ကြခြင်း၊ ၎င်း ကုသိုလ်မျိုးကို ကျမ်းဂန်တို့၌ ''ကုလာစာရ ကုသိုလ်'' မျိုး-ဟု ခေါ်၏။ အကျိုးမကြီးလှ၊ ဉာဏဝိပ္ပယုတ်ကုသိုလ် ဖြစ်၍ နိဗ္ဗာန်အား ကျေးဇူးခပြု၊ ဖြစ်လေရာ ဘဝတိုင်း တို့၌ ဒွိဟိတ် ပုဂ္ဂိုလ် မျိုးသာ ဖြစ်တတ်လေသည်။

၂။ အာဏာ တံခိုးရှိသူ မိဘ, ဆရာသမား, မိတ်ဆွေများ အပြစ် တင်လိမ့်မည် စသည်, အိမ်နား နီးချင်း ကဲ့ရဲ့ လိမ့်မည် စသည် များကို ကြောက်၍ အလှူ ပေးခြင်း စသည်ကို ပြုလုပ်ကြခြင်း။ ၎င်းကုသိုလ်မျိုးကို ကျမ်းဂန် တို့၌ ''ဘယ ကုသိုလ်'' မျိုး-ဟု ခေါ်၏။ အကျိုး မကြီး ဉာဏဝိပ္ပယုတ် ကုသိုလ်ဖြစ်၍ နိဗ္ဗာန်အား ကျေးဇူးမပြု။

၃။ ပစ္စည်းလာဘ်လာဘ မျှော်မှန်း၍၎င်း, မိမိ၏ဂုဏ်ထူး ရရေးကို မျှော်မှန်း၍၎င်း, နာမည် ကြော်ကြားလို၍ ၎င်း, မိမိ၏ ဆွေမျိုးသားခြင်းဖြစ်၍၎င်း, ဤဘုန်းကြီး ကား ငါ့သား၏ဆရာတည်း၊ ငါ့သြီ၊ ငါ့တူ၊ ငါ့အကို တည်းစသည်ဖြင့် သံယောဇဉ်ဘက်၍၎င်း အသုံးဘေသည်

ပြုလုပ် ကြခြင်း။ ၎င်း ကုသိုလ် မျိုးကို ကျမ်းဂန် တို့၌ "လာဘ ကုသိုလ်" ဟု ခေါ်၏။ အကျိုးမကြီး ဉာဏ ဝိပ္ပယုတ် ကုသိုလ်မျိုး ဖြစ်၍ နိဗ္ဗာန်အား ကျေးဇူးမပြု။

ယခုကာလ အလှူခံများ အတင်း အလှူခံ၍လှူရခြင်း, အာဏာရှိတို့က လှူပါဆို၍ ဘေးရန်ကို ကြောက်၍ လှူရခြင်း, ဥက္ကဋ္ဌဖြစ်ရန် ရည်ရွယ်၍, ရာထူးရရန်ရည်ရွယ်၍, လိုင်စင်ရရန် ရည်ရွယ်၍ လှူရခြင်း, သီလ ဆောက်တည်ရခြင်း, တရားအားထုတ်ရခြင်း, ယတြာခြေသောအားဖြင့် ဒုလ္လဘ ရဟန်းခံခြင်း, ရိပ်သာသွား၍ တရား အားထုတ်ရခြင်း, ၄၉-ရက် သက်သတ်လွတ် စားရခြင်း, ဗေဒင်ယာယီမေး၍ ဘုရားရေလှူ, မီးလှူ, ထီးလှူ, တံခွန်လှူ စသည်ပြုလုပ်ခြင်း, တံတားခင်းခြင်း စသော ကုသိုလ် အားလုံးတို့သည် ဉာဏဝိပ္ပယုတ် ကုသိုလ်မျိုးသာဖြစ်ကြ၍ အကျိုးမကြီးကြ၊ နိဗ္ဗာန်ရောက် ကျေးဇူးမပြုနိုင်ပေ။ ထိုကြောင့် ဉာဏသမ္ပယုတ် ကုသိုလ်စစ်စစ် ဖြစ်အောင် ကုသိုလ် လုပ်တတ်ဘို့ လိုပေသည်။ ဗုဒ္ဓ၏ဝါဒမှတပါး အခြားသော ဖန်ဆင်း ဝါဒသမားများ၏ ကုသိုလ်ကား အမြဲတန်း ဉာဏဝိပ္ပယုတ်သာ ဖြစ်လေသည်။ ဗုဒ္ဓဝါဒ အရ ကမ္မဿကတာဉာဏ်ပါသော ကုသိုလ်မျိုးမှသာ ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်၍ အကျိုးကြီးသည်၊ နိဗ္ဗာန်အား ကျေးဇူးပြုသည်။ ဘဝတိုင်း ဘဝတိုင်း တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရသည်။

| | | | |
|---|---|---|---|
| သရုပ်ခွဲပုံ- | သောမနဿစိတ် | ၄ | ဝေဒနာအားဖြင့် |
| | ဥပေက္ခာစိတ် | ၄ | ၀-ပါး။ |
| တနည်း | ဉာဏသမ္ပယုတ်စိတ် | ၄ | ဉာဏ်အားဖြင့် |
| | ဉာဏဝိပ္ပယုတ်စိတ် | ၄ | ၀-ပါး။ |

**မူလစာကိုယ် (၁၆)** ကာမာဝစရ ဝိပါက်စိတ် ၈-ပါးလည်း ကုသိုလ်စိတ်နှင့် အတူပင်။

---

**အဓိပ္ပါယ် (၁၆)** သောမနဿ, ဥပေက္ခာ,ဉာဏ်, အသင်္ခါရိကတို့၏အဓိပ္ပါယ်မှာ အောက်ကုသိုလ်နှင့်အတူတူပင်။ ဖြစ်မှုလည်း အတူတူပင်။ ထူးခြားသည်မှာ ကုသိုလ်စိတ်ကအကြောင်းတရား၊ ဤမဟာဝိပါက်စိတ်က အကျိုးတရားဖြစ်သည်။ ဤမျှသာထူးသည်။ ထိုကြောင့် မဟာဝိပါက်စိတ်ဟူသည် အကြောင်း ကုသိုလ်စိတ်ကြောင့် ဖြစ်ပေါ်သော အကျိုးစိတ်ကို ခေါ်သည်ဟုမှတ်။ သို့ဖြစ်၍ အကြောင်းတရားနှင့်အကျိုးတရားတို့သည် တူရလေသည်။ ဥပမာ-မှန်ထည်း၌ထင်သော အရိပ်သည် မှန်ကြည့်သူနှင့် တူသကဲ့သို့ ထို့အတူ အကြောင်း ကုသိုလ်က သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမစိတ်ဖြစ်လျှင် အကျိုးဝိပါက်မှာလည်း သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမစိတ် ဖြစ်ရလေသည်။ ဤသို့စသည်ဖြင့် အကြောင်းနှင့်အကျိုး တူကြလေသည်။ ဤမဟာဝိပါက်ကား အယုတ် အမြတ် ရှိ၍ မတူသော အရာလည်း ရှိသေးသည်။

## ဖြစ်သော အလုပ်ကိစ္စ အားဖြင့် ပြရသော်။

ဤမဟာဝိပါက် စိတ်တို့သည် ပဋိသန္ဓေ အခါ ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ် နှစ်ယောက်တို့၏ ပဋိသန္ဓေ အမည်ဖြင့် ဖြစ်ကြ၏။ ၎င်းပဋိသန္ဓေစိတ်သည် ဘဝသစ်တခု၌ ပထမဆုံးဖြစ်သော စိတ်ပင်ဖြစ်ပေသည်။

မူလစာကိုယ် (၁၈) ဤသို့လျှင် ခပ်သိမ်း ဥဿုံ အလုံးစုံ အားဖြင့် ကာမာဝစရ ကုသိုလ်စိတ် ၈၊ သဟိတ်ကာမာဝစရဝိပါက်စိတ် ၈၊ သဟိတ် ကာမာဝစရ ကြိယာစိတ် ၈၊ ပေါင်း ကာမာဝစရစိတ် ၂၄-ပါးရှိကုန်၏။

---

| | | |
|---|---|---|
| **အဓိပ္ပါယ်** (၁၈) | ကာမာဝစရ ကုသိုလ်စိတ် | ၈။ |
| | သဟိတ် ကာမာဝစရ ဝိပါက်စိတ် | ၈။ |
| | သဟိတ် ကာမာဝစရ ကြိယာစိတ် | ၈။ |
| | ဤသို့ | ၂၄-ပါး။ |

ဝိပါက်စိတ် နှင့် ကြိယာစိတ်တို့၌ ကုသိုလ်စိတ်ကဲ့သို့ သာမည အားဖြင့် နာမည်မပေးဘဲ အဘယ်ကြောင့် သဟိတ် ကာမာဝစရ ဝိပါက်, သဟိတ် ကာမာဝစရ ကြိယာ ဟု သဟိတ် သဒ္ဒါကို အထူးပြုကာ နာမည်ပေးထားပါသနည်း ...

အဟိတ်စိတ်၌ ကုသိုလ်စိတ်ဟူ၍ မရှိ။ ဝိပါက်စိတ်နှင့် ကြိယာစိတ် အမည်တို့ကား အဟိတ်စိတ်၌လည်းရှိသဖြင့် ၎င်းအဟိတ်ဝိပါက် အဟိတ်ကြိယာစိတ်တို့နှင့် မရောနှောရန် ကွဲပြားခြားနားရန် သဟိတ်သဒ္ဒါကို အထူးပြုကာ နာမည် ပေးရလေသည်။

**မူလစာကိုယ်** (၁၉) ကာမာဝစရကုသိုလ်, သဟိတ် ကာမာဝစရဝိပါက်, သဟိတ် ကာမာဝစရ ကြိယာစိတ်တို့ကို ဝေဒနာအား ဖြင့်၄င်း၊ ဉာဏ် အားဖြင့်၄င်း၊ သင်္ခါရ အားဖြင့်၄င်း ၂၄–ဟူ၍ သိအပ်ကုန်၏။

---

**အဓိပ္ပါယ်** (၁၉) ကာမသောဘဏစိတ်ကို ဝေဒနာ, ဉာဏ်, သင်္ခါ ရတို့ဖြင့် သရုပ်ခွဲသော် ၂၄-ပါးရှိသည်။

ဝေဒနာ အားဖြင့် သောမနဿ ဥပေက္ခာ-ဟူ၍ ၂-ပါး။

၄င်း ၂-ပါးကို ကုသိုလ်, ဝိပါက်, ကြိယာ ၃-မျိုးဖြင့် မြှောက်သော် ၆-ပါးဖြစ်သည်၊ ၄င်း ၆-ပါးကို ဉာဏ် ၂-ပါး နှင့်မြှောက် ၁၂-ပါး ဖြစ်၏။ ၄င်းကို သင်္ခါရ ၂-ပါးနှင့် မြှောက် ၂၄-ပါးဖြစ်၏။

| | | |
|---|---|---|
| သောမနဿစိတ် | ၁၂-ပါး။ | ဝေဒနာအားဖြင့် |
| ဥပေက္ခာစိတ် | ၁၂-ပါး။ | ၂၄ |

| | | |
|---|---|---|
| တနည်း–ဉာဏသမ္ပယုတ်စိတ် | ၁၂ | ဉာဏ်အားဖြင့် |
| ဉာဏဝိပ္ပယုတ်စိတ် | ၁၂ | ၂၄ |

| | | |
|---|---|---|
| အသင်္ခါရိကစိတ် | ၁၂ | သင်္ခါရအားဖြင့် |
| သသင်္ခါရိကစိတ် | ၁၂ | ၂၄ |

ဤသို့ ဘယ်တရားနှင့် ခွဲခွဲ ၂၄-ပါး ရှိသည် ဟူလို၊

**မူလစာကိုယ် (၂၀)** ဤသို့လျှင် ကာမစိတ်ကို ဇာတ်အားဖြင့် ဝေဘန်သော် ကာမဝိပါက်စိတ် ၂၃၊ ကုသိုလ် အကုသိုလ်စိတ် ၂၀၊ ကြိယာစိတ် ၁၁၊ ဤသို့ ကာမစိတ် ၅၄-ဖြစ်သည်။

---

**အဓိပ္ပါယ် (၂၀)** ကာမစိတ် သရုပ် ခွဲသော်-

| | | |
|---|---|---|
| ကာမဝိပါက်စိတ် | ၂၃ | ၅၄ |
| ကုသိုလ်အကုသိုလ် | ၂၀ | |
| ကြိယာစိတ် | ၁၁ | |

တနည်း-

| | | |
|---|---|---|
| အကုသိုလ်စိတ် | ၁၂ | ၅၄ |
| အဟိတ်စိတ် | ၁၈ | |
| ကာမသောဘဏစိတ် | ၂၄ | |

တနည်း-

| | | |
|---|---|---|
| သောမနဿစိတ် | ၁၈ | ၅၄ |
| ဥပေက္ခာစိတ် | ၃၂ | |
| သုခစိတ် | ၁ | |
| ဒုက္ခစိတ် | ၁ | |
| ဒေါမနဿစိတ် | ၂ | |

ဤမျှဖြင့် သရုပ်အဓိပ္ပါယ်နှင့် တကွ ကာမစိတ် ပြီး၏။

**မူလစာကိုယ် (၂၁)**

၁။ ဝိတက်,ဝိစာရ,ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါး ရှိသော ပဌမဈာန် ကုသိုလ်စိတ်။

၂။ ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါး ရှိသော ဒုတိယဈာန် ကုသိုလ်စိတ်။

၃။ ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန် ကုသိုလ်စိတ်၊

၄။ သုခ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန် ကုသိုလ်စိတ်။

၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါး ရှိသော ပဉ္စမဈာန် ကုသိုလ်စိတ်။

ဤငါးပါးသော စိတ်တို့သည် ရူပါဝစရကုသိုလ်စိတ်တို့ မည်ကုန်၏။

---

**အဓိပ္ပါယ် (၂၁)** ရူပါဝစရ=ရူပ+အဝစရ။ **ရူပ**-ရူပ ၁၆-ဘုံ။ **အဝစရ** =သက်ဝင်၍ ဖြစ်သောစိတ်။ ထိုကြောင့် **ရူပါဝစရ**=ရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်။ လိုရင်းမှာ-ရုပ်ရှိသော ဗြဟ္မာဘုံ ၁၅-ဘုံ၌ ဖြစ်သော စိတ်များ ဖြစ်သည်။ ဈာန်စိတ် ဟူ၍လည်း ခေါ်သည်။

**ဈာန်** သည်မှာ ကိလေသာတို့ကို ရှို့မြှိက်တတ်သောကြောင့် ဈာန် ခေါ်သည်။ တစိမ့်စိမ့် ရှုတတ်သောကြောင့်လည်း ဈာန် ခေါ်သည်။

**ဈာနင်္ဂ** ကိုသည်မှာ ထို ဈာန် တရား၏ အစိတ် အပိုင်း ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တို့ကို ခေါ်သည်။ (ဈာန+အင်္ဂ=ဈာနင်္ဂ) ၎င်း ဈာနင် တို့၏ အဓိပ္ပါယ်မှာ စေတသိက်ပိုင်း၌ ထင်ရှားလတ့်။

**ပထမဈာန်**=၎င်း ကုသိုလ် ဈာန်စိတ် တို့သည် သမထ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့အား အပ္ပနာ သမာဓိဖြစ်၍ ဈာန်ရသောအခါ ဖြစ်ပေါ်ဥပါဒ်သောစိတ်များ ဖြစ်လေသည်။ ထိုတွင် ရှေးဦးစွာ အင်္ဂါ ငါးပါးနှင့် ဖြစ်ပေါ် လာသောစိတ်ကို ပထမဈာန် ကုသိုလ်စိတ်-ဟု ခေါ်သည်။

အစိတ်အပိုင်း ဈာနင်တို့၏ အပေါင်းကို ဈာန်ဟုခေါ်ခြင်း သည် ဥပစာစကား ဖြစ်သည်။ ဥပမာ-ဝင်ရိုး, လှည်းဘီး, ထမ်းပိုး, စွယ်ရန်း, လှည်းအိမ် စသည်တို့၏ ပေါင်းစပ်ဖွဲ့ စည်းထားသည်ကို လှည်းခေါ်သကဲ့သို့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာနင် တရားတို့၏ အပေါင်းကို ဈာန်ဟု ခေါ်လေသည်။

**ဒုတိယဈာန်**=ထိုပထမဈာန် ဖြစ်ပြီးနောက် ထိုပထမဈာန် ကို ရသူသည် ဝိတက်ကို အပြစ်မြင်သဖြင့် ဆက်လက်၍ အား ထုတ်ပြန်ရာ ရရှိသော ဝိတက် ဈာန်အင်္ဂါမပါသော ဈာန်အင်္ဂါ ၄-ပါးရှိသော ဈာန်စိတ်တည်း။

**တတိယဈာန်**=ထိုဒုတိယဈာန် ရပြီးသော သူသည် ဝိစာရ ကို အပြစ်မြင်ကာ ဆက်လက် အားထုတ်သဖြင့် ရရှိသော ဝိစာရဈာန်အင်္ဂါ မပါသော ဈာန်အင်္ဂါ ၃-ပါးသာ ရှိသော ဈာန်စိတ်တည်း။

**စတုတ္ထဈာန်**=ထိုတတိယဈာန်ကို ရပြီးသောသူသည် ပီတိ ကို အပြစ်မြင်ကာ ဆက်လက် အားထုတ်သဖြင့် ရရှိသော ပီတိဈာန်အင်္ဂါ မပါသော ဈာန်အင်္ဂါ ၂-ပါးသာရှိသော ဈာန်စိတ်တည်း။

**ပဥ္စမဈာန်**=ထိုစတုတ္ထဈာန်ကို ရပြီးသော သူသည် သုခကို အပြစ်မြင်ကာ ဆက်လက် အားထုတ်သဖြင့် ရရှိသော သုခ ဈာန်အင်္ဂါ မပါတော့ဘဲ သုခအစား ဥပေက္ခာနှင့် ဧကဂ္ဂတာ ဈာန်အင်္ဂါ အစိတ်အပိုင်း ၂-ပါးရှိသော ဈာန်စိတ်တည်း။ ။ ဤကား ဈာန်ငါးပါးတို့၏ အဓိပ္ပါယ်တည်း။

ငင်းရူပါဝစရ ကုသိုလ်ဈာန်စိတ်သည် ဝတ္ထု,အာရုံ ကြုံကြိုက်ရုံနှင့် မဖြစ်ပေါ်နိုင်။ သမထကမ္မဋ္ဌာန်းကို အားထုတ်ပါမှ ရနိုင်သည်။ ထိုကြောင့် ပဋိသန္ဓေ နေစဉ်က ဉာဏ်ပညာနှင့် တွဲဖက်၍ ပဋိသန္ဓေ နေခဲ့သော တိဟိတ်ပုဂ္ဂိုလ် ဖြစ်မှသာ ရနိုင်လေသည်။ သို့ရာတွင် မိမိကိုယ်ကို တိဟိတ်ဖြစ်သည် ဒွိဟိတ်ဖြစ်သည်ဟု အတိအကျ မဝေဘန် မပိုင်းခြားနိုင်။ သို့ဖြစ်၍ အနည်းဆုံး အထုံပါရမီ ရအောင် ယခုဘဝ၌ပင် အားထုတ်သင့်လေသည်။

**သင်္ခါရ**။ ငင်း ရူပါဝစရ ကုသိုလ် စိတ်သည် အမြဲတန်း အားထုတ်မှု ပယောဂ နှင့် ကင်း၍ မဖြစ်နိုင် သောကြောင့် သသင်္ခါရိကစိတ်သာ ဖြစ်သည် အသင်္ခါရိကစိတ် မဖြစ်။

**ဝေဒနာ**။ ပထမ, ဒုတိယ, တတိယ, စတုတ္ထဈာန် စိတ်တို့သည် သောမနဿဝေဒနာနှင့် ယှဉ်သောကြောင့် သောမနဿ စိတ်၌ရေတွက်ရသည်။ပဥ္စမဈာန်စိတ်သည်ဥပေက္ခာဝေဒနာနှင့် ယှဉ်သောကြောင့် ဥပေက္ခာစိတ်၌ ထည့်သွင်းရေတွက်ရသည်။

**သမ္ပယုတ်**။ ငင်းဈာန်စိတ် ငါးပါးလုံးသည် ဉာဏ်ပညာနှင့် ကင်း၍ မဖြစ်ပေါ် မဥပါဒ် နိုင်သောကြောင့် ဉာဏသမ္ပယုတ် စိတ်မြဲ၏။

မူလစာကိုယ် (၂၂)

၁။ ဝိတက်, ဝိစာရ, ပီတိ,သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန်ဝိပါက်စိတ်။
၂။ ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါး ရှိသော ဒုတိယဈာန် ဝိပါက်စိတ်။
၃။ ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန် ဝိပါက်စိတ်။
၄။ သုခ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၁-ပါးရှိသော စတုတ္ထ ဈာန် ဝိပါက်စိတ်။
၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန် ဝိပါက်စိတ်။

ဤ ငါးပါးသော စိတ်တို့သည် ရူပါဝစရ ဝိပါက်စိတ်တို့ မည်ကုန်၏။

---

## ရူပဝိပါက်စိတ် ၅-ပါး။

**အဓိပ္ပါယ် (၂၂)** ဤဝိပါက်စိတ်၌ အဓိပ္ပါယ်သည် ကုသိုလ်စိတ်ကဲ့သို့မှတ်။ ကူးသည်ကိုသာ ရေးအံ့။ ဝိပါက်စိတ်ဆိုသည်မှာ အကြောင်းကုသိုလ် ဈာန်စိတ်များကြောင့် ဖြစ်ပေါ်လာသော အကျိုးစိတ်ကို ခေါ်သည်။

အောက်မဟာဝိပါက် စိတ်၌ကဲ့သို့ မှန်ထည်း၌ ထင်သော အရိပ်သည် မှန်ကြည့်သူနှင့် တထေရာတည်း တူရသကဲ့သို့ အကြောင်းစိတ်နှင့် တထေရာထည်းတူရလေသည်။ ဤရူပဝိပါက်ကား မတူသော အရာမရှိ· တူရသည်သာ။ မဟာဝိပါက်ကား မတူသည်လည်းရှိ၏။ တူသည်လည်း ရှိလေသည်။

၎င်း စိတ်များ၏ ဖြစ်ရာဌာနကား။ (အသညသတ် မပါ) ဗြဟ္မာ ၁၅-ဘုံ၌ ပဋိသန္ဓေ နေသော အခါ ဗြဟ္မာတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် အဖြစ်ဖြင့် ဖြစ်လေသည်။ လူပြည်, နတ်ပြည် အပါယ်လေးပါးတို့၌ မဖြစ်။

## ထိုရူပဝိပါက် ၅-မျိုးတွင်

**ပထမဈာန်** ဝိပါက်သည် ပထမဈာန် ၃-ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေ နေသောစိတ်၊ ပဝတ္တိအခါ ဘဝင်စိတ်၊ သေသောအခါ စုတိစိတ်ဖြစ်၏။

**ဒုတိယဈာန်** ဝိပါက်စိတ်နှင့် **တတိယဈာန်** ဝိပါက်စိတ် ၂-ပါးတို့သည် ဒုတိယဈာန် ၃-ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေနေသောစိတ်။ ပဝတ္တိအခါ ဘဝင်စိတ်၊ သေသော အခါ စုတိစိတ်ဖြစ်၏။

**စတုတ္ထဈာန်** ဝိပါက်စိတ်သည် တတိယဈာန် ၃-ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေစိတ်၊ ပဝတ္တိအခါ ဘဝင် စိတ်၊ သေသောအခါ စုတိစိတ်ဖြစ်၏။

**ပဉ္စမဈာန်** ဝိပါက်စိတ်သည် စတုတ္ထဈာန် ၆-ဘုံ၌ဖြစ်သော ဗြဟ္မာကြီးများ၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ဖြစ်၏။

ရူပစိတ် ၁၂-ပါးကို ပဉ္စကနည်းအားဖြင့် ရှင်အနုရုဒ္ဓါ ရေးသား ထားခဲ့သဖြင့် ရူပဝိပါက်စိတ် ၅-ပါး၏ ပဋိသန္ဓေ ဘဝင်, စုတိအားဖြင့် ဖြစ်ရာဘုံကို ပြသောအခါ ဒုတိယ ဝိပါက်နှင့် တတိယ ဝိပါက် နှစ်ပါးက ဒုတိယဈာန်ဘုံ၊ စတုတ္ထ ဝိပါက်က တတိယဈာန်ဘုံ၊ ပဉ္စမဝိပါက်က စတုတ္ထ ဈာန်ဘုံ၌ ဖြစ်သည်-ဟု ခက်ခဲ ရှုပ်ထွေးစွာ ဘောင်ပြ မှတ်သား နေရပေသည်။

အမှန်စင်စစ်မှာ ရူပစိတ်သည် ၁၂-ပါးသာ ဖြစ်သင့်သည်။ စတုက္ကနည်း အားဖြင့် ဈာန် ၄-ပါးသာ ရှိသည်။ ဘုရားရှင် သည်လည်း အဘိဓမ္မာ ပါဠိတော် များ၌ ရူပ သမာပတ်။

ဝါ-ရူပဈာန် ၄-ပါးသာ ပဓာန ထား၍ ဟောတော်မူသည်။ ပဥ္စကနည်း ပဉ္စကဈာန်ကို မန္ဒပုဂ္ဂိုလ်များ အတွက် ချွင်းချက် ထား၍ ဟောတော် မူခြင်းသာ ဖြစ်သည်။ ပဓာန မဟုတ်ပေ။

ထို့ကြောင့် စတုက္ကဈာန် နည်းကိုသာ ပဓာန ထား၍ ရေတွက် ပါလျှင် ရူပစိတ်သည်–

| | | |
|---|---|---|
| ကုသိုလ်စိတ် | ၄ | ၁၂-ပါးသာ ဖြစ်သင့်သည်။ |
| ဝိပါက်စိတ် | ၄ | |
| ကြိယာစိတ် | ၄ | |

ဤသို့ ဖြစ်လျှင် အကျိုး ပေးရာ ဘုံဌာနနှင့် ဝိပါက်စိတ် ဖြစ်ပုံသည်လည်း အလွန် လွယ်ကူ သန့်ရှင်း ပေလိမ့်မည်။

| | |
|---|---|
| ပဌမဈာန် ဝိပါက်သည် | ပထမဈာန်ဘုံ၌ |
| ဒုတိယဈာန် ဝိပါက်သည် | ဒုတိယဈာန်ဘုံ၌ |
| တတိယဈာန် ဝိပါက်သည် | တတိယဈာန်ဘုံ၌ |
| စတုတ္ထဈာန် ဝိပါက်သည် | စတုတ္ထဈာန်ဘုံ၌ |

အသီးအသီး ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များ ဖြစ်ကြသည်-ဟု လွယ်လွယ် ရှင်းရှင်း သိနိုင်ပေမည်။

ယခု ပကား ပဉ္စကနည်း အရ ပဉ္စက ဈာန်ကို ရှင်အနုရုဒ္ဓါစရိယ ရေးသား ထားခဲ့သဖြင့် နောင်လာ နောက်သားတို့ မှတ်သားရန် ခဲယဉ်းလှသည်။ရှင်အနုရုဒ္ဓါဆရာကား အကျယ် ပဉ္စကနည်း အရ ပဉ္စကဈာန်ကို ပြဆိုလိုက်က စတုတ္ထဈာန် လည်း အကျုံးဝင်သဖြင့် ကြိမ်အောင် ပြဟန်တူသည်။ သို့ရာတွင် မှတ်သားရန် မလွယ်ကူဘဲ နားရှုပ်ထွေး၍ အထက်အဘိဓမ္မာ ပါဠိတော်များ၌ သမာပတ် ၈-ပါး စသည် တွေ့သော အခါ အောက် သင်္ဂြိုဟ်ကျမ်းမှ ဦးကျိုး လာသဖြင့် စတုက္ကနည်း အရ

## ရူပကြိယာစိတ် ၅-ပါး။

**မူလစာကိုယ် (၂၃)**

၁။ ဝိတက်, ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန် ကြိယာစိတ်။
၂။ ဝိစာရ, ပီတိ, သုခ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါး ရှိသော ဒုတိယဈာန် ကြိယာစိတ်။
၃။ ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန် ကြိယာစိတ်။
၄။ သုခ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထ ဈာန် ကြိယာစိတ်။
၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိသော ပဥ္စမဈာန် ကြိယာစိတ်။

ဤငါးပါးသော စိတ်တို့သည် ရူပါဝစရ ကြိယာစိတ် မည်ကုန်၏။

---

ရူပသမာပတ် ၄-ပါးဟု ပြင်ဆင် ပြောင်းလဲကာ မှတ်သားနာယူရပြန်တော့သည်။

သင်္ဂြိုဟ်ကျမ်း၌ စာသဘော အားဖြင့် ရေးသားထားသော အရာ များစွာရှိ၏။ သာဓကေ ထုတ်ပြရသော် စေတသိက်ပိုင်း သမ္ပယောဂနည်းမျိုး, သင်္ဂဟဂါထာများ, စတုက္ကဖြစ်အောင် ဖွဲ့ယူသောအရာ စသည်များ ဖြစ်ပေသည်။

**အဓိပ္ပါယ် (၂၃)** ဤရူပါဝစရ ကြိယာစိတ် ဆိုသည်မှာ ဈာနိက ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်မှာဖြစ်သော ဈာန်စိတ်တည်း။ ၎င်းဈာန်စိတ်သည်လည်း ဖြဟ္မာဘုံ အကျိုးပေးရန် မရှိတော့သဖြင့်၊ ကြိယာဈာန်စိတ် ဟူ၍ ခေါ်ရလေသည်။ စတ္တုပါလထေရ်စသော သုက္ခဝိပဿက ရဟန္တာများ သန္တာန်၌ကား ၎င်းကြိယာစိတ် မဖြစ်နိုင်ပေ။ ဈာနိက ရဟန္တာပုဂ္ဂိုလ် သန္တာန်မှာသာ ဖြစ်သည်။

**မူလစာကိုယ် (၂၄-၂၅)** ဤသို့ အလုံးစုံ အားဖြင့် ၁၅-ပါးသော ရူပါဝစရ ကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့သည် ပြီးကုန်ပြီ။ ရူပါဝစရစိတ်သည် ဈာန်အကွဲအပြားအားဖြင့် ၅-ပါး ပြား၏။ တဖန် ကုသိုလ်, ဝိပါက်, ကြိယာ၃-မျိုး ကွဲပြားသဖြင့် ၁၅-ပါးဖြစ်သည်။

---

ရူပါဝစရ‌ေ.ဈာန်တို့သည် သမထကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ဖြစ်ပေါ်သည်။ ထိုကြောင့် သမထကမ္မဋ္ဌာန်းကို လောကီဈာန်ဟု ခေါ်ကြ၏။ ယခုခေတ် ဣန္ဒိယပြည်၌ ယောဂီများ, ဥရောပတိုက် စသည်တို့၌ စိတ်ပညာ ဆရာများသည် ထိုသမထ ခေါ်သော သမာဓိလုပ်ငန်းမှ ပေါက်ရောက်သော ရူပဈာန် စိတ်များလောက် နိုးနုံး စိတ်ဟာန်မိုးကြီးသူများ ဖြစ်လေသည်။

**အစိပ္ပါယ် (၂၄၂၅)** ၎င်း ကောသည် ရူပါဝစရစိတ် ၁၅-ပါး၏ အံပြီးသတ်အခိုး နိဂုံးအုပ်သောစကားရပ်ဖြစ်သည်။

၎င်း ပါထာသည် ရူပါဝစရစိတ် ၁၅-ပါးကို အကျဉ်း ရေတွက်ပြသော သင်္ဂဟဂါထာ ဖြစ်သည်။

ရေတွက်သော်—ဈာန်စိတ်သည် ၁-ဖြစ်သည်။ ၎င်းမှုရင်း ဈာန်စိတ် ၁-ပါးကို ဦးစွာ ဈာန် ငါးပါးနှင့်မြှောက် ၁×၅= ၅-မျိုး ရလေသည်။ ၎င်းကိုတဖန် ကုသိုလ်,ဝိပါက် ကြိယာ ၃-မျိုးနှင့် မြှောက်သော် ၅×၃=၁၅ မျိုးဖြစ်သည်။ ဤသို့ အကျဉ်းအားဖြင့် ရူပါဝစရစိတ် ၁၅-ပါးဖြစ်သည် ဟူလို။ ။

**ရူပါဝစရစိတ်၌ အမျိုးမျိုး သရုပ်ခွဲသော်—**

ကုသိုလ်စိတ် ၅ }<br>
ဝိပါက်စိတ် ၅ } ဤသို့ ၁၅-ပါးဖြစ်သည်၊<br>
ကြိယာစိတ် ၅ }

| | | | |
|---|---|---|---|
| တနည်း- | ပထမဈာန်စိတ် | ၃ | ဤသို့ ၁၅-ပါး။ |
| | ဒုတိယဈာန်စိတ် | ၃ | |
| | တတိယဈာန်စိတ် | ၃ | |
| | စတုတ္ထဈာန်စိတ် | ၃ | |
| | ပဉ္စမဈာန်စိတ် | ၃ | |
| တနည်း- | သောမနဿဈာန်စိတ် | ၁၂ | ဤသို့ဝေဒနာ အားဖြင့် ၁၅။ |
| | ဥပေက္ခာဈာန်စိတ် | ၃ | |

တနည်း- သင်္ခါရ အားဖြင့် သင်္ခါရိကစိတ် ချည်းတည်း။

တနည်း- သမ္ပယုတ်အားဖြင့် ဉာဏသမ္ပယုတ်စိတ်ချည်းတည်း။

ဓမ္မသင်္ဂဏီ ပါဠိတော်၌ မြတ်စွာဘုရားသည် ဈာန် ၄-မျိုး သာ ဟောတော်မူသော်လည်း ဈာန် ၄-မျိုးကား ၅-မျိုး၌ အကျုံးဝင်သောကြောင့် ဤသင်္ဂြိုဟ်ကျမ်း ဆရာသည် ၅-ပါး ရေးသားတော်မူခဲ့သည်။ ဓမ္မသင်္ဂဏီပါဠိတော်အတိုင်းဆိုလျှင်-

| | |
|---|---|
| ပထမဈာန်သည် | ပထမဈာန်ပင်ဖြစ်၍။ |
| ဒုတိယ တတိယဈာန်သည် | ဒုတိယဈာန်စိတ်။ |
| စတုတ္ထဈာန်သည် | တတိယဈာန်စိတ်။ |
| ပဉ္စမဈာန်သည် | စတုတ္ထဈာန်စိတ်။ |

ဖြစ်ရလေသည်။

## ရူပါဝစရစိတ် အကျဉ်း မှတ်ဘွယ်။

ရူပါဝစရစိတ်=ရူပ ၁၅-ဘုံ၌ များစွာ သက်ဝင်၍ ဖြစ်သောကြောင့် ရူပါဝစရစိတ် ခေါ်သည်။ ၎င်းသည် ၁၅-ပါး ရှိသည်။ ရူပကုသိုလ်စိတ် ၅-ပါး၊ ရူပဝိပါက်စိတ် ၅-ပါး၊ ရူပ ကြိယာစိတ် ၅-ပါး အားဖြင့် ၁၅-ပါး ဖြစ်သည်။ ၎င်း ရူပ

စိတ်များကို ဈာန်စိတ် ဟူ၍လည်း ခေါ်သည်။ ၎င်း စိတ်များ သည် အောက်ပိုင်း၌ ပြခဲ့ပြီးသော ကာမစိတ် များကဲ့သို့ အာရုံ နှင့် တွေ့ဆုံကာမျှဖြင့် မဖြစ်ပေါ်နိုင်၊ သမထ လုပ်ငန်း အား ထုတ်ပါမှ၊ ဝါ-ဈာန်လုပ်ငန်းကို လုပ်ပါမှ ဖြစ်ပေါ် နိုင်သည်။ ထို့ကြောင့် ပရယောဂ လုလ္လ ဝီရိယ ရှိမှ ဖြစ်ပေါ်သော စိတ် များ-ဟု ဆိုကြသည်။ သို့ရာတွင် အားထုတ် တိုင်းလည်း မရ၊ တိဟိတ် ပုဂ္ဂိုလ်လည်း ဖြစ်မှသာ ရနိုင်ပေသည်။

ဈာန်=ကိလေသာ တို့ကို ပယ်ခွါသော အားဖြင့် ရှို့မြိုက် တတ်သောကြောင့် ဈာန်-ဟု ခေါ်သည်။ ဈာန် အင်္ဂါ တို့၏ အပေါင်း သတ္တိကို ရသည်။

ဈာနင်္ဂ=ဈာနင်=ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ များ၏ အစိတ် အစိတ်ကို ခေါ်သည်။

ဈာန်သည် ၅-ပါး ရှိသည်။ (၁) ပထမဈာန် = အင်္ဂါ ၅-ပါး ရှိသည်။ (၂) ဒုတိယဈာန်=အင်္ဂါ ၄-ပါး ရှိသည်။ (၃) တတိယဈာန်=အင်္ဂါ ၃-ပါး ရှိသည်။ (၄) စတုတ္ထ ဈာန်= အင်္ဂါ ၂-ပါး ရှိသည်။ (၅) ပဥ္စမဈာန် = အင်္ဂါ ၂-ပါး ရှိသည်။

၎င်းဈာန် ၅-ပါး၌ အချုပ်အားဖြင့် အစိတ်အပိုင်းတို့သည် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူ၍ ၅-ပါး ရှိ၏။ ၎င်းအင်္ဂါ ၅-ပါး တို့သည် ကသိဏ်း စသော အာရုံ များကို စူးစူး စိုက်စိုက် ရှုခြင်း, ဆန့်ကျင်ဘက် နီဝရဏ တရားတို့တို့ ပယ်ခွါ နိုင်ခြင်း တို့ကြောင့် "ဈာန်" ဟု အမည် ရကြသည်။ အခြားသော "ဖဿ" စသော စေတသိက် ရိုးရိုးများ သည် ကား "ဈာန်" ဟု အမည် မရကြကုန်။

## ဈာနင် ၅-ပါးတို့၏ နီဝရဏများကို ပယ်ခွါပုံ။

၁။ ဝိတက် ဈာနင်သည် ထိန မိဒ္ဓ နီဝရဏကို ပယ်ခွါ၏။
၂။ ဝိစာရ ဈာနင်သည် ဝိစိကိစ္ဆာ နီဝရဏကို ပယ်ခွါ၏။
၃။ ပီတိ ။ ။ ဗျာပါဒ ။ ။
၄။ သုခ ။ ။ ဥဒ္ဓစ္စ ကုက္ကုစ္စ ။ ။
၅။ ဧကဂ္ဂတာဈာနင်သည် ကာမစ္ဆန္ဒနီဝရဏကိုပယ်ခွါ၏။

၎င်း ရူပါဝစရစိတ် ၁၅-ပါးတို့သည် ပယောဂ လုလ္လ ပြုမှသာ ဖြစ်ပေါ်နိုင်သောကြောင့် ''သသင်္ခါရိက'' သဘောရှိကြသည်။ သို့ရာတွင် သူတပါး၏ တိုက်တွန်းမှု ပယောဂကြောင့် ပြုလုပ်သူသည် ဈာန်ကိုရဘို့ဝေးလှ၏။ ထို့ကြောင့် သသင်္ခါရိက ဟူ၍လည်း မဆိုထိုက်၊ သသင်္ခါရိကဟူ၍ မဆိုထိုက်လျှင် အသင်္ခါရိက ဟူ၍လည်း မဆိုရတော့ပြီ။

အကျဉ်း မှတ်ဘွယ် ပြီး၏။

## အရူပါဝစရစိတ်။

အရူပါဝစရ = အရူပ+အဝစရ၊ **အရူပ** = ရုပ်မရှိသော အရူပ ၄-ဘုံ။ **အဝစရ**-သက်ဝင်၍ ဖြစ်သောစိတ်။

**အရူပါဝစရ** - ရုပ် မရှိသော အရူပ ၄-ဘုံ၌ များသော အားဖြင့် ဖြစ်တတ်သော စိတ်-ဟု ဆိုလိုသည်။ သို့ရာတွင် ထိုစိတ် များသည် ကာမဘုံ, ရူပဘုံတို့၌လည်း ဖြစ်၏။

**အရူပ**-ဘုံ ဆိုသည်မှာ ရုပ်မရှိသော ဘုံ-ဟု အဓိပ္ပါယ်ရှိရာ လိုရင်း စကားကျ အားဖြင့် ဝိညာဏ်ဘုံ ဖြစ်သည်။ မြေ,ရေ, လေ,တော, တောင်,သမုဒ္ဒရာ, ကောင်းကင်, မြင့်မိုရ်, စကြဝဠာ ဟူသော ဩကာသ လောက မရှိ၊ လူခန္ဓာကိုယ် ရုပ်ကောင် ဟူသော ရုပ်သတ္တလောကလဲမရှိ၊ နာမ်ဟူသော သတ္တလောက, သင်္ခါရ လောက ၂-မျိုးသာ ရှိလေသည်။ သို့ဖြစ်၍ ပကတိ မျက်စိဖြင့် မမြင်နိုင် ဉာဏ် မျက်စိ ဖြင့်သာ မြင်ကောင်းသော ဘုံဖြစ်သည်။

## အရူပဘုံသို့ ရောက်ကြောင်း တရားကား။

ပထမ-သမထ ကမ္မဋ္ဌာန်းကို အားထုတ်၍ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်ကို ရရှိပြီးသော သူသည် နောက်ထပ် ဆက်လက် အားထုတ် ပြန်ရာ အာကာသာနဉ္စာ ယတနဈာန်ကို ရသဖြင့် သေသော အခါ အာကာသာနဉ္စာ ယတနဘုံ၌ ဖြစ်ရသည်။ ဝိညာဏဉ္စာ ယတနဈာန်ကို ရသော သူသည် သေသော အခါ ဝိညာဏဉ္စာ ယတနဘုံ၌ ဖြစ်ရသည်။ အာကိဉ္စညာ ယတန ဈာန်ကို ရသော သူသည် အာကိဉ္စညာ ယတန ဘုံ၌ နေဝသညာ နာသညာ ယတနဈာန်ကို ရသောသူသည် နေဝသညာ နာသညာယတန ဘုံ၌ ဖြစ်ရသည်။

## အရူပါဝစရ ကုသိုလ်စိတ်

မူလစာကိုယ် (၂၆)

၁။ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ကောင်းသောစိတ်။

၂။ အာကာသာနဉ္စာယတန ကုသိုလ်စိတ်လျှင် အာရုံရှိသော ကောင်းသောစိတ်။

၃။ နတ္ထိဘော ပညတ်လျှင် အာရုံရှိသော ကောင်းသောစိတ်။

၄။ သညာ ရှိသည်လည်း မဟုတ်၊ သညာ မရှိသည်လည်းမဟုတ်သော အာကိဉ္စညာယတန ကုသိုလ်စိတ်လျှင် အာရုံရှိသော ကောင်းသောစိတ်။

ဤ ၄-ပါးသောစိတ်တို့သည် အရူပါဝစရကုသိုလ်စိတ်မည်ကုန်၏။

---

**အဓိပ္ပါယ် (၂၆)** အာကာသ+အနန္တ=အာကာသာနန္တ၊ အဆုံးမရှိသော ကောင်းကင် ဟင်းလင်း၊ အာကာသာနန္တမေဝ=အာကာသာနဉ္စ။ အာကာသာ နဉ္စ+အာယတန=အာကာသာနဉ္စာယတန၊ အဆုံးအပိုင်း အခြားမရှိသော ကောင်းကင် အာရုံရှိသောစိတ်။

၁။ **အာကာသာနဉ္စ ယတန** ကုသိုလ်စိတ်ဟူသည် အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်ပညတ် အာရုံကို အာရုံပြု၍ ဖြစ်ပေါ်သော ကုသိုလ်ဈာန်စိတ် ဖြစ်သည်။

**ချဲ့၍ပြဦးအံ့**—အောက်ရူပါဝစရ ပဉ္စမဈာန်ကိုရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် မိရူပံ (ရုပ်သည် စက်ဆုပ်ဘွယ်တည်း) စသည်ဖြင့် ရုပ်အပေါ်၌ ဝါ-ရပြီးသော ပဉ္စမဈာန်ကို အပြစ်

မြင်ကာ ဆက်လက်၍ အားထုတ်၏။ ထိုအခါ အာကာသ ကသိုဏ်းမှ တပါး ကသိုဏ်း ၈-ပါးမှ ခွါ၍ ၀ါ-ကသိုဏ်း ၈-ပါးကို မရှုတော့ဘဲ ကောင်းကင်ပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်သော ဈာန်စိတ်ကို အာကာသာနဉ္စာယတနကုသိုလ်စိတ် ခေါ်သည်။

၂။ **ဝိညာဏဉ္စာယတန** ကုသိုလ်စိတ်ဟူသည် ထိုအာကာသာနဉ္စာ ယတန ဈာန်၌ အပြစ်မြင်ကာ ဝိညာဏံ အနန္တံ (ဝိညာဏ်သည် အဆုံးမရှိ) ဟု စီးဖြန်းအားထုတ်၏။ ထိုအခါ အာကာသာနဉ္စာယတန ဈာန်စိတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဈာန်စိတ်ကို ခေါ်သည်။

၃။ **အာကိဉ္စညာယတန**ကုသိုလ်စိတ်ဟူသည်ထိုဝိညာဏဉ္စာ ယတနဈာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် ၎င်း ဈာန်၌ အပြစ်မြင်ကာ နတ္ထိကိဉ္စိ (တစုံတခုမျှမရှိ) ဟု စီးဖြန်းအားထုတ် ၏။ ထိုအခါ အာကာသာနဉ္စာ ယတန စိတ်၏ မရှိခြင်း= နတ္ထိဘော ပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဈာန်စိတ် ကို ခေါ်သည်။

၄။ **နေဝသညာ နာသညာ ယတန** ကုသိုလ်စိတ်ဟူသည် ထို အာကိဉ္စညာ ယတန ဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ် သည် ၎င်းဈာန်၌ အပြစ်မြင်ကာ သညာရောဂေါ (သညာ သည် အနာရောဂါ) ဟု၎င်း၊ သန္တမေတံ (ဤသိမ်မွေ့သော သညာသည် ငြိမ်သက်၏၊ ဤသိမ်မွေ့သော သညာသည် မြတ်၏။) ဟု၎င်း၊ စီးဖြန်းအားထုတ်၏။ ထိုအခါ အာကိဉ္စညာ ယတန ဈာန်စိတ်ကို အာရုံပြု၍ ပေါ်လာသော ဈာန်စိတ်ကို ခေါ်သည်။

မူလစာကိုယ် (၂၇)

၁။ အာကာသာနဉ္စာယတန ကုသိုလ်၏ အကျိုး ဖြစ်သောစိတ်။
၂။ ဝိညာနဉ္စာယတန ကုသိုလ်၏ အကျိုး ဖြစ်သော စိတ်၊
၃။ အာကိဉ္စညာယတန ကုသိုလ်၏ အကျိုးဖြစ်သော စိတ်။
၄။ နေဝသညာ နာသညာယတန ကုသိုလ်၏အကျိုး ဖြစ်သောစိတ်။

ဤ ၄-ပါးသောစိတ်တို့သည် အရူပါဝစရ ဝိပါကိစိတ်မည်ကုန်၏။

---

**အဓိပ္ပါယ် (၂၇)** ၎င်းဝိပါကိစိတ်များကား အရူပ ၄-ဘုံ၌ အသီး အသီး ပဋိသန္ဓေနေသောစိတ်, ပဝတ္တိအခါ ဘဝင်စိတ်, သေသောအခါ စုတိစိတ်ဟူ၍ ဖြစ်ပေါ်သော (အရူပကုသိုလ်၄-ပါးတို့၏) အကျိုးစိတ်များဖြစ်သည်။

၁။ **အာကာသာနဉ္စာယတန** ဝိပါကိစိတ်သည် အာကာသာနဉ္စာယတန ဘုံ၌ဖြစ်သော ဗြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် အဖြစ်ဖြင့် ဖြစ်သည်။

၂။ **ဝိညာနဉ္စာယတန** ဝိပါကိစိတ်သည် ဝိညာနဉ္စာယတနဘုံ၌ဖြစ်သော ဗြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်။

၃။ **အာကိဉ္စညာယတန** ဝိပါကိစိတ်သည် အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

၄။ **နေဝသညာ နာသညာယတန** ဝိပါကိစိတ်သည် နေဝသညာ နာသညာ ယတနဘုံ၌ဖြစ်သော ဗြဟ္မာကြီးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်သည်။

## အရူပကြိယာစိတ်။

မူလစာကိုယ် (၂၈)

၁။ အဆုံးမရှိသော ကောင်းကင်ပညတ် အာရုံရှိသော ပြုကာမျှစိတ်။

၂။ အာကာသာနဉ္စာ ယတန ကြိယာစိတ်လျှင် အာရုံ ရှိသော ပြုကာမျှစိတ်။

၃။ နတ္ထိဘာဝပညတ်လျှင် အာရုံရှိသောပြုကာမျှစိတ်။

၄။ သညာ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သော အာကိဉ္စညာယတနကြိယာစိတ်လျှင်အာရုံရှိသော ပြုကာမျှစိတ်၊ ဤ ၄-ပါးသော စိတ်သည် အရူပကြိယာစိတ် မည်ကုန်၏။

---

အဓိပ္ပါယ် (၂၈)

ဤကြိယာစိတ်တို့၏ အဓိပ္ပါယ်မှာ အရူပကုသိုလ်စိတ်က ပြခဲ့သည့် အတိုင်းပင် ဖြစ်သည်။ ပုထုဇဉ် ပုဂ္ဂိုလ်, အောက်တန်း အရိယာ ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သော စိတ်ကို ကုသိုလ်၊ ရဟန္တာသန္တာန်၌ ဖြစ်သောစိတ်ကို ကြိယာ-ဟု ခေါ်ရသည်ဖြစ်၍ ဤအရူပကြိယာ စိတ်တို့သည် ပဉ္စမဈာန် ရပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၌ ဖြစ်သော အရူပဈာန် စိတ်များသာ ဖြစ်သည်။ အထူးမရှိ။

ဝင်စားပုံနှင့် အာရုံ ပြုပုံ တို့သည် ကုသိုလ်စိတ်ကဲ့သို့ပင် ကာမာဝစရ ကြိယာစိတ်တွင် ကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့၏ အကြောင်းကို အကျယ် ရေးခဲ့ပြီး ဖြစ်၍ ဤ၌ မရေးတော့ပြီ။ သဘောတရား အတူတူပင် ဖြစ်သည်။

**မူလစာကိုယ် (၂၉-၃၀)** ဤသို့လျှင် အလုံးစုံအားဖြင့် ၁၂-ပါးသော အရူပါဝစရ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့သည် ပြီးကုန်ပြီ။

အရူပစိတ်သည် အာရုံ အကွဲအပြား အားဖြင့် ၄-ပါး အပြား ရှိ၏။ တဖန် ကုသိုလ်, ဝိပါက်, ကြိယာ အကွဲ အပြား အားဖြင့် ၁၂-ပါး ရှိ၏။

---

**အဓိပ္ပါယ် (၂၉-၃၀)** ဤ ရှေ့စကားရပ်သည် အရူပါဝစရစိတ် ၁၂-ပါး၏ အပြီးအဆုံး နိဂုံးကို ပြသော စကားရပ် ဖြစ်သည်။

ဤ နောက်စကားရပ်သည် အရူပစိတ် ၁၂-ပါး ကွဲပြားပုံကို အကျဉ်းအားဖြင့် ချုံး၍ပြသော စကားဖြစ်သည်။

**အရူပစိတ် ၁၂-ပါး ပွါးလာပုံမှာ**

ပဥ္စမဈာန် အရူပစိတ် ၁-ခုသည်
- က။ ကောင်းကင်ပညတ်အာရုံ
- ခ။ ပထမာရုပ္ပဝိညာဏ်အာရုံ
- ဂ။ နတ္ထိဘာဝ ပညတ်အာရုံ
- ဃ။ တတိယ အာရုပ္ပ ဝိညာဏ်

အာရုံ ဟူသော အာရုံ ၄-ပါးကို အာရုံပြုသော အားဖြင့် စိတ် ၄-မျိုး ကွဲပြား ဖြစ်ပေါ်လာသည်၊ တဖန်-၎င်း ၄-မျိုးကို အကြောင်းကုသိုလ်, အကျိုးဝိပါက်, (ရဟန္တာ သန္တာန်၌ဖြစ်၍ အကြောင်းမဖြစ်သော) ပြုကာမျှကြိယာ ၃ မျိုးအားဖြင့် ပွါးသည်ရှိသော် ၄ × ၃=၁၂=ပါးဖြစ်သည်။

**သရုပ်ခွဲသော်-**

**ဝေဒနာ** အားဖြင့် ပဥ္စမဈာန်ဖြစ်၍ ဥပေက္ခာသာ
**သင်္ခါရ** ။ သသင်္ခါရိကသာ
**သမ္ပယုတ်** ။ ဉာဏသမ္ပယုတ်သာဖြစ်၏၊

ရူပါဝစရစိတ်နှင့် ဤအရူပါဝစရ စိတ်အထူးကား-ရူပါဝစရစိတ်သည် အင်္ဂါတိက္ကမ (ဈာန်အင်္ဂါတို့ကို လွန်မြောက်၍) ပထမဈာန်, ဒုတိယဈာန်, စသည် ဖြစ်ရသည်။

## အာရုံကို လွန်မြောက်သနည်း ဆိုသော်

ဒုတိယဈာန်သည် ပထမဈာန်၌ရှိသော ဈာန်အင်္ဂါ ၅-ပါး အနက် ဝိတက်ဟူသော ဈာန်အင်္ဂါကို လွန်မြောက်၍ (ဝိတက် မပါဘဲ) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးသာရှိသဖြင့် ဝိတက်အင်္ဂါကို လွန်မြောက်သော ဈာန်စိတ်ဖြစ်၏။ ဤအတူ တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်တို့သည်လည်း ဈာန် အင်္ဂါကို လွန်သဖြင့် ၃-ပါး၊ ၂-ပါးစသည့် အင်္ဂါ အရေအတွက် မတူသဖြင့် စိတ်၅-မျိုး ကွဲပြား ခြားနားရလေသည်။

အရူပါဝစရသည် ၄-မျိုးစလုံး ဥပေက္ခာ, ဧကဂ္ဂတာဈာန် အင်္ဂါ ၂-ပါးသာ ရှိကြသည် ဖြစ်၍ အင်္ဂါတိက္ကမ အားဖြင့် မကွဲပြားပေ။ ရှုမှတ်အပ်သော အာရုံ ၄-မျိုး ကွဲပြားသဖြင့် စိတ် ၄-ပါး ကွဲပြား ခြားနားရ လေသည်။ သို့ဖြစ်၍ အာရမ္မဏာ တိက္ကမ ဈာန်ဟုခေါ်၏။

**အာရမ္မဏ** =အာရုံ။ အတိက္ကမ==လွန်ခြင်း။

**အာရမ္မဏ + အတိက္ကမ** == အာရုံကို လွန်မြောက်၍ ဖြစ်သော စိတ်။

ရူပါဝစရစိတ် ၁၅ ၊ ၂၇-ဌင်းကို မဟဂ္ဂုတ်
အရူပါဝစရစိတ် ၁၂ ၊ စိတ်ဟု ခေါ်သည်။

**မဟဂ္ဂတ** ==မြတ်သောစိတ်။

## ပေါင်း၍သရုပ်ခွဲသော်—

| | | | |
|---|---|---|---|
| မဟဂ္ဂုတ် | ကုသိုလ်စိတ် | ၉ | ၂၇ |
| ။ | ဝိပါက်စိတ် | ၉ | |
| ။ | ကြိယာစိတ် | ၉ | |
| တနည်း- | ပထမဈာန်စိတ် | ၃ | ၂၇ |
| | ဒုတိယဈာန်စိတ် | ၃ | |
| | တတိယဈာန်စိတ် | ၃ | |
| | စတုတ္ထဈာန်စိတ် | ၃ | |
| | ပဉ္စမဈာန်စိတ် | ၁၅ | |
| တနည်း- | သောမနဿဈာန်စိတ် | ၁၂ | ၂၇ |
| | ဥပေက္ခာဈာန်စိတ် | ၁၅ | |
| တနည်း- | အင်္ဂါတိက္ကမဈာန် | ၁၅ | ၂၇ |
| | အာရမ္မဏာ တိက္ကမဈာန်စိတ် | ၁၂ | |

( ဤမဟဂ္ဂုတ်စိတ် ၂၇-ပါးကား သမထယာနိက ပုဂ္ဂိုလ်တို့မှာ ဖြစ်ပေါ်သည်။ )

**ဤကား မဟဂ္ဂုတ် ဈာန်စိတ်၏**
**သရုပ်အဓိပ္ပါယ် အကျဉ်း အပြီးတည်း။**

## လောကုတ္တရာကုသိုလ် (မဂ်)စိတ် ၄။

ပူလစာကိုယ် (၃၁) ၁။ အရိယာနယ်ပယ်သို့ ဦးစွာရောက်သော ပုဂ္ဂိုလ်၏ ကိလေသာကိုသတ်တတ်သောစိတ်။ ၂။ တကြိမ်သာ ဤကာမဘုံသို့ ပြန်လာသော ပုဂ္ဂိုလ်၏ ကိလေသာကို သတ်တတ်သော စိတ်။ ၃။ ဤကာမဘုံသို့ ပြန်မလာသော ပုဂ္ဂိုလ်၏ ကိလေသာကို သတ်တတ်သော စိတ်။ ၄။ ပူဇော် ထိုက်သူ ရဟန္တာ ပုဂ္ဂိုလ်၏ ကိလေသာ အားလုံးကို သတ်တတ်သော စိတ်။ ဤ ၄-ပါး သော စိတ်တို့သည် လောကုတ္တရာကုသိုလ်စိတ်တို့ မည်ကုန်၏။

---

**အဓိပ္ပါယ် (၃၁)** လောကုတ္တရာဟူသည်—

လောက-လောက၊ ဥတ္တရ=မြတ်၊

လောက+ဥတ္တရ=လောကုတ္တရာ=လောကထက် မြတ်သောစိတ်၊ဝါ-လောက ၃-ပါးမှထွက်မြောက်သောစိတ်၊

**သောတာပတ္တိမဂ္ဂ။** သောတ = အရိယာနယ် တည်းဟူ သော ရေအယဉ်။ အာပတ္တိ=ရှေးဦးစွာရောက်သူ။ သောတ+- အာပတ္တိ = သောတာပတ္တိ = အရိယာနယ် တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်သော သောတာပန် ခေါ် ပုဂ္ဂိုလ်။ မဂ္ဂ = မဂ်-ကိလေသာ တို့ကို သတ်တတ်သော သ ဘောတရား။ သောတာပတ္တိဿမဂ္ဂေါ-သောတာပတ္တိမဂ္ဂေါ- သောတာပန် ပုဂ္ဂိုလ်၏ မဂ်။

**သကဒါဂါမိမဂ္ဂ။** သကိံ - တကြိမ်+အာဂါမိ— ပြန်လာ သောသူ= သကဒါဂါမိ၊ သကဒါဂါမ် ပုဂ္ဂိုလ်။ သကဒါဂါမိ နော + မဂ္ဂေါ = သကဒါဂါမိမဂ္ဂေါ ဤကာမဘုံသို့ တကြိမ် ပြန်လာသော သကဒါဂါမ် ပုဂ္ဂိုလ်၏ မဂ်။

**အနာဂါမိမဂ္ဂ။** န+အာဂါမိ=အနာဂါမိ= ဤလူ့ပြည် ကာမဘုံသို့ မလာသောသူ။ ဝါ-မလာသော အနာဂါမိ ပုဂ္ဂိုလ်။ အနာဂါမိနော+မဂ္ဂေါ=အနာဂါမိမဂ္ဂေါ=အ နာဂါမိပုဂ္ဂိုလ်၏ မဂ်။

**အရဟတ္တမဂ္ဂ။** အရဟ - ပူဇော်အထူးကို ခံထိုက်သူ အရ ဟတ္တဟူသည် ပူဇော်ခံထိုက်သူ ရဟန္တာ ပုဂ္ဂိုလ်ပင်။ အရ ဟတ္တဿ+မဂ္ဂေါ=အရဟတ္တမဂ္ဂေါ=ပူဇော်ခံထိုက်သူ။ ဝါ- ရဟန္တာ၏ မဂ်။

**မဂ္ဂအင်္ဂါ။** သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါး အ ပေါင်းဖြစ်သည်။ အစိတ်အပိုင်း တခုစီသည် မဂ္ဂင်။ အပေါင်း သည် မဂ္ဂ။ လှည်းသန်, ဝင်ရိုး, လှည်းဘီး, လှည်းအိမ် စ သော အစိတ်မှတပါး လှည်းဟူသော အထည်ဒြပ် မရှိသကဲ့ သို့ မဂ္ဂင်မှတပါး တခြားမဂ် မရှိပေ။ အစိတ် အပေါင်းသာ ထူးခြားသည်။

## မဂ်စိတ် ဖြစ်ပေါ်လာပုံ။

ကမ္မဋ္ဌာန်းသည်သမထကမ္မဋ္ဌာန်း,ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ ၂-မျိုးတွင် နီဝရဏ တရားတို့ကို ငြိမ်းစေနိုင်သော သတ္တိရှိ သော ကသိုဏ်းဝန်း, အသုဘ, အနုဿတိ စသော ကမ္မဋ္ဌာန်း ၄၀-တို့သည် သမထ ကမ္မဋ္ဌာန်းမည်၏။ ဝါ-သမာဓိ၏ တည် ရာ အလုပ်မည်၏၊ ကိလေသာတို့ကို အကြွင်းမဲ့ မရှိအောင် ပယ်သတ်နိုင်သော သတ္တိရှိသော, ခန္ဓာ၅ပါး ရုပ်နာမ်တရား တို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, ဟူသော လက္ခဏာ သုံးပါးဖြင့်

ရှုဆင်ခြင်သော ဉာဏ်သည် ဝိပဿနာ ကမ္မဋ္ဌာန်းမည်၏။ သမထ ဘာဝနာ သမထ ကမ္မဋ္ဌာန်းသည် ဈာန်တရားတို့ကို ဖြစ်စေ၏။ မဂ်ဖိုလ်ကိုမဖြစ်စေနိုင်။ ဖြစ်မှုအထောက်အပံ့သာဖြစ်၏။ ဝိပဿနာ ဘာဝနာ ဝိပဿနာကဋ္ဌာန်းကား မဂ်ဖိုလ်ကိုသာ ဖြစ်စေ၏။ ဈာန်ကိုမဖြစ်စေနိုင်။

သမထ ကမ္မဋ္ဌာန်းကို အားထုတ်သူကို သမထ ယာနိက ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်သူကို ဝိပဿနာ ယာနိက ဟူ၍ ကျမ်းဂန်များ၌ ခေါ်ဝေါ် အသုံးပြုကြသည်။

သို့ဖြစ်၍ ဝိပဿနာ ယာနိက ပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ် ၃-မျိုးတွင် တပါးပါးဖြင့် ရှုဆင်ခြင်၏။ ထိုသို့ ရှုဆင်ခြင်သဖြင့် ဉာဏ်ရင့်သန်လျှင် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်-ဟု စိတ်အစဉ်ဖြစ်၍ သောတာပတ္တိမဂ် စသော မဂ် ၄-ပါး ပေါ်လာသည်။ ထိုတွင် အရင်ဆုံးဖြစ်သော မဂ်ကို သောတာပတ္တိ-ဟု အမည်ပေးရလေသည်။

(ဝိပဿနာ အားထုတ်မှုနှင့်ဝိသုဒ္ဓိ ၇-ပါး,ဉာဏ် ၁၀-ပါး တို့၏အကြောင်းကား အလွန်ကျယ်ဝန်း၍ ဝီထိပိုင်း,ကမ္မဋ္ဌာန်း ပိုင်းတို့၌ ရေးသားအံ့။ ဤကျမ်းငယ်၌ အကျဉ်း အားဖြင့် နားလည်ထားနိုင်ရန်သာ ရေးသားလိုက်သည်။)

ထို့နောက် ဆက်လက်၍ အားထုတ်သော သောတာပန် ပုဂ္ဂိုလ်သည် သကဒါဂါမိ မဂ်စိတ် ဖြစ်ပေါ်၍၊ ၎င်းနောက် သကဒါဂါမိ ဖိုလ်စိတ် ဖြစ်ပေါ် လေသည်။ ထို သကဒါဂါမိ ပုဂ္ဂိုလ်သည် ဆက်လက်၍ အားထုတ် ပြန်ရာ အနာဂါမိ မဂ်စိတ်,ဖိုလ်စိတ် ဖြစ်ပေါ်၏။ ထို့နောက် အနာဂါမိ ပုဂ္ဂိုလ်သည်

ဆက်လက်၍ အားထုတ် ပြန်ရာ အရဟတ္တ မဂ်စိတ်, ဖိုလ်စိတ် ဖြစ်ပေါ်ရ လေသည်။ ဤကား အကျဉ်းဆုံး သိမှတ်ရန် မျှသာ ဖြစ်၏။

## မဂ်စိတ်တို့၏ ပယ်သတ်နိုင်သော ကိလေသာများ။

၁။ **သောတာပတ္တိမဂ်** သည် အကုသိုလ်စိတ် ၁၂-ခုတွင် ဒိဋ္ဌိသမ္ပယုတ်လောဘစိတ် ၄-ပါးနှင့်ဝိစိကိစ္ဆာမောဟစိတ် ၁၊ ပေါင်း ၅-ပါးကို ပယ်သတ်သည်။

၂။ **သကဒါဂါမိမဂ်** သည် ဒိဋ္ဌိဝိပ္ပယုတ် လောဘစိတ်နှင့် ဒေါသစိတ် ၂-ပါး၊ ပေါင်း ၆-ပါးကို တနုကရ = ခေါင်းပါးအောင် ပြုသော အားဖြင့် ပယ်သတ်သည်။

၃။ **အနာဂါမိမဂ်** သည် ကာမရာဂ ဒိဋ္ဌိဝိပ္ပယုတ် လောဘစိတ် ၄-ပါးနှင့် ဒေါသစိတ် ၂-ပါး၊ ပေါင်း ၆-ပါးသော စိတ်ကို အကြွင်းမဲ့ ပယ်သတ်သည်။

၄။ **အရဟတ္တမဂ်** သည် ရူပရာဂ, အရူပရာဂ ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ်လောဘစိတ် ၄-ပါး၊ ဥဒ္ဓစ္စမောဟစိတ် ၁၊ ပေါင်း ၅-ပါးသော စိတ်ကို အကြွင်းမဲ့ ပယ်သတ်သည်။

ဤကား မဂ်ကိလေသာ ပယ်ပုံတည်း။

၁။ သောတာပတ္တိမဂ်နောက် ဖိုလ်စိတ်ဖြစ်၍ ၎င်းဖိုလ်စိတ် ဖြစ်ပြီးသည်မှစ၍ နောက် သကဒါဂါမိမဂ်စိတ်ရှေ့ တိုင်အောင်သော ပုဂ္ဂိုလ်ကို **သောတာပန်** ပုဂ္ဂိုလ်-ဟု ခေါ်သည်။

၂။ သကဒါဂါမိ ဖိုလ်မှ စ၍ အနာဂါမိ မဂ်စိတ်ရှေ့ တိုင်အောင်သော ပုဂ္ဂိုလ်ကို **သကဒါဂါမိ** ပုဂ္ဂိုလ်-ဟု ခေါ်သည်။

## လောကုတ္တရာဝိပါက် (ဖိုလ်) စိတ် ၄။

**မူလစာကိုယ်** (၃၂) အရိယာနယ်သို့ ဦးစွာရောက်သော ပုဂ္ဂိုလ်တို့၏ ဖိုလ်စိတ်၊ တကြိမ်သာ ဤကာမဘုံသို့ ပြန်၍ လာသော ပုဂ္ဂိုလ်၏ ဖိုလ်စိတ်၊ ဤကာမဘုံသို့ ပြန်မလာသော ပုဂ္ဂိုလ်၏ ဖိုလ်စိတ်၊ ပူဇော်ခံထိုက်သူ ရဟန္တာ ပုဂ္ဂိုလ်၏ ဖိုလ်စိတ်၊ ဤသို့ လေးပါးသော စိတ်တို့သည် လောကုတ္တရာ ဝိပါက် စိတ်တို့မည်ကုန်၏။

---

၃။ အနာဂါမိဖိုလ်မှစ၍ အရဟတ္တမဂ်စိတ်ရှိတိုင်အောင်သော ပုဂ္ဂိုလ်ကို **အနာဂါမ်** ပုဂ္ဂိုလ်-ဟု ခေါ်သည်။

၄။ အရဟတ္တဖိုလ်မှ စ၍ ပရိနိဗ္ဗာန် စံဝင်တော် မူသည်တိုင်အောင် **ရဟန္တာ**-ဟု ခေါ်သည် မှတ်လေ။

မဂ်စိတ် ၄-ပါးသည် အမှန်မှာ ကုသိုလ်စိတ်ပင် ဖြစ်၏။ သို့ရာတွင် ကိလေသာတို့ကို သမုစ္ဆေဒ (အမြစ်ဖြတ်) အားဖြင့် ပယ်သတ်တတ်သော သတ္တိအထူးကို ပဓာနထား၍ ပြလိုသဖြင့် မဂ်စိတ်-ဟု ခေါ်ဝေါ် ပညတ်လေသည်။

**အဓိပ္ပါယ်** (၃၂)
သောတာပတ္တိ ပုဂ္ဂိုလ်၏ ဖိုလ်စိတ်။
သကဒါဂါမိ ပုဂ္ဂိုလ်၏ ဖိုလ်စိတ်။
အနာဂါမိ ပုဂ္ဂိုလ်၏ ဖိုလ်စိတ်။
အရဟတ္တ ပုဂ္ဂိုလ်၏ ဖိုလ်စိတ်။

၎င်း ဖိုလ်စိတ် တို့သည် မဂ်စိတ် ၄-ပါး၏ အကျိုး တရားအစစ် ဖြစ်ကုန်၏။ အောက် ကာမ, ရူပ, အရူပဝိပါက် စိတ်တို့ကဲ့သို့ ဘဝခြား၍ ဖြစ်သော အကျိုး မဟုတ်၊ အကြောင်း ဖြစ်

သော မဂ်စိတ်၏ အခြားမဲ့၌ ကပ်၍ ဖြစ်သော အကျိုး တရား ဖြစ်သည်။ ထိုကြောင့် "သောတာပတ္တိ ဝိပါကစိတ္တံ" ဟု ဟော တော် မမူဘဲ "သောတာပတ္တိ ဖလစိတ္တံ" ဟု ဟောတော်မူ၏။ ၎င်း ဖိုလ်စိတ် နှင့် ပြည့်စုံသော ပုဂ္ဂိုလ် တို့ကို သောတာပန်, သကဒါဂါမိ, အနာဂါမိ, ရဟန္တာ-ဟု အောက်က ပြခဲ့ပြီ။

ၤ လောကုတ္တရာ ကုသိုလ် စိတ်သည် ကာမ ကုသိုလ်, ရူပ ကုသိုလ်, အရူပကုသိုလ်တို့ကဲ့သို့ စိတ် အကြိမ်ပေါင်း များစွာ မဖြစ်။ တကြိမ်သာ ဖြစ်၏။ ထိုကြောင့် အကျိုးပေးခွင့် မရှိသော ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ မဖြစ်ပေါ်နိုင်ပေ၊ ထိုကြောင့် ကြိယာ စိတ် ဟူ၍ မရှိနိုင်တော့ပေ။ အကျိုးပေးခွင့် မရှိသော ရဟန္တာ သန္တာန်မှာ ဖြစ်သော ကုသိုလ်စိတ် များကို ကြိယာစိတ် ခေါ်ရ သည်-ဟု အောက်၌ ပြခဲ့သည်ကို သတိပြုပါလေ။

မဂ်စိတ်တို့သည် တကြိမ်သာ ဖြစ်နိုးဝမှတာ ဖြစ်၏။ တကြိမ် ဖြင့်ပင် ကိလေသာ တို့ကို သတ်နိုင်သော သတ္တိ ရှိ၍ တကြိမ် တည်းပင် ဖြစ်သည်။ ဥပမာ-မိုယ်းကြိုး စက်သည် တကြိမ် ပြစ် လိုက်ကာမျှဖြင့် ထိခိုက်သော ပစ္စည်းအရာဝတ္ထုများ ပျက်စီးရ သကဲ့သို့ တကြိမ်တည်းဖြင့် ကိလေသာကို သတ်နိုင်ပေသည်။

ဖိုလ်စိတ် များကား အကြိမ် များစွာ ဖြစ်ပေါ် လေသည်။ မဂ်စိတ်က ပယ်သတ်ပြီး ဖြစ်၍ ပယ်သတ်ရန် ကိစ္စမရှိ အဖန်ဖန် ထိုမဂ်၏ အကျိုးစိတ် အဖြစ်ဖြင့် ဖြစ်နိုင် လေသည်။ ဥပမာ- ရန်သူကို တကြိမ်တခါ အစသတ် အောင်မြင် လိုက်သော စစ်ဗိုလ်မှူးသည် နောက် အစဉ်အမြဲ အေးချမ်း သာယာမှုကို များစွာ ဖြစ်လေ သကဲ့သို့ ဖိုလ်စိတ်သည် ကြိမ်ဖန် များစွာ ဖြစ်လေသည်။

**မူလစာကိုယ်** ဤသို့လျှင် အလုံးစုံအားဖြင့် ၈-ပါးသော လောကုတ္တရာ
(၃၃-၃၄) ကုသိုလ်, ဝိပါက်စိတ်တို့သည် ပြီးကုန်၏။

လောကုတ္တရာ စိတ်သည် မဂ် ၄-ပါး ကွဲပြား သဖြင့် ကုသိုလ်စိတ် ၄-ပါးကွဲပြားသည်။ ထိုအတူ ဝိပါက်စိတ်သည်ထိုကုသိုလ် စိတ်၏ အကျိုး ဖြစ်သောကြောင့် ၄-ပါး ကွဲပြားသည်။ ဤသို့ ၈-ပါး မို့၏ ဟူ၍မှတ်။

---

အကျဉ်း { မဂ်=ကုသိုလ်စိတ် ၄ / ဖိုလ်=ဝိပါက်စိတ် ၄ } ပေါင်း ၈-ပါး။

အကျယ် ၄၀-ရှိသည်။ နောက်၌ ထင်ရှား လတ္တံ့။

**အဓိပ္ပါယ်** လောကုတ္တရာစိတ် ၈-ပါးတွင် ကုသိုလ်စိတ်သည်-
(၃၃-၃၄) ၁။ အရိယာနယ် ရေအယဉ်သို့ ရှေး ဦးစွာ ရောက်သော ပုဂ္ဂိုလ်၏ မဂ်။
၂။ ကာမ ဘုံသို့ တကြိမ်သာ လာနိုင်သော သကဒါဂါမ် ပုဂ္ဂိုလ်၏ မဂ်။
၃။ ကာမ ဘုံသို့ မလာသော အနာဂါမ် ပုဂ္ဂိုလ်၏ မဂ်။
၄။ ရဟန္တာ ပုဂ္ဂိုလ်၏ မဂ်။

ဤသို့ မဂ် ၄-ပါး ကွဲပြား သဖြင့် ထိုမဂ်နှင့် ယှဉ်သော ကုသိုလ် စိတ်သည် ၄-မျိုး ကွဲပြား လေသည်။ ဝိပါက်စိတ်သည် ထိုကုသိုလ်၏ အကျိုးတရားဖြစ်၍ အကြောင်းနည်းတူ လေးမျိုး ကွဲပြား လေသည်။ ဤသို့ လောကုတ္တရာစိတ် ၈-မျိုး ကွဲပြား သည်-ဟု မှတ်။

**မူလစာကိုယ် (၃၅)** ဤသို့လျှင် စိတ်တို့သည် ဇာတ် ( အမျိုး အစား ) အားဖြင့် အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀၊ ပေါင်း စိတ် ၈၉-ဖြစ်လေသည်။

---

**အဓိပ္ပါယ် (၃၅)** စိတ်တခုရေ့ ကိုးဆယ် ( ၈၉ ) ကို ဇာတ်တူ အားဖြင့် ဝေဘန်၍ ပြသော စကား ဖြစ်သည်။

ရေတွက်သော်—

| | | | |
|---|---|---|---|
| | အကုသိုလ်စိတ် | ၁၂ | ၈၉ |
| | ကုသိုလ်စိတ် | ၂၁ | |
| | ဝိပါက်စိတ် | ၃၆ | |
| | ကြိယာစိတ် | ၂၀ | |
| တနည်း- | အသောဘဏစိတ် | ၃၀ | ၈၉ |
| | သောဘဏစိတ် | ၅၉ | |
| တနည်း- | အဟိတ်စိတ် | ၁၈ | ၈၉ |
| | သဟိတ်စိတ် | ၇၁ | |
| တနည်း- | လောကီစိတ် | ၈၁ | ၈၉ |
| | လောကုတ္တရာစိတ် | ၈ | |
| တနည်း- | သမ္ပယုတ်စိတ် | ၅၅ | ၈၉ |
| | ဝိပ္ပယုတ်စိတ် | ၃၄ | |

ဤမျှဖြင့် နှစ်မျိုး ခွဲနည်း တော်လောက်ပြီ။ အခြား ခွဲနည်း ကား များလှ၏။

**မူလစာကိုယ် (၃၆)** တနည်း ဘုံအားဖြင့် စိတ်တို့သည် ကာမစိတ် ၅၄၊ ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ် ၈၊ ဤသို့ ၈၉-ပါး ဖြစ်လေသည်။

---

**အဓိပ္ပါယ် (၃၆)** ၁။ ကာမဘုံ၌ များသော အားဖြင့် ဖြစ်သော စိတ် ၅၄။

၂။ ရူပဘုံ၌ များသော အားဖြင့် ဖြစ်သော စိတ် ၁၅။

၃။ အရူပဘုံ၌ များသော အားဖြင့် ဖြစ်သော စိတ် ၁၂။

၄။ လောကုတ္တရာဘုံ၌ ဖြစ်သောစိတ် ၈။

ပေါင်း ၈၉။

ဤသို့ ဘုံအားဖြင့် ခွဲသော် အကျဉ်း ၈၉-ပါး ဖြစ်သည်။

တနည်း- ကာမစိတ် ၅၄
မဟဂ္ဂုတ်စိတ် ၂၇ } ၈၉
လောကုတ္တရာစိတ် ၈

တနည်း- သောမနဿစိတ် ၃၀
ဒေါမနဿစိတ် ၃
ဥပေက္ခာစိတ် ၅၅ } ၈၉
သော,ဥ ၂-ပါးစိတ် ၁

ဤသို့ စိတ်အကျဉ်း ၈၉-၏ အဓိပ္ပါယ် သရုပ်အကျဉ်း ဂါထာ များဖြင့် ပြီးလေပြီ။

မူလစာကိုယ် (၃၇-၃၈) ဤသို့ တခုယုတ် ၉၀-အပြားရှိသော စိတ်ကို ပညာရှိတို့သည် ၁၂၁-ပါး ရှိသည်-ဟု ဝေဘန်ကြ ကုန်၏။ တခုယုတ် ၉၀၊ ၀၁-၈၉ ပါးသော စိတ်ကို ၁၂၁-ပါး ဖြစ်အောင် အဘယ်သို့ ဝေဘန်ကြကုန်သနည်း။

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာနှင့် တကွသော ပထမဈာန် သောတာပတ္တိ မဂ်စိတ်။

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာနှင့် တကွသော ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ်။

၃။ ပီတိ, သုခ, ဧကဂ္ဂတာနှင့် တကွသော တတိယဈာန် သောတာပတ္တိ မဂ်စိတ်။

၄။ သုခ, ဧကဂ္ဂတာနှင့် တကွသော စတုတ္ထဈာန် သောတာပတ္တိ မဂ်စိတ်။

၅။ ဥပေက္ခာ, ဧကဂ္ဂတာနှင့် တကွသော ပဉ္စမဈာန်သောတာပတ္တိ မဂ်စိတ်။

ဤသို့ ၅-ပါးသောစိတ်တို့သည် သောတာပတ္တိမဂ်စိတ်တို့ မည်ကုန်၏။

---

## လောကုတ္တရာစိတ် အကျယ် ၄၀ ပွါးခြင်း အကြောင်း။

ပုဂ္ဂိုလ်သည် ၁။ ဈာန်တရား ရအောင် သမထကို အားထုတ်သော သမထယာနိက ပုဂ္ဂိုလ်။ ၂။ မဂ်,ဖိုလ်ရအောင် ဝိပဿနာကို အားထုတ်သော ဝိပဿနာယာနိက ပုဂ္ဂိုလ် ဟူ၍ ၂-မျိုး ရှိလေသည်။ ထိုတွင် ဈာန်ရပြီးသော သမထယာနိက ပုဂ္ဂိုလ်သည် မဂ်, ဖိုလ် ရရန် ဝိပဿနာကို အားထုတ်၏။ ထိုအခါ ရပြီးသော ဈာန် ၅-မျိုးအနက် တပါးပါးကို အခြေခံပြု၍ အားထုတ်၏။ ထိုအခြေခံ ပြုသော ဈာန်ကို **''ပါဒက''** ဈာန်-ဟု ခေါ်၏။

ဈာန်ရ ပြီးသော သမထ ယာနိက ပုဂ္ဂိုလ် တဦး မူကား၊ အခြေခံမပြုဘဲ မဂ်,ဖိုလ်ရရန် ဝိပဿနာကို အားထုတ်၍၊ ရပြီးသော ဈာန် ၅–မျိုး အနက် တပါးပါးကို လက္ခဏာယာဉ် သုံးပါးသို့ တင်လျက် သုံးသတ်၏။ ထိုသုံးသတ်သော ဈာန်ကို "**သမ္မသိတ**" ဈာန်ဟု ခေါ်၏

ဈာန်ရပြီးသော သမထယာနိက ပုဂ္ဂိုလ် တဦးမူကား မဂ် ဖိုလ်ရရန် ဝိပဿနာ အားထုတ်သောအခါ ရပြီးဈာန် ၅–ပါး အနက် တပါးပါးကို အခြေခံလည်းပြု၏။ ရပြီးဈာန်အနက် တပါးပါးကို လက္ခဏာယာဉ် သုံးပါးသို့ တင်လျက်လည်း သုံးသပ်၏။ ၂–မျိုးစလုံး ပြုလုပ်သည်ဖြစ်၍ "**ဥဘယဈာနိက**" ပုဂ္ဂိုလ်ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ ဆန္ဒကို "**ပုဂ္ဂလဇ္ဈာသယ**" ဈာန်ဟု ခေါ်၏။ ။ထိုဈာန် ၃–မျိုးကို မှတ်ထားပါ။

သမထယာနိကပုဂ္ဂိုလ်သည် ဈာန် ၅–မျိုးအနက် ပထမဈာန်ကို အခြေခံပြုကာ အားထုတ်သည် ဆိုကြပါစို့.... ထိုပုဂ္ဂိုလ်သည် ဝိပဿနာ၏ အထွတ်အထိပ် သောတာပတ္တိမဂ်ကို ရသောအခါ ထိုသောတာပတ္တိ မဂ်စိတ်သည် အခြေခံ ပြုသော ပထမဈာန်နှင့်တူစွာ ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန် သောတာပတ္တိ မဂ်စိတ် ဖြစ်ပေါ်လေသည်။

ထိုအတူ—

ဒုတိယဈာန်ကို အခြေခံလျှင် ဒုတိယဈာန် သောတာ ပတ္တိမဂ်စိတ်။

တတိယဈာန်ကို အခြေခံလျှင် တတိယဈာန် သောတာ ပတ္တိမဂ်စိတ်။

စတုတ္ထဈာန်ကို အခြေခံလျှင် စတုတ္ထဈာန် သောတာ ပတ္တိမဂ်စိတ်။

ပဥ္စမဈာန်ကို အခြေခံလျှင် ပဥ္စမဈာန် သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ် လာလေသည်။ ။ဤကား— ပါဒကဈာန်နှင့် တူပုံတည်း။

သမထယာနိက ပုဂ္ဂိုလ်တဦးသည် ဈာန် ၅-ပါးအနက် တပါးပါးကို အခြေခံခြင်းမပြုဘဲ ပထမဈာန်ကို ဆင်ခြင် သုံးသပ်သည်ဆိုကြပါစို့····ထိုပုဂ္ဂိုလ်သည် ဝိပဿနာ၏အထွဋ်အထိပ် သောတာပတ္တိမဂ်ကို ရသောအခါ ထိုသောတာပတ္တိ မဂ်စိတ်သည် သုံးသပ်သော ပထမဈာန်နှင့်တူစွာ ဈာန်အင်္ဂါ ၅-ပါး ရှိသော ပထမဈာန်သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်ရလေသည်။

ထိုအတူ-

ဒုတိယဈာန်ကို ဆင်ခြင်သုံးသပ်လျှင် ဒုတိယဈာန်သောတာပတ္တိမဂ်စိတ်၊

တတိယဈာန်ကို ,, တတိယဈာန် သောတာပတ္တိမဂ်စိတ်၊

စတုတ္ထဈာန်ကို ,, စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ်၊

ပဥ္စမဈာန်ကို ,, ပဥ္စမဈာန် သောတာပတ္တိမဂ်စိတ်၊

ဖြစ်ပေါ်ရလေသည်။ ။ဤကား-သမ္မသိတဈာန်နှင့်တူပုံတည်း။

သမထယာနိက ပုဂ္ဂိုလ်တဦးမှုကား ဈာန် ၅-ငါးပါး အနက် ပထမဈာန်ကိုအခြေခံလည်းပြု၏၊ သုံးလည်းသုံးသပ်၏။ ထိုအခါ

ဖြစ်ပေါ် လာသော သောတာပတ္တိ မဂ်စိတ်သည် ပထမဈာန် သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်၏။ ထိုသို့ဖြစ်ပုံကား မရှုပ်ထွေး မဆန့်ကျင်လှသေးပေ။

သမထယာနိက ပုဂ္ဂိုလ်တဦးမှုကား ဈာန် ၅-ပါးအနက် ပထမဈာန်ကို အခြေခံပြု၍ ဒုတိယဈာန်ကို သုံးသပ် ဆင်ခြင်သဖြင့် မဂ် ရသောအခါ အဘယ် မဂ် ခေါ်မည်နည်း။ ပါဒက ဈာန်သို့လိုက်၍ ပထမဈာန် သောတာပတ္တိမဂ် ခေါ်ရမည်လား။ သို့မဟုတ် သမ္မသိတ ဈာန်သို့လိုက်၍ ဒုတိယဈာန် သောတာပတ္တိမဂ် ခေါ်ရမည်လား–ဟု ရှုပ်ထွေး ဆန့်ကျင်ဖြစ်လာသောအခါ ''**ပုဂ္ဂလဇ္ဈာသယ**''ဈာန်ဟု ပြဆိုခဲ့သည့်အတိုင်း ယောဂီပုဂ္ဂိုလ်၏ သန္ဓေ ကားအလျော်စွာ **ပါဒက** အခြေခံပြုသော ဈာန်နှင့်တူလိုက ပထမဈာန် သောတာပတ္တိ မဂ်စိတ်ဖြစ်၏။ **သမ္မသိတ** သုံးသပ်သော ဈာန်နှင့်တူလိုက ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ်ဖြစ်၏။ ဤကား **ပုဂ္ဂလဇ္ဈာသယ** ဈာန်နှင့်တူပုံတည်း။

အကယ်၍ **ပုဂ္ဂလဇ္ဈာသယ** ပုဂ္ဂိုလ်၏ အလိုဆန္ဒ မရှိခဲ့သော် အထက်ကြသော ဈာန်နှင့်တူ၏။ အဘယ်သို့တူသနည်း သမထယာနိက ပုဂ္ဂိုလ်သည် ပထမဈာန်ကို အခြေခံပြု၏။ ဒုတိယဈာန်ကို ဆင်ခြင်သုံးသပ်၏။ သောတာပတ္တိမဂ် ရသောအခါ အလိုဆန္ဒမရှိလျှင် အထက်ကျသော ဒုတိယဈာန်နှင့် တူသော သောတာပတ္တိ မဂ်စိတ်ဖြစ်ရ၏။ သမထ ယောဂီ တယောက်သည်။ ဒုတိယဈာန်ကို အခြေခံပြု၍ တတိယဈာန်ကိုသုံးသပ်၏။ အလိုဆန္ဒ မရှိလျှင် အထက်ကျသော တတိယဈာန်နှင့်တူသော သောတာပတ္တိ မဂ်စိတ်ဖြစ်ရ၏။ အကယ်၍ ယောဂီတယောက်သည် တတိယဈာန်ကို အခြေခံပြုကာ ဒုတိယဈာန်ကို ဆင်ခြင်

သုံးသပ်၏။ ထိုအခါဖြစ်ပေါ်လာသောမဂ်စိတ်သည် အလိုဆန္ဒမရှိလျှင် အထက်ကျသော တတိယဈာန်နှင့် တူစွာ တတိယဈာန် သောတာပတ္တိ မဂ်စိတ်ဖြစ်သည်။ ။ဤကား အထက်ဈာန်နှင့်တူစွာ ဖြစ်ပုံတည်း။

အကျဉ်းချုပ်အားဖြင့် ဆိုသော်—သောတာပတ္တိ မဂ်စိတ် ၁-ပါးသည် အခြေခံပြုသော **ပါဒက**, သုံးသပ်သော **သမ္မသိတ** ပုဂ္ဂိုလ်၏ ဆန္ဒ ဟူသော **ပုဂ္ဂလဇ္ဈာသယဈာန်** တို့နှင့် တူစွာ ဖြစ်ပေါ်သောကြောင့်—

(၁) ပထမဈာန် သောတာပတ္တိ မဂ်စိတ်၊
(၂) ဒုတိယဈာန် သောတာပတ္တိမဂ်စိတ်၊
(၃) တတိယဈာန် ။ စိတ်၊
(၄) စတုတ္ထဈာန် ။ စိတ်၊
(၅) ပဉ္စမဈာန် ။ စိတ်၊

ဟူ၍ ငါးပါး ပြားရလေသည်။

နှုတ်တက် ကျက်လိုသူများအတွက် လင်္ကာများ

ပါဒကဥ္စ….. *ပထမဈာန်၊ စသည့်တို့တွင်၊
မှတ်မထင်ကို၊ ဝင်စားပြီးမှ၊
သန်္ဒါရကို၊ ထဲ၍သုံးသပ်၊
မဂ်ရလပ်မူ၊ မှတ်ယူမပြား။
အင်္ဂါအားဖြင့်၊ ဝင်စားရဈာန်၊
အမှန်မုချ၊ ပါဒကနှင့်၊
အရဟူလေစမြဲတည်း။ ။

သမ္မသိတဥ္စ…. *ဈာန်ပါဒက၊ မရှိကြဘဲ၊
ပထမဈာန်၊ စသည့်တို့တွင်၊
မှတ်မတင်ကို၊ တင်ကာသုံးသပ်၊
ရအပ်သည့်မဂ်၊ မပျက်အင်္ဂါ၊
သုံးသပ်ရာနှင့်၊ တူလာမကွဲ
မပြားတည်း။ ။

ပုဂ္ဂလဇ္ဈာသယဥ္စ….*ဈာန်ကိုပင်လျှင်၊ ဝင်စားပြီးမှ၊
ထ၍တဖန်၊ ဈာန်ကိုသုံးသပ်၊
မဂ်ရလပ်မူ၊ မှတ်ယူမပြား၊
အင်္ဂါအားမှာ၊ ဝင်စားသုံးသပ်၊
ထို ၂-ရပ်တွင်၊ လိုချင်ရာနှင့်၊
တူလာမကွဲ မပြားတည်း။ ။

(ဘုရားကြီး ဆရာတော်)

**မူလစာကိုယ်** (၃၉-၄၀) ထို သောတာပတ္တိ မဂ်စိတ် အတူ သကဒါဂါမိ မဂ်စိတ် ၅-ပါး, အနာဂါမိ မဂ်စိတ် ၅-ပါး, အရဟတ္တ မဂ်စိတ် ၅-ပါး, ပေါင်း မဂ်စိတ် ၂၀။ ထိုအတူ ဖိုလ်စိတ် ၂၀။ ဤသို့ လောကုတ္တရာ စိတ်တို့သည် ၄၀-ဖြစ်ကုန်၏။

---

**အဓိပ္ပါယ်** (၃၉-၄၀) သောတာပတ္တိ မဂ်စိတ်သည် ၅-ပါး ရှိသကဲ့သို့ ထိုအတူ—

| | |
|---|---|
| ပထမဈာန် သကဒါဂါမိ မဂ်စိတ် | သကဒါဂါမိ မဂ်စိတ် ၅-ပါး။ |
| ဒုတိယဈာန် သကဒါဂါမိ မဂ်စိတ် | |
| တတိယဈာန် သကဒါဂါမိ မဂ်စိတ် | |
| စတုတ္ထဈာန် သကဒါဂါမိ မဂ်စိတ် | |
| ပဉ္စမဈာန် သကဒါဂါမိ မဂ်စိတ် | |

ထိုအတူ အနာဂါမိမဂ်စိတ် ၅-ပါး။ အရဟတ္တမဂ်စိတ် ၅-ပါး။ ပေါင်း မဂ်စိတ် ၂၀-ဖြစ်သည်။ ထိုအတူ ဖိုလ်စိတ်သည်လည်း—

| | | |
|---|---|---|
| သောတာပတ္တိဖိုလ်စိတ် | ၅ | အားဖြင့် ၂၀-ဖြစ်သည်။ |
| သကဒါဂါမိဖိုလ်စိတ် | ၅ | |
| အနာဂါမိဖိုလ်စိတ် | ၅ | |
| အရဟတ္တဖိုလ်စိတ် | ၅ | |

ပေါင်း မဂ် ၂၀၊ ဖိုလ် ၂၀၊ လောကုတ္တရာ အကျယ် ၄၀-ဖြစ်လေသည်။

မူလစာကိုယ် (၄၁-၄၂) ရူပါဝစရစိတ်ကို ပထမဈာန်စသော အကွဲအပြား အားဖြင့် ယူအပ်သကဲ့သို့ လောကုတ္တရာစိတ်ကို ပထမဈာန်စသော ဈာန် ၅-ပါး အကွဲအပြားဖြင့် ယူအပ်၏။ အရူပစိတ် ၁၂-ပါးကိုလည်း ပဉ္စမဈာန်၌ (ထည့်သွင်း) ယူအပ်၏။

ထိုကြောင့် ပထမဈာန်စသော တပါးတပါးသော ဈာန်စိတ်သည် ၁၁-ပါးသည်ဟု ဆိုအပ်၏။ အဆုံးဖြစ်သော ပဉ္စမဈာန် စိတ်သည်ကား ၂၃-ပါးရှိ၏

---

အဓိပ္ပါယ် (၄၁-၄၂) ရူပါဝစရစိတ်ကို ပထမဈာန်,ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်,ပဉ္စမဈာန်-ဟု ဈာန် ၅-ပါးဖြင့် ယူရ သကဲ့သို့ လောကုတ္တရာစိတ် ၈-ခု ကိုလည်း ဈာန် ၅-ပါးဖြင့် ယူရ၏။ အရူပစိတ် ၁၂-ပါး ကိုကား ပဉ္စမဈာန်၌ ထည့်သွင်း ရေတွက်၍ ယူအပ်၏။ အဘယ့်ကြောင့်နည်း။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါခြင်း တူသောကြောင့် ယူရသည်။

လိုရင်းကား ရူပါဝစရစိတ် ၁၅-ပါး၌လည်း ပထမဈာန်စသော ဈာန် ၅-မျိုး, လောကုတ္တရာစိတ် အကျယ်မှာလည်း ဈာန် ၅-မျိုး, အရူပ ၁၂-ပါး၌ကား ပဉ္စမဈာန် ၁-သာ ဖြစ်၍—

| | | | |
|---|---|---|---|
| ရူပါဝစရ ပထမဈာန်စိတ် | ၃ | } | ပထမဈာန် |
| လောကုတ္တရာ ပထမဈာန်စိတ် | ၈ | | ၁၁ |
| ရူပါဝစရ ဒုတိယဈာန်စိတ် | ၃ | } | ဒုတိယဈာန် |
| လောကုတ္တရာ ဒုတိယဈာန်စိတ် | ၈ | | ၁၁ |
| ရူပါဝစရ တတိယဈာန်စိတ် | ၃ | } | တတိယဈာန် |
| လောကုတ္တရာ တတိယဈာန်စိတ် | ၈ | | ၁၁ |

**မူလစာကိုယ် (၄၃)** ကုသိုလ်စိတ် ၃၇-ပါး, ဝိပါက်စိတ် ၅၂-ပါး ဤသို့ စိတ်အကျယ် ၁၂၁-ပါး ရှိသည်ဟု ပညာရှိများ ဆိုကြသည်။ ။

| | | |
|---|---|---|
| ရူပါဝစရ စတုတ္ထဈာန်စိတ် | ၃ | စတုတ္ထဈာန် ၁၁ |
| လောကုတ္တရာ စတုတ္ထဈာန်စိတ် | ၈ | |
| ရူပါဝစရ ပဉ္စမဈာန်စိတ် | ၃ | ပဉ္စမဈာန် ၂၃ |
| လောကုတ္တရာ ပဉ္စမဈာန်စိတ် | ၈ | |
| အရူပါဝစရ ပဉ္စမဈာန်စိတ် | ၁၂ | |

**အဓိပ္ပါယ် (၄၃)** အကုသိုလ်စိတ် ၁၂-ပါး, ကုသိုလ်စိတ် ၃၇-ပါး ဝိပါက်စိတ် ၅၂-ပါး, ကြိယာစိတ် ၂၀။ ဤသို့ အကျယ် ၁၂၁-ပါး ဖြစ်သည်။

အကုသိုလ်စိတ်, ကြိယာစိတ်တို့ကား အကျယ်မရှိ။ ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်များသာ အကျယ်ရှိသည်။

## အချုပ်အားဖြင့် ရေတွက်သော်—

| စိတ်အမည် | အကျဉ်း | | အကျယ် | |
|---|---|---|---|---|
| အကုသိုလ်စိတ် | ၁၂ | .... | ၁၂ | - အကျဉ်းအကျယ်မရှိ |
| ကုသိုလ်စိတ် | ၂၁ | .... | ၃၇ | - အကျဉ်း-အကျယ် |
| ဝိပါက်စိတ် | ၃၆ | .... | ၅၂ | - ။ ။ |
| ကြိယာစိတ် | ၂၀ | .... | ၂၀ | - အကျဉ်းအကျယ်မရှိ |
| | ၈၉ | .... | ၁၂၁ | |

စိတ်အကျဉ်း ၈၉—အကျယ် ၁၂၁-ပါးဖြစ်သည်။

စိတ်ပိုင်း ပြီး၏။

# စိတ်ပိုင်း နောက်ဆက်တွဲ။

---

## အကျဉ်းချုပ် သိမှတ်ဘွယ်

စိတ် ဟူသည် **အာရမဏဝိဇာနန** အာရုံကို သိတတ်သော သဘော တခုသာ ဖြစ်၏။ ထိုကြောင့် စိတ်သည် သာမည လက္ခဏာ အားဖြင့် ၁-ပါးသာ။ ဘုံအားဖြင့်-

(၁) ကာမစိတ်, (၂) ရူပစိတ်, (၃) အရူပစိတ်, (၄) လောကုတ္တရာ စိတ်-ဟု ၄-ပါး ဖြစ်၏။ ထို ၄-ပါးတွင် (၁) ကာမစိတ်သည်လည်း ကုသိုလ်,အကုသိုလ်,အဗျာကတ ဟု ဇာတ် ၃-မျိုး ကွဲပြားသဖြင့် ၃-ပါးရှိ၏။ ထိုတွင် ကုသိုလ် သည် ခံစားခြင်း ဝေဒနာ, အသိဉာဏ်, သင်္ခါရ ၃-မျိုး တို့၏ ယှဉ်မှု,မယှဉ်မှုဖြင့် ၈-မျိုး ကွဲလေသည်။

အကုသိုလ်သည် လောဘမူလ, ဒေါသမူလ, မောဟမူလ ဟူသော မူလ အားဖြင့် ၃-မျိုး ကွဲပြားသည်။ ထို ၃-မျိုးတွင် လောဘ မူလ၌ ခံစားမှု ဝေဒနာ, ဒိဋ္ဌိ, သင်္ခါရ တို့၏ ယှဉ်မှု, မယှဉ်မှုဖြင့် ၈-မျိုး ကွဲပြားလေသည်။ ဒေါသမူလ၌ သင်္ခါရ၏ ယှဉ်မှု, မယှဉ် မှုဖြင့် ၂-မျိုး ကွဲပြား လေသည်။ ။မောဟ မူလ၌ ဝိစိကိစ္ဆာ မောဟ, ဥဒ္ဓစ္စမောဟ အားဖြင့် ၂-မျိုး ကွဲပြား လေသည်။

| | | |
|---|---|---|
| ထိုကြောင့် လောဘမူလ၌ | ၈ | -ပေါင်း ၁၂-ပါးရှိသည်။ |
| ဒေါသမူလ၌ | ၂ | |
| မောဟမူလ၌ | ၂ | |

အဗျာကတသည် အဟေတုက,သဟေတုက ၂-မျိုး ကွဲပြားသည်။ ထိုတွင် အဟေတုက၌ ဝိပါက်စိတ် ၁၅, ကြိယာစိတ် ၃။ ထိုတွင် ဝိပါက် ၁၅-မှာ မြင်ခြင်းကိစ္စ, ကြားခြင်းကိစ္စ, နံခြင်းကိစ္စ,လျက်ခြင်းကိစ္စ,တွေ့ထိခြင်းကိစ္စ, လက်ခံခြင်းကိစ္စ, စုံစမ်းခြင်း ကိစ္စတို့၏ ကွဲပြားမှုဖြင့် အာရုံကောင်း၌ ကုသလဝိပါက် ၈-ပါး၊ အာရုံ မကောင်း၌ အကုသလ ဝိပါက်စိတ် ၇-ပါး၊ ပေါင်း ၁၅-ပါး ဖြစ်လာသည်။

အဟိတ် ကြိယာ စိတ်မှာ ဆင်ခြင်မှု ကိစ္စ အားဖြင့် ဒွါရ ၫးပါး၌ ဆင်ခြင်သော ပဥ္စဒွါရာဝဇ္ဇန်း,မနောဒွါရ၌ ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း, ဘုရားရဟန္တာတို့ ရယ်သော ဟသိတုပ္ပါဒ် ဟူ၍ ၃-ပါး ဖြစ်သည်။

ထိုကြောင့်-- အကုသလဝိပါက်စိတ် ၇ ⎫
ကုသလဝိပါက်စိတ် ၈ ⎬ ပေါင်း ၁၈။
အဟိတ်ကြိယာစိတ် ၃ ⎭

သဟေတုက အဗျာကတ စိတ်သည်လည်း ဝိပါက် ကြိယာ ၂-မျိုး ရှိ၏။ ထိုတွင် ဝိပါက်စိတ်သည် ဝေဒနာ, ဉာဏ်,သင်္ခါရ ရှိမှု, မရှိမှု တို့ဖြင့် ၈-မျိုး ရှိသည်။ ထိုအတူ ကြိယာစိတ် သည်လည်း ဝေဒနာ,ဉာဏ်,သင်္ခါရရှိမှု,မရှိမှုတို့ဖြင့် ၈-မျိုး ရှိသည်။

ထိုကြောင့်- အဟိတ်စိတ် ၁၈ ⎫
သဟိတ်စိတ် ၁၆ ⎭ ပေါင်း ၃၄။

ကာမဘုံ၌ ဖြစ်သော စိတ်သည်-

| | | |
|---|---|---|
| ကုသိုလ်စိတ် | ၈ | ၅၄-ဖြစ်သည်။ |
| အကုသိုလ်စိတ် | ၁၂ | |
| အဗျာကတစိတ် | ၃၄ | |

ဓမ္မသင်္ဂဏီပါဠိတော် "ကုသလာဓမ္မာ, အကုသလာဓမ္မာ အဗျာကတာဓမ္မာ" အတိုင်း ဝေဘန် လိုက်သည်။

ရူပဘုံ၌ ဖြစ်သော ရူပ စိတ်သည် ကုသိုလ်ဇာတ်, အဗျာကတဇာတ် ၂-မျိုး ရှိသည်။ ထိုတွင် ကုသိုလ် စိတ်သည် ဝိတက် စသော ဈာန်အင်္ဂါ ၅-ပါးတို့၏ ကွဲပြားမှုဖြင့် ၅-မျိုး ဖြစ်လေသည်။ ။အဗျာကတသည် ဝိပါက်ကြိယာ အားဖြင့် ၂-ပါး ရှိ၏။ ထိုဝိပါက်နှင့် ကြိယာစိတ်တို့ သည်လည်း ဝိတက် စသော ဈာန်အင်္ဂါ ၅-ပါးတို့ဖြင့်ပင် ၅-မျိုးစီရှိ၍ ၁၀-ပါး ဖြစ်သည်။

ထို့ကြောင့်-

| | | |
|---|---|---|
| ကုသိုလ်စိတ် | ၅ | ၁၅-ဖြစ်သည်။ |
| ဝိပါက်စိတ် | ၅ | |
| ကြိယာစိတ် | ၅ | |

အရူပဘုံ၌ ဖြစ်သော စိတ်တို့သည် ကုသိုလ်ဇာတ်, အဗျာကတဇာတ် အားဖြင့် ၂-မျိုးရှိသည်။ ထိုတွင် ကုသိုလ်စိတ်သည် အာရုံ ၄-မျိုး ကွဲပြားသဖြင့် ၄-မျိုး ပြားလေသည်။ ထိုအတူ အဗျာကတဇာတ် ဖြစ်သော ဝိပါက် ကြိယာစိတ် ၂-မျိုးသည် လည်းအာရုံ ၄-မျိုး ကွဲပြားသဖြင့် ၄-မျိုး ကွဲပြားလေသည်။

ထိုကြောင့် အရူပစိတ်သည်-

| | | |
|---|---|---|
| ကုလိုလ် | ၄ | ပေါင်း ၁၂။ |
| ဝိပါက် | ၄ | |
| ကြိယာ | ၄ | |

လောကုတ္တရာစိတ်သည် ကုသိုလ်,အဗျာက ၂-မျိုး ကွဲပြား သည်။ ထိုတွင် ကုသိုလ်သည် မဂ် ၄-မျိုး ကွဲပြား သဖြင့် စိတ် ၄-မျိုး ကွဲပြားသည်။ အဗျာကတ ဖြစ်သော ဝိပါက် စိတ်သည် လည်း ထို မဂ် နည်းတူ ၄-မျိုး ကွဲပြား သဖြင့် ဖိုလ်စိတ်ခေါ် ဝိပါက်စိတ် ၄-မျိုး ဖြစ်သည်။

ထိုကြောင့် လောကုတ္တရာစိတ်သည်-

| | | |
|---|---|---|
| ကုသိုလ် | ၄ | ပေါင်း ၈။ |
| ဝိပါက် | ၄ | |

ထိုကြောင့် စိတ်သည်-

| | | |
|---|---|---|
| ကာမစိတ် | ၅၄ | ပေါင်း ၈၉။ |
| ရူပစိတ် | ၁၅ | |
| အရူပစိတ် | ၁၂ | |
| လောကုတ္တရာစိတ် | ၈ | |

**စိတ်ပိုင်းပြီး၏။**

# စေတသိက်ပိုင်း

---

## စိတ်ပရမတ်ကို ဝေဘန်ပြီး၍ စေတသိက်ပရမတ်ကို ဝေဘန် ပြပေအံ့။

မူလစာကိုယ် (၁) စိတ်နှင့် တူသော ဖြစ်ခြင်း, စိတ်နှင့် တူသော ချုပ်ခြင်း, စိတ်နှင့်တူသောအာရုံ,စိတ်နှင့်တူသော မှီရာရှိကုန်သော စိတ်နှင့် ယှဉ်ကုန်သော ၅၂ -ပါးသော သဘောတရား တို့ကို စေတသိက် ဟူ၍ သိအပ်ကုန်၏။

---

**အဓိပ္ပါယ် (၁)** ၎င်း ဂါထာသည် စေတသိက်၏ လက္ခဏာကို ပြသော ဂါထာ ဖြစ်သည်၊ ၎င်း၌ လက္ခဏာ (အမှတ်အသား) ၄-မျိုး ရှိသည်။

(၁) **ဧကုပ္ပါဒ**=စိတ်နှင့် အတူ ဖြစ်ခြင်း။
(၂) **ဧကနိရောဓ**=စိတ်နှင့် အတူ ချုပ်ခြင်း။
(၃) **ဧကာလမ္ဗဏ**=စိတ်နှင့် အာရုံ တူခြင်း။
(၄) **ဧကဝတ္ထုက**=စိတ်နှင့် မှီရာ တူခြင်း။

ဤလက္ခဏာ ၄-ပါးနှင့် ပြည့်စုံသော သဘောတရား များ သည် စိတ်၌ မှီတွယ် စိတ်ကို ချယ်လှယ်တတ် သောကြောင့် စေ တသိက် မည်ကုန်၏။ ယိုစေတသိက်တို့သည် ၅၂-ပါးရှိကုန်၏။ ပရမတ္ထတရား ၄-ပါး အနက် စေတသိက် ၅၂-ပါးသာ ဆိုခဲ့ ပြီးသော လက္ခဏာ ၄-ပါနှင့် ညီညွတ် ပြည့်စုံ၏။ အခြား ရုပ်, နိဗ္ဗာန်တို့သည်ကား လက္ခဏာ ၄-ပါးနှင့် မညီညွတ် မပြည့်စုံ။ အဘယ်သို့နည်း။ ရုပ်သည် စိတ်နှင့် အတူ ဖြစ်ခြင်း လက္ခဏာ

# စေတသိက်။

## အညသမာန်းစေတသိက် (၁၃)

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) | ဖဿ |
| | ဝေဒနာ |
| | သညာ |
| | စေတနာ |
| | ဧကဂ္ဂတာ |
| | ဇီဝိတိန္ဒြိယ |
| | မနသိကာရ |
| ပကိဏ်းစေတသိက် (၆) | ဝိတက် |
| | ဝိစာရ |
| | အဓိမောက္ခ |
| | ဝီရိယ |
| | ပီတိ |
| | ဆန္ဒ |
| အညသမာန်း ၁၃ | |

## အကုသိုလ်စေတသိက် (၁၄)

| | |
|---|---|
| ၄ အကုသလသာဓာရဏ | မောဟ |
| | အဟိရိက |
| | အနောတ္တပ္ပ |
| | ဥဒ္ဓစ္စ |
| ၃ လောဘတိက် | လောဘ |
| | ဒိဋ္ဌိ |
| | မာန |
| ၄ ဒေါသစတုက် | ဒေါသ |
| | ဣဿာ |
| | မစ္ဆရိယ |
| | ကုက္ကုစ္စ |
| ဒွိက် | ထိန |
| | မိဒ္ဓ |
| | ဝိစိကိစ္ဆာ |
| အကုသိုလ် ၁၄ | |

## သောဘဏစေတသိက် (၂၅)

| | |
|---|---|
| သောဘဏသာဓာရဏစေတသိက် (၁၉) | သဒ္ဓါ |
| | သတိ |
| | ဟိရီ |
| | ဩတ္တပ္ပ |
| | အလောဘ |
| | အဒေါသ |
| | တတြမဇ္ဈတ္တတာ |
| | ကာယပဿဒ္ဓိ |
| | စိတ္တပဿဒ္ဓိ |
| | ကာယလဟုတာ |
| | စိတ္တလဟုတာ |
| | ကာယမုဒုတာ |
| | စိတ္တမုဒုတာ |
| | ကာယကမ္မညတာ |
| | စိတ္တကမ္မညတာ |
| | ကာယပါဂုညတာ |
| | စိတ္တပါဂုညတာ |
| | ကာယုဇုကတာ |
| | စိတ္တုဇုကတာ |
| ၃ ဝိရတီ | သမ္မာဝါစာ |
| | သမ္မာကမ္မန္တ |
| | သမ္မာအာဇီဝ |
| ၂ အပ္ပမညာ | ကရုဏာ |
| | မုဒိတာ |
| | ပညိန္ဒြေ |
| သောဘဏ ၂၅ | |

စေတသိက် အကျဉ်း

သရုပ်-ဇယား

၁၃ + ၁၄ + ၂၅ = စေတသိက်ပေါင်း ၅၂။

**မူလစာကိုယ် (၂)** စေတသိက် ၅၂-ကား အဘယ်နည်း။ ဖဿ,ဝေဒနာ, သညာ,စေတနာ,ဧကဂ္ဂတာ,ဇီဝိတိန္ဒြေ,မနသိကာရ, ဤ ၇-ပါးသော သဘောတရားတို့သည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသောကြောင့် "သဗ္ဗစိတ္တသာဓာရဏ" စေတသိက် မည်ကုန်၏။

---

၁-ပါးနှင့်ကား ပြည့်စုံ၏။ သို့ရာတွင် စိတ်နှင့် အတူ ဖြစ်သော ရုပ်သည် စိတ်နှင့် အတူ မချုပ်။ ရုပ်ကား အသက် ရှည်၍ နောက်မှ ချုပ်၏။ သို့ဖြစ်၍ ဧကနိရောဓ စသော လက္ခဏာ ၃-ပါး မရ။ ထိုသို့ မရသောကြောင့် စေတသိက် မခေါ်ရ။ နိဗ္ဗာန် တရားကား စိတ်နှင့်အတူ ဖြစ်မှုမျှပင် မရှိသောကြောင့် သာ၍ပင် စေတသိက် မမည်ပေ။ (အောက်စိတ်ပိုင်း၌ ပြခဲ့သည့် အတိုင်း စေတသိက် အကြောင်း အကျယ်ကို သိပါလေ။)

**အဓိပ္ပါယ် (၂)** ၁။ **ဖဿ** - ဟူသည် အာရုံကို တွေ့ထိသော သဘော တရား ဖြစ်သည်။ အဘယ်သို့ တွေ့ထိတတ် သနည်း။ အာရုံ နှင့် ပသာဒတို့ ဆုံစီးသောအခါ ဝိညာဏ်နှင့် တွဲလျက် ဖဿ ဖြစ်ပေါ်လာ၏။ ထို ဖဿသည် အာရုံ၏ ကောင်းသော သဘော, မကောင်း သော သဘောကို တွေ့ ထိ သကဲ့သို့ ဖြစ်တတ်၏။ ဖဿကား- နာမ်တရား ဖြစ်၍ တကယ် မတွေ့ထိတတ် သော်လည်း တွေ့ထိ တတ်သော တရားတို့၏ တွေ့ထိခြင်း ကိစ္စကို ပြီးစေတတ်၏။ အဘယ်သို့နည်း - အာရုံ၏ သဘောအား လျော်စွာ စိတ်၏ ဖေါက်ပြန်ခြင်း,ဝေဒနာအထူးဖြစ်ပေါ်ခြင်းသို့ ရောက်အောင် ပြုလုပ်ခြင်းသည် တွေ့ထိခြင်း ကိစ္စကို ပြီးစေတတ်သည် မည်၏။ ဥပမာ-ချဉ်သီးကိုမြင်ရည်ရှက်ရည်စားနေသူကိုမြင်သောအခါ

မြင်သူ၌ သရည်ယိုခြင်း ပါးစပ်ပြင်ခြင်း စသည် ဖြစ်ပေါ်မှုသည် စိတ် ဖေါက်ပြန်ခြင်း ဝေဒနာ အထူး ဖြစ်ပေါ် ခြင်းသို့ ရောက် အောင် ဖဿ တရားက ပြုလုပ် ပေးခြင်း ဖြစ်၏။ ထိုသို့ ပြုလုပ် ပေးခြင်း သည်ပင် ဖဿ၏ တွေ့ထိခြင်း ကိစ္စကို ပြီးစေမှု ဖြစ် လေသည်။ သစ်ပင်ဖျား တက်သူကို မြင်ရာ မြင်သူ၏ စိတ်တုန် လှုပ်သော အားဖြင့် ထိခိုက်မှု စသည် ဖြစ်သကဲ့သို့ ဖဿ၏ သဘောသည် စာတ်ထိခိုက်ခြင်းပင် ဖြစ်သည်။

၂။ **ဝေဒနာ** – ဟူသည် အာရုံ၏ အရသာကို ခံစားခြင်း သဘောတရား ဖြစ်သည်။ အဘယ်သို့ ခံစားသနည်း–အာရုံနှင့် ပသာဒတို့ ဆုံစီးကြသောအခါ စိတ်ခေါ်ဝိညာဏ်နှင့် ဝေဒနာ စေတသိက် ယှဉ်တွဲ ဖြစ်ပေါ် လာ၏။ ထိုအခါ ဤအာရုံကား ချမ်းသာ၏ ကောင်း၏။ ဤအာရုံကား ဆင်းရဲ၏ မကောင်း၊ ဤအာရုံကား ချမ်းသာ၍ အကောင်းလည်း မဟုတ်၊ ဆင်းရဲ၍ မကောင်းလည်း မဟုတ်-ဟု ဖြစ်ပေါ်လာခြင်းသည် အာရုံ၏ အရသာကို ခံစားသည်မည်၏။ယခုလောက၌ သတ္တဝါတို့သည် အာရုံ၌ ကောင်းသည် မကောင်းသည် ခေါ်ဝေါ်သမုတ်နေကြ ခြင်းသည် ဤဝေဒနာ စေတသိက်၏ လက်ချက်ပင် ဖြစ်သည်။ ဝေဒနာမှ တပါးသောစိတ်နှင့် စေတသိက် များကား အာရုံ၏ အရသာကို ခံစားကြသော်လည်း ပိုင်စိုးပိုင်နင်း မခံစားနိုင်ကြ။ ဝေဒနာ စေတသိက်က သူ၏ခံစားမှု သတ္တိကို ကျေးဇူးပြုသော အားဖြင့် ပေးမှ ခံစားကြ ရသည်။ ဝေဒနာ စေတသိက်ကား ပိုင်စိုး ပိုင်နင်း ခံစား၏။

ဥပမာ–ပြည့်ရှင် မင်းနှင့် စားတော်ကဲ ကဲ့သို့တည်း။ပြည့်ရှင် မင်းသည် စားတော်ပွဲကို ပိုင်းစိုး ပိုင်နင်း ပြည့်ပြည့်စုံစုံ ခံစား၏။

စားတော်ကဲသည်ကား ပြည့်ရှင်မင်း ပေးမှ,ချန်ထားမှ တစိတ် တဒေသ ခံစားရ လေသည်။ ဤဥပမာ၌ ပြည့်ရှင် မင်းနှင့် ဝေဒနာနှင့် တူ၏။ စားတော်ကဲနှင့် အခြားသော စိတ်စေတသိက် တို့နှင့် တူ၏။

၃။ **သညာ**-စေတသိက် ဟူသည် တဖန်နောက်ထပ်သိရန် အာရုံကို မှတ်သား၍ သိတတ်သော သဘောတရား ဖြစ်သည်။ အဘယ်သို့ မှတ်သား၍ သိတတ်သနည်း။ အာရုံနှင့် တွေ့ဆုံ သော အခါ အနီ,အဝါ,အစိမ်း,စသည် အတို,အရှည်,အနိမ့်, အမြင့်, အဝိုင်း, အလုံး, လေးဒေါင့် စသည် မှတ်သား၍ သိတတ်သည်။ ဝါ-နောင် အခါ မမေ့အောင် မှတ်သား၍ သိထား တတ်သည်။ ဥပမာ-လက်သမားသည် ဖြတ်တောက် ရန် ခဲဖြင့် မှတ်သား သကဲ့သို့ မှတ်သား၍ သိတတ်သည်။ သညာ၏ မှတ်သား၍ သိမှုသည် မိမိစိတ်၌ မှတ်သား ထားခဲ့ သည့် အတိုင်း ထင်မှတ် တတ်၏။ မှန်သည် ရှိ၏၊ မမှန် သည် လည်း ရှိ၏။

ဥပမာ-မျက်စိကဗ်း ၄-ယောက် ဆင်ကို စမ်းသပ် ကြရာ နှာမောင်း စမ်းမိသူက ဆင်ဟူသည် မြွေကဲ့သို့ ရှည်ရှည်ပါဘဲ ကလား။ ခြေထောက် စမ်းမိသူက ဆင်ဟူသည် သစ်ပင်ခြေလို တုပ်တုပ်ကြီး ပါကလား။ အမြီး စမ်းမိသူက ဆင်ဟူသည် အ ရင်းတုပ်၍။အဖျားချွန်သော မြီးစီးလိုပါကလား-ဟု မိမိမှတ် သား ထားသည့် အတိုင်း ထင်မှုရှိလေသည်။ တမျိုး ရှိသေး၏ ဥပမာ-လယ်တော၌ ပြုလုပ်ထားသော လယ်ချောက် ရုပ်ကို စာကလေးများနှင့်သမင်များသည် လူ-ဟု တကယ်မှတ်ထင်၏။ ထိုမှတ်ထင်ခြင်းသည် သညာ သဘောပင်။

၄။ **စေတနာ**—စေတသိက်ဟူသည် သမ္ပယုတ်တရားတို့ကို အာရုံသို့ မပြတ်ဖြစ်ရန် စေ့ဆော် တိုက်တွန်း တတ်သော သဘောတရားဖြစ်သည်။ အဘယ်သို့ စေ့ဆော် တိုက်တွန်း တတ်သနည်း အာရုံနှင့် တွေ့ဆုံသောအခါ အာရုံ၌ ဖြစ်ပေါ်နေသော စိတ်တို့ကို တခုပြီး တခု ထိုအာရုံ၌ ဖြစ်မှု-ပြတ်မသွားရအောင် ဖြစ်ကြ-ဖြစ်ကြဟု မဆိုသော်သည်း ဆိုသကဲ့သို့ မိမိလည်းဖြစ် ယှဉ်ဘက် သမ္ပယုတ် တရားတို့ ဖြစ်ရန်လည်း တိုက်တွန်း နှိုးဆော်တတ်သည်။

ဥပမာ-ကိုယ့်ကိစ္စ, သူတပါးကိစ္စကို ရွက်ဆောင် ပြီးစီးစေနိုင်သောခေါင်းဆောင်တယောက်နှင့်တူ၏။ခေါင်းဆောင်သည် သူတပါး ပြုလုပ်ရန်လည်း တိုက်တွန်း၏။ မိမိလည်း ပြုလုပ်၏။ ထိုအတူ စေတနာ စေတသိက်သည် သမ္ပယုတ် တရားတို့ကို အာရုံ၌ မပြတ်ဖြစ်ရန် စေ့ဆော် တိုက်တွန်းတတ်၏။ စေတနာ ကိုယ်တိုင်လည်း အာရုံ၌ မပြတ်ဖြစ်၏။

၅။ **ဧကဂ္ဂတာ**—စေတသိတ် ဟူသည် သမ္ပယုတ်တရားတို့ကို အာရုံတူ တခုတည်း, တပေါင်းတည်း ဖြစ်အောင် ပြုလုပ်တတ်သော သဘောတရားဖြစ်သည်။

ဥပမာ-လေငြိမ်သောအရပ်၌ ထွန်းထားသောမီးတောက်၏ မတ်မတ်ငြိမ်သကဲ့သို့ တခုသောအာရုံ၏ တခုသော အဘိုအစု၌ ယှဉ်ဘော်,ယှဉ်ဘက်, ဖြစ်ဖေါ်,ဖြစ်ဖက် စေတသိက်များနှင့် စိတ်တရားတို့ကို တပေါင်းတည်း အာရုံ မပြောင်းမလွှဲသဖြင့် တည်ငြိမ်စေသည်။

၆။ **ဇီဝိတိန္ဒြေ**—ဟူသည် သမ္ပယုတ်တရားတို့ကို အစိုးရသောအားဖြင့် စောင့်ရှောက် တတ်သော သဘောတရားဖြစ်

သည်။ အဘယ်သို့ စောင့်ရှောက် တတ်သနည်း။ အတူတကွ ဖြစ်သော သမ္ပယုတ်တရားတို့၏ ခန္ဓပရိနိဗ္ဗာန်တိုင်အောင်သော ဖြစ်စဉ်ကို ခြားလဲ၍မပြတ်အောင် စောင့်ရှောက်သည်။ ဥပမာ- ရေသည် ကြာ၏တည်တံ့မှုကို စောင့်ရှောက်၏။ ရေမရှိသော် ကြာသည် သေမည်။ ရေသည် ကြာ၏ အသက်ရှင်ကြောင်း ဖြစ်၏။ ထိုအတူ ဤဇီဝိတိန္ဒြေ စေတသိက်သည် အတူတကွ ဖြစ်သော သမ္ပယုတ် တရားတို့၏ (ပဝတ္တသန္တတိ) ဖြစ်စဉ်၏ တည်တံ့မှုကို စောင့်ရှောက်၏။ ဇီဝိတိန္ဒြေသာ မရှိခဲ့သော် ခန္ဓ ပရိနိဗ္ဗာန် တိုင်အောင်ဖြစ်သော (ပဝတ္တသန္တတိ) ဖြစ်စဉ် ပြတ် သွားရာ၏။ (ထိုသို့ကား ဖြစ်သောသဘောမရှိ) ဤဇီဝိတိန္ဒြေ စေတသိက်သည် အတူတကွဖြစ်သော သမ္ပယုတ် တရားတို့၏ အသက် ရှင်ကြောင်း, မပြတ်ဖြစ်ကြောင်း, မပြတ် တည်တံ့ ကြောင်း တရားဖြစ်လေသည်။ ၎င်းဇီဝိတိန္ဒြေ စေတသိက်ကို အသက်ဟုဍင်း, ဝိညာဏ်ဟုဍင်း, လိပ်ပြာဟုဍင်း (ဗာဟိရက ပုဂ္ဂိုလ်တို့က) ခေါ်ကြသည်။

၇။ **မနသိကာရ**—စေတသိက်ဟူသည် အာရုံတရားတို့ကို စိတ်၌ ညွတ်အောင်၊ ဝါ-မကင်းသော စိတ်ကို အာရုံ၌ ညွတ် အောင် ပြုလုပ်တတ်သော သဘောတရားဖြစ်သည်။ လိုရင်းမှာ အာရမ္မဏိက ဖြစ်သော နာမ် တရား တို့ကို အာရုံ ပြုအောင် ပြုလုပ်သော စေတသိက် ဖြစ်သည်။

ဥပမာ—ရထားထိန်းနှင့်တူ၏။ ရထားထိန်းသည် မြင်း တို့ကို လမ်းဖြောင့်ဖြောင့်သွားအောင် မောင်းနှင်တတ်၏။ ထို အတူ မနသိကာရသည် သမ္ပယုတ်တရားတို့ကို အာရုံသို့ ဖြောင့် တန်းစွာ အာရုံပြုအောင် နှင်ပေးလေသည်။ လောကဥကား

မူလစာကိုယ် (၃) ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ,ဆန္ဒ ဤ ၆–ပါးသော စေတသိက် တို့သည် ''ပကိဏ်း'' စေတသိက် မည်ကုန်၏။

---

နှလုံးသွင်းသည်ဟု ခေါ်ကြသည်မှာ၊ ဤမနသိကာရ စေတသိက်၏ သဘောတရားပင်ဖြစ်သည်။

ဤစေတသိက် ၇-ပါးကား အလုံးစုံသော စိတ် ၈၉-ခု၌ ယှဉ်သောကြောင့် ဝါ-စိတ်ဖြစ်တိုင်း ပါရှိလေသောကြောင့် ''**သဗ္ဗစိတ္တသာဓာရဏ**'' စေတသိက်ဟု သင်္ဂြိုဟ်ဆရာ အမည် ပေးထားလေသည်။

**အဓိပ္ပါယ်** (၃) ၈။ **ဝိတက်** စေတသိက် ဟူသည် သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှု တက်ရောက် စေတတ်သော သဘောတရားဖြစ်သည်။ ဝါ-အာရုံသို့ ရောက်အောင် တင်ပေးတတ်သော သဘော ဖြစ်သည်။အာရုံသို့ ရောက်အောင် တင်ပေးဟူသည် အာရုံများကို တွေးတော ကြံစည်ခြင်းပင် ဖြစ်သည်။ အတွေးအတော အကြံ အစည်များနေလျှင် အိပ်သော ''ဝိထိမုတ်'' စိတ်များ မဖြစ်ဘဲ အိပ်မပျော်သည်မှာ ဝိတက် များနေသည် အတွက် ဖြစ်ကြောင်း လက်တွေ့ ထင်ရှားလှ၏။ ဥပမာ—တောသား တယောက်ကို မင်းအိမ်သို့ရောက်အောင် ပို့ဆောင်သော မင်း၏ မိတ်ဆွေ ဆွေမျိုးသားချင်းနှင့် တူ၏။ တောသားသည် မင်း မိတ်ဆွေ ဆွေမျိုးသားချင်းကို အမှီပြု၍ မင်းအိမ် ရောက်သကဲ့ သို့ ထိုအတူ သမ္ပယုတ်တရားတို့သည် ဝိတက်ကို အမှီပြု၍ အာ ရုံသို့ ရောက်ကြကုန်၏ ဟူလို။

၉။ **ဝိစာရ**—စေတသိက်ဟူသည် ဝိတက်သည် တင်ပေးအပ်သော အာရုံ၌သာလျှင် သဘော, အချင်း အရာ ထင်ရှားဖြစ်အောင် အထပ်ထပ် သုံးသပ် ဆင်ခြင်တတ်သော သဘောတရားဖြစ်သည်၊ လိုရင်းကား-ဝိစာရဟူသည် ဝိတက်၏ တင်ပေးထားသောအာရုံ၌ စိတ်ကို ဆင်ခြင်သုံးသပ် ထပ်၍ ဘွဲချည်ခြင်း သဘောပင်ဖြစ်သည်။ ဝိတက်နှင့် ဝိစာရကား အရင့်နှင့်အနု ကွဲပြားသည်။ ထို့ကြောင့် ဝိတက်ကား ကြမ်း၍ အာရုံ၌ရှေးဦးစွာ ကျရောက်ခြင်း သဘော။ ဝိစာရကား နူးညံ့၍ အာရုံ၌ ထပ်၍ ဘွဲချည်သော သဘော။ ဥပမာ—ခေါင်းလောင်းထိုးသောအခါ ပထမ ထိုးလိုက်သော အသံနှင့် ဝိတက်တူသည်။နောက်ထပ် ထိုးလိုက်သောအသံ၏ ဥိးသံ(ကြေးညိသံ) နှင့် ဝိစာရ တူသည်။

၁၀။ **အဓိမောက္ခ**—စေတသိက်ဟူသည် အာရုံ၌ ဟိုလိုဒီလို မဖြစ်ဘဲ ဆုံးဖြတ်သော သဘောတရား ဖြစ်သည်။ ဝါ-အာရုံ၌ မတုန်မလှုပ်သော သဘောဖြစ်သည်။

ဥပမာ—ကြံ့ကြံ့ခိုင်သော တံခါးတိုင်သည် အရပ်လေးမျက်နှာမှ လေတိုက်သော်လည်း မတုန်မလှုပ် မယိမ်းမယိုင် တည်တန့်သကဲ့သို့ အာရုံ၌ မရွေ့ရှား မတုန်လှုပ် တည်တန့်ခိုင်မြဲသည် ဟူလို။

၁၁။ **ဝီရိယ**—စေတသိက်ဟူသည် သမ္ပယုတ်တရားတို့ကို အားထုတ် စေတတ်သော သဘော တရား ဖြစ်သည်။ ဝါ-ထောက်ပံ့တတ်သော သဘောတရား ဖြစ်သည်။ ဥပမာ-ပြိုလုဆဲဆဲဖြစ်နေသောအိမ်ကို ထောက်သောကျားကဲ့သို့ သမ္ပယုတ်တရားတို့ကို အားပေး၍ ချီးမြှောက်ထောက်ပံ့တတ်သည်ဟူလို။

၁၂။ **ပီတိ**—စေတသိက်ဟူသည် အာရုံ၌ နှစ်သက်ခြင်း သဘောတရား ဖြစ်သည်။ ၎င်းစေတသိက်သည် လောက၌ အလွန်ထင်ရှားသည်။ ရွှင်လန်းဝမ်းမြောက်ခြင်း သောမနဿ ဝေဒနာနှင့် အမြဲတန်း တွဲဘက်ဖြစ်သော စေတသိက်ဖြစ်သည်။ ၎င်းသည် ၅-မျိုးရှိသည်။

၅-မျိုးမှာ ၁။ **ခုဒ္ဒိကာ ပီတိ** = မွေးညှင်း ထကာမျှ ဖြစ်သော ပီတိ။

၂။ **ခဏိကာ ပီတိ** = ခဏခဏ လျှပ် ပျက် သလို ဖြစ်သော ပီတိ။

၃။ **ဩက္ကန္တိကာ ပီတိ** = လှိုင်း တံပိုး သက်သလို တကိုယ်လုံး ဖြစ်သော ပီတိ။

၄။ **ဥဗ္ဗေဂါပီတိ** = ကောင်းကင် ပျံတက်နိုင်သော ပီတိ။

၅။ **ဖရဏာပီတိ**=ဂွမ်းဆိထိသလို ဖြစ်သောပီတိ။

၁၃။ **ဆန္ဒ**=စေတသိက် ဟူသည် ပြုလို ကာမျှ ဖြစ်သော သဘောတရား ဖြစ်သည်။ ဝါ-အလိုရှိကာမျှ ဖြစ်သော သဘောတရားဖြစ်သည်။ ဥပမာ—မင်း၏ လေးသမား တို့သည် ဥစ္စာကို အလိုရှိသဖြင့်၎င်း, ဂုဏ် အကျော်အစောကို အလိုရှိသဖြင့်၎င်း၊ မင်း၏ရန်သူတို့ကို ပစ်ခတ်ဘို့ရန် စေလွှတ်အပ်ကုန်သော မြှားတို့ကို များစွာ အလိုရှိသကဲ့သို့ ဤ ဆန္ဒစေတသိက်သည်လည်းသူတပါးအား ပေးလှူမည့် ဝတ္ထုပစ္စည်းတို့ကို၎င်း, မရသေးသည်ကို ရရန်၎င်း, ရပြီးကို စောင့်ရှောက်ရန်၎င်း, အလိုရှိလေသည်။ အဓိပ္ပါယ် စကားကျ လိုရင်းမှာ၊ တရားဟောလိုသည့်, ပညာကို သိလိုသည်, ဘုရားဖူးလိုသည်, တရား

နာလိုသည် စသည် တောင့်တမှုများ, သူတပါးအားပေးရန်, စောင့်ရှောက်ရန် ကြည့်ရှုရန် စိတ်ဆန္ဒ ရှိခြင်း များသည် ဆန္ဒ စေတသိက် ဖြစ်သည်-ဟု သေချာစွာမှတ်။ ယူလိုသော အခါ, ရလိုသောအခါတို့၌ကား လောဘနှင့် ရောထွေးတတ်၏။ သို့ရာတွင် ကွဲပြားခြားနားပါ၏။

## လောဘလိုချင်ခြင်း နှင့် ဆန္ဒလိုချင်ခြင်းမှာ–

လောဘ၏ လိုခြင်မှုကား အာရုံ၌ ငြိကပ် တွယ်တာသဖြင့် လိုချင်၏။

ဆန္ဒ၏ လိုခြင်မှုကား အာရုံ၌ ငြိကပ်တွယ်တာမှု မရှိဘဲ လိုချင်၏။ လိုရင်းမှာ လောဘသည် လိုခြင် နှစ်သက်သော အားဖြင့် အညှိ အစေး ပါ၏။ ဆန္ဒမှာ တောင့်တ ရည်မှန်းသော အားဖြင့် အညှိ အစေး အညှိအတွယ်မပါ သန့်ရှင်း၏။ ဤမျှ လောက်ဖြင့် သိသာလောက်ပါပြီ။ ။

ဤသို့ ၆-ပါးသော စေတသိက်တို့သည် သောဘဏစိတ်, အသောဘဏစိတ်တို့၌ ပြိုးပြွန်း ယှဉ်သောကြောင့် **ပကိဏ်း စေတသိက်** မည်ကုန်၏။

ပကိဏ်း စေတသိက် ပြီး၏။

⁂

**မူလစာကိုယ် (၄)** ဤသို့ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ပကိဏ်း စေတသိက် ၆-ပါးအားဖြင့် ၁၃-ပါးသော စေတသိက် တို့သည် အညသမန်း စေတသိက် မည်ကုန်၏။

---

**အဓိပ္ပါယ် (၄)** သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ပကိဏ်း စေတသိက် ၆-ပါး အားဖြင့် ပေါင်း ၁၃-ပါး သော စေတသိက် တို့သည် သောဘဏ စိတ်၌ ယှဉ်သော အခါ အသောဘဏ စိတ်မှ တပါးဖြစ်ကုန်သော သောဘဏ စိတ်တို့နှင့် တူကြ ကုန်၏။ အသောဘဏ စိတ်၌ ယှဉ်သော အခါ သောဘဏ စိတ်မှ တပါးဖြစ်ကုန်သော အသောဘဏ စိတ်တို့နှင့် တူကြ ကုန်၏။ ထိုသို့ တပါးသော စိတ်နှင့် တူသည်၏ အဖြစ်ကြောင့် **အညသမာန** အညသမာန်း စေတသိက် မည်ကုန်၏။

ဎင်း အညသမာန်း စေတသိက် ၁၃-ပါးတို့တွင် ဆင်တူ မျိုးမွှား ဖြစ်သော စေတသိက် များမှာ- စေတနာနှင့် ဝိတက်, စေတနာနှင့် ဝီရိယ, ဧကဂ္ဂတာနှင့် အဓိမောက္ခ, လောဘနှင့် ဆန္ဒ,ပီတိနှင့် သောမနဿဝေဒနာ စေတသိက်များ ဖြစ်သည်။ ( သတိပြု )။

## ၎င်းတို့၏ အထူးကား။

**စေတနာ**-သမ္ပယုတ် တရားတို့ကို ထိုထိုအာရုံ၌ အဘန်ဘန် စေ့ဆော်ခြင်း။

**ဝိတက်** - ထိုထို အခြင်းအရာ အားဖြင့် ကြံဆ၍ အာရုံသို့ တင်တတ်ခြင်း။

**မူလစာကိုယ် (၅)** မောဟစေတသိက်, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ စေတသိက် ဤ ၁၄-ပါးသော စေတသိက် တို့သည် အကုသိုလ် စေတသိက်တို့ မည်ကုန်၏။

---

**ဝီရိယ**-သမ္မယုတ်တရားတို့ကို အားထုတ်စေခြင်း, ထောက်ပံ့ခြင်း။

**ကေဂ္ဂတာ**-သမ္မယုတ် တရားတို့ကို အာရုံတခု တည်းဖြစ်အောင် ပြုလုပ်ခြင်း။

**အဓိမောက္ခ**-အာရုံ၌ မတုန်မလှုပ် တည်ငြိမ်စွာ ယုံမှားသံသယမရှိဘဲ သမ္မယုတ်တရားတို့ကို ဖြစ်စေခြင်း။

**အဓိပ္ပါယ် (၅)** ၁။ **မောဟ**-စေတသိက်ဟူသည်သစ္စာလေးပါးတို့ကို မသိသော သဘောတရား၊ ဝါ၊ ကောင်းသောဘက်ကို ဖုံးလွှမ်း၍ စိတ်ကို မိုက်မဲတွေဝေစေတတ်သော သဘောတရားဖြစ်သည်။ ဥပမာ-အင်္ဂါ ၄-ပါး ဖုံသော မိုက်မှောင် ကျသည်နှင့် တူ၏။ မျက်စိရှိသော သူတို့သည် တပါးသော အခါတို့၌ အရာဝတ္ထုများကို မြင်ရ၏။ လကွယ်နေ့ည, သန်းခေါင်ယာမ်, တောအုပ်အလယ်, မိုးမှောင်ကျသောအခါ, ဤအင်္ဂါ ၄-ပါး စုံသောအခါ၌ တစုံတခုကိုမျှမမြင်ရ။ ဤအတူ မောဟတရားသည် စိတ်ကိုကန်းအောင်ပြုတတ်သည်။ ဝါ၊ ကောင်းသောအရာဝတ္ထုကို မသိအောင်ဖုံးလွှမ်း၍ မကောင်းသော အရာဝတ္ထုကို သိတတ်သည်။ ထိုမောဟ စေတသိက်သည် မကောင်းမှုကို ပြုလုပ်သော အခါ၌ ဥာဏ်လိုလို ဉာဏ်နှင့်တူစွာ ဖြစ်တတ်လေသည်။ ထိုကြောင့် ဘုရားရှင်သည် ''မိစ္ဆာဥာဏ်'' ဟု ဟောတော်မူ၏။

ဤနေရာ၌ စပ်မိသဖြင့် မောဟနှင့်အလားတူ တရားများကို ပြဦးအံ့။ ထိုမောဟနှင့် တူစွာ မကောင်းမှု အဘို့၌ သိတတ်သော ပညာဉာဏ် ရောင်ရောင် ပညာလိုလို ဖြစ်တတ်သော သဘာဝ တရားတို့သည် ၆-ပါးရှိကုန်၏။

ၑင်းတို့မှာ···· ၁။ မောဟ။ ၂။ လောဘ။ ၃။ ဒိဋ္ဌိ။
၄။ ဝိတက်။ ၅။ ဝိစာရ။ ၆။ စိတ်။

ဤတရား ၆-ပါးတို့သည် ပင်ကိုယ် အသိဉာဏ်ရှိသူနှင့် စာပေ ပရိယတ်ကို သင်ကြား တတ်မြောက် ဗဟုသုတ ရှိသူတို့ သန္တာန်၌ ဖြစ်ပေါ်လာသောအခါ မကောင်းမှု ပြုရာ၌ ထိုမကောင်းမှု၏ ပြုနည်း လုပ်နည်း အကြောင်းအရာကို သိမြင်၍ လိမ္မာပါးနပ်မှု စွမ်းဆောင်နိုင်မှုတို့ကို ဖြစ်စေသည်မှာ ဤတရား ၆-ပါးပင် ဖြစ်သည်။ ထိုကြောင့် လောက၌ သူခိုးလိမ္မာ ပညာရှိလူမိုက်တို့၌ ထိုမောဟတရားနှင့် လောဘ, ဒိဋ္ဌိ, ဝိတက်, ဝိစာရ, စိတ်, ဤ ၆-ပါးသော သဘောတရား တို့သည် မကောင်းမှုပြုရာ၌ ဉာဏ်နှင့် အလားတူ အကြောင်းဥပါယ်များကို သိကြကုန်၏။ ထိုသိမှုသည် ဉာဏ်မဟုတ်။ ထိုတရား ၆-ပါး သဘောပင် ဖြစ်လေသည်။

၂။ **အဟိရိက**- စေတသိက်ဟူသည် ဒုစရိုက် တရားတို့၌ မရှက်တတ်သော သဘောတရား ဖြစ်သည်။ မကောင်းမှုပြုရန် ရှေးရှုကြုံလာသည်ရှိသော် ရှက်ခွင့်မပေးဘဲ ထိုမကောင်းမှုတို့၌ နှစ်သက်မှုကို ဖြစ်စေတတ်သည် ဟူလို။

၃။ **အနောတ္တပ္ပ**-စေတသိက်ဟူသည် ဒုစရိုက် တရားတို့မှ မကြောက် မလန့် တတ်သော သဘော· တရား ဖြစ်သည်။

မကောင်းမှုပြုရန် ရှေးရှု ကြုံတွေ့လာသည်ရှိသော် ကြောက်ခွင့် မပေးဘဲ ထိုမကောင်းမှုတို့၌ မကြောက်စေတတ် ဟူလို။

အဟိရိက-မရှက်ခြင်းကား ရွာဝက်တို့သည် မစင်ကို မရွံရှာသကဲ့သို့မှတ်။ အနောတ္တပ္ပ=မကြောက်ခြင်းကား ပိုးဖလံတို့သည် မီးမှ မကြောက်သကဲ့သို့မှတ်။

၄။ **ဥဒ္ဓစ္စ**-စေတသိက်ဟူသည် မငြိမ်သက်ဘဲ ပျံ့လွင့်သော သဘောတရား ဖြစ်သည်။ ၎င်းပျံ့လွင့်ဟူသည် အာရုံအမျိုးမျိုး၌ ဖြစ်ခြင်းပင် ဖြစ်သည်။ ဥပမာ—ခဲလုံးဖြင့် ပြစ်ချအပ်သော ပြာပုံ၏ အထက်သို့ လွင့်တက်သွားသော ပြာမှုန့်ကဲ့သို့တည်း။ တနည်း-တံခွန်တိုင်၌ ရှိသော တံခွန် ကုက္ကား စသည်တို့သည် လေတိုက်သည် ရှိသော် အငြိမ် မနေ တလူလူ လွင့်တက် နေသကဲ့သို့ မှတ်လေ။

၅။ **လောဘ**-စေသိက်ဟူသည် အာရုံ၌ ငြိကပ်တွယ်တာ လျက် လိုချင်သော သဘောတရားဖြစ်သည်။

ဥပမာ—မျောက်ချေးနှင့် တူ၏။ (အောက်စိတ်ပိုင်း၌ လောဘစိတ်မှာ အကျယ်ရေးခဲ့ပြီ။ ကြည့်ပါလေ။)

၆။ **ဒိဋ္ဌိ**-စေတသိက်ဟူသည် ငါ့အယူသာ မှန်သည်။ သူတပါးအယူကား အလကား အယူတည်း။ ငါ့အလုပ်မှ ဟုတ်သည် ငါမှ ပညာတတ်သည်။ ငါမှသိသည် နေရာတကာတိုင်း တငါငါ ဖြစ်သော မှားသောအားဖြင့် မြင်တတ်သော သဘောတရား ဖြစ်သည်။

ဆိုလိုရင်းမှာ- မှန်ကန်သော သဘောတရားတို့၌ ဉာဏ်အမြင်ကဲ့သို့ မမှန်ကန်သော သဘောတရားတို့၌ အမှားကိုအမှန်

ဟု မြင်ခြင်းပင်တည်း။ ဥပမာ—သူရူး၏ ချင်းတောင်းနှင့်တူ၏။ သူရူး၏ ချင်းတောင်းသည် ပစ္စည်းဝတ္ထု မှန်သမျှ ကောင်း, မကောင်း မရွေးချယ်ဘဲ စုရုံ ကောက်ခါ ထည့်တတ် သကဲ့သို့ ထို့အတူ မြင်တွေ့ရာကို ကောင်း မကောင်း မရွေးချယ်ဘဲ စွဲယူ တတ်သည် ဟူလို။

၇။ **မာန**—စေတသိက်ဟူသည် အထင်ကြီးစေ တတ်သော သဘောတရား ဖြစ်သည်။ လောက၌ ငါလိုလူ ဇမ္ဗူမရှိ။ ငါလို လူကို အနံ့ အချာ အောက်မေ့၍ မထီ မဲ့မြင် မပြုထိုက်—ဟု အထင်ကြီးခြင်းသည် မာန၏သတ္တိဖြစ်သည်။ ဥပမာ—အရူးနှင့် တူသည်။အရူးသည် သူ့ကိုသူ ဘဝင်မြင့်လျက် ရှင်ဘုရင်လုပ်ခါ လူအများကို တိုင်းသူပြည်သား အောက်လက် သမားများ အနေ ထားသကဲ့သို့ မာန တရားသည်လည်း ငါသာမြတ်၏။ ငါသာ မှန်၏။ ငါသာ ဟုတ်၏ စသည်ဖြင့် တငါ, ငါနှင့် အထင်ကြီးခြင်း ဖြစ်လေသည်။

**ဒိဋ္ဌိ**—အမှား မြင်သိခြင်း။

**မာန**—အထင် ကြီးခြင်း, ဘဝင် မြင့်ခြင်း။

ထင်ရှားအောင် ပြဦးမည်—ထိုဒိဋ္ဌိနှင့် မာန တရား ၂-ပါး သည် ယှဉ်တွဲ၍ တပြိုင်နက် မဖြစ်နိုင်ကြ။ ဒိဋ္ဌိ ဖြစ်သော အခါ မာန မပါ မယှဉ်၊ မာန ဖြစ်သော အခါ ဒိဋ္ဌိ မပါ မယှဉ်နိုင်ပေ။ အကြောင်းမှာ သုံးသပ်မှု အခြင်း အရာ မတူသောကြောင့် တည်း။ အဘယ်သို့ မတူ သနည်း၊ ဒိဋ္ဌိသည် ခန္ဓာ ငါးပါးတို့၌ အတ္တ-ဟု စွဲလမ်း မှတ်ထင်၍ ထို အတ္တကို နိစ္စ, သုခ, အတ္တ အားဖြင့် အမှား သုံးသပ်တတ် လေသည်။ မာနသည် ခန္ဓာ ငါးပါး၌ ငါ-ဟု စွဲလမ်း မှတ်ထင်၍ ထို စွဲလမ်းသော အခြင်း

အရာကို "ငါသာမြတ်သည်၊ ငါသာ တတ်သည်၊ ငါသာ ဟုတ်သည်"ဟု မိမိကိုယ်ကိုအထင်ကြီးခြင်း,ဘဝင်မြင့်ခြင်း အားဖြင့် သုံးသပ်တတ်လေသည်။ ဤသို့သုံးသပ်ပုံခြင်း မတူသောကြောင့် အတူတကွ မဖြစ်နိုင်ပေ။ ရွှေဂူ တခု ထဲတွင် "ကေသရာဇာ" ခြင်္သေ့မင်း နှစ်ဦး မအောင်းနိုင် သကဲ့သို့မှတ်။

၈။ **ဒေါသ** – စေတသိက် ဟူသည် ပြစ်မှား ကြမ်းကြုတ်သော သဘော တရား ဖြစ်သည်၊ ဝါ – စိတ်ဆိုး, စိတ်ငြိုး, စိတ်မကောင်း ဖြစ်စေတတ်သော သဘော တရား ဖြစ်သည်။ (သိသာ၏) ဒုက်ဖြင့် ခတ်မိသော မြွေဟောက် ကဲ့သို့ ရှူးရှူး ဒိုင်းဒိုင်း စိတ်ဆိုး လေသည်။ ငိုသောအခါ ဖြစ်သော ဒေါသကား ဆုတ်နစ် ရော့ပါးသော ဒေါသဖြစ်၍ ဤဒေါသ စေတသိက်ပင် ဖြစ်သည်။

ဤဒေါသ၏ သဘောကို ရှင်းရှင်း လင်းလင်း နားလည်နိုင်ရန် လောက အသုံးအနှုန်း ဖြစ်မှု ဓမ္မတာ တို့ဖြင့် ဘော်ပြပေအံ့။

**ဒေါသကြမ်း** – စိတ်ဆိုးခြင်း။
ကြမ်းတန်းခြင်း။
နင်ဘဲ ငါဆ ပြောခြင်း။
ဆဲရေးခြင်း။
ရန်ညှိုး ဖွဲ့ခြင်း။
မကျိုက်, မနှစ်သက်ခြင်း။
သဘော မကျခြင်း-စသည်

ဤ အပြု အမူ များ၌ ထက်မြက်သော ဒေါသစိတ် ဖြစ်၏။

**ဒေါသနှ-** စိတ်ပျက်ခြင်း။
စိတ်ငြစ်ခြင်း။
စိတ်မကောင်းခြင်း။
ငိုကြွေးခြင်း, (ပရိဒေဝ၏ ရှေ့ပိုင်း
အကြောင်းတရားယူ)။
ပူဆွေးခြင်း။
စိုးရိမ် ပူပန်ခြင်း, လွမ်းဆွတ်ခြင်း။

အထက်ပါ အပြု အမူ များ၌ လျော့ပါး ဆုတ်နစ်သော ဒေါသစိတ် ဖြစ်၏။

၉။ **ဣဿာ** – စေတသိက် ဟူသည် သူတပါး စည်းစိမ်ကို ငြူစူ တတ်သော, ဝါ – မနာလိုသော, သည်းမခံ နိုင်သော သဘောတရား ဖြစ်သည်။

၎င်း ဣဿာသည် (၁) ပင်ကိုယ် ရပြီး,ရှိပြီး စည်းစိမ်ကို မြင်၍, ကြား၍ သည်းမခံနိုင်ခြင်း။ ဝါ-မနာလိုခြင်း၊ ထို စည်းစိမ် ဥစ္စာကို ပျက်စီး စေလိုခြင်း။ ဝါ – လက်ရှိ စည်းစိမ်ကို မနာလိုခြင်း။ (၂) ဤသူသည် ဤပစ္စည်းဥစ္စာကို ရလိမ့်မည် ကြား၍ သည်းမခံနိုင်ခြင်း။ ဝါ-မနာလိုခြင်း။ ထိုပစ္စည်းဥစ္စာကို မရစေလိုခြင်း။ ဝါ-ရမည့် ပစ္စည်းဥစ္စာကို မနာလိုခြင်း အားဖြင့် ၂မျိုး ရှိသည်

အဘိဇ္ဈာနှင့် ကွဲပြားခြားနား၍ သိတတ်ပါစေ။ ယခုလူအများသည် ဣဿာကို အဘိဇ္ဈာဟု ခေါ်နေကြသည်။ အဘိဇ္ဈာကား လောဘတရားသာဖြစ်သည်။ နောက်၌ထင်ရှားလတ့်။

၁၀။ **မစ္ဆရိယ** – စေတသိက်ဟူသည် မိမိစည်းစိမ်ကို ဝန်တိုခြင်း, သဘောတရား ဖြစ်သည်။ ၎င်းမစ္ဆရိယ သည်လည်း

ဋ္ဌသာအတူ ရပြီးသော စည်းစိမ်၌ ဝန်တိုခြင်း ရသင့် ရထိုက်သော စည်းစိမ်၌ ဝန်တိုခြင်း အားဖြင့် ၂-မျိုးရှိသည်။

ရပြီးသော စည်းစိမ်၌ သူတပါးတို့နှင့် ဆက်ဆံသည်ကိုငင်း, တစုံတခုသော အကြောင်းကြောင့် မိမိဥစ္စာ အဖြစ်မှ လွတ်၍ သူတပါးဥစ္စာ ဖြစ်သွားမည်ကိုငင်း, မြင်၍, ကြား၍,ကြံစီ တွေးတော၍ စိတ်မချမ်းမသာဖြစ်ရ၏။ ၎င်းမချမ်းသာသော စိတ်သည် မစ္ဆရိယ ''ဝန်တို'' ခြင်းပင် ဖြစ်သည်။

ရသင့် ရထိုက်သော စည်းစိမ်၌ ဤအရပ် ဤအချိန်မှာ သွားလျှင် ပစ္စည်း ရမည်-ဟု ကြား၍ ထိုပစ္စည်း ဥစ္စာကို မိမိသာလျှင် ရလို၏။ သူတပါး မရစေလို။ သူတပါးတို့ ရကြလိမ့်မည်-ဟု ကြားသော် စိတ်မချမ်းမသာဖြစ်၏။ထိုသို့ဖြစ်ခြင်းသည် မစ္ဆရိယ စေတသိက် သဘောတရား ဖြစ်သည်။ လောက၌ မိမိတတ်ထားသော ပညာ လျှို့ဝှက်ခြင်း, အမျိုးကို လျှို့ဝှက်ခြင်း, ပစ္စည်း လာဘ်လာဘ လျှို့ဝှက်ခြင်း တို့သည် ထို မစ္ဆရိယ၏ သဘော တရား များပင်ဖြစ်သည်။

၁၁။ **ကုက္ကုစ္စ**-စေတသိက်ဟူသည် ပြုပြီးသောမကောင်းမှု, မပြုလိုက်ရသော ကောင်းမှုတို့၌ နောင်တတဖန် နှလုံး မသာမယာ ပူပန်တတ်သော သဘောတရား ဖြစ်သည်။ လွန်ခဲ့သော အခါက မပြုလုပ်ခဲ့သော ကောင်းမှုကို ပြုလုပ်ရအောင် မတတ်နိုင်ခြင်းတို့ကြောင့် နှလုံးမသာ ပူပန်သည်။ စိုးရိမ်ခြင်းသောက မဟုတ်။ ''ဝိပ္ပဋိသာရ'' ဟူ၍လည်း ခေါ်ကြသည်။ နောင်တတဖန် ပူပန်ခြင်း ဖြစ်၏ ဟူလို။

၁၂။ **ထိန** – စေတသိက်ဟူသည် စိတ်ကို နုန့်ညံ့ ထိုင်းမှိုင်း ပျင်းရိအောင် ပြုလုပ်တတ်သော သဘောတရား ဖြစ်သည်။

ဝီရိယ မရှိဘဲ ပေါ့ပျက်ပျက် ဖြစ်အောင် ပြုတတ်သည် ဟူလို။ စိတ်၏ ထိုင်းမှိုင်းမှု, လေးကန်မှု ဖြစ်လေသည်။

၁၃။ **မိဒ္ဓ**-စေတသိက် ဟူသည် စေတသိက်ကို နွံ့ညှံ့ ထိုင်းမှိုင်း ပျင်းရိ ပေါ့တန်အောင်၊ ပြုတတ်သော သဘော တရား ဖြစ်သည်။ ထိနစေတသိက်နှင့် အတူတူပင်။ ဤမိဒ္ဓ စေတသိက်ကား စေတသိက်ကို ထိုင်းမှိုင်း စေသည်သာ ထူးသည်။

၁၄။ **ဝိစိကိစ္ဆာ** - စေတသိက် ဟူသည် ယုံမှားသံသယ နှလုံး နှစ်ခွ ဖြစ်တတ်သော သဘောတရား ဖြစ်သည်။ လမ်းဆုံ လမ်းခွ နှစ်ခုကို တွေ့သောအခါ ဤလမ်း သွားရအံ့လော ထို လမ်း သွားရအံ့လော ဖြစ်သကဲ့သို့ ယုံမှားသံသယ နှလုံးနှစ်ခွ ဖြစ်သည်ဟူလို။ ယုံမှားခြင်း ဝိစိကိစ္ဆာသည် ၂-မျိုးရှိသည်။

၁။ **နီဝရဏ ဝိစိကိစ္ဆာ** = ကျင့်ဝတ် ပဋိပတ် အန္တရာယ် ဝိစိကိစ္ဆာ။

၂၊ **ပဋိရူပက ဝိစိကိစ္ဆာ** = အတု, အစား ဝိစိကိစ္ဆာ။

ထိုတွင် ဘုရား,တရား,သံဃာ စသော ၈-ပါးသော အရာ ဌာနတို့၌ ယုံမှားခြင်းသည် ''နီဝရဏဝိစိကိစ္ဆာ'' မည်၏။ ။ ဤသို့လော, ထိုသို့လော,အဘယ်သို့နည်း စသော ယုံမှားသော အားဖြင့် ဖြစ်ခြင်းသည် '' ပဋိရူပက ဝိစိကိစ္ဆာ '' မည်၏။ ၎င်း ''ပဋိရူပက ဝိစိကိစ္ဆာ'' သည် ကုသိုလ် ဝိစိကိစ္ဆာလည်း ရှိ၏၊ အကုသိုလ်ဝိစိကိစ္ဆာလည်းရှိ၏။ ကြိယာဝိစိကိစ္ဆာလည်း ရှိ၏။ '' နီဝရဏ ဝိစိကိစ္ဆာ '' ကား အကုသိုလ်သာ ဖြစ်၏။ ဤယခု ဝိစိကိစ္ဆာ စေတသိက်ကား '' နီဝရဏ အကုသိုလ် ဝိစိကိစ္ဆာ'' ဖြစ်သည်-ဟု မှတ်လေ။

**ပူလစာကိုယ် (၉)** သဒ္ဓါစေတသိက်, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ-ဤသို့ တနယတ် (၂၀) ၁၉-ပါးသော စေတသိက် တို့သည် "သောဘဏသာဓာရဏ" စေတသိက် မည်ကုန်၏။

---

ဤကား-အကုသိုလ် စေတသိက် ၁၄-ပါးတို့၏ အဓိပ္ပါယ် များ ဖြစ်သည်။

**ဤမျှစကားရပ်တို့ဖြင့်....**

အညသမာန်း စေတသိက် ၁၃

အကုသိုလ် စေတသိက် ၁၄ - ပေါင်း ၂၇ - ပါး သော စေတသိက်တို့၏ အဓိပ္ပါယ် ပြီးခဲ့ပြီ။

---

**အဓိပ္ပါယ် (၉)** ၁။ **သဒ္ဓါ**- စေတသိက် ဟူသည် ယုံကြည် တတ်သော သဘောတရား ဖြစ်သည်။ ဝါ-သမ္မာယုတ် တရားတို့ကို ကြည်လင် စေတတ်သော သဘော တရား၊ အဘယ်သို့နည်း။

ဥပမာ - စကြဝတေး မင်း၏ ရေကို ကြည်စေ နိုင်သော ပတ္တမြားကဲ့သို့ သမ္မာယုတ်တရားတို့ကို ကြည်လင်စေတတ်သည်။ ထိုသဒ္ဓါ စေတသိက်သည် ဘုရား၌ ယုံကြည်ခြင်း, ဝါ- ကြည်ညိုခြင်း, တရား၌ ယုံကြည်ခြင်း, သံဃာ၌ ယုံကြည်ခြင်း, ဝါ- ကြည်ညိုခြင်း စသည်ဖြင့် များစွာ ရှိ၏။ ထို ဘုရား စသော

အာရုံမှ တပါး တိတ္ထိတို့၌ဖြင်း, တိတ္ထိတို့၏ ဓမ္မ၌ဖြင်း ယုံကြည်ကြည်ညိုမှုသည် သဒ္ဓါမဟုတ် ''မိစ္ဆာ အဓိမောက္ခ'' တရားမျိုးသာ ဖြစ်ပေသည်။

**''သဒ္ဓါဟတ္ထ, ဝီရိယခြေ, မုခေသီလ, သောတသမာဓိ, မျက်စိပညာ, ကာယာသတိ, ယောနိသောသက်, ၇-ချက်နှင့်, အောက်ထက် ဝန်းကျင်, ပြည့်စုံလင်မှ, လူခေါ်ရသည်-မှတ်ကြဘုရားမိန့်ခွန်းတည်း။''**

ဆိုသည့်အတိုင်း သဒ္ဓါသည် လက်နှင့်တူ၏။ လူတို့၌ လက်မရှိသော် အရာ ဝတ္ထုကို မယူနိုင် သကဲ့သို့ သဒ္ဓါ စေတသိက်မရှိသော် ကုသိုလ်စိတ် မဖြစ်နိုင်။ ဝါ၊ ဒါန, သီလ, ဘာဝနာစသော ''ပုညကြိယာဝတ္ထု'' မဖြစ်နိုင်။ ဝါ၊ ရတနာသုံးပါး၌ မယုံကြည်က ကုသိုလ်စိတ် မဖြစ်နိုင်။

၂။ **သတိ**-စေတသိက် ဟူသည် အာရုံများကို အောက်မေ့တတ်သော သဘောတရား ဖြစ်သည်။ ဝါ-အမှတ်ရတတ်,မမေ့မလျော့ တတ်သော သဘောတရား ဖြစ်သည်။

ငင်းသတိသည် သမ္မာသတိ,မိစ္ဆာသတိဟူ၍ ၂-မျိုးရှိသည်။ ကိုယ်ကျင့် ကုသိုလ်ကောင်းမှုစသည်,ဘုရားဂုဏ်တော်စသည်တို့ကို မမေ့မလျော့ ခြင်းသည် သမ္မာသတိ၊ မကောင်းမှု စသည်ကို မမေ့လျော့ ခြင်းသည် မိစ္ဆာသတိ-ဟု ခွဲခြား မှတ်လေ။ ဤကား သမ္မာသတိကိုသာ ယူရမည် မိစ္ဆာသတိ ဆိုသည်မှာ ဤသတိ စေတသိက် မဟုတ်ပေ။ သတိနှင့်တူသော သတိအလားရှိသော အကုသိုလ် စိတ်များ ဖြစ်၏။

ဤသတိနှင့် သညာကို မကွဲဘဲ ရှိနေတတ်သည်၊ သတိကား-အာရုံ၌ခိုင်မြဲစွာ အောက်မေ့မှု၊ဝါ-မမေ့လျော့မှု၊သညာကား-

အာရုံ၌ မှတ်သားမှု၊ အာရုံ၌ မှတ်သား ထားပါမှ ပြန်လည် အောက်မေ့ သတိ ရနိုင်သည်၊ လိုကြောင့်– သညာသည် သတိ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။

ဥပမာ-တံခါးစောင့်နှင့် တူ၏။ တံခါးစောင့်သည် ကောင်း သူကို ဝင်စေရန် မကောင်း သူကို တားမြစ်ရန် မမေ့ သကဲ့သို့ သတိစေတသိက်သည် ကုသိုလ်တရားတို့ကိုဖြစ်စေရန်အကုသိုလ် တရားတို့ကို မဖြစ်ရအောင် တားမြစ်ရန် အောက်မေ့ အမှတ် ပြုကာ မမေ့ မလျော့တတ် ဟူလို။

၃။ **ဟိရီ**–စေတသိက် ဟူသည် မကောင်းမှု ဒုစရိုက် တို့မှ ရှက်တတ်သော သဘောတရား ဖြစ်သည်။

ဥပမာ - အမျိုးကောင်း သွေးမနှင့် တူ၏။ အမျိုး ကောင်း သွေးမသည် မိမိ၏ အမျိုး ဖြတ်ခြင်း စသော အကျင့် ဂုဏ်ကို ငဲ့၍ ရှက်သဖြင့် ယောက်ျားတပါးနှင့် ပေါက်ပြားခြင်း စသော မကောင်းမှု တို့ကို မပြုလုပ်ဘဲ ရှောင်ကြဉ်၏။ ထို့အတူ ဟိရီ သည် မကောင်းမှု ဒုစရိုက်တို့မှ ရှက်တတ်လေသည်။ ၎င်း ရှက် ခြင်းကား မိမိကိုယ်ကို ရှိသေသဖြင့် ဖြစ်ပေါ်လာရှိသည်။

မကောင်းမှု ဒုစရိုက်တို့မှ ရှက်ခြင်းသာ ဤဟိရီ စေတသိက် ဖြစ်သည်။ မရှက် သင့်သော အလုပ်ရှိသတ်ထဲ ဝင်ရာ သည်၌ ရှက်ခြင်းမှာ မာယာပင် ဖြစ်၍ လောဘ အကုသိုလ် စိတ်ပင် ဖြစ်သည်။ မိမိ တိတ်တိတ်ပုံး လုပ်ထားသော ညစ်ပတ်မှုကို သူတ ပါး သိသွား၍ ရှက်ခြင်းကား ဒေါသအကုသိုလ်စိတ် ဖြစ်သည်။

၄။ **ဩတ္တပ္ပ** – စေတသိက် ဟူသည် မကောင်းမှု ဒုစရိုက် တို့မှ ကြောက်တတ်သော သဘော တရား ဖြစ်သည်။ ဥပမာ– ပြည့်တန်ဆာမနှင့် တူ၏။ ပြည့်တန်ဆာမ များသည် မိမိကိုယ်ကို

ငဲ့ကွက်၍ အရှက် မရှိကြ။ သို့ရာတွင် ငါသည် ကိုယ်ဝန်ရသော် ယောက်ျားများ နှစ်သက်ကြမည် မဟုတ်-ဟု သူတပါးကို ရိုသေ ငဲ့ကွက်လျက် ကြောက်သဖြင့် မကောင်းမှုတို့ကို မလုပ်ဘဲ ရှောင် ကြဉ်၏။ ထို့အတူ ဩတ္တပ္ပစေတသိက်သည် မကောင်းမှု ဒုစရိုက် တို့မှ ကြောက်ဘတ် လေသည်။ ၎င်းကြောက်တတ် ခြင်းကား- သူတပါးကို ရိုသေသဖြင့် ဖြစ်ပေါ်လေ့ရှိ၏။ ၎င်းဟိရီနှင့် ဩတ္တပ္ပ တရား ၂-ပါးကို "လောကပါလ" (လူတို့စောင့်အပ်သော) တရား-ဟု ဘုရား ဟောတော် မူသည်။

၅။ **အလောဘ** - စေတသိက် ဟူသည် မလို ချင်သော သဘောတရား။ ဝါ-ပေကမ်း လှူဒါန်းလိုသော သဘောတရား ဖြစ်သည်။ လိုချင်သော လောဘ၏ ဆန့်ကျင်ဘက် တရားဟူလို၊ ရေထဲ၌ ရှိသော ကြာရွက်သည် ရေနှင့် မငြိတွယ် မကပ်ငြိ သကဲ့သို့ အာရုံ၌ မကပ်ငြိတတ်၊ မတွယ်တာတတ်၊ စွန့်လွှတ် လိုသော သဘောတရား ဖြစ်လေသည်။

၆။ **အဒေါသ** - စေတသိက် ဟူသည် စိတ်မဆိုးသော သ ဘော တရား။ ဝါ-သူတပါးကို မပုံးတတ်သော, မပြစ်မှားတတ် သော သဘောတရား ဖြစ်သည်။ ဗြဟ္မဝိဟာရ တရား ၄-ပါး၌ "မေတ္တာ" ဟူသည် ၎င်း အဒေါသ စေတသိက်ပင် ဖြစ်လေ သည်။ ဥပမာ-လပြည့်ဝန်းနှင့် တူ၏။ လပြည့်ဝန်းသည် ကြည့် ရှုသူ သတ္တဝါတို့အား ချမ်းသော အရောင်ကို ဖြစ်စေသကဲ့သို့ အဒေါသ မေတ္တာ တရားသည်လည်း သတ္တဝါတို့၌ ချမ်းသာ သုခကို ဖြစ်စေသည် ဟူလို။

၇။ **တတြမဇ္ဈတ္တတာ**-စေတသိက် ဟူသည် ထိုထိုသမ္ပယုတ် တရားတို့၏ အယုတ် အလွန် မရှိ အလယ် အလတ် သဘောကို

ဖြစ်စေတတ်သော သဘောတရား ဖြစ်သည်။ သမ္ပယုတ် တရားတို့၏ မိမိကိစ္စတို့၌ အညီအမျှ ဖြစ်စေတတ်သော သဘောတရားဖြစ်သည်။ ဥပမာ – အညီ အမျှ ပြေးသွားသော ရထားမြင်း ၂-ကောင်ကို (ညီမျှနေသောကြောင့်)လစ်လျူရှုသော ရထားထိန်းကဲ့သို့ ယှဉ်ဘက် သမ္ပယုတ် တရား တို့ကို အယုတ် အလွန်မရှိ အညီအမျှ ဖြစ်စေကာ(ညီမျှသဖြင့်) လစ်လျူ ရှုတတ်သည် ဟူလို။ ၎င်း တတြမဇ္ဈတ္တတာကို ဗြဟ္မဝိဟာရ တရား ၄-ပါး၌ ဥပေက္ခာ ဟူ၍ ခေါ်ဆို လေသည်။

၈-၉။ **ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ**-စေတသိက်တို့ ဟူသည် ကိုယ်၏ ငြိမ်းခြင်း ဖြစ်တတ်သော သဘော တရား ဖြစ်သည်။ ၎င်း၌ ကိုယ်အရ - ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ၃-ပါးဟူသော နာမ်ကာယကိုယူရသည်။စိတ်အရသောဘဏ စိတ်၅၉-ပါးကိုယူရသည်မှတ်။ ၎င်းကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ ၂-ပါးကို မရသည်ရှိသော်။ ဝါ-အားနည်းသော် ထိုသူတို့သည် ကောင်းမှုကုသိုလ်ပြုရာ၌စိတ်ချမ်းသာမှုမရနိုင်ကုန်။ကျက်ကျက်ပူသော ကျောက်ဖျာ၌ ထားအပ်သော ငါးကဲ့သို့ တလူးလူး တလွန့်လွန့် နေသည်။ ၎င်း ၂-ပါး အားရှိသော သူတို့သည် ကောင်းမှုပြုရာ၌ စိတ်ချမ်းသာကြ ကုန်၏။ မြေသော ကျောက်စက်ရေ၌ ထားအပ်သော ငါးကဲ့သို့ အလွန်ချမ်းသာလေသည်။ ဥဒ္ဓစ္စကိလေသာ ပူကို ငြိမ်း စေတတ်သည်။

၁၀-၁၁။ **ကာယလဟုတာ,စိတ္တလဟုတာ**-စေတသိက်တို့ ဟူသည် ကိုယ်၏ ပေါ့ပါးခြင်း, စိတ်၏ ပေါ့ပါးခြင်းကို ဖြစ်စေတတ်သော သဘောတရား ဖြစ်သည်။ (ကိုယ်အရ, စိတ်အရ-ရှေ့အတိုင်းပင်။)၎င်းစေတသိက် ၂-ပါး အားနည်းသူတို့သည် ကုသိုလ် ပြုရာ၌ တွန့်တတ်, လိမ်တတ်၏။ တပ်တပ် ပူသော

ကျောက်ဖျားနှ ဖြစ်ချအပ်သော ပန်းပွင့်ကဲ့သို့ တွန့်လိမ် တတ်သည်။ ၎င်း ၂-ပါး အားရှိ သူတို့သည် ရေ၌ ဖြစ်ချ အပ်သော ပန်းပွင့်ကဲ့သို့ အလွန် ရွှင်လန်း ပေသည်။ ထိန,မိဒ္ဓ,ကိလေသာ (ထိုင်းမှိုင်း, လေးကန်ခြင်း) တို့၏ ဆန့်ကျင်ဘက် ပေါ့ပါးစေ တတ်သည်။

၁၂-၁၃။ **ကာယမုဒုတာ, စိတ္တမုဒုတာ** – စေတသိက်တို့ ဟူသည် ကိုယ်၏ နူးညံ့ခြင်း, စိတ်၏ နူးညံ့ခြင်းကို ဖြစ်စေ တတ်သော သဘောတရား ဖြစ်သည်။ ၎င်း စေတသိက် ၂-ပါးနှင့် ပြည့်စုံသော သူသည် ကုသိုလ် ကောင်းမှုတို့၌ နူးညံ့သိမ်မွေ့၏။ ဒိဋ္ဌိ,မာန,ကိလေသာ ကြမ်းတမ်းမှုကို နူးညံ့စေသည်။

၁၄-၁၅။ **ကာယကမ္မညတာ, စိတ္တကမ္မညတာ** - စေတသိက်တို့ ဟူသည် ကိုယ်၏အမှု၌ ခံ့ခြင်း, စိတ်၏အမှု၌ ခံ့ခြင်းကို ဖြစ်စေတတ်သော သဘောတရား ဖြစ်သည်။ ဤ၌ ခံ့ဆိုသည်မှာ အမှု ကိစ္စတို့ကို ဆောင်နိုင်သည်၊ လုပ်ရာ၌ ခံ့ကျန်းသည်ပင် ဖြစ်သည်။ ကာမစ္ဆန္ဒ လောဘ တဏှာ၏ ဆန့်ကျင်ဘက် ဖြစ်၍ ခံ့ကျန်း ထယ်ဝါ စေသည်။

၁၆-၁၇။ **ကာယပါဂုညတာ, စိတ္တပါဂုညတာ** – စေတသိက်တို့ဟူသည် ကိုယ်၏လေ့ကျက်ခြင်း,စိတ်၏လေ့ကျက်ခြင်းကို ဖြစ်စေတတ်သော သဘောတရား ဖြစ်သည်။ ၎င်း စေတသိက် ၂-ပါး မပြည့်စုံသောသူသည် ကောင်းမှုကုသိုလ်တို့၌ တုန်လှုပ် ပင်ပန်း၏။ ရေနက်ထည်းသို့ ဖြစ်ချအပ်သော ကျောက်သည် ရေ၌ လေ့ကျက်မှု မရှိ၍ ကြောက်ရွံ့ တုန်လှုပ်သကဲ့သို့ တုန်လှုပ်သည်။ ၎င်းစေတသိက် ၂-ပါးပြည့်စုံသောသူသည် ကား ရေနက် ထည်းသို့ ဖြစ်ချအပ်သော မိကျောင်းသည် ရေ၌ လေ့ကျက်မှု ရှိသဖြင့် မတုန်လှုပ် သကဲ့သို့ ကုသိုလ် ကောင်းမှု၌ မတုန်လှုပ်

မူလစာကိုယ် (၇) ကောင်းသောစကား, ကောင်းသောအလုပ်, ကောင်းသော အသက်မွေးမှု ဤသုံးပါးသော စေတသိက်ကို သည် ဝိရတီစေတသိက် မည်ကုန်၏။

---

တတ်။ အသဒ္ဓိယ (မယုံကြည်မှု) ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်၍ မတုန်မလှုပ် ဖြစ်စေတတ်သည်။

၁၈-၁၉။ **ကာယုဇုကတာ, စိတ္တုဇုကတာ**-စေတသိက်တို့ ဟူသည် နာမက္ခန္ဓာ ၄-ပါး၏ ဖြောင့်မတ် သည်ကို ဖြစ်စေ တတ်သော သဘောတရား ဖြစ်သည်။ ၎င်းစေတသိက် ၂-ပါး မပြည့်စုံသူ အားနည်းသူတို့သည် ထန်းရည်အရက်ပုးတို့ လမ်း သွားသကဲ့သို့ ကုသိုလ် ကောင်းမှု၌ တွန့်ဆုတ်လိုက်, မြင့်တက် လိုက်, နိမ့်ကျလိုက် ဖြစ်၍ မဖြောင့် မှန်ပေ။ ၎င်းစေတသိက် ၂-ပါးနှင့် ပြည့်စုံ၍ ၎င်း ၂-ပါး အားရှိသူတို့သည် တည်ကြည် ဖြောင့်မတ်သူ၏ လမ်းသွားခြင်းကဲ့သို့ ဖြောင့်မတ်စွာ ကုသိုလ် ကောင်းမှုတို့၌ ဖြစ်တတ်လေသည်။ မာယာသာဌေယျ ကိလေ သာ၏ ဆန့်ကျင့်ဘက်ဖြစ်၍ သမ္မာယုတ်တရားတို့ကို ဖြောင့်မတ် စေတတ်သည်။

ဤ ၁၉ - ပါးသော စေတသိက် တို့သည် အလုံးစုံသော သောဘဏစိတ်တို့၌ ယှဉ်ကြသောကြောင့် သောဘဏသာဓာ ရဏ စေတသိက် ဟူ၍ ခေါ်ဆိုအပ် ကုန်၏။

အဓိပ္ပါယ် (၇) ၂၀။ **သမ္မာဝါစာ** - စေတသိက် ဟူသည် မကောင်းသော ဝစီကံမှ ရှောင်ကြဉ် တတ်သော သဘောတရား ဖြစ်သည်။ ၎င်းသည် စကား, စေတနာ, ဝိရတီ ဟူ၍ ၃-မျိုးရှိသည်။ ထိုတွင် အကြောင်းအ ကျိုးနှင့် စပ်သော ကောင်းစွာ ဆိုအပ်သော စကားသည်

သမ္မာဝါစာ (ကောင်းသောစကား) မည်၏။ ထိုစကားကောင်းကိုဖြစ်စေတတ်သော စေတနာ စေတသိက်သည် သမ္မာဝါစာ စေတနာ မည်၏။ မုသာဝါဒါဝေရမဏီ စသည်ဖြင့် ဝစီ ဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသည် ဝိရတီ သမ္မာဝါစာ မည်၏။ ဤနေရာ၌ သမ္မာဝါစာကို ဝိရတီသမ္မာဝါစာ-ဟု ယူရမည်။

၂၁။ **သမ္မာကမ္မန္တ** - စေတသိက်ဟူသည် မကောင်းသော ကာယကံမှ ရှောင်ကြဉ်တတ်သော သဘောဖြစ်သည်။ ဤ၌လည်းပြုလုပ်ခြင်း, စေတနာ, ဝိရတီဟူ၍ ၃-မျိုးရှိသည်။ ထိုတွင် အပြစ် မရှိသော တစုံတခုသော အမှုကို ကိုယ်ဖြင့် ပြုလုပ်ခြင်းသည် အလုပ် သမ္မာကမ္မန္တ မည်၏။ ထိုအလုပ်ကို ဖြစ်စေသော စေတနာ စေတသိက်သည် စေတနာ သမ္မာကမ္မန္တ မည်၏။ ပါဏာတိပါတာဝေရမဏီ စသည်ဖြင့် ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသည် ဝိရတီ သမ္မာကမ္မန္တ မည်၏။ ဤနေရာ၌ ဝိရတီ သမ္မာကမ္မန္တကို ကောက်ယူရမည်။

၂၂။ **သမ္မာအာဇီဝ**-စေတသိက်ဟူသည် မကောင်းသော ကာယကံ ၃-ပါး, ဝစီကံ ၄-ပါးမှ ရှောင်ကြဉ်၍ ကောင်းသော အသက်မွေးမှုကို ဖြစ်စေတတ်သော သဘောတရား ဖြစ်သည်။ ၎င်းသည်လည်း ဝီရိယ သမ္မာအာဇီဝ, ဝိရတီ သမ္မာအာဇီဝ ဟူ၍ ၂-မျိုးရှိသည်။ ထိုတွင် အပြစ်ကင်းသော လယ်လုပ်ခြင်း ကုန်သွယ်ခြင်းဖြင့် အသက်မွေးသူတို့၏ ထကြွ လုံ့လ ဝီရိယသည် ဝီရိယ သမ္မာအာဇီဝ မည်၏။ အသက်မွေးမှု စင်ကြယ်ခြင်းကို ငဲ့၍ ကာယကံ ၃-ပါး, ဝစီကံ ၄-ပါးမှ ရှောင်ကြဉ်ခြင်းသည် ဝိရတီ သမ္မာအာဇီဝ မည်၏။ ဤ၌ ဝိရတီသမ္မာအာဇီဝကို ကောက်ယူရမည်။

၁။ သမ္မာဝါစာ
၂။ သမ္မာကမ္မန္တ
၃။ သမ္မာအာဇီဝ ဤစေတသိက် ၃-ပါး

တို့ကို ရှောင်ကြဉ် တတ်သော တရား, ရှောင်ကြဉ်ကြောင်း တရားများ ဖြစ်သောကြောင့် ဝိရတီစေတသိက်-ဟု ခေါ်ဆိုကြလေသည်။

ထို ဝိရတီသည် သမာဒါနဝိရတီ, သမ္ပတ္တဝိရတီ, သမုစ္ဆေဒ ဝိရတီ ဟူ၍ ၃-မျိုးစီ ရှိ၏။ ထိုတွင် သိက္ခာပုဒ်တို့ကို ဆောက်တည်ထား၍ ရောက်လာသော ဝတ္ထုကို ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတီ မည်၏။

သိက္ခာပုဒ်တို့ကို မဆောက်တည်ဘဲ ရောက်လာသော ဝတ္ထုကို ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတီ မည်၏။

မဂ်စိတ် ၄ပါး၌ ဒုစရိုက်တို့ကို အမြစ်ပြတ် ပယ်သော အားဖြင့် ဖြစ်သော ဝိရတီသည် သမုစ္ဆေဒ ဝိရတီ မည်၏။

ဤသို့လျှင် ဝိရတီသည် ၉-ပါးရှိသည်။

၁။ **သမာဒါန သမ္မာဝါစာ**=ဆောက်တည်၍ကောင်းသော စကား။

၂။ **သမ္ပတ္တ သမ္မာဝါစာ**=တွေ့ကြုံဆဲ ကောင်းသောစကား။

၃။ **သမုစ္ဆေဒ သမ္မာဝါစာ** = အမြစ်ပြတ် ကောင်းသော စကား။

၁။ **သမာဒါန သမ္မာကမ္မန္တ**=ဆောက်တည်၍ ကောင်းသော အလုပ်။

၂။ **သမ္ပတ္တ သမ္မာကမ္မန္တ**=တွေ့ကြုံဆဲ ကောင်းသောအလုပ်။

မူလစာကိုယ် (ဂ) သနားတတ်သော သဘောတရား, ဝမ်းမြောက်တတ်သော သဘောတရားတို့သည် အပ္ပမညာ စေတသိက် မည်ကုန်၏။ ဤသို့ အလုံးစုံအားဖြင့် ပညိန္ဒြေ စေတသိက်နှင့်တကွ ၂၅-ပါးသော စေတသိက်တို့သည် သောဘဏ စေတသိက် မည်ကုန်၏။ ဤသို့ စေတသိက်တို့၏ အပြားကို သိအပ်ကုန်၏။

---

၃။ **သမ္မာကမ္မန္တ** = အမြစ်ပြတ် ကောင်းသော အလုပ်။

၁။ **သမ္မာဒါန သမ္မာအာဇီဝ** = ဆောက်တည်၍ ကောင်းသောအသက်မွေးမှု။

၂။ **သမ္ပတ္တ သမ္မာအာဇီဝ** = တွေ့ကြုံဆဲ ကောင်းသော အသက်မွေးမှု။

၃။ **သမုစ္ဆေဒ သမ္မာအာဇီဝ** = အမြစ်ပြတ် ကောင်းသော အသက်မွေးမှု။

၎င်းဝိရတီ စေတသိက် များကား ကောင်းမြတ် တင့်တယ်သော စိတ် ၁၆-ခု၌ ယှဉ်ကြသောကြောင့် သောဘဏ စေတသိက် မည်ကုန်၏။ သောဘဏသာဓါရဏ စေတသိက်ဟူ၍ကား အမည်မရ။ သောဘဏစိတ် အားလုံး၌ မယှဉ်သောကြောင့် မှတ်။

အဓိပ္ပါယ် (ဂ) ၂၃။ **ကရုဏာ** - စေတသိက် ဟူသည် ဆင်းရဲသော ဒုက္ခိတ သတ္တဝါကို မြင်တွေ့သောအခါ သနား ကြင်နာတတ်သော သဘောတရား ဖြစ်သည်။ လောက၌ အလွန်ထင်ရှား၏။

၎င်း စေတသိက်ကား စိတ်နူးညံ့သော မိန်းမများ၌သာ၍ ဖြစ်တတ်သည်။

၂၄။ **မုဒိတာ**-စေတသိက်ဟူသည် ချမ်းသာသော သုခိတ သတ္တဝါကို မြင်တွေ့သောအခါ ဝမ်းမြောက် တတ်သော သဘောတရားဖြစ်သည်။ လောက၌ချမ်းသာသောသူကို မြင်သော အခါ စိတ်ကောင်း ရှိသူ၌သာ ဤ မုဒိတာ စေတသိက် ဖြစ်၏။ စိတ်မကောင်း သူ၌ကား ဣဿာ ခေါ် ငြူစူခြင်း အကုသိုလ် စေတသိက် ဖြစ်ပေါ်တတ်၏။ ဆင်းရဲသူကို မြင်သော အခါ ကရုဏာ (သနားခြင်း) ဖြစ်လွယ်သလောက် ချမ်းသာသော သူကို မြင်သောအခါ မုဒိတာ (ဝမ်းမြောက်ခြင်း) မဖြစ်လွယ် တတ်ပေ။ ဣဿာ အကုသိုလ်ဘက် ပါပါ သွားတတ် လေ သည်။ သတိပြုလေ။

ဤစေတသိက် ၂-ပါးသည် အပ္ပမညာ စေတသိက်မည်၏။

၂၅။ **ပညိန္ဒြေ**-စေတသိက်ဟူသည် အလူးတူး အားဖြင့် ထိုးထွင်း၍သိတတ်သော သဘောတရားဖြစ်သည်။ ၎င်းပညိန္ဒြေ စေတသိက်သည် အမောဟ စေတသိက်ဖြစ်သည်။ မသိ မိုက်မဲ တွေဝေသော သဘောတရား၏ ဆန့်ကျင်ဘက် ဖြစ်လေသည်။

ဤ ပညာစေတသိက်လည်း သိတတ်သော သဘောတရား, သညာ စေတသိက်လည်း သိတတ်သော သဘောတရား, စိတ် ခေါ် ဝိညာဏ်လည်း သိတတ်သော သဘောတရားချည်းဖြစ်၍ အဘယ်သို့ ထူးသနည်း။—

ဥပမာ- သူငယ်ကလေး တယောက် ရွှေတုံး ရွှေခဲ ကို ကောက်ရ၏။ ထိုသူငယ်ကား ဝင်းဝင်း ဝါဝါ-ဟုသာ သိ၏။ ရွှေ-ဟု မသိ။ ဘယ်နှစ်မူးရွေး ရှိသည်ကိုကား သာ၍ မသိပေ။ အမိကိုပြသောအခါ အမိကား ဝင်းဝင်းဝါဝါကိုလည်းသိ၏။ ဝင်းဝင်း ဝါဝါ အခဲသည် အဘိုး ထိုက်သော ရတနာရွှေ-ဟု

**မူလစာကိုယ် (၉)** ဤမျှသော စကားရပ်ဖြင့် အညသမာန်း စေတသိက် ၁၃-ပါး၊ အကုသိုလ် စေတသိက် ၁၄-ပါး၊ သောဘဏ စေတသိက် ၂၅-ပါး၊ ပေါင်း ၅၂-ပါး တို့ကို စေတသိက် ဟူ၍ ဆိုအပ်သည်။

---

ရှေးကမှတ်သားဘူးသဖြင့် ရွှေ-ဟုလည်းသိ၏။ ၈-မူးရေ,၉-မူး ရေ, ၁၀-မူးရေ ကိုကား မသိလေ။ ထိုနောက်-ပန်းတိမ်ဆ ရာပြုသောအခါ ဝင်းဝင်းဝါဝါ ကိုလည်းသိ၏။ ရွှေ-ဟုလည်း သိ၏။ ၉-မူးရေ, ၁၀-မူးရေ ရှိသည်ဟူ၍လည်း သိ၏။ ဤအ တူ စိတ်ဝိညာဏ်၏ သိမှုကား ခလေးကဲ့သို့ သိ၏။ သညာ၏ သိမှုကား အမိကဲ့သို့ သိသည်။ ပညာ၏သိမှုကား ရွှေပန်းတိမ် သည်ကဲ့သို့ သိသည်ဟူလို။ ဤကား-ပညာစစ်ဖြစ်သည်။ လော· ကဉ် ကောက်ကျစ်ဉာဏ်, လိမ်လည်လှည့်ပတ်တတ်သောဉာဏ်, ''မာယာတသိန်း အပလိန်းအနန္တ'' ဆိုသော အရာ စသည် တို့သည် ပညာ မဟုတ်ပေ။ ပညာ ယောင်ယောင် သိတတ် သော တရား ၆-ပါးတို့၏ အရာတို့သာ ဖြစ်ကုန်၏။ အောက် မောဟ စေတသိက် အခဏ်း၌ ပြဆိုခဲ့ပြီ။

**ဤကား သောဘဏစေတသိက် ၂၅-ပါး**
**သရုပ် အဓိပ္ပါယ် အပြီးတည်း။**

**အဓိပ္ပါယ် (၉)** ယခု ပြဆိုခဲ့ ပြီးသော စကားတို့ဖြင့်- အညသမာန်း စေတသိက် ၁၃၊ အကုသိုလ် စေ တသိက် ၁၄၊ သောဘဏ စေတသိက် ၂၅၊ ပေါင်း စေတသိက် ၅၂-ပါး ရှိသည်-ဟု အကျဉ်း နိဂုံးသတ် ဆိုသည်။

**မူလစာကိုယ် (၁၀)** ဤစေတသိက် သရုပ်တို့ကို ပြပြီးသည်မှ နောက်၌ အမြဲ ယှဥ်ကုန်သော ထိုစေတသိက်တို့၏ စိတ်တို့၌ ယှဥ်သင့်သည်အား လျော်စွာ အသီးသီး ယှဥ်ခြင်း၊ ဝါ- သမ္ပယောဂ နည်းကို ဆိုပေအံ့။

---

လိုရင်း စကားကျ အားဖြင့် သိလွယ်အောင် ၅၂-ပါးသော စေတသိက်ကို ဝေဘန်သော်-

| | | |
|---|---|---|
| မကောင်းသော အဆိုးဘက် | ( အမဲ ) | ၁၄-မျိုး |
| ကောင်းသော တင့်တယ်သောဘက် | ( အဖြူ ) | ၂၅-မျိုး |
| ကောင်း,မကောင်း ၂-ဘက် | (အမဲအဖြူ) | ၁၃-မျိုး |
| | ပေါင်း စေတသိက် | ၅၂-မျိုး |

| | |
|---|---|
| ဥပမာ-လူဆိုး ခားမြ သူခိုး | ၁၄-ယောက် |
| လူလိမ္မာ သူတော်ကောင်း | ၂၅-ယောက် |
| နှစ်ဘက် လူပေါင်း ဆံ့သူ | ၁၃-ယောက် |

နှင့် အစဉ် အတိုင်း တူလေသည်။ ဤသို့ သဘောပေါက်အောင် မှတ်ထားပါ၊ သို့မှသာ စေတသိက်ယှဥ် နားလည်မည်။

**အဓိပ္ပါယ် (၁၀)** ရှင်အနုရုဒ္ဓါ ဆရာသည် စေတသိက် သရုပ်ကို ပြပြီး၍ စိတ်၌ ယှဥ်သော၊ ဝါ- စိတ်နှင့် အတူ ဥပါဒ်သော စေတသိက်တို့၏ စိတ်၌ ယှဥ်ခြင်းကို ပြခြင်းငှါ "တေသံ စိတ္တာ ဝိယုတ္တာနံ" စသော ဂါထာကို ဆိုသည်။ ထိုစကား မျိုးကို ကျမ်းဂန် တို့၌ အနု သန္ဓေ စကား အဆက် အစပ်-ဟု ခေါ်သည်။ ဤစကား ရပ်ကား အနုသန္ဓေ

**မူလစာကိုယ် (၁၁)** " သဗ္ဗစိတ္တသာဓာရဏ " စေတသိက် ၇-ခုတို့သည် အလုံးစုံ စိတ်တခုယုတ် ၉၀၊ အကျယ် ၁၂၀-ပါး၌ ယှဉ်ကုန်၏။ " ပကိဏ်း " စေတသိက် ၆-ခုတို့သည် ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ကုန်၏။ "အကုသိုလ်" စေတသိက် ၁၄-ပါးတို့သည်၊ အကုသိုလ်စိတ် ၁၂-ပါးတို့၌ ယှဉ်ကုန်၏။ "သောဘဏ"စေတသိက် ၂၅-ခုတို့သည်၊ သောဘဏစိတ် တခုယုတ် ၉၀-၌ ယှဉ်ကုန်၏။

---

အစစ်လည်း မဟုတ်ပေ။ သို့ရာတွင် နားလည် စိမ့်သောငှါ ဤသို့ ဆိုလိုက်သည်။

စေတသိက် ယှဉ်ရာ၌ နည်း ၂-မျိုး ရှိသည်။

၎င်းမှာ- **၁။ သမ္ပယောဂနည်း။**

စေတသိက်တို့၏ စိတ်၌ ယှဉ်ခြင်းကို ပြသောနည်း။
စေတသိက်တို့၏ ယှဉ်ပုံ အသီးသီး ပြသောနည်း။

တနည်း - စေတသိက် တို့ကို မှတည်၍ စိတ် အပေါင်းကို ရေတွက်၍ ပြသောနည်း။

**၂။ သင်္ဂဟနည်း။**

စိတ်၌ ယှဉ်သော စေတသိက် တို့၏ အပေါင်းကို ပေါင်း၍ ပြသောနည်း။ ထိုတွင် သမ္ပယောဂ နည်းကို ရှေးဦးစွာ ပြမည်။

**အဓိပ္ပါယ် (၁၁)** ဆိုခဲ့ ပြီးသော နည်း ၂-မျိုး တို့တွင် သမ္ပယောဂ နည်းကို အကျဉ်းချုပ် မှချသော စကားရပ် ဖြစ်သည်။ ထိုကြောင့် အကုသိုက် စေတသိက် (အမဲ) သည်၊ အကုသိုလ် စိတ် (အမဲ) ၌ ယှဉ်သည်။ သောဘဏ စေတသိက်(အဖြူ)သည်၊ သောဘဏစိတ်(အဖြူ)၌ ယှဉ်သည်-ဟု

မှုအားဖြင့် သတ်မှတ် ထားပါ။ ၎င်းပြင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-မျိုးသည် စိတ် မှန်သမျှ၌ ယှဉ်သည်ကို အမြဲ မှတ်ထားပါ။ ပကိဏ်း စေတသိက် ၆-ခုသာ အနည်းငယ် ယှဉ်မှု, မယှဉ်မှု ရှိသည်။ နောက် အကျယ်၌ သိရလတ့်။

ယခု မူအားဖြင့် ယှဉ်သည်ကို သေချာစွာ မှတ်ထားမှသာ အဖြူဘက် အမဲဘက် သန့်၍ ကွဲပြား ခြားနားစွာ ယှဉ်မှု၌ သိလွယ်မည်။

အောက် စိတ်ပိုင်း၌ စိတ် အမျိုး အစား ကွဲပြား ရခြင်း၌ စိတ်သည် အာရုံသိမှု သာမည ဖြစ်လျက် အကုသိုလ် စိတ်-ဟု အထူး ခေါ်ရ သည်မှာ အကုသိုလ် စေတသိက် နှင့် ယှဉ်တွဲ ပေါင်းဘက် ခြင်းကြောင့် ခေါ်ရ၏။ ဥပမာ-ရေ နှင့် တူသော စိတ်ထဲ၌ အညို ဆေးမှုန့် နှင့် တူသော အကုသိုလ် စေတသိက် ၁၄-မျိုး ရောထည့် လိုက်သဖြင့် ရေသည် ညိုမှောင် သွားသလို စိတ်သည် အကုသိုလ်စိတ် ဖြစ်ရ လေသည်။ ဝါ - အကုသိုလ် စိတ်-ဟု အထူး ကွဲပြား ခြားနား၍ ခေါ်ရ လေသည်။ သော ဘဏ စိတ်-ဟု ခေါ်ရာ၌လည်း ဤအတူ အဖြူ ဆေးမှုန့်နှင့် တူသော သောဘဏ စေတသိက် ၂၅-မျိုး ရောထည့်လိုက် သဖြင့် ရေသည် ဖြူဖွေး သွားသလို စိတ်သည် သောဘဏစိတ် ဖြစ်ရလေသည်။ ဝါ-သောဘဏ စိတ်-ဟု အထူး ကွဲပြား ခြား နား၍ ခေါ်ရ လေသည်။ အညသမာန်း စေတသိက် ၁၃-ခု သည်ကား စိတ်ကို ကွဲပြား ခြားနားအောင် မပြုလုပ်နိုင်။ စိတ်မှန်သမျှ၏ အာရုံကို ယူရာ၌ အကူအညီ အဖော် သဟဲ အဖြစ်ဖြင့် စိတ်နှင့် အမြဲတန်း ယှဉ်တွဲ နေရသဖြင့် စိတ်တိုင်းမှာ သင့်သည်အားလျော်စွာ ပါလျက်ရှိသဖြင့် မထူးခြား မကွဲပြား တော့ပေ။

**မူလစာကိုယ် (၁၂)** အဘယ်သို့ ယှဉ်ကုန် သနည်း။ ရှေးဦးစွာ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး တို့သည် အလုံးစုံ ကုန်သော စိတ်တခုယုတ် ၉၀-တို့၌ ရအပ် ကုန်၏။ ဝါ-ယှဉ်ကုန်၏။

**မူလစာကိုယ် (၁၃)** ပကိဏ်း စေတသိက် ၆-ပါး တို့တွင် ရှေးဦးစွာသော ဝိတက် စေတသိက်သည် ဒွေပဉ္စဝိညာဏ် ကြဉ်သော ကာမစိတ် ၄၄၊ ပထမဈာန်စိတ် ၁၁၊ ပေါင်း ၅၅-ပါး သော စိတ်တို့၌ ဖြစ်၏။ ဝါ-ယှဉ်၏။

---

**အဓိပ္ပါယ် (၁၂)** သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခု တို့သည် စိတ်တခုယုတ် ကိုးဆယ် တို့၌ ယှဉ်ကုန်၏။ စိတ် မှန်သမျှ၌ ၎င်းစေတသိက် ၇-ခု ရအပ်သည်သာ၊ မရအပ်သည် မရှိ။ စိတ် ဖြစ်တိုင်း ပါလေသည်။ နာမ် တရား မှန်သမျှ၏ အခြေခံ အုတ်မြစ် စေတသိက် ၇-ပါးဖြစ်သည်။

**အဓိပ္ပါယ် (၁၃)** ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး ဟူသည် အကုသိုလ်စိတ် ၁၂၊ သမ္ပဋိစ္ဆန်းစိတ် ၂၊ သန္တီရဏစိတ် ၃၊ အာဝဇ္ဇန်းစိတ် ၂၊ ဟသိ တုပ္ပါဒ် ၁၊ ကာမ သောဘဏစိတ် ၂၄၊ ပေါင်း ကာမစိတ် ၄၄-ပါး ဖြစ်သည်။

ဒွေပဉ္စဝိညာဏ် ၁၀-ပါးသည် အာရုံနှင့် ပသာဒ တိုက်ရိုက် ထိခိုက်မှသာ ဖြစ်သောကြောင့်၎င်း, ထိခိုက်စဉ် အားနည်း သေးသဖြင့်၎င်း, ဝိတက် စေတသိက်က ပဉ္စဝိညာဏ် စိတ်အား အာရုံသို့ ရောက်အောင် တင်ပေးမှု မလိုပေ။ ထိုကြောင့် ဒွေပဉ္စ ဝိညာဏ် ၁၀-၌ ဝိတက် မယှဉ်ပေ။

ဒုတိယဈာန်စိတ် စသော ၅၆-ပါးသော စိတ်တို့သည်ကား ဒုတိယဈာန်စိတ် စသည်ကို ရရန် အားထုတ်စဉ်က ဘာဝနာက

**မူလစာကိုယ် (၁၄)** ဝိစာရ စေတသိက်သည် ထိုဝိတက် ယှဉ်သောစိတ် ၅၅-တို့၌၎င်း၊ ဒုတိယဈာန်စိတ် ၁၁-ပါးတို့၌၎င်း၊ ပေါင်း ၆၆-ပါးသော စိတ်တို့၌ ဖြစ်၏။

---

ဝိတက်ကို ပယ်သတ်ပြီးမှ ဖြစ်ပေါ်ရသော စိတ်များဖြစ်၍ ၎င်း ၅၆-ပါးသော စိတ်တို့၌ မယှဉ်နိုင်တော့ပေ။ ထို့ကြောင့် ဝိတက်သည်....

| | | |
|---|---|---|
| ကာမစိတ် | ၄၄ | ၅၅-ခု၌သာ ယှဉ်သည်။ |
| ပထမဈာန်စိတ် | ၁၁ | |

**အဓိပ္ပါယ် (၁၄)** ဝိစာရ စေတသိက် ယှဉ်သော စိတ် ၆၆-ပါးမှာ-

| | | |
|---|---|---|
| အကုသိုလ်စိတ် | .... .... | ၁၂ |
| ဒွိပဉ္စဝိညာဏ် ၁၀-မှ တပါးအဟိတ် | | ၈ |
| ကာမသောဘဏစိတ် | .... | ၂၄ |
| ပထမဈာန်စိတ် | .... .... | ၁၁ |
| ဒုတိယဈာန်စိတ် | .... .... | ၁၁ |
| | ပေါင်း.... | ၆၆ |

အထက်ပါ ၆၆-ပါးသော စိတ်တို့၌ ဝိစာရ စေတသိက် ယှဉ်သည်ဟု ဆိုရာ၌ ပဉ္စကနည်းအရ ဒုတိယဈာန်စိတ် ၁၁-၌သာ ဝိစာရ ယှဉ်သည်။ စတုက္ကနည်း ဒုတိယဈာန်စိတ်၌ ဝိစာရ မယှဉ်နိုင်-ဟု မှတ်ပါ။ ဒွေပဉ္စဝိညာဏ် ၁၀၊ ပဉ္စကနည်း တတိယဈာန် ၁၁၊ စတုတ္ထဈာန် ၁၁၊ ပဉ္စမဈာန် ၂၃၊ ပေါင်း ၅၅-ပါးသော စိတ်တို့၌ ဝိစာရ မယှဉ်ခြင်း အကြောင်းမှာ အထက် ဝိတက် စေတသိက် အတိုင်းပင် သိပါလေ။

| | |
|---|---|
| မူလစာကိုယ် (၁၅) | အဓိမောက္ခ စေတသိက်သည် ဒွေ ပဉ္စ ဝိညာဏ် ၁၀၊ ဝိစိကိစ္ဆာ ကြဉ်သော ၇၈-ပါးသော စိတ်တို့၌ ဖြစ်၏။ |
| မူလစာကိုယ် (၁၆) | ဝီရိယစေတသိက်သည် ပဉ္စဒွါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆန်း သန္တီရဏ ကြဉ် အပ်သော ၇၃-ပါး သော စိတ်တို့၌ ဖြစ်၏။ |

---

**အဓိပ္ပါယ် (၁၅)** အဓိမောက္ခ စေတသိက် ယှဉ်သော စိတ် ၇၈-ပါးမှာ-

| | |
|---|---|
| ဝိစိကိစ္ဆာ စိတ်မှတပါး အကုသိုလ်စိတ် | ၁၁ |
| ဒွိပဉ္စဝိညာဏ် ၁၀-ပါးမှ တပါး အဟိတ်စိတ် | ၈ |
| သောဘဏစိတ် တခုယုတ် (၆၀) | ၅၉ |
| ပေါင်း | ၇၈ |

၍ ၇၈-ပါးသော စိတ်တို့၌ယှဉ်၏။ ၁၁-ပါးသော စိတ်တို့၌ မယှဉ်နိုင်။ ၍ အဓိမောက္ခ စေတသိက်သည် ဈာန်အင်္ဂါ တရား ကိုယ် မဟုတ်၍ စိတ်အကျယ်၌ ယှဉ်မှု, မယှဉ်မှု ရေတွက် သတ်မှတ်စရာ မလို။ အကျဉ်း ၈၉-ပါး၌သာ ယှဉ်,မယှဉ် ရေတွက် သတ်မှတ် ရသည် ဟူလို။

အဓိမောက္ခ၏ သဘောသည် အာရုံကို ဆုံးဖြတ်ခြင်း ဖြစ်၍ မြင်, ကြား, နံ, သိ, တွေ့ထိမှု ဖြစ်သော ဒွေ ပဉ္စ ဝိညာဏ်နှင့် ယုံမှား သံသယ သဘော ရှိသော ဝိစိကိစ္ဆာ စိတ်တို့၌ မယှဉ် နိုင်-ဟု မှတ်အပ်၏။

**အဓိပ္ပါယ် (၁၆)** ဝီရိယစေတသိက်ယှဉ်နိုင်သောစိတ် ၇၃-ပါးမှာ- အကုသိုလ်စိတ် ၁၂၊ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်စိတ် ၂၊သောဘဏစိတ် ၅၉၊ပေါင်း-၇၃။

**မူလစာကိုယ် (၁၇)** ပီတိ စေတသိက်သည် ဒေါမနဿ, ဥပေက္ခာ, ကာယ ဝိညာဏ်, စတုတ္ထဈာန် ကြဉ်သော ၅၁ – ပါးသော စိတ်တို့၌ ဖြစ်၏။

---

ပဋ္ဌာရုံ စစဉ်း ဖြစ်ကြသော ပဋ္ဌဒွါရာဝဇ္ဇန်း, ပဋ္ဌဝိညာဏ်, သမ္ပဋိစ္ဆန်း, သန္တီရဏ တို့သည် အားနည်း ကြသည် ဖြစ်၍ ဝီရိယ စေတသိက် မယှဉ်နိုင်။

**အဓိပ္ပါယ် (၁၇)** ပီတိ ယှဉ်နိုင်သောစိတ် ၅၁-ပါးမှာ-

| | |
|---|---|
| အကုသိုလ်မှ-လောဘမူ သောမနဿ | ၄ |
| အဟိတ်မှ-သောမနဿ သန္တီရဏ,ဟသိတုပ္ပါဒ် | ၂ |
| ကာမာဝစရ သောဘဏ သောမနဿစိတ် | ၁၂ |
| ပထမဈာန်,ဒုတိယဈာန်,တတိယဈာန် | ၃၃ |
| | ပေါင်း····၅၁ |

ပီတိ၏ သဘောမှာ ကိုယ်စိတ် ၂-ပါးကို ရွှင်လန်းစေတတ်၏။ ဒေါမနဿစိတ်တို့၏ သဘောမှာ ကိုယ်စိတ် ၂-ပါးကို ညှိုးနွမ်း စေတတ်သဖြင့် ပီတိ နှင့် ဆန့်ကျင် နေ၏။ ဥပေက္ခာ စိတ်များမှာလည်း အာရုံ၌ နှစ်သက်မှု,မနှစ်သက်မှု မရှိ၊ဘာသိ ဘာသာ ဖြစ်လေ့ ရှိသဖြင့် ပီတိ နှင့် ဆန့်ကျင်၏။ သုခကာယ ဝိညာဏ် စိတ်မှာလည်း ကိုယ်၏ ချမ်းသာမှုမျှ ဖြစ်၍ စိတ်၏ ချမ်းသာမှု မဖြစ်သဖြင့် ဆန့်ကျင်နေ၏။ စတုတ္ထဈာန်သည်လည်း ဘာဝနာ၏ အစွမ်းဖြင့် ပီတိကို ပယ်ပြီးသဖြင့် ဆန့်ကျင်နေ၏။ ထိုသို့ ပီတိနှင့် ဆန့်ကျင်ဘက် ဖြစ်သဖြင့် ၇၀-သော စိတ်တို့၌ ပီတိသည် မယှဉ်ပါသည် ဟူလို။

မူလစာကိုယ် (၁၈) ဆန္ဒ စေတသိက်သည် အဟိတ်စိတ် ၁၈-ခု, မောဟမူစိတ် ၂ - ခုသည် ကြဉ် အပ်သော ၆၉ - ပါးသော စိတ်တို့၌ ဖြစ်၏။

မူလစာကိုယ် (၁၉) ပကိဏ်းစေတသိက် ၆-ပါး မယှဉ်သော စိတ်တို့သည် အစဉ်အတိုင်း ၆၆-ပါး၊ ၅၅ -ပါး၊ ၁၁-ပါး၊ ၁၆-ပါး ၇၀၊ ၂၀၊ တို့ ရှိကြကုန်၏။ ပကိဏ်းစေတသိက် ၆-ပါး ယှဉ်သော စိတ်တို့သည် အစဉ်အတိုင်း ၅၅၊၆၆၊၇၈၊၇၃၊၅၁၊၆၉-တို့ ရှိကြကုန်၏။

---

**အဓိပ္ပါယ် (၁၈)** ဆန္ဒ စေတသိက် ယှဉ်နိုင်သော စိတ် ၆၉-ပါးမှာ-

| | |
|---|---|
| အကုသိုလ်မှ လောဘမူ ဒေါသမူစိတ် | ၁၀ |
| သောဘဏစိတ် | ၅၉ |
| ပေါင်း…၆၉ | |

ဆန္ဒ၏ သဘောမှာ တောင့်တခြင်း ဖြစ်၍ ဇောစိတ် များ၏ အဖြည့်ခံ ဖြစ်သော အဟိတ်စိတ် နှင့် မသိတွေဝေ မိုက်မဲသော မောဟ စိတ်တို့၌ တောင့်တမှု မရှိသဖြင့် မယှဉ်နိုင် ဟူလို။

**အဓိပ္ပါယ် (၁၉)** ဤစကား များသည် အကျဉ်း ချုံး၍ ပြသော သင်္ဂဟ ဂါထာများ ဖြစ်သည်။

## အဓိပါယ် လိုရင်းမှာ။

| ပကိဏ်းစေတသိက် | ယှဉ် | မယှဉ် | ပေါင်း | |
|---|---|---|---|---|
| ၁။ ဝိတက် | ၅၅ | ၆၆ | ၁၂၁ | (အကျယ်) |
| ၂။ ဝိစာရ | ၆၆ | ၅၅ | ၁၂၁ | ။ |
| ၃။ အဓိမောက္ခ | ၇၈ | ၁၁ | ၈၉ | (အကျဉ်း) |
| ၄။ ဝီရိယ | ၇၃ | ၁၆ | ၈၉ | ။ |
| ၅။ ပီတိ | ၅၁ | ၇၀ | ၁၂၁ | (အကျယ်) |
| ၆။ ဆန္ဒ | ၆၉ | ၂၀ | ၈၉ | (အကျဉ်း) |

**မှတ်ချက်**- ဝိတက်, ဝိစာရ, ပီတိ စေတသိက် ၃-ပါးကား ဈာန်တရားများဖြစ်၍ လောကုတ္တရာ၌ အကျယ်ပွါးသောအခါ ဈာန်အင်္ဂါတွင် ပါဝင်၍ ထူးခြားသော စေတသိက်များ ဖြစ်သောကြောင့် စိတ်အကျယ်မှာ ယှဉ်, မယှဉ် ဝေဘန် ရသည်။ အခြားသော အဓိမောက္ခ, ဝီရိယ, ဆန္ဒ ၃-မျိုး တို့ကား လောကုတ္တရာ အကျယ်ပွါးရာ၌ ပါဝင်သော်လည်း ဈာန်အင်္ဂါ မဟုတ်သဖြင့် မထူးခြားသောကြောင့် အကျဉ်းမှာ ယှဉ်,မယှဉ် ဝေဘန်ရသည်။ ၎င်း သင်္ချာတို့၏ သရုပ်အကျယ်ကို အောက်၌ ပြခဲ့ပြီ။ ဤသို့ ပကိဏ်းစေတသိက် ၆-ခုတို့သည် ရောပြွမ်း၍ယှဉ် တတ် သောကြောင့် ပကိဏ်း စေတသိက်-ဟု ခေါ်ဝေါ်ခြင်း ပြုထားသည်။ ၎င်းစေတသိက်ယှဉ်ကို လေ့ကျက်၍ ကြေပြွန်လျှင် အခြားစေတသိက်ကား မခက်ပြီ။အောက်က ပြခဲ့သည့်အတိုင်း (အဖြူ-အမဲ) နယ် သတ်မှတ် ထားမှုဖြင့် ကွဲပြား ခြားနားစွာ သိနားလည် နိုင်သည်။

**အညသမာန်း စေတသိက်တို့၏ သမ္ပယောဂနည်း ပြီးပြီ။**

**မူလစာကိုယ် (၂၀)** အကုသိုလ် စေတသိက် ၁၄ - ပါးတို့တွင် မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဤ ၄ - ပါးသော စေတသိက် တို့သည် " အကုသလ သာဓာရဏ " စေတသိက် မည်ကုန်၏။ ၎င်းတို့ကို အကုသိုလ်စိတ် ၁၂ - ပါး တို့၌ ရအပ် ကုန်၏။

**မူလစာကိုယ် (၂၁-၂၄)** လောဘ စေတသိက်သည် လောဘမူစိတ် ၈–ခု၌ ယှဉ်၏။

**မူလစာကိုယ် (၂၂)** ဒိဋ္ဌိ စေတသိက်သည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄ - ခု၌ ယှဉ်၏။

---

**အဓိပ္ပါယ် (၂၀)** အညသမာန်း စေတသိက်တို့၏ ယှဉ်ပုံ သမ္ပယောဂ နည်းကို ပြပြီး၍ အကုသိုလ် စေတသိက်တို့၏ ယှဉ်ပုံ သမ္ပယောဂ နည်းကို ပြဦးမည်။

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ စေတသိက် ဤ ၄- ပါးတို့သည် အကုသိုလ်စိတ် ၁၂–ပါး တို့၌ယှဉ်ကုန်၏။ ထိုသို့ အကုသိုလ်စိတ် ၁၂ - ပါး လုံး၌ ယှဉ်သောကြောင့် "သဗ္ဗာကုသလ သာဓာရဏ" စေတသိက်–ဟု ခေါ်ဆို အပ်ကုန်၏။ အကုသိုလ် စိတ်၏ အခြေခံ အုတ်မြစ် နာမ် တရား ၄-ပါးပင် ဖြစ်သည်။ ၎င်း စေတသိက် ၄ - ပါးကား တပါးနှင့် တပါး ကွဲကွာ၍ မဖြစ်ကြ။ ၎င်းကို သိလွယ်အောင် " မောစတုက် " ၄–ပါး-ဟု ခေါ်ဝေါ်မှတ်သားထားပါ။ အကုသိုလ် မှန်သမျှ၌ ၎င်း မောစတုက် စေတသိက် ၄-ပါး ပါသည်ချည်းမှတ်။

**မောစတုက်**–ဟူသည် မောဟ စေတသိက် ခေါင်းဆောင်သော စေတသိက်ပေါင်း ၄-ပါး-ဟု ဆိုလိုသည်။

မူလစာကိုယ် (၂၃) မာန စေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ ယှဉ်၏။

မူလစာကိုယ် (၂၄) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဤ ၄-ပါးသော စေတသိက်တို့သည် ဒေါသမူစိတ် ၂-ပါး၌ယှဉ်ကုန်၏။

---

**အဓိပ္ပါယ် (၂၁-၂၃)** မူလစာကို အားဖြင့် ထင်ရှားလှသည်။ သို့ရာတွင် ၎င်း လောဘ, ဒိဋ္ဌိ, မာန, စေတသိက် ၃-ပါးကို (ခေါင်းဆောင်သော လောဘနှင့် နောက်လိုက် ဒိဋ္ဌိ,မာန ၂-ပါး၊ ပေါင်း ၃-ပါး ဖြစ်၍) ''လောတိက်''ဟု နာမည် မှတ်ထားပါ။ ထိုတွင် ဒိဋ္ဌိ နှင့် မာနမှာ ပြိုင်၍ မယှဉ် နိုင်ကြပေ။ ဒိဋ္ဌိသည် ရုပ်, နာမ်ဓမ္မ ပေါ်၌ "အတ္တ"ဟု အမှား စွဲလမ်းသည်။မာနသည် ရုပ်,နာမ်ဓမ္မကို အစွဲပြု ၍''ငါ,ငါ''ဟု ထောင်လွှား၏။ ထိုသို့ သုံးသပ်ပုံခြင်း မတူကြ၍ တံခိုးပါဝါကြီး တရားချည်း ဖြစ်၍ အတူ မယှဉ်နိုင်။ တိုင်းပြည် တခု၌ ဘုရင် ၂-ပါး နန်းမစံနိုင်သကဲ့သို့မှတ်။(အောက်ဒိဋ္ဌိ,မာနသဘာဝ၌ လည်း ပြခဲ့ပြီ။)

(၂၄) ဒေါသ ခေါင်းဆောင် နောက်လိုက် ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, ၎င်း ၄-ပါးကို ''ဒေါစတုက်''ဟု နာမည် မှတ်ထားပါ။ သူတပါး စည်းစိမ်ကို ငြူစူ မနာလိုသော အခါ ဒေါသ, ဣဿာ ဖြစ်၏။ မစ္ဆရိယ, ကုက္ကုစ္စ မဖြစ်။ မိမိစည်း စိမ်ကို နှမြော ဝန်တိုသော အခါ ဒေါသ, မစ္ဆရိယ ဖြစ်၏။ ဣဿာ, ကုက္ကုစ္စ မဖြစ်။ နောင်တ တဖန် ပူပန်သော အခါ ဒေါသ, ကုက္ကုစ္စ ဖြစ်၏။ ဣဿာ, မစ္ဆရိယ မဖြစ်။ ဤသို့ အသီးသီးဖြစ်ကြသည်။

**မူလစာကိုယ်** (၂၅) ထိနစေတသိက်,မိဒ္ဓစေတသိက် ၂-ပါးသည်အကုသိုလ် သသင်္ခါရိကစိတ် ၅-ပါးတို့၌ ယှဉ်ကုန်၏။

**မူလစာကိုယ်** (၂၆) ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာစိတ် တခု၌သာ ယှဉ်၏။

**မူလစာကိုယ်** (၂၇) မောစတုက်စေတသိက် ၄-ပါးတို့သည် အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်ကုန်၏။ လောတိတ် စေတသိက် ၃-ပါးတို့သည်လောဘမူစိတ် ၈-ပါး၌ယှဉ်ကုန်၏။ဒေါစတုက် စေတသိက် ၄-ပါးတို့သည် ဒေါသမူစိတ် ၂-ပါး၌ ယှဉ်ကုန်၏။ ထိဒုက် စေတသိက် ၂-ပါးသည်သသင်္ခါရိကစိတ် ၅-ပါး၌ယှဉ်ကုန်၏၊ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာစိတ် ၁-ခု၌ယှဉ်၏။ ဤသို့ အကုသိုလ် စေတသိက် ၁၄-ပါးတို့သည် ၁၂-ပါးသော အကုသိုလ် စိတ်တို့၌ ၅-မျိုး ၅နည်း အားဖြင့် ယှဉ်ကြကုန်၏။

---

(၂၅) ထိန, မိဒ္ဓ စေတသိက် ၂-ပါးကား တကယ် သဘာဝ၌ ခွဲ၍မရ၊ အမြဲ တွဲလျက် ရှိသည်မှတ်။ ၎င်း ထိန, မိဒ္ဓ ၂-ပါးသည် သင်္ခါရိက စိတ်၌သာ ယှဉ်ကြကုန်၏-ဟု စာပြော ပင် ပြောရပေသည်။ အမှန်မှာ ထိန,မိဒ္ဓ ၂-ပါး ယှဉ်တွဲ ပါနေသဖြင့် ထိုင်းမှိုင်း လေးကန် ပျင်းရိခြင်း ဖြစ်သော သသင်္ခါရိက စိတ် ဖြစ်ရသည်-ဟု အသေအချာမှတ်။

(၂၇) ဤ၌လည်း အဓိပ္ပါယ်ပေါ်လွင်၏။ အကုသိုလ် စေတသိက် ၁၄-ပါးတို့က အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်ပုံ ယှဉ်နည်း ၅-မျိုး ရှိသည်။ ၎င်း ၅-မျိုးမှာ- ၁။ မောစတုက်သည် အကုသိုလ်စိတ် ၁၂-၌ တနည်း၊ ၂။ လောတိက်သည် လောဘမူစိတ် ၈-၌တနည်း၊ ၃။ ဒေါစတုက်သည် ဒေါသမူစိတ် ၂-၌ တနည်း၊ ၄။ ထိဒုက်သည် သသင်္ခါရိကစိတ် ၅-၌ တနည်း၊ ၅။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာစိတ် ၁-၌တနည်း၊ ပေါင်း ၅-နည်း။

**အကုသိုလ်စေတသိက် သမ္ပယောဂနည်း ပြီးပြီ။**

မူလစာကိုယ် (၂၀) သောဘဏစေတသိက် ၂၅-ပါးတို့တွင် ''သောဘဏ သာဓာရဏ'' စေတသိက် ၁၉-ပါး တို့သည် သော ဘဏစိတ် ၅၉-ပါးလုံး၌ ယှဉ်ကုန်၏။

---

**အဓိပ္ပါယ် (၂၀)** အကုသိုလ်စေတသိက် သမ္ပယောဂနည်းမှတပါး သောဘဏစေတသိက်တို့၏ သမ္ပယောဂနည်းကို ပြရန် သောဘဏ စေတသိက် ၂၅-ပါး စသော စကားကို ဆိုသည်။ သောဘဏ စေတသိက် ၂၅-ပါးတွင် သဒ္ဓါ, သတိ စသော ၁၉-ပါး တို့သည် သောဘဏစိတ် တခုယုတ် ခြောက်ဆယ် ( ၅၉ ) ပါး အကုန်လုံးတို့၌ ယှဉ်ကြ ကုန်၏။ ဤသို့ သောဘဏစိတ် အားလုံးတို့နှင့် ဆက်ဆံသော ကြောင့် ''သောဘဏသာဓာရဏ'' စေတသိက် ဟူ၍ ခေါ် ဝေါ်ပညတ်ရလေသည်။ တင့်တယ် ကောင်းမြတ်သော ကုသိုလ် စိတ်, ဝိပါက်စိတ်, ကြိယာစိတ် မှန်သမျှ ဥပ္ပါဒ် ဖြစ်သော အခါ ဖြစ်တိုင်း ဖြစ်တိုင်း ပြဆိုခဲ့ပြီးသော "သောဘဏသာဓာရဏ" စေတသိက် ၁၉-ပါး ပါလေသည်ချည်း-ဟု မှတ်ပါလေ။

ကောင်းသောစိတ်, တင့်တယ်သော စိတ်များ ဖြစ်ရာ၌ အခြေခံ အုဋ္ဌမြစ် နာမ်တရား ၁၉-ပါးပင် ဖြစ်သည်။ ၎င်း နာမ်တရား ၁၉-ပါး မပါက စိတ်ကောင်း သဘောကောင်း မဖြစ်နိုင်-ဟု မှတ်။

**မူလစာကိုယ်** ထိုမှ တပါး ဝိရတီ စေတသိက် ၃-ပါး တို့သည် လော
(၂၉) ကုတ္တရာစိတ် ၈-ပါးတို့၌အခါခပ်သိမ်းအမြဲ ၃-ပါးလုံး တပေါင်းတည်း ယှဉ်ကြ ကုန်၏။ လောကီ ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး တို့၌ကား တခါ တရံ ( အမြဲမဟုတ် ) တပါးစီ တပါးစီ အသီးသီး ယှဉ်ကြကုန်၏။

---

**အဓိပ္ပါယ်** သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝဟူသော
**(၂၉)** ဝိရတီစေတသိက် ၃-ပါးတို့သည် လောကုတ္တရာ စိတ် ၈-ပါး၊ ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး၊ ပေါင်း ၁၆-ပါးသော စိတ်တို့၌ ယှဉ်ကြ ကုန်၏။ သို့ရာတွင် လောကုတ္တရာ၌ ယှဉ်ပုံနှင့် လောကီ၌ ယှဉ်ပုံ မတူကြ။ ထူးခြား ကွဲပြားသည်။ ကွဲပြားပုံမှာ-လောကုတ္တရာစိတ် ၈- ပါး၌ ဝိရတီစေတသိတ် ၃- ပါးတို့သည် အမြဲယှဉ်ကုန်၏။ ဝါ- လောကုတ္တရာစိတ်ဖြစ်တိုင်းပါ၏။ ယှဉ်သော အခါမှာလည်း တပါး တည်းမဟုတ် ၃ - ပါးလုံး တပေါင်းတည်း ယှဉ်ကြကုန်၏။ လောကီကာမာစရ ကုသိုလ်စိတ် ၈-ပါး၌ကား ဝိရတီ ၃-ပါး တို့သည် အမြဲမယှဉ်ကုန်၊ဝါ-ကာမာဝစရကုသိုလ်စိတ်ဖြစ်တိုင်း မပါကုန်။ ယှဉ်သော အခါမှာလည်း ဝိရတီ ၃-ပါးလုံး တပြိုင် နက်တည်း မယှဉ်ကုန်။ တပါးစီ တပါးစီသာ ယှဉ်ကုန်၏။

**ချဲ၍ပြဦးအံ့** - ဘုရားကို ရှိခိုးသော အခါ, အလှူပေးသော အခါ စသည်တို့၌ ဖြစ်သော ကာမာဝစရ ကုသိုလ် စိတ်သည် တစုံ တခုသော အရာ ဝတ္ထုကို မပြုလုပ်ဘဲ ရှောင်ကြည်မှု မရှိ သောကြောင့် ရိုးရိုးကုသိုလ်သာ ဖြစ်၏။ သို့ဖြစ်၍ ၎င်း ကာမာ ဝစရ ကုသိုလ်စိတ် ၈-ပါး၌ဝိရတီစေတသိက် ၃-ပါးမယှဉ်ပေ။

သူတပါး အသက်ကို သတ်ခြင်း, သူတပါး ဥစ္စာကို ခိုးခြင်း, သူ့သားမယားကို ကြူးလွန်ခြင်း, လိမ်၍ပြောခြင်း, ဂုန်းစကား ပြောခြင်း, ဆဲရေး တိုင်းထွာ ကြမ်းတမ်းစွာ ဆိုခြင်း, ဒဏ္ဍာရီ ဝတ္ထုစကား ပြောခြင်း တို့မှ၊ ဝါ-တို့ကို မပြုလုပ်ဘဲ ရှောင်ကြဉ် သောအခါ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်တို့သည် ရှောင် ကြဉ်မှု ၅၊သောကြောင့် ဝိရတီ ကုသိုလ် မည်ကုန်၏။ ထိုဖြစ်ပြု ငင်း ကာမာဝစရ ကုသိုလ်စိတ် ၈ - ပါး၌ ဝိရတီ စေတသိက် ၃-ပါး ယှဉ်လေသည်။ ဤသို့ကာမာဝစရကုသိုလ်စိတ် ဖြစ်တိုင်း မပါ။ ပါသော အခါပါ၍ မပါသော အခါ မပါသောကြောင့် ပါပြဲ၌ ကဒါစိ (တခါတရံ) ဟု ဆိုလေသည်။ ပါသော အခါ၌ လည်း ၃-ပါးလုံးမပါ၊ တပါးစီသာပါ၏။ အဘယ် အခါမှာ နည်း။ သူ့အသက် သတ်ခြင်း, သူ့ဥစ္စာ ခိုးခြင်း, သူ့သားမယား ကြူးလွန်ခြင်း-ဟု ဆိုအပ်သော ကာယဒုစရိုက် ၃-ပါးမှ ရှောင် ကြဉ်သော အခါ ဖြစ်သော ကာမာဝစရ ကုသိုလ် စိတ်၌ သမ္မာ ကမ္မန္တ ဝိရတီ စေတသိက်သာပါ၏။ သမ္မာဝါစာ သမ္မာအာဇီဝ မယှဉ်ပါလေ။ ထို့ပြင်ကာယဒုစရိုက် ၃-ပါးအားလုံးကိုလည်း တပြိုင်နက် မရှောင်ကြဉ် နိုင်ပေ။ သတ်မှုကို ရှောင်ကြဉ်သော အခါ သတ်မှုရှောင် သမ္မာ ကမ္မန္တ ဖြစ်၏။ ခိုးမှုရှောင် သမ္မာ ကမ္မန္တ မဖြစ်နိုင်ပေ။

သက်သက် လိမ်ပြောခြင်း မုသာဝါဒ, ဂုန်းချောခြင်း ပိသုဏာဝါစာ, ဆဲရေး တိုင်းတွာ ကြမ်းတမ်းစွာဆိုခြင်း ဖရုသ ဝါစာ, ဒဏ္ဍာရီဝတ္ထုစကားကိုပြောခြင်း သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ ဖြစ်သော ကာမာ ဝစရ ကုသိုလ်စိတ်၌ သမ္မာဝါစာဝိရတီ စေတသိက်သာ ယှဉ်၏၊ ဝါ-ပါ၏။ သမ္မာကမ္မန္တ, သမ္မာအာဇီဝ စေတသိက် မယှဉ်,

မူလစာကိုယ် (၃၀) ထိုမှ တပါး အပ္ပမညာ စေတသိက် ၂-ပါး တို့သည် ပဥ္စမရျာန် ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂-ပါး၊ ကာမ ကုသိုလ်စိတ် ၈-ပါး၊ သဟိတ် ကာမကြိယာစိတ် ၈-ပါး၊ ပေါင်း ၂၈-ပါးသော စိတ်တို့၌ တရံတခါ အသီး အသီး တခုစီ ယှဉ်ကြကုန်၏၊ အထူးမှာ အချို့ဆရာတို့က ဥပေက္ခာစိတ်တို့၌ ကရုဏာ, မုဒိတာ စေတသိက်များ မယှဉ်ကြကုန်-ဟု ဆိုကြကုန်၏။

---

မပါလေ။ ထို့ပြင် ထိုသမ္မာဝါစာ သည်ပင် လိမ်ပြော ခြင်းကို ရှောင်ကြဉ်သော အခါ လိမ်ပြောရှောင် သမ္မာဝါစာ ဖြစ်၏။ ဂုန်းချောရှောင် သမ္မာဝါစာမဖြစ်။ ဂုန်းချောရှောင်ရာ၌လည်း ဤအတူပင်။ သို့ဖြစ်၍ ပါဠိ၌ ဝိသုံဝိသုံ (အသီးသီး တခုစီ) ဟု ဆိုလေသည်။ တံငါသည် စသည်တို့သည် သူ့အသက်သတ်ခြင်း ပါဏာတိပါတ ကံဖြင့် အသက် မွေးကြကုန်၏။ ထိုတံငါသည် တို့သည် ''ယနေ့ ငါတို့သည်, ငါးများကို မဖမ်းကုန်တော့၊ ထို ငါးများကို ဇီဝိတဒါနပြုတော့အံ့''ဟု ငါးဖမ်းခြင်းမှ ရှောင်ကြ ကုန်၏။ ထိုအခါ ကာမာဝစရ ကုသိုလ်စိတ်၌ သမ္မာအာဇီဝ စေတသိက် ၁-ပါးသာယှဉ်၏။ အကြဉ်အခါတံစိုးလက်ဆောင် ယူ၍ မှသားဆိုခြင်း, ဂုန်းချောခြင်း, ဆဲရေးခြင်း, ဒဏ္ဍာရီဝတ္ထု ပြောခြင်းတို့မှ ရှောင်ကြဉ်၏၊ ထိုအခါ ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်၌ သမ္မာအာဇီဝ တပါးသာ ယှဉ်၏။

ဤသို့ လောကီ ကုသိုလ်စိတ်တို့၌ အမြဲမယှဉ်၊ ယှဉ်ပြန် ပါလည်း အားလုံးမယှဉ်ဘဲ အသီးအသီး တခုစီယှဉ်လေသည်။

**အဓိပ္ပါယ် (၃၀)** ကရုဏာ, မုဒိတာ, ခေါ် အပ္ပမညာစေတသိက် ၂-ပါး တို့၏ ယှဉ်ပုံ ယှဉ်နည်းကို အောက်ပါ အတိုင်း သမာနဝါဒ, ကေစိဝါဒအားဖြင့် ခွဲခြား မှတ်သား ရမည်။

**သမာနဝါဒ အားဖြင့်**

| | | |
|---|---|---|
| ပထမဈာန်စိတ် | .... | ၃-ပါး |
| ဒုတိယဈာန်စိတ် | .... | ၃-ပါး |
| တတိယဈာန်စိတ် | .... | ၃-ပါး |
| စတုတ္ထဈာန်စိတ် | .... | ၃-ပါး |
| ကာမကုသိုလ်စိတ် | .... | ၈-ပါး |
| ကာမကြိယာစိတ် | .... | ၈-ပါး |

ပေါင်း ၂၈-ပါးတို့၌ ယှဥ်သည်။

**ကေစိဝါဒ အားဖြင့်**

| | | |
|---|---|---|
| ပထမဈာန်စိတ် | .... | ၃-ပါး |
| ဒုတိယဈာန်စိတ် | .... | ၃-ပါး |
| တတိယဈာန်စိတ် | .... | ၃-ပါး |
| စတုတ္ထဈာန်စိတ် | .... | ၃-ပါး |
| သောမနဿ ကုသိုလ်စိတ် | .... | ၄-ပါး |
| သောမနဿ ကြိယာစိတ် | .... | ၄-ပါး |

ပေါင်း ၂၀-တို့၌ ယှဥ်၏။

**ရှင်းလင်း ပြဦးအံ့** - ကရုဏာ ပြခန်းသော ကုသိုလ်စိတ်သည် ဒုက္ခိတ (ဆင်းရဲသား) သတ္တဝါ အာရုံကို အာရုံပြုလျက် ဖြစ်ပေါ်၏။ မုဒိတာ ပြခန်းသော ကုသိုလ် စိတ်သည် သုခိတ (ချမ်းသာသူ) သတ္တဝါ အာရုံကို အာရုံ ပြုလျက် ဖြစ်ပေါ်၏။ ထိုကြောင့် အာရုံကွဲပြားသဖြင့် ကရုဏာနှင့် မုဒိတာ ၂-ပါးစုံ မဖြစ်နိုင်။ ဘုရားအာရုံ, တရားအာရုံ, သီလအာရုံတို့၌ ကုသိုလ် စိတ် ဖြစ်ပေါ်သော အခါ ကရုဏာ, မုဒိတာ ၂-ပါး မယှဥ်,

မပါလေ။ ထို့ကြောင့် "တရံတခါ" ယှဉ်၏-ဟု မူလစာကိုယ်၌ ဆိုလေသည်။ သတ္တာ ပညတ်ကို အာရုံပြု၍ ဖြစ်သော ကုသိုလ်စိတ်၌ ကရုဏာနှင့် မုဒိတာ ပါပြန်သော်လည်း ၂-ပါးစုံ မပါနိုင်။ အာရုံကွဲပြားသဖြင့်တပါးစီသာပါရလေသည်။ထို့ကြောင့် ''အသီးအသီး'' ယှဉ်ကုန်၏-ဟု မူလစာကိုယ်၌ ဆိုလေသည်။

**ကေစိဝါဒ နှင့် သမာနဝါဒ ကွဲပြားသည့်မှာ**

**သမာနဝါဒ အားဖြင့်-**

သောမနဿ, ဥပေက္ခာ ကုသိုလ်စိတ်, သောမနဿ, ဥပေက္ခာ ကြိယာစိတ်တို့၌ ကရုဏာ, မုဒိတာ ၂-ပါး ယှဉ်သည်-ဟု ဆို၏။

**ကေစိဝါဒ အားဖြင့်-**

သောမနဿ ကုသိုလ်စိတ်, သောမနဿ ကြိယာစိတ်တို့၌သာ ယှဉ်၍ ဥပေက္ခာ ကုသိုလ်, ဥပေက္ခာ ကြိယာစိတ်တို့၌ ကရုဏာ, မုဒိတာ ၂-ပါး မယှဉ်နိုင် - ဟု ဆိုလိုသည်။

**ကေစိဝါဒ အဓိပ္ပါယ်** - အပ္ပနာသို့ မရောက် သေးသော ကရုဏာ, မုဒိတာ ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်အား အစ စီးဖြန်းမှု၌သာ သောမနဿ ကုသိုလ်စိတ် ဖြစ်၍ စီးဖြန်းမှု အလျှင် ရ၍ အရှိန် ရသွားသော အခါ၌ ဥပေက္ခာ ကုသိုလ်စိတ်များ ဖြစ်၍ ဥပေက္ခာ ကုသိုလ်၌လည်း ကရုဏာ, မုဒိတာ ၂-ပါး ယှဉ်နိုင်သောကြောင့် ဥပေက္ခာ ကုသိုလ် ကြိယာစိတ်တို့၌ မယှဉ်နိုင် ဟူသော ဝါဒသည် ညံ့သဖြင့် ''ကေစိဝါဒ''ဟု ခေါ်ကြ လေသည်။

မူလစာကိုယ် (၃၁)

ထိုမှ တပါး ပညိန္ဒြေ စေတသိက်သည် ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ၁၂-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာ စိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါးသော စိတ်တို့၌ယှဉ်၏။

---

အဓိပ္ပါယ် (၃၁)

ပညာ စေတသိက် ယှဉ်သော စိတ်ပေါင်းကား-

| | |
|---|---|
| ဉာဏ သမ္ပယုတ် ကာမာဝစရ ကုသိုလ် | ····၄ |
| ဉာဏ သမ္ပယုတ် ကာမာဝစရ ဝိပါက် | ····၄ |
| ဉာဏ သမ္ပယုတ် ကာမာဝစရ ကြိယာ | ····၄ |
| မဟဂ္ဂုတ်စိတ် | ····၂၇ |
| လောကုတ္တရာစိတ် | ····၈ |

ပေါင်း ၄၇-ဖြစ်၏။

၎င်း ပညာ စေတသိက်ကိုပင် "အမောဟ" စေတသိက် ဟူ၍ အမည်တမျိုးအားဖြင့် ခေါ်ကြသည်။ ထိုကြောင့် ၎င်း အမောဟဟိတ်ရှိသော၊ ဝါ-ယှဉ်သောစိတ်များကို "တိဟိတ်စိတ်" ဟူ၍ အထက်၌ ခေါ်ဝေါ်လတ့်။ တိဟိတ်စိတ် ဟူသည် အလောဘ, အဒေါသ, အမောဟဟိတ် ၃-ပါး ယှဉ်သော စိတ်များ ဖြစ်သည်။ ခဲယဉ်းသော အမောဟဟိတ်ပါသော စိတ်များသည် အလောဘ,အဒေါသ (မခဲယဉ်းသော) ဟိတ်များ ပါမြဲ ဖြစ်၍ ဟိတ် ၃-ပါး ရှိလေသည်။

---

**မူလစာကိုယ် (၃၂)** တခုယုတ် ၂၀-သော၊ ၀ါ-၁၉-ပါးသော စေတသိက်တို့သည် တခုယုတ် ၆၀၊ ဝါ-၅၉-ပါးသော စိတ်တို့၌ ဖြစ်ကုန်၏၊ ၃-ပါးကုန်သော ဝိရတီစေတသိက်တို့သည် ၁၆-ပါးသောစိတ်တို့၌ ဖြစ်ကုန်၏။ အပ္ပမညာစေတသိက် ၂-ပါးသည် ၂၈-ပါးသော စိတ်တို့၌ ဖြစ်၏။ ပညာ စေတသိက်ကို ၄၇-ပါးသော စိတ်တို့၌ ထင်ရှား တွေ့အပ်၏။ ဤသို့ သောဘဏ စေတသိက် တို့သည် သောဘဏ၊ စိတ်တို့၌ ၄-မျိုး ၄-နည်း အားဖြင့် ယှဉ်ကုန်၏။

---

**အဓိပ္ပါယ် (၃၂)** ၎င်း စကား ရပ်သည် သောဘဏ စေတသိက်တို့၏ သမ္ပယောဂနည်းကို နိဂုံးအုပ်သော စကား ဖြစ်သည်။ ။သောဘဏ စေတသိက်တို့၏ သောဘဏ စိတ်တို့၌ ယှဉ်ပုံ ၄-နည်းကား-

၁။ သောဘဏသာဓာရဏသည်....စိတ် ၅၉-၌ တနည်း
၂။ ဝိရတီစေတသိက်သည် ....စိတ် ၁၆-၌ တနည်း
၃။ အပ္ပမညာစေတသိက်သည် ....စိတ် ၂၈-၌ တနည်း
၄။ ပညာစေတသိက်သည် ....စိတ် ၄၇-၌ တနည်း

ဤသို့ ၄-ဌာန ၄-နည်း အားဖြင့် ယှဉ်ကြသည်။

သမ္ပယောဂနည်း ၁၆။

အညသမာန်း .... ၇။
အကုသိုလ် .... ၅။
သောဘဏ .... ၄။

---

ပေါင်း-၁၆။

**မူလစာကိုယ် (၃၃)** ဉာဏ်သာ စေတသိက်, မဇ္ဈတ္တတာ စေတသိက်, ကုက္ကုစ္စ စေတသိက်, ဝိရတီ စေတသိက် ၃-ပါး၊ ကရုဏာ, မုဒိတာ ၂-ပါးတို့သည်အသီးအသီးတခါတရံဖြစ်သော ယှဉ်သော စေတသိက်တို့ မည်ကုန်၏။ မာနစေတသိက်သည် တခါတရံ ဖြစ်သော စေတသိက် မည်၏။ ထိန,မိဒ္ဓ စေတသိက် ၂-ပါးသည် တခါ တရံ ဖြစ်၏။ ဖြစ်သော အခါ အသီးသီး တကွဲ တပြား မဖြစ်၊ ၂-ပါး အတူတကွ ဖြစ်၏။

---

**အဓိပ္ပါယ် (၃၃)** စေတသိက် ၅၂-ပါးတို့၏စိတ်၌ ယှဉ်ပုံ အထူးကို ခွဲပြဒ်ိ။

၁။ စေတသိက် ၂၅-ပါး တို့တွင် အမြဲ မယှဉ်သော ရံခါသာ ယှဉ်သော ( ကဒါစိ ) စေတသိက် အမျိုး အစား။

၂။ တခါ တရံသာ ယှဉ်၍ ယှဉ်သော အခါလည်း တပေါင်း တည်းသာ ယှဉ်သော ( သဟကဒါစိ ) စေတသိက် အမျိုးအစား။

၃။ အမြဲ မယှဉ်ဘဲ အသီးအသီးသာ ယှဉ်သော (နာနာ ကဒါစိ ) စေတသိက် အမျိုး အစား - ဟု ၃-မျိုး ၃-စား ကွဲပြား လေသည်။

၁။ ထိုတွင် မာန စေတသိက်သည် တရံတခါ ယှဉ်သော ကြောင့် (ကဒါစိ) စေတသိက် မည်၏။

၂။ ထိန, မိဒ္ဓ စေတသိက် ၂-ပါးသည် တရံ တခါသာ ယှဉ် သော်လည်း အတူ တကွ ယှဉ် သောကြောင့် (သဟကဒါစိ) စေတသိက် မည်၏။

**မူလစာကိုယ် (၃၄)** ဆိုခဲ့ ပြီးသော ၁၁ - ပါးမှ ကြွင်းသော စေတသိက် (၄၁) ပါးတို့သည် အမြဲယှဉ်သောကြောင့် ''နိယတ ယောဂီ'' စေတသိတ် မည်ကုန်၏။

---

၃။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ နှင့် ဝိရတီ စေတသိက် ၃-ပါး၊ ကရုဏာ,မုဒိတာ ဤ ၈-ပါးတို့သည် အသီး အသီးသာ ယှဉ်၍ (အမြဲမယှဉ်ဘဲ) တရံတခါမှသာ ယှဉ်သောကြောင့် ( နာနာကဒါစိ ) စေတသိက် မည်ကုန်၏။

(အောက်စေတသိက် သဘာဝခဏ်းကို ပြန်ကြည့်ပါ။)

**အဓိပ္ပါယ် (၃၄)** ယခု ပြဆိုခဲ့ ပြီးသော စကားရပ် တို့၏ စကားကျ အဓိပ္ပါယ်မှာ အမြဲ မယှဉ်သော စေတသိက် ၁၁- ပါးကို ''အနိယတ ယောဂီ''ဟု အမည် ပေး၍ ကြွင်းသော အမြဲယှဉ်သော စေတသိက် ၄၁-ပါးကို ''နိယတ ယောဂီ'' စေတသိက်-ဟု အမည် ပေးလေသည်။

**အနိယတယောဂီ စေတသိက် ၁၁-ပါးကား-**

| | | | |
|---|---|---|---|
| **နာနာကဒါစိ** | ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ | .... | ၃-ပါး။ |
| ။ | ဝိရတီ စေတသိက် | .... | ၃-ပါး။ |
| ။ | ကရုဏာ,မုဒိတာ | .... | ၂-ပါး။ |
| **ကဒါစိ** | မာန စေတသိက် | .... | ၁-ပါး။ |
| **သဟကဒါစိ** | ထိန,မိဒ္ဓ စေတသိက် | .... | ၂-ပါး။ |
| | | ပေါင်း .... | ၁၁-ပါး။ |

**မူလစာကိုယ် (၃၅)** လောကုတ္တရာစိတ်၌ ၃၆-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။မဟဂ္ဂုတ်စိတ်၌ ၃၅-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ကာမသောဘဏစိတ်၌ ၃၈-ပါးသော စေတသိက်တို့သည်ယှဉ်ကုန်၏။အကုသိုလ်စိတ်၌ ၂၇-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ အဟိတ်စိတ်၌ ၁၂-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ ဤသို့ ဖြစ်သင့်သည့် အားလျော်စွာ ယှဉ်သောအားဖြင့် စေတသိက်ပိုင်း၌ သင်္ဂဟနည်း ၅-မျိုး ရှိလေသည်။

---

၎င်းတို့မှ ကြွင်းသော ၄၁-ပါးတို့သည် ''နိယတယောဂီ'' စေတသိက် မည်ကုန်၏။ ၀၊-အမြဲ ယှဉ်တတ်သော စေတသိက် တို့ မည်ကုန်၏။

**အဓိပ္ပါယ် (၃၅)** သမ္ပယောဂ နည်းကို ပြပြီး၍ သင်္ဂဟ နည်းကို ပြဆိုပေအံ့။

လောကုတ္တရာစိတ် ၈-ပါး၌ အများဆုံး စေတသိက် ၃၆-ပါး ယှဉ်၏။ ။မဟဂ္ဂုတ်စိတ် ၂၇-ပါး၌ အများဆုံး စေတသိက် ၃၅-ပါး ယှဉ်၏။ ။ကာမသောဘဏစိတ် ၂၄-ပါး၌ အများဆုံး စေတသိက် ၃၈-ပါး ယှဉ်သည်။ အကုသိုလ်စိတ် ၁၂-ပါး၌ အများဆုံး စေတသိက် ၂၇-ပါး ယှဉ်သည်။ ။ အဟိတ်စိတ် ၁၈-ပါး၌ အများဆုံး စေတသိက် ၁၂-ပါး ယှဉ်သည်။

## လောကုတ္တရာ သင်္ဂဟနည်း။

**မူလစာကိုယ် (၃၆)** လောကုတ္တရာ စိတ်တို့တွင် ပထမဈာန်စိတ် ၈-ပါးတို့၌ အညသမာန်း စေတသိက် ၁၃-ပါး၊ အပ္ပမညာဒွေး ကြဉ်သော သောဘဏ စေတသိက် ၂၃-ပါး၊ ပေါင်း ၃၆-ပါးသော စေတသိက် တို့သည် ''တပေါင်းတည်း တခုတည်း'' ဖြစ်ကြကုန်၏။

---

**အဓိပ္ပါယ် (၃၆)** သင်္ဂဟနည်း ၅-မျိုးအနက် လောကုတ္တရာ သင်္ဂဟနည်းကို ရှေးဦးစွာ ပြဆိုပေအံ့။

လောကုတ္တရာစိတ် အကျဉ်း ၈-ပါး, အကျယ် ၄၀-ရှိသည့် အနက် ပထမဈာန်စိတ် ၈-ပါး၌ အညသမာန်း ၁၃, သောဘဏ စေတသိက် ၂၃။ (အပ္ပမညာ မပါ ဖယ်ထား၍ ၂၃) ပေါင်း ၃၆-ပါးသောစေတသိက်များယှဉ်သည်။လောကုတ္တရာ စိတ်၌ အပ္ပမညာဒွေးမယှဉ်နိုင်ခြင်းမှာ-လောကုတ္တရာစိတ်တို့သည် နိဗ္ဗာန်ကို အာရုံ ပြုကြကုန်၏။ အပ္ပမညာ စေတသိက် တို့ကား သတ္တဝါ ပညတ်ကို အာရုံ ပြုကြကုန်၏။ ထိုသို့ အာရုံ ကွဲပြား သောကြောင့် မယှဉ်နိုင် ဟူသတည်း။

**မှတ်ချက်။** ။ယှဉ်ပုံကို သေချာစွာ ကြည့်ပါ၊ လောကုတ္တရာ စိတ်သည် တင့်တယ် ကောင်းမြတ်သော စိတ်ဖြစ်၍ တင့်တယ် သော သောဘဏ စေတသိက်နှင့် နှစ်ဘက် ပါနိုင်သော အညသမာန်း ယှဉ်ရသည်။

| | |
|---|---|
| မူလစာကိုယ် (၃၇) | ဒုတိယဈာန်စိတ် ၈-ပါးတို့၌ ဝိတက်ကြဉ်သော ပဌမဈာန်စိတ် ယှဉ်သော စေတသိက် ၃၅-ပါးတို့ ဖြစ်ကြကုန်၏။ |
| မူလစာကိုယ် (၃၈) | တတိယဈာန်စိတ် ၈-ပါးတို့၌ ဝိတက်ဝိစာရ ကြဉ်သော ပဌမဈာန်၌ ယှဉ်သော စေတသိက် ၃၄-ပါးတို့ ဖြစ်ကုန်၏။ |

---

**အဓိပ္ပါယ် (၃၇-၄၀)** လောကုတ္တရာ ဒုတိယဈာန်စိတ် ၈-ပါး၌ ဒုတိယဈာန်ကို ပွါးများ အားထုတ်သော ယောဂီသည် ဝိတက် တည်း ဟူသော ဈာန် အင်္ဂါကို အပြစ်မြင်ကာ အားထုတ် သောကြောင့် ဘာဝနာ အရှိန် အားဖြင့် ဝိတက် မယှဉ်နိုင်လေသည်။ ။တတိယဈာန်၌ ဝိတက်,ဝိစာရ မယှဉ်ခြင်း၊ စတုတ္ထ ဈာန်၌ ဝိတက်, ဝိစာရ, ပီတိ မယှဉ်ခြင်း တို့သည် ၎င်း နည်းတူ ဘာဝနာ၏ အစွမ်း အားဖြင့် မယှဉ်နိုင်ကြလေ-ဟု မှတ်ပါ။

ဤ၌ ပဉ္စကနည်း အစွမ်းဖြင့် သင်္ဂဟနည်း ၅-မျိုး ဖြစ်လေသည်။ စတုက္ကနည်း အစွမ်း အားဖြင့် ဆိုလျှင် သင်္ဂဟနည်း ၄-မျိုးသာ ဖြစ်ရလိမ့်မည်။ ဓမ္မသင်္ဂဏီ ပါဠိတော်၌ကား မြတ်စွာဘုရားသည် စတုက္ကနည်းကို ရှေးဦးစွာ ပဓာန ထား၍ ဟောတော် မူသော်လည်း ပဉ္စက နည်းကို ပြက၊ စတုက္က နည်းသည် အတွင်း ဝင်လေ သောကြောင့် သင်္ဂြိုဟ်ကျမ်း ဆရာက ပဉ္စက နည်းကို ရေးသားတော် မူသည်။ ပဉ္စကနည်း ဆိုသည်မှာ-မန္ဒ ပုဂ္ဂိုလ်များ အတွက် ဈာန်ကို ၅-ဆင့် ထား၍ ဟောတော် မူသောနည်း ဖြစ်သည်။ စတုက္ကနည်း ဆိုသည်မှာ-တိက္ခပုဂ္ဂိုလ်များအတွက် ဈာန်ကို စတုတ္ထဈာန် အထိ ၄-ဆင့်ထား၍ ဟောတော် မူသော နည်း ဖြစ်သည်။

မူလစာကိုယ် (၃၉) စတုတ္ထဈာန်စိတ် ၈-ပါး တို့၌ ပထမဈာန်၌ ယှဉ်သော စေတသိက် ၃၆-ပါးတွင် ဝိတက်,ဝိစာရ,ပီတိ ၃-ပါး ကြဉ်၍ ၃၃-ပါးသော စေတသိက်တို့သည် ဖြစ်ကုန်၏။

မူလစာကိုယ် (၄၀) ပဉ္စမဈာန်စိတ် ၈-ပါးတို့၌ ဥပေက္ခာကို သောမနဿ အစား လဲလှယ်၍ ၃၃-ပါးသော စေတသိက်တို့သည် ဖြစ်ကုန်၏၊ ။ဤသို့ အလုံးစုံ အားဖြင့် လောကုတ္တရာ စိတ် ၈-ပါး တို့၌ ဈာန် ၅-ပါး အားဖြင့် သင်္ဂဟနည်း ၅-မျိုး ရှိလေသည်။

---

**ထိုနည်း နှစ်ပါးတို့၏ အထူးကား** - ပဉ္စကနည်း အားဖြင့် ပထမဈာန်၌ ဈာန်အင်္ဂါ ၅-ပါး ရှိသည်။ စတုက္ကနည်း အား ဖြင့်လည်း ၅-ပါးပင်။ ဒုတိယ ဈာန်၌ ပဉ္စကနည်း အားဖြင့် ဈာန်အင်္ဂါ ၄-ပါး၊ စတုက္ကနည်း အားဖြင့် ဈာန်အင်္ဂါ ၃-ပါး ရှိလေသည်။ တတိယ ဈာန်၌ ပဉ္စကနည်း အားဖြင့် ဈာန်အင်္ဂါ ၃-ပါး၊ စတုက္ကနည်း အားဖြင့် ၂-ပါး ရှိသည်။ စတုတ္ထဈာန်၌ ပဉ္စကနည်း အားဖြင့် (သုခ, ဧကဂ္ဂတာ) ဈာန်အင်္ဂါ ၂-ပါး၊ စတုက္ကနည်း အားဖြင့် ( ဥပေက္ခာ, ဧကဂ္ဂတာ ) ဈာန်အင်္ဂါ ၂-ပါး ရှိသည်။ ပဉ္စမဈာန် ဟူ၍ ပဉ္စကနည်း၌သာ ရှိလေသည်။ စတုက္က နည်း၌ မရှိပေ။ ဈာန် ၄-ပါးသာ ရှိ၍ စတုက္ကနည်း ခေါ်သည်။

စတုက္က နည်းနှင့် ပဉ္စကနည်း¯ဟု အဘယ့်ကြောင့် ၂-မျိုး ဖြစ်ပေါ် လာရသနည်း။ ပထဈာန်ကို ရပြီးသော ဈာနလာဘီ ပုဂ္ဂိုလ်သည် တိက္ခပုဂ္ဂိုလ် ( ဉာဏ်ထက်မြက်သူ ) မန္ဒပုဂ္ဂိုလ် (ဉာဏ်လိုင်းသူ) ဟူ၍ ၂-မျိုး ၂-စား ရှိလေသည်။ ထိုတွင် မန္ဒ

**မူလစာကိုယ် (၄၁)** လောကုတ္တရာစိတ် ပဌမဈာန်၌ ယှဉ်သော စေတသိက် ၃၆၊ ဒုတိယ ဈာန်၌ ယှဉ်သော စေတသိက် ၃၅၊ တတိယ ဈာန်၌ ယှဉ်သော စေတသိက် ၃၄၊ စတုတ္ထ ဈာန်၌ ယှဉ်သော စေတသိက် ၃၃၊ ပဉ္စမဈာန်၌ ယှဉ်သော စေတသိက် ၃၃၊ ဤသို့ သင်္ဂဟနည်း ၅-ပါးကို အကျဉ်း ပြသည်။

---

ပုဂ္ဂိုလ်သည် ညံ့သဖြင့် ဝိတက် ဈာန်အင်္ဂါ တပါးကိုသာ ကျော်လွန်နိုင်၍ ဒုတိယ ဈာန်ကို ရ၏။ ထို ဒုတိယ ဈာန်သည် ဈာန်အင်္ဂါ ၄-ပါး ရှိသော ပဉ္စကနည်း ဒုတိယဈာန် ဖြစ်၏။ တိက္ခ ပုဂ္ဂိုလ်သည် ထက်မြက်သဖြင့် ဝိတက်, ဝိစာရ ဈာန်အင်္ဂါ ၂-ပါးလုံးကို တခါတည်း ကျော်လွန်နိုင်၍ ဒုတိယဈာန်ကိုရ၏။ ထို ဒုတိယ ဈာန်သည် ဈာန်အင်္ဂါ ၃-ပါး ရှိသော စတုက္ကနည်း ဒုတိယဈာန် ဖြစ်၏။ ဤသို့ စတုက္ကနည်း ပဉ္စကနည်း တို့သည် ဈာန်အင်္ဂါ လွန်မြောက်၍ ပယ်နိုင်ခြင်း သတ္တိညံ့မှု, ထက်မှုဖြင့် ထူးခြား ကွဲပြားရ လေသည်။

**အဓိပ္ပါယ် (၄၁)** ( ၄၁ ) မှာ စာကိုယ်ဖြင့် ထင်ရှားလှ၍ မရေး တော့ပြီ။

လောကုတ္တရာ သင်္ဂဟနည်း .... ၅။
မဟဂ္ဂုတ် သင်္ဂဟနည်း .... ၅။

ဈာန် ဆိုင်ရာစိတ်တို့၌ သင်္ဂဟနည်း ၁၀-ပါး ရှိသည်။

## မဟဂ္ဂုတ် သင်္ဂဟနည်း။

**မူလစာကိုယ် (၄၂-၄၃)** မဟဂ္ဂုတ် ၂၇-ခု တို့တွင် ရှေးဦးစွာ ပထမဈာန်စိတ် ၃-ခု တို့၌ အညသမာန်း စေတသိက် ၂၃၊ ဝိရတီ စေတသိက် ၃-ပါး ကြဉ်သော သောဘဏ စေတသိက် ၂၂-ပါး၊ ပေါင်း ၃၅-ပါးသော စေတသိက်တို့ ဖြစ်ကုန်၏။ ထိုတွင် ကရုဏာ,မုဒိတာစေတသိက်တို့သည်(တပြိုင်နက်မယှဉ်)''အသီးသီး'' ယှဉ်ကြ ကုန်၏။

**မူလစာကိုယ် (၄၄)** ဒုတိယဈာန်စိတ် ၃-ပါး၌ဝိတက်ကြဉ်သောပထမဈာန်စိတ်၌ ယှဉ်သော စေတသိက် ၃၄ - ပါး တို့သည် ယှဉ်ကုန်၏။

**မူလစာကိုယ် (၄၅)** ဒုတိယဈာန်စိတ် ၃-ပါး၌ ပထမဈာန်၌ ယှဉ်သော စေတသိက် ၃၅ - ပါးတွင် ဝိတက်, ဝိစာရ ကြဉ်သော ၃၃-ပါး ယှဉ်ကုန်၏။

**မူလစာကိုယ် (၄၆)** စတုတ္ထ ဈာန်စိတ် ၃-ပါး၌ ပထမဈာန်၌ ယှဉ်သော စေတသိက် ၃၅-ပါးတွင် ဝိတက်, ဝိစာရ, ပီတိ ကြဉ် သော ၃၂-ပါး ယှဉ်ကုန်၏။

---

**အဓိပ္ပါယ် (၄၂-၄၃)** မဟဂ္ဂုတ်ပထမဈာန်စိတ် ၃-ပါး၌အညသမာန်း စေတသိက် ၁၃၊ ဝိရတီ ၃ - ပါး ကြဉ်သော သောဘဏ စေတသိက် ၂၂၊ ပေါင်း ၃၅-ပါး တို့သည် ယှဉ်ကုန်၏။ သို့ရာတွင် ကရုဏာနှင့်မုဒိတာစေတသိက် တို့ကား ပူး၍ မယှဉ်ကြ အသီးအသီး ယှဉ်ကြ၏သည်။ ထိုကြောင့် ၃၄-သာ ယှဉ်၏။ ကိစ္စအာရုံ ကွဲပြား သောကြောင့် ဝိရတီ ၃-ပါးတို့သည် မဟဂ္ဂုတ်၌ မယှဉ်ကြကုန်။

**မူလစာကိုယ် (၄၇)** ပဉ္စမဈာန်စိတ် ၁၅-ပါးတို့၌ကား ဝိတက်,ဝိစာရ,ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၀-ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး၊ ပညာ စေတသိက် ၁-ပါး၊ ဤ ၃၀-သော စေတသိက်တို့ ယှဉ်ကုန်၏။ အလုံးစုံသော မဟဂ္ဂုတ်စိတ်တို့၌ ယှဉ်သော ပဉ္စမဈာန်၏ အစွမ်းဖြင့် သင်္ဂဟနည်း ၅-မျိုး ရှိပေသည်။

**မူလစာကိုယ် (၄၈)** မဟဂ္ဂုတ်စိတ်တွင် ပထမဈာန်၌ ယှဉ်သော စေတသိက် ၃၅-ပါး၊ ဒုတိယဈာန်၌ ယှဉ်သော စေတသိက် ၃၄-ပါး၊ တတိယဈာန်၌ ယှဉ်သော စေတသိက် ၃၃-ပါး၊ စတုတ္ထဈာန်၌ ယှဉ်သော စေတသိက် ၃၂-ပါး၊ ပဉ္စမဈာန်၌ ယှဉ်သော စေတသိက် ၃၀၊ ဤသို့ သင်္ဂဟနည်း ၅-မျိုး အကျဉ်း ပြသည်။

---

**အဓိပ္ပါယ် (၄၄-၄၇)** ဒုတိယဈာန်စိတ်၌ ဝိတက်မယှဉ်ခြင်း အကြောင်းများမှာ အောက်၌ ပြဆိုခဲ့ပြီ။ အားလုံးသော လောကုတ္တရာ စိတ်၌ ဆိုခဲ့သည် နှင့် တူ၏။ ။ ပဉ္စမဈာန်၌ အပ္ပမညာ တို့သည် အဘယ့်ကြောင့် မယှဉ်ကုန်သနည်း။ ပဉ္စမဈာန်စိတ်၌ကား ဥပေက္ခာဝေဒနာနှင့် ယှဉ်သော စိတ်ဖြစ်၍ မယှဉ်နိုင် လေသည်။

**တနည်း-** အပ္ပနာဈာန် အဖြစ်သို့ ရောက်သော ကရုဏာ, မုဒိတာ စေတသိက် တို့သည် တခါ တရံမျှ သောမနဿ နှင့် မကင်းကြကုန်။ ထိုသို့ သောမနဿနှင့် မကင်းသော ကရုဏာ, မုဒိတာ စေတသိက် တို့သည် ဥပေက္ခာ ဖြစ်သော ပဉ္စမဈာန်၌ မယှဉ်နိုင်ကြကုန်။ မီးနှင့် ရေကဲ့ ဖြစ်ပေသည်။

**အဓိပါယ် (၄၈)** အဓိပ္ပါယ်ကား ထင်ရှား သိသာ လှသည် ဖြစ်၍ မရေးတော့ပြီ။

## ကာမသောဘဏစိတ် သင်္ဂဟနည်း။

မူလစာကိုယ် (၄၉-၅၀) ကာမသောဘဏ စိတ်တို့တွင် ကုသိုလ်စိတ် ၈-ပါး အနက် ပထမဒွေး၌ အညသမာန်း စေတသိက် ၁၃၊ သောဘဏ စေတသိက် ၂၅၊ ပေါင်း ၃၈-ပါးသော စေတသိက်တို့ ယှဉ်ကုန်၏။ သို့ရာတွင် အပ္ပမညာ စေတသိက်နှင့် ဝိရတီ စေတသိက် ၅-ပါးတို့ကား အသီးသီး ယှဉ်ကြသည်။

---

**အဓိပ္ပါယ် (၄၉-၅၀)** **ပထမဒွေး** ဟူသည် - သောမနဿ ဉာဏ သမ္ပယုတ် အသင်္ခါရိက။ သောမနဿ ဉာဏ သမ္ပယုတ် သသင်္ခါရိက။ ၎င်းစိတ် ၂-ပါး၌ အညသမာန်း စေတသိက် ၁၃၊ သောဘဏစေတသိက် ၂၅၊ ပေါင်း ၃၈-ပါးသော စေတသိက်များ ယှဉ်ကြသည်။ သို့ရာတွင် ဝိရတီနှင့် အပ္ပမညာ စေတသိက် များကား အမြဲတန်း မယှဉ်သည့် အပြင် ယှဉ်သော အခါမှာလည်း အသီးအသီး တပါးစီ ယှဉ်ကြသည်။ သို့ဖြစ်၍ ပထမဒွေး၌ အမြဲတန်း ယှဉ်သော စိတ်မှာ ၃၃-ပါး ဖြစ်လေသည်။ ဝိရတီ ၃-ပါးမှာ ရှောင်ကြဉ် စရာ ဝတ္ထုကို အာရုံပြုမှ ဖြစ်ပေါ်၏။ အပ္ပမညာ ၂-ပါးမှာ သတ္တဝါ ပညတ်ကို အာရုံပြုမှ ဖြစ်ပေါ်၏။ ထိုကြောင့် ကုသိုလ်စိတ် ဖြစ်တိုင်း မပါနိုင် မယှဉ်နိုင် ဟူလို။

**မူလစာကိုယ်** (၅၁-၅၄) ဒုတိယဒွေး၌ ပညာကြဉ်သော ထို ၃၇-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။တတိယဒွေး၌ ပီတိကြဉ်သော ဉာဏ်ယှဉ်သော ၃၇-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။စတုတ္ထဒွေး၌ ပညာ,ပီတိ ကြဉ်သော ထို့အတူ ၃၆-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။

---

**အဓိပ္ပါယ်** (၅၁-၅၃) ဤ မူလ စာကိုယ်၌ ပါဝင်သော ဒုတိယဒွေး၊ တတိယဒွေး၊ စတုတ္ထဒွေး စိတ်တို့၏ အမည်ကို အောက်ပါအတိုင်း နားလည် ထားရမည်။

**ဒုတိယဒွေး** ဟူသည် { သောမနဿ ဉာဏဝိပ္ပယုတ် အသင်္ခါရိက။
သောမနဿ ဉာဏဝိပ္ပယုတ် သသင်္ခါရိက။ }

**တတိယဒွေး** ဟူသည် { ဥပေက္ခာ ဉာဏ သမ္ပယုတ် အသင်္ခါရိက။
ဥပေက္ခာ ဉာဏ သမ္ပယုတ် သသင်္ခါရိက။ }

**စတုတ္ထဒွေး** ဟူသည် { ဥပေက္ခာ ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက။
ဥပေက္ခာ ဉာဏ ဝိပ္ပယုတ် သသင်္ခါရိက။ }

**ဒုတိယဒွေး၌** အညသမာန်း ၁၃။
ပညာကြဉ်-သောဘဏ ၂၄။ } ပေါင်း ၃၇။

**တတိယဒွေး၌** ပီတိကြဉ်-အညသမာန်း ၁၂။
သောဘဏ ၂၅။ } ပေါင်း ၃၇။

**စတုတ္ထဒွေး၌** ပီတိကြဉ်-အညသမာန်း ၁၂။
ပညာကြဉ်-သောဘဏ ၂၄။ } ပေါင်း ၃၆။

မူလစာကိုယ် (၅၄) ကြိယာစိတ်တို့၌လည်း ဝိရတီကြဉ်သောထိုကုသိုလ်စိတ် အတူ အညသမာန်း သောဘဏ စေတသိက် တို့ကို သာလျှင် ၄-ပါးသော ဒုကတို့၌ ၄-ပါးအပြားဖြင့်သာ ယူအပ်ကုန်၏။

---

**အမှာ။** ။ငင်း ဒု, တ, စ ကုသိုလ်ဒွေးတို့၌အမြဲတန်း ယှဉ်နိုင်သော စေတသိက်ကို ရေတွက် လိုလျှင် ဝိရတီ အပ္ပမညာ ၅-ပါးနှုတ်၍ ရေတွက်ပါ။

**အဓိပ္ပါယ်** (၅၄) ကာမာဝစရ သဟိတ် ကြိယာ စိတ်တို့၌လည်း ကုသိုလ်စိတ် အတူ ပထမဒွေး၌ ဝိရတီကြဉ်သော ၃၅-ပါးယှဉ်၏။ ဒုတိယဒွေး၌ ဝိရတီပညာ ကြဉ်သော ၃၄ပါးယှဉ်၏။ ။တတိယဒွေး၌ ဝိရတီ,ပီတိကြဉ်သော ၃၄-ပါး။ စတုတ္ထ ဒွေး၌ ဝိရတီ, ပီတိ, ပညာ ကြဉ်သော ၃၃-ပါး ယှဉ်ကုန်၏။

ဝိရတီ စေတသိက် သဘောကား - သီလ ပျက်ခြင်းကို ပယ်ခြင်း ကိစ္စ၊ ဝါ - သီလ စောင့်ထိန်းခြင်း ကိစ္စ ရှိသည်၏ အဖြစ်ကြောင့် ထို ကိစ္စ ဗျာပါရ မရှိသော ကြိယာ စိတ်တို့၌ မယှဉ် မပါ နိုင်လေ။ ထိုကြောင့် ကြိယာ စိတ်၌ ဝိရတီ စေတသိက်ကို ကြဉ်ရသည်။

ဓူလစာကိုယ် (၅၅) ဝိပါက် စိတ်တို့၌လည်း ထို့အတူ အပ္ပမညာ ဝိရတိ ကြဉ်သော ထိုအညသမာန်း သောဘဏ စေတသိက် တို့ကိုသာလျှင် ရအပ်ကုန်၏။ ။ဤသို့ အလုံးစုံအားဖြင့် ၂၄-ပါးသော ကာမာဝစရသောဘဏစိတ်တို့၌ ဒုက၏အစွမ်းအားဖြင့် သင်္ဂဟနည်း ၁၂-ပါး ဖြစ်၏။

---

အဓိပ္ပါယ် (၅၅) မဟာဝိပါက်စိတ်တို့၌လည်း ပထမဒွေး, ဒုတိယ ဒွေး, တတိယဒွေး, စတုတ္ထဒွေး-ဟု ဒုက ၄-မျိုး ထား၍ ယှဉ်ပြရမည် ဖြစ်၏။

ပထမဒွေး၌-အညသမာန်း စေတသိက် ၁၃
သောဘဏသာဓာရဏ ၁၉
ပညိန္ဒြေစေတသိက် ၁=ပေါင်း ၃၃

ဒုတိယဒွေး-ပညိန္ဒြေကြဉ် ၎င်း စေတသိက် -၃၂
တတိယဒွေး-ပီတိကြဉ်ပညာယှဉ် ၎င်း စေတသိက် -၃၂
စတုတ္ထဒွေး-ပီတိ,ပညာကြဉ် ၎င်း စေတသိက် -၃၁

ဝိရတိ စေတသိက်များကား ရှောင်ကြဉ် အပ်သော "ဝိရမိ တဗ္ဗဝတ္ထု"ကို အာရုံပြု၏။ အပ္ပမညာ စေတသိက် များကား သတ္တပညတ်ကို အာရုံပြု၏။ မဟာဝိပါက်စိတ် တို့ကား ကာမ ကို ကေန် အာရုံပြု၏။ ဤသို့ အာရုံကွဲပြား၍ အပ္ပမညာနှင့် ဝိရတိစေတသိက်တို့သည် ကာမဝိပါက်စိတ်တို့၌ မယှဉ်ကြကုန်။ ထိုသို့ မယှဉ်သောကြောင့် ကြဉ်ရလေသည်။

**မူလစာကိုယ် (၅၆)** ကာမာဝစရ ကုသိုလ်, သဟိတ် ကာမာဝစရ ဝိပါက်, သဟိတ်ကာမာဝစရ ကြိယာစိတ်တို့တွင် ကုသိုလ်စိတ်၌ ၃၀-ပါး တနည်း၊ ၃၇-ပါး နှစ်နည်း၊ ၃၆-ပါးတနည်း အားဖြင့် ၄-နည်း။ ကြိယာစိတ်၌ ၃၅-ပါးတနည်း၊ ၃၄-ပါး နှစ်နည်း၊ ၃၃-ပါး တနည်း အားဖြင့် ၄-နည်း။ ဝိပါက်စိတ်၌ ၃၃-ပါးတနည်း၊ ၃၂-ပါးနှစ်နည်း၊ ၃၁-ပါး တနည်းအားဖြင့် ၄-နည်း။ ပေါင်း သင်္ဂဟ နည်း ၁၂-ပါးကို အကျဉ်း ပြသည်။

---

**အဓိပ္ပါယ် (၅၆)** ကာမ သောဘဏ စိတ်၌ သင်္ဂဟနည်း ၁၂-ပါး ရှိသည်၊ ၎င်းတို့မှာ-

**ကုသိုလ်စိတ်၌....**

| | | | |
|---|---|---|---|
| ပဌမဒွေး | ၃၈၊ | ဒုတိယဒွေး | ၃၇။ |
| တတိယဒွေး | ၃၇၊ | စတုတ္ထဒွေး | ၃၆။ |

**ဝိပါက်စိတ်၌....**

| | | | |
|---|---|---|---|
| ပဌမဒွေး | ၃၃၊ | ဒုတိယဒွေး | ၃၂။ |
| တတိယဒွေး | ၃၂၊ | စတုတ္ထဒွေး | ၃၁။ |

**ကြိယာစိတ်၌....**

| | | | |
|---|---|---|---|
| ပဌမဒွေး | ၃၅၊ | ဒုတိယဒွေး | ၃၄။ |
| တတိယဒွေး | ၃၄၊ | စတုတ္ထဒွေး | ၃၃။ |

ပေါင်း ကာမ သောဘဏစိတ် ၂၄ - ပါး၌ သင်္ဂဟနည်း ၁၂-ပါး ရှိ၏။

**မူလစာကိုယ် (၅၇-၅၈)** သောဘဏ စိတ်တို့တွင် မဟာ ကြိယာစိတ် ၈-ခု၊ မဟဂ္ဂုတ်စိတ် ၂၇-ခု တို့၌ ဝိရတီ စေတသိက်များ မရှိကုန်၊ ဝါ-မယှဉ်ကြကုန်။ လောကုတ္တရာစိတ် ၈-ခု၌ အပ္ပမညာ စေတသိက်များ မရှိကုန်၊ ဝါ-မယှဉ်ကြကုန်။ မဟာဝိပါက် စိတ် ၈-ခု၌ ဝိရတီ,အပ္ပမညာ စေတသိက်များ မယှဉ်ကြကုန်။ လောကုတ္တရာ စိတ်၌ ဈာန်တရားများ အထူးပြုတတ် ကုန်၏။ မဟဂ္ဂုတ်စိတ်၌ အပ္ပမညာစေတသိက်နှင့် ဈာန်တရားများ အထူးပြုတတ်ကုန်၏။ ကာမ သောဘဏ စိတ်တို့၌ အပ္ပမညာတို့သည်ရင်း, ဝိရတီ ၃-ပါး၊ ဉာဏ်ပညာ ပီတိ စေတသိက် များသည်ရင်း အထူး ပြုတတ်ကုန်၏။

---

**အဓိပ္ပါယ် (၅၇-၅၈)** သောဘဏစိတ် ၅၉ - ပါး တို့၌ အသီး အသီး မယှဉ်သော စေတသိက် တို့ကို ပြသော အကျဉ်း စကားရပ် ဖြစ်သည်။ အဓိပ္ပါယ်မှာ သိသာ၏။ လောကုတ္တရာ စိတ်၌ ဈာန် တရားများ အထူး ပြုတတ်သည် ဆိုသည်မှာ ဝိတက်သည် ပထမဈာန်စိတ်၌သာ ယှဉ်၍ ဒုတိယ ဈာန် စသော စိတ်များ၌ မယှဉ်။ ဝိစာရသည် ပထမဈာန်, ဒုတိယဈာန်တို့၌ ယှဉ်၍ တတိယဈာန် စသော စိတ်တို့၌မယှဉ်။ ပီတိသည် ပထမ,ဒုတိယ,တတိယ ဈာန်တို့၌ယှဉ်၍ စတုတ္ထဈာန် ပဉ္စမဈာန် တို့၌ မယှဉ်။ သုခကား ပ, ဒု, တ, စတုတ္ထဈာန်တို့၌ ယှဉ်၍ ပဉ္စမဈာန် စိတ်၌ မယှဉ်။ ဤသို့ ယှဉ်, မယှဉ် အားဖြင့် သင်္ဂဟနည်း ကွဲပြားအောင် အထူး ပြုတတ် ကုန်၏။ ဝါ- လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ကွဲပြားအောင် အထူးပြုတတ် သော တရားတို့ကား ဈာန်တရားများ ဖြစ်သည် ဟူလို။

မဟဂ္ဂုတ်၌ ရှာန်တရား အထူးပြုပုံကား လောကုတ္တရာ၌ ဆိုအပ်ခဲ့သည်နှင့် အတူပင်။ အပ္ပမညာစေတသိက် အထူးပြုပုံကား ပ, ဒု, တ, စတုတ္ထဈာန်တို့၌ အပ္ပမညာယှဉ်၍ ပဥ္စမဈာန်၌ မယှဉ်။ ဤသို့ ယှဉ်,မယှဉ်အားဖြင့် အထူးပြုတတ်သည်။

ကာမသောဘဏစိတ်၌ ဝိရတီ စေတသိက် အတူး ပြုပုံမှာ ကုသိုလ်စိတ်၌ယှဉ်၍ ဝိပါက်ကြိယာစိတ်တို့၌ မယှဉ်ခြင်းတည်း။ အပ္ပမညာစေတသိက် အထူး ပြုတတ်ပုံမှာ ကုသိုလ်, ကြိယာစိတ်တို့၌ယှဉ်၍ ဝိပါက်စိတ်မှာ မယှဉ်ခြင်းတည်း။ ။ဉာဏ်ခေါ် ပညာစေတသိက် အထူးပြုပုံမှာ ဉာဏသမ္ပယုတ်စိတ် ၁၂ ပါး တို့၌ယှဉ်၍ ဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါးတို့၌ မယှဉ်ခြင်းတည်း။ ပီတိစေတသိက် အထူးပြုပုံမှာ သောမနဿ စိတ် ၁၂-ပါး တို့၌ယှဉ်၍ ဥပေက္ခာစိတ်တို့၌ မယှဉ်ခြင်းတည်း။ ။ဤသို့သင်္ဂဟနည်း ကွဲပြားအောင် အထူး ပြုတတ်လေသည်။

### အကျဉ်းချုပ် အားဖြင့်

| | | | |
|---|---|---|---|
| အနုတ္တရ ပိသေသက စေတသိက် | ဈာန် | | ၅-ပါး |
| မဇ္ဈိမဝိသေသက စေတသိက်-ဈာန် | | ၅ | ပေါင်း ၇-ပါး။ |
| | အပ္ပမညာ | ၂ | |
| ပရိတ္တဝိ သေသက စေတသိက်-ဝိရတီ | | ၃ | ပေါင်း ၇-ပါး။ |
| | အပ္ပမညာ | ၂ | |
| | ပညာ | ၁ | |
| | ပီတိ | ၁ | |

## အသောဘဏ အကုသိုလ် သင်္ဂဟနည်း။

မူလစာကိုယ် (၅၉) အကုသိုလ်စိတ် ၁၂ -ပါး တို့ဘွင် လောဘမူစိတ် အနက် ပထမ အသင်္ခါရိက စိတ်၌ အညသမာန်း စေတသိက် ၁၃ - ပါး၊ အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ လောဘ,ဒိဋ္ဌိ ပေါင်း ၁၉-ပါးသောစေတသိက်တို့ ယှဉ်ကုန်၏။

---

၌အားလုံးသော စကားရပ်တို့၌ ယှဉ်သည်, မယှဉ်သည် ဟုသော စကားစုမှာ စာစကားမျှသာ ဖြစ်သည်။ အမှန်မှာ စိတ်သဘောအားလျော်စွာ စေတသိက်သဘာဝ ပါမှု, မပါမှု ဖြစ်သည်။ မည်သူ တဦးတယောက်ကမှ ယှဉ်စေသည် မဟုတ်၊ သူ့သဘာဝအတိုင်း ဖြစ်မှုကို စာပြောအားဖြင့် ယှဉ်နိုင်သည်, မယှဉ်နိုင်ဟု သုံးစွဲနေရသည်မှတ်။

**အဓိပ္ပါယ်** (၅၉) အကုသိုလ်စိတ် ၁၂-ပါးတို့တွင်ရှေးဦးစွာ လောဘမူစိတ် ၈-ပါး အနက် ပထမဆုံး အသင်္ခါရိက စိတ်၌ ယှဉ်သော စေတသိက် ပေါင်းကား-

| | |
|---|---|
| အညသမာန်း | ၁၃ |
| အကုသလသာဓာရဏ (မောစတုက်) | ၄ |
| လောဘ, ဒိဋ္ဌိ | ၂ |
| ပေါင်း | ၁၉-ဖြစ်၏။ |

**အမှာ**-အကုသိုလ် (အမဲ) ဘက်၌ အမြဲတန်း ယှဉ်နိုင်သော အကုသိုလ်စိတ်၏ အုဋ္ဌမြစ် စေတသိက် ၁၄-ပါးကို အမြဲသတိထားလျှင် လွယ်ကူပါလိမ့်မည်။

**မူလစာကိုယ် (၆၀-၆၄)** ဒုတိယ အသင်္ခါရိကစိတ်၌ ထိုပထမ အသင်္ခါရိကအတူ လောဘ, မာနနှင့် ၁၉-ပါးသော စေတသိက်များ ယှဉ်ကုန်၏။ တတိယ အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော ထို ပထမ အသင်္ခါရိက၌ ယှဉ်သော စေတသိက် ၁၈-ပါး တို့သည် ယှဉ်ကုန်၏။ စတုတ္ထအသင်္ခါရိက၌ လောဘ,မာနနှင့် ထိုအတူ ၁၈-ပါး တို့သည် ယှဉ်ကုန်၏။ ။ဒေါသနှင့် ယှဉ်သော ပဉ္စမ အသင်္ခါရိက စိတ်၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါးနှင့် ပီတိ ကြဉ်သော အညသမာန်း ၁၂-ပါး၊ မောစတုက် စေတသိက် ၄-ပါး၊ ပေါင်း ၂၀-သော စေတသိက်တို့ကား အသီးသီး ယှဉ်ကြ ကုန်၏။

---

**အဓိပ္ပါယ် (၆၀-၆၄)** ထို့ အတူ ဒုတိယ အသင်္ခါရိက စိတ်၌ ဒိဋ္ဌိဖြုတ် မာနထည့်၍ ၁၉၊ ထိုအတူ တတိယ အသင်္ခါရိက စိတ်၌ ပီတိဖြုတ် လောဘ,ဒိဋ္ဌိနှင့် အညသမာန်း အကုသလ သာဓာရဏ စေတသိက် ၁၈-ပါး တို့သည် ယှဉ်ကုန်၏။ ထိုအတူ စတုတ္ထ အသင်္ခါရိက စိတ်၌ ဒိဋ္ဌိဖြုတ် မာန ထည့်၍ ၁၈-ပါးသော စေတသိက်တို့ ယှဉ်ကုန်၏။ ဒေါမနဿ ပဋိဃ အသင်္ခါရိက ဟူသော ပဉ္စမ အသင်္ခါရိက စိတ်၌ ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ,ပီတိ ကြဉ်သော အညသမာန်း ၁၂။ ပေါင်း ၂၀-သော စေတသိက်တို့ ယှဉ်ကုန်၏။ သို့ ရာတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက် တို့ကား ပြိုင်တူ မယှဉ်ကြကုန်။ (နာနာ ကဒါစိများ ဖြစ်ကြသည်။)

**မူလစာကိုယ် (၆၅-၆၆)** သသင်္ခါရိကစိတ် ၅-ပါးအပေါင်း၌လည်းအသင်္ခါရိက စိတ်အတူ ထိန, မိဒ္ဓ ၂-ပါး ထည့်၍ ရေတွက် အပ်၏။

မောဟ ဥဒ္ဓစ္စ သမ္ပယုတ် စိတ်၌ ဆန္ဒ, ပီတိ ကြဉ်သော အညသမာန်း ၁၁၊ အကုသလ သာဓာရဏ ၄၊ ပေါင်း ၁၅-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။

---

**အဓိပ္ပါယ် (၆၅-၆၉)** သသင်္ခါရိကစိတ်၌လည်းအသင်္ခါရိက၅-ပါးအတူ ထိန, မိဒ္ဓ ၂-ပါးကို ပိုထည့်၍ ရေတွက် ရာ၏။

ပထမသသင်္ခါရိက၌ပထမအသင်္ခါရိကယှဉ်သော စေတသိက် ၁၉။ ထိန, မိဒ္ဓ ၂၊ ပေါင်း ၂၁-ပါး။ ဤအတူ ဒုတိယ သသင်္ခါရိက၌ ၂၁-ပါး၊ တတိယ သသင်္ခါရိက၌ ၂၀၊ စတုတ္ထသသင်္ခါရိက၌ ၂၀၊ ပဉ္စမ သသင်္ခါရိက၌ ၂၂-ပါးသော စေတသိက်တို့ ယှဉ်ကုန်၏။

မောဟ ဥဒ္ဓစ္စ စိတ်၌ ဆန္ဒ, ပီတိ ကြဉ်သော အညသမာန်း ၁၁၊ အကုသလ သာဓာရဏ စေတသိက် ၄၊ ပေါင်း ၁၅-ပါးတို့ ယှဉ်ကုန်၏။

**မူလစာကိုယ် (၆၇-၆၉)** ဝိစိကိစ္ဆာသဟဂုတ်၌ ဆန္ဒ,ပီတိ,အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် ၁၀ - ပါး၊ မောစတုက် ၄-ပါး၊ ဝိစိကိစ္ဆာ စေတသိက် ၁-ပါး၊ ပေါင်း ၁၅-ပါးတို့ ယှဉ်ကုန်၏။ အလုံးစုံ အားဖြင့် ၁၂-ပါးသော အကုသိုလ် စိတ်တို့၌ အသီးသီး ယှဉ်ကုန်သော်လည်း ဂဏန်း အရေအတွက် တူသော အားဖြင့် သင်္ဂဟနည်း ၇-ပါး ဖြစ်ကုန်၏။

အကုသိုလ်စိတ်၌ သင်္ဂဟနည်းတို့သည် ၁၉-ပါးတနည်း, ၁၈-ပါး တနည်း, ၂၀-ပါး တနည်း, ၂၁ - ပါး တနည်း, ၂၀ - တနည်း, ၂၂-ပါးတနည်း, ၁၅ - ပါး တနည်း, ဤသို့ ၇-နည်း ရှိကုန်၏။ ။ အကုသိုလ်စိတ်အားလုံး၌ ယှဉ်နိုင်သောစေတသိက်တို့ကား အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခ စေတသိက် ၃-ပါးမှတပါး အညသမာန်းစေတသိက် ၁၀၊ ပေါင်း ၁၄-ပါးသော စေတသိက်တို့ ဖြစ်ကုန်၏။

---

**အဓိပ္ပါယ် (၆၇-၆၉)** အဓိပ္ပါယ် ၆၇ - ၆၈၊ ပေါ်လွင် ထင်ရှား၏။ ၆၉-၌ကား အကုသိုလ်စိတ် မှန်သမျှ၊ ၀ါ- အကုသိုလ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်ယှဉ်တွဲနိုင်သော စေတသိက် များကား ၁၄-ပါး ရှိလေသည်။ ၎င်း ၁၄-ပါးမှာ မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ ဟူသော အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ဝိတက်, ဝိစာရ, ဝီရိယ ဟူသော ပကိဏ်း စေတသိက် ၃-ပါး၊ ပေါင်း ၁၄-ပါး ဖြစ်သည်။

**အကုသိုလ် သင်္ဂနည်း ပြီးပြီ။**

✤✤✤✤✤

## အဟိတ်စိတ် သင်္ဂဟနည်း။

မူလစာကိုယ် (၇၀-၇၃) အဟိတ်စိတ် ၁၈-ပါးတို့တွင် ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒ ကြဉ်သော အညသမာန်း ၁၂-ပါးတို့ ယှဉ်ကုန်၏။ ထို့အတူ ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်း စိတ်၌ ဆန္ဒ, ပီတိ ကြဉ်သော အညသမာန်း ၁၁-ပါးတို့ ယှဉ်ကုန်၏။ သောမနဿ သန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၁-ပါးတို့ ယှဉ်ကုန်၏။ မနောဓာတ် ခေါ် ပဉ္စဒွါရာဝဇ္ဇန်း ၁-နှင့် သမ္ပဋိစ္ဆန်းစိတ် ၂၊ အဟိတ် ပဋိသန္ဓေ ခေါ် ဥပေက္ခာ သန္တီရဏစိတ် ၂၊ ပေါင်း ၅-ပါးသော စိတ်တို့၌ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်း ၁၀-တို့ ယှဉ်ကုန်၏။

---

**အဓိပ္ပါယ် (၇၀-၇၃)** မူလစာကိုယ်ဖြင့် ထင်ရှား သိသာသည် ဖြစ်၍ ယှဉ်ပုံအဓိပ္ပါယ် မရေးသားတော့ပေ။ အဟိတ်စိတ် ၁၈-ပါးတို့တွင် မနောဒွါရာဝဇ္ဇန်းစိတ်ကို အထက် ပကိဏ်းပိုင်း, ဝီထိပိုင်း တို့၌ ဝုဋ္ဌော ကိစ္စ တပ်၍ ''ဝုဋ္ဌော'' ဟု ခေါ်ကြသည်။ ပဉ္စဒွါရာဝဇ္ဇန်း နှင့် သမ္ပဋိစ္ဆန်း စိတ် ပေါင်း ၃-ပါးကို ''မနောဓာတ်'' ဟု ခေါ်ကြသည်။ ဥပေက္ခာ သန္တီရဏစိတ် ( တစုံ ) ၂-ပါးကို အဟိတ်ပုဂ္ဂိုလ် ဖြစ်သော ငရဲသား တိရစ္ဆာန် စသည်တို့၏ ပဋိသန္ဓေ နေသော အခါ ဖြစ်သောစိတ် ဖြစ်၍ '' အဟိတ် ပဋိသန္ဓေ '' စိတ်-ဟု ခေါ်ရ လေသည်။

ဤ အဟိတ် စိတ်၌ ယှဉ်သော ပါသော စေတသိက် များကို သတိ ထားပါလျှင် အဖြူဘက် အဖြူ သဘော ရှိသော သောဘဏ စေတသိက် ၂၅-နှင့် အမဲဘက် အမဲ သဘော

ရှိသော အကုသိုလ် စေတသိက် ၁၄၊ ပေါင်း ၃၉-ပါးသော စေတသိက်များ မပါ မယှဉ်သည်ကို တွေ့ရလိမ့်မည်။ ထိုကြောင့် အဟိတ်စိတ်တို့သည် အဖြူဘက်လည်း မပါ၊ အမဲဘက်လည်း မပါ။ ဝါ-ကုသိုလ်လဲ မဖြစ်၊ အကုသိုလ်လဲ မဖြစ်ဘဲ ကြားစိတ်များ ဖြစ်လေသည်။ ထိုကြောင့် ကြားစေတသိက် ၁၃-ခုအနက် ဆန္ဒ စေတသိက် တခုသာ မပါဘဲ ကြား စေတသိက် ၁၂-ခု ယှဉ်သင့်သလို ယှဉ်သည်-ဟု မှတ်သား ထားဘို့ ဖြစ်သည်။ ထိုတွင် ပီတိ စေတသိက်သည် ဥပေက္ခာစိတ် ၁၄၊ ကာယ ဝိညာဏ်စိတ် ၂-ပါး တို့၌ မယှဉ်နိုင်။ ကျန် ၂-ပါး၌သာ ယှဉ်၏။ ဝီရိယ စေတသိက်သည် ရဟန္တာများ ရယ် ရွှင်သော ဟသိတုပ္ပါဒ် စိတ်နှင့် အာရုံများကို ဆင်ခြင်တတ်သော မနော ဒွါရာဝဇ္ဇန်းစိတ် ၂-ပါးမှ ကြွင်းသော အဟိတ်စိတ် ၁၆-ပါး၌ မယှဉ်နိုင်။ ၎င်း ၂-ပါး၌သာ ယှဉ်၏။ ဒွေးပဉ္စဝိညာဏ် ၁၀-တို့၌ ကား ပကိဏ်း စေတသိက် ၆-ပါးလုံး မယှဉ်နိုင်တော့ပေ။ သဗ္ဗစိတ္တသာဓာရဏ ခေါ် စိတ်သဘာဝ မှန်သမျှနှင့် မကင်း ကောင်းသော စေတသိက် နာမ်သဘာဝ၏ အုဋ္ဌမြစ်စေတသိက် ၇-ပါးသာ ယှဉ်တော့သည်။ ထိုကြောင့် နာမ်သဘာဝ ခတ် တခု၌ အနည်းဆုံး ခတ် ၈-မျိုး ရှိလေသည်။

**မူလစာကိုယ် (၇၄-၇၅)** ဒွေး ပဉ္စဝိညာဏ် ၁၀-၌ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးတို့သည် ယှဉ်ကုန်၏။ ဤသို့ အလုံးစုံအားဖြင့် အဟိတ်စိတ် ၁၈-ပါးတို့၌ ဂဏန်းသင်္ချာတူအားဖြင့် သင်္ဂဟနည်း ၄-ပါးရှိ၏။ ။အဟိတ်စိတ် ၁၈-ပါး တို့၌ သင်္ဂဟ နည်းသည် ၁၂-ပါး တနည်း၊ ၁၁-ပါး တနည်း၊ ၁၀-ပါး တနည်း၊ ၇-ပါး တနည်း၊ ဤသို့ ၄-နည်း ရှိ၏။

---

**အဓိပ္ပါယ် (၇၄-၇၅)** ၁။ ဟသိတုပ္ပါဒ် စိတ်၌ ယှဉ်သော စေတသိက် ၁၂-ပါး တနည်း။

၂။ မနော ဒွါရာဝဇ္ဇန်း စိတ် နှင့် သောမနဿ သန္တီရဏ စိတ်၌ ယှဉ်သော ၁၂-ပါးစီ (သင်္ချာတူ၍ ပေါင်းယူသည်) တနည်း။

၃။ မနောဓာတ်နှင့် အဟိတ် ပဋိသန္ဓေ စိတ်တို့၌ ယှဉ်သော ၁၀-ပါး တနည်း။

၄။ ဒွေး ပဉ္စ ဝိညာဏ် ၁၀-တို့၌ ယှဉ်သော ၇-ပါး တနည်း။

ဤသို့ သင်္ချာတူ ပေါင်း ယူသော အားဖြင့် အဟိတ် စိတ်၌ သင်္ဂဟနည်း ၄-နည်း ရှိလေသည်။

**မူလစာကိုယ် (၇၆)** အလုံးစုံသော အဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၇ - ပါး။ ထိုက်သည့်အား လျော်စွာ ယှဉ်သော စေတသိက် ၅ - ပါး ဖြစ်သည်။ ဤသို့ အကျယ် အားဖြင့် သင်္ဂဟ နည်းသည် ၃၃=ပါး ရှိလေသည်။

---

**အဓိပ္ပါယ် (၇၆)** အဟေတုကသာဓာရဏ စေတသိက်မှာ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး ဖြစ်သည်။ ။
အဟေတုက ယထာရဟ စေတသိက်မှာ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ စေတသိက် ၅ - ပါး ဖြစ်သည်။

## သင်္ဂဟနည်း။

| | | | |
|---|---|---|---|
| ၁။ | လောကုတ္တရာစိတ်၌ | .... | ၅-နည်း။ |
| ၂။ | မဟဂ္ဂုတ်စိတ်၌ | .... | ၅-နည်း။ |
| ၃။ | ကာမသောဘဏစိတ်၌.. | | ၁၂-နည်း။ |
| ၄။ | အကုသိုလ်စိတ်၌ | .... | ၇-နည်း။ |
| ၅။ | အဟိတ်စိတ်၌ | .... | ၄-နည်း။ |
| | | ပေါင်း.... | ၃၃-နည်း။ |

**မူလစာကိုယ်** (၇၇) ဤဆိုအပ်ခဲ့ပြီးသော စကားစုဖြင့် စိတ်၌ အမြဲ ယှဉ်ကုန်သော စေတသိက်တို့၏ သမ္ပယောဂနည်း, သင်္ဂဟနည်းကိုသိပြီး၍၊ ယှဉ်သင့်ယှဉ်ထိုက်သည့်အားလျော်စွာ စိတ်နှင့် ညီမျှသော ကွဲပြားခြင်း သရုပ်ကို ပြဆိုရာ၏။

---

**အဓိပ္ပါယ်** (၇၇) စေတသိက် ၅၂-ပါး တို့၏ တပါးစီ တပါးစီ ယှဉ်နိုင်သော စိတ်ကို ရေတွက်၍ ပြခြင်းသည် ''သမ္ပယောဂနည်း'' မည်၏။ စေတသိက် ၅၂-ပါး တို့၏ စိတ်၌ ယှဉ်သင့်သော စေတသိက် အပေါင်းကို ရေတွက်၍ ပြခြင်းသည် ''သင်္ဂဟနည်း'' မည်၏။ စိတ်နှင့် ညီမျှသော ကွဲပြားခြင်း သရုပ်မှာ ဖဿသည် စိတ် ၈၉-၌ ယှဉ်သောကြောင့် ဖဿပေါင်း ၈၉-ရှိသည်။ ဝေဒနာလည်း ၈၉။ သညာ ၈၉။ စေတနာ ၈၉။ စသည် ပြားရလေသည်။ တနည်း ၁၂၁-စသည် ပြားရလေသည်၊ ကွဲပြားပုံကို ဇယား၌ကြည့်။

## ဘူမိဘေဒစိတ်နှင့်အမျှ ပြားပုံ။

ကာမာဝစရ ဖဿ ၅၄၊ ကာမာဝစရဝေဒနာ ၅၄-စသည်
ရူပါဝစရ ဖဿ ၁၅၊ ရူပါဝစရ ဝေဒနာ ၁၅-စသည်
အရူပါဝစရ ဖဿ ၁၂၊ အရူပါဝစရဝေဒနာ ၁၂-စသည်

**အကျဉ်း** - လောကုတ္တရာ ဖဿ ၈
လောကုတ္တရာ ဝေဒနာ ၈ စသည် ....

**အကျယ်** - လောကုတ္တရာ ဖဿ ၄၀
လောကုတ္တရာ ဝေဒနာ ၄၀ စသည် ....

## ဇာတိ ဘေဒစိတ်နှင့်အမျှ ပြားပုံ။

| | | | |
|---|---|---|---|
| ကုသိုလ်ဖဿ | ၂၁။ | ကုသိုလ်ဝေဒနာ | ၂၁ စသည် |
| အကုသိုတ်ဖဿ | ၁၂။ | အကုသိုလ်ဝေဒနာ | ၁၂ စသည် |
| ဝိပါက်ဖဿ | ၃၆။ | ဝိပါက်ဝေဒနာ | ၃၆ စသည် |
| ကြိယာဖဿ | ၂၀။ | ကြိယာဝေဒနာ | ၂၀ စသည် |

ဤသို့ စိတ် အခေါ်အဝေါ် ကွဲပြားသည့်အတိုင်း ဖဿ စသော စေတသိက်တို့ကို ခေါ်ဝေါ်နိုင်သည်။

## အကုသိုလ်ဖဿ ၁၂-တွင်

| | | | | | |
|---|---|---|---|---|---|
| | လောဘ ဖဿ | ၈။ | လောဘဝေဒနာ | | ၈-စသည် |
| | ဒေါသ ။ | ၂။ | ဒေါသ | ။ | ၂ |
| | မောဟ ။ | ၂။ | မောဟ | ။ | ၂ |
| တနည်း- | သောမနဿဖဿ | ၄။ | သောမနဿဝေဒနာ | | ၄ |
| | ဥပေက္ခာ ။ | ၄။ | ဥပေက္ခာ | ။ | ၄ |
| | ဒေါမနဿ ။ | ၂။ | ဒေါမနဿ | ။ | ၂ |
| တနည်း- | ဒိဋ္ဌိ ဖဿ | ၄။ | ဒိဋ္ဌိ | ဝေဒနာ | ၄ |
| | အဒိဋ္ဌိ ။ | ၄။ | အဒိဋ္ဌိ | ။ | ၄ |
| | ပဋိဃ ။ | ၂။ | ပဋိဃ | ။ | ၂ |
| | ဝိစိကိစ္ဆာ ။ | ၁။ | ဝိစိကိစ္ဆာ | ။ | ၁ |
| | ဥဒ္ဓစ္စ ။ | ၁။ | ဥဒ္ဓစ္စ | ။ | ၁ |
| တနည်း- | အသင်္ခါရိကဖဿ | ၇။ | အသင်္ခါရိက ဝေဒနာ | | ၇ |
| | သသင်္ခါရိက။ | ၅။ | သသင်္ခါရိက | ။ | ၅ စသည် |

## စိတ္တေနသမယုဒ္ဓိသေ,အရ စိတ်နှင့်တူမျှသော စေတသိက်ပြားပုံဇယား။

### (၁) အညသမာနရာသိ

| စေတသိက် | ယှဉ် ကျဉ်း | ယှဉ် ကျယ် | မယှဉ် |
|---|---|---|---|
| ဖဿ | ၈၉ | ၁၂၁ | မ |
| ဝေဒနာ | ၈၉ | ၁၂၁ | မ |
| သညာ | ၈၉ | ၁၂၁ | မ |
| စေတနာ | ၈၉ | ၁၂၁ | မ |
| ဧကဂ္ဂတာ | ၈၉ | ၁၂၁ | မ |
| ဇီဝိတိန္ဒြိယ | ၈၉ | ၁၂၁ | မ |
| မနသိကာရ | ၈၉ | ၁၂၁ | မ |

### ပကိဏ်ဏကစေတသိက် (၆)

| စေတသိက် | ယှဉ် ကျဉ်း | ယှဉ် ကျယ် | မယှဉ် |
|---|---|---|---|
| ဝိတက္က | မ | ၅၅ | ၆၆ |
| ဝိစာရ | မ | ၆၆ | ၅၅ |
| အဓိမောက္ခ | ၇၈ | ၁၁၀ | ၁၁ |
| ဝီရိယ | ၇၃ | ၁၀၅ | ၁၆ |
| ပီတိ | မ | ၅၁ | ၇၀ |
| ဆန္ဒ | ၆၉ | ၁၀၁ | ၂၀ |

ပေါင်း (၁၃)

### (၂) အကုသလ-ရာသိ

| စေတသိက် | ယှဉ် | မယှဉ် |
|---|---|---|
| မောဟ | ၁၂ | ၇၇ |
| အဟိရိက | ၁၂ | ၇၇ |
| အနောတ္တပ္ပ | ၁၂ | ၇၇ |
| ဥဒ္ဓစ္စ | ၁၂ | ၇၇ |
| လောဘ | ၈ | ၈၁ |
| ဒိဋ္ဌိ | ၄ | ၈၅ |
| မာန | ၄ | ၈၅ |
| ဒေါသ | ၂ | ၈၇ |
| ဣဿာ | ၂ | ၈၇ |
| မစ္ဆရိယ | ၂ | ၈၇ |
| ကုက္ကုစ္စ | ၂ | ၈၇ |
| ထိန | ၅ | ၈၄ |
| မိဒ္ဓ | ၅ | ၈၄ |
| ဝိစိကိစ္ဆာ | ၁ | ၈၈ |

ပေါင်း (၁၄)

### (၃) သောဘဏ-ရာသိ

| စေတသိက် | ယှဉ် ကျဉ်း | ယှဉ် ကျယ် | မယှဉ် |
|---|---|---|---|
| သဒ္ဓါ | ၅၉ | ၉၁ | ၃၀ |
| သတိ | ၅၉ | ၉၁ | ၃၀ |
| ဟိရီ | ၅၉ | ၉၁ | ၃၀ |
| ဩတ္တပ္ပ | ၅၉ | ၉၁ | ၃၀ |
| အလောဘ | ၅၉ | ၉၁ | ၃၀ |
| အဒေါသ | ၅၉ | ၉၁ | ၃၀ |
| တတြမဇ္ဈတ္တတာ | ၅၉ | ၉၁ | ၃၀ |
| ကာယပဿဒ္ဓိ | ၅၉ | ၉၁ | ၃၀ |
| စိတ္တပဿဒ္ဓိ | ၅၉ | ၉၁ | ၃၀ |
| ကာယ လဟုတာ | ၅၉ | ၉၁ | ၃၀ |
| စိတ္တ လဟုတာ | ၅၉ | ၉၁ | ၃၀ |
| ကာယ မုဒုတာ | ၅၉ | ၉၁ | ၃၀ |
| စိတ္တ မုဒုတာ | ၅၉ | ၉၁ | ၃၀ |
| ကာယ ကမ္မညတာ | ၅၉ | ၉၁ | ၃၀ |
| စိတ္တ ကမ္မညတာ | ၅၉ | ၉၁ | ၃၀ |
| ကာယ ပါဂုညတာ | ၅၉ | ၉၁ | ၃၀ |
| စိတ္တ ပါဂုညတာ | ၅၉ | ၉၁ | ၃၀ |
| ကာယု ဇုကတာ | ၅၉ | ၉၁ | ၃၀ |
| စိတ္တု ဇုကတာ | ၅၉ | ၉၁ | ၃၀ |
| သမ္မာဝါစာ | ၁၆ | ၄၈ | ၇၃ |
| သမ္မာကမ္မန္တ | ၁၆ | ၄၈ | ၇၃ |
| သမ္မာအာဇီဝ | ၁၆ | ၄၈ | ၇၃ |
| ကရုဏာ | ၂၈ | မ | ၆၁ |
| မုဒိတာ | ၂၈ | မ | ၆၁ |
| ပညိန္ဒြေ | ၄၇ | ၇၉ | ၄၂ |

ပေါင်း (၂၅)

ဤသို့စသည်ဖြင့် စိတ် ၈၉-ပါးလုံးသို့ လိုက်၍ ဖဿ,ဝေဒနာ စသော စေတသိက်အပြားကို ခွဲနိုင်လေသည်။ ဤကား စိတ်နှင့်အမျှ ပြားပုံအကြွက်တည်း။

**အမှာ**——ဤနေရာ၌ ကျွန်ုပ်တို့ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ "**ပရမတ္ထသရူပဘေဒနီကျမ်း**"၌ ရေးသားတော်မူသော "တဒုဘယမိဿက" နည်းကို ပြသင့်သော်လည်း ရှည်ပျား၍ ကျောင်းသားများ အသိခက်မည်ကို စိုးရိမ်သဖြင့် ချန်လှပ်ခဲ့ရပေသည်။

ဤပြဆိုခဲ့ပြီးသော စိတ်ပိုင်း စေတသိက်ပိုင်း တို့ဖြင့် "**နာမ်တေပညာသ**" အရ စိတ်တပါး၊ စေတသိက် ၅၂-ပါး၊ နာမ်သဘာဝ ၅၃-ပါးတို့၏အဓိပ္ပါယ်များ အတော်အတန် ပြည့်စုံစွာ သိပြီး ကြပြီဟု မှတ်ယူရပေမည်။ စင်စစ်မှာ နာမ်တရားသည် တေပညာသ ၅၄-ပါးရှိသည်။ နိဗ္ဗာန်သည်လည်း နာမ်တရားပင်ဖြစ်၍ နာမ်တရားစင်စစ် ၅၄-ပါးဟု မှတ်ပါ။ သို့ရာတွင် အကြောင်းတို့၏ ညီညွတ်မှု (ပစ္စယသမဝါယ) ကြောင့် **ဥပ္ပါဒ** အဖြစ်သို့ ရောက်၍ အကောင်အထည် ပေါ်နိုင်သော နာမ်တရားမှာ စိတ် ၁-နှင့် စေတသိက် ၅၂-ပေါင်း ၅၃-ပါးသာရှိသည်။

**နိဗ္ဗာန်ကား** **အပစ္စယ** (အကြောင်းမရှိ) **အသင်္ခတ** (တစုံတခုသော အကြောင်း၏ ပြုပြင်မှု မရှိ) ဖြစ်၍ ဥပ္ပါဒ အဖြစ်ဖြင့် အကောင်အထည် ပေါ်လာနိုင်သော နာမ်သဘာဝ မဟုတ်ချေ၊ စင်စစ်မှာ ဥပ္ပါဒ ဖြစ်သော နာမ်တရားတို့၏ **နိရောဓ** "ပဋိပ္ပဿမ္ဘန နိရောဓ" အပြီးအငြိမ်း ချုပ်ငြိမ်းခြင်းကိုပင် နိဗ္ဗာန် ခေါ်ရ လေသည်။

ထိုကြောင့်––**ဥပ္ပါဒ** ဝါ ''**ဖြစ်**, တည်, **ပျက်**'' အဖြစ်ဖြင့် နာမ်သဘာဝ အကောင်အထည် ပေါ်လာနိုင်သော နာမ်တရား ၅၃-ပါးတို့သည် မိမိ,မိမိတို့၏ (စိတ်၏သိမှု သတ္တိ၊ ဖဿ၏ အတွေ့အထိသတ္တိ၊ ဝေဒနာ၏ ခံစားမှုသတ္တိစသော ၅၃-ပါးသော) သတ္တိတို့သည် **ဥပ္ပါဒ** အဖြစ် မရောက်မီ ဝါ "**ဖြစ်**, တည်, **ပျက်**'' အဖြစ်ဖြင့် အကောင် အထည် မပေါ်မီ ဓါတ်သဘာဝ (ကိုယ်ပိုင်သတ္တိ) အားဖြင့်သာ ထင်ရှား ပေါ်လွင်ကြကုန်၏။ အကြောင်း (ပစ္စယ) တို့၏ (သမဝါယ) ညီညွတ်သဖြင့်သာ စုပေါင်း၍ **ဥပ္ပါဒ** အဖြစ် ရောက်သောအခါ ဝါ– "**ဖြစ်**, တည်, **ပျက်**'' အဖြစ်ဖြင့် နာမ်တရား အကာင်အထည် ပေါ်လာသောအခါ မိမိ, မိမိတို့၏ ပင်ကိုယ်သတ္တိများ မထင်ရှား မပေါ်လွင်ကုန်။ အကြောင်းညီညွတ်၍ စုပေါင်းမိသော နာမ်တရား အများ၏ သတ္တိသာ ပေါ်လွင် ထင်ရှားတော့၏။ ဥပမာ–အစည်းအဝေး တခု၏ ဆုံးဖြတ်ချက် ကဲ့သို့တည်း။ အစည်းအဝေး၏ ဥက္ကဋ္ဌ, အတွင်းရေးမှူး နှင့် လူအများရှိကြရာ သူတို့၏ ပင်ကိုယ် သဘောဆန္ဒသည် အမျိုးမျိုး အသီးအသီးစီ ရှိကြ၏။ ပေါင်းစု၍ အစည်းအဝေး လုပ်သောအခါ တစုံ တယောက်၏ အဆိုကို အများသဘော ဆန္ဒ အတိုင်း ဆုံးဖြတ်၍ ဆုံးဖြတ်ချက် ပေါ်ထွက်လာ၏။ အများသဘောဆန္ဒအတိုင်း ပေါ်ထွက်လာသော ဆုံးဖြတ်ချက်သည်သာ ပဓါနဖြစ်၍ လောကဥ္စ ခရီး ရောက်လေသည်။ လောက က လက်ခံရလေသည်။ ထိုဆုံးဖြတ်ချက်သည် ဘယ်သူကြောင့် ဖြစ်သလဲဟု လက်သည်ရှာသော အခါ ဥက္ကဋ္ဌကြောင့်လည်း မဟုတ်၊ အတွင်းရေးမှူးကြောင့်လည်းမဟုတ်၊ လူအများကြောင့်လည်းမဟုတ်၊ အားလုံး ညီညွတ်မှုကြောင့် ဖြစ်ပေါ်လာသော အဆုံးအဖြတ်ဖြစ်

သည်ကို တွေ့ရလိမ့်မည်။ လက်သည် တဦးတယောက်မျှ မတွေ့ရပေ။ ထို့ကြောင့်-ထိုဆုံးဖြတ်ချက်ကို စ၍လုပ်သူ လက်သည် တစုံတယောက် မရှိပေ။

ထို့အတူ ဝတ္ထုအာရုံ အကြောင်း ညီညွတ်မှုဖြင့် မြင်စိတ် တခု **ဥပ္ပါဒ** အဖြစ်,အကောင်အထည် ပေါ်လာပြီ ဆိုကြပါစို့၊ အကောင်အထည် ပေါ်လာသော စိတ်၌ စက္ခုဝိညာဏ်စိတ်နှင့် စေတသိက် ၇-ပါး၊ ပေါင်း ၈-ပါးသော နာမ်တရားများ စုပေါင်း၍ ပေါ်လာရသည်။ နာမ်တရား ၈-ပါးတို့၏ မိမိတို့၏ ကိုယ်ပိုင် သတ္တိ မထင်ရှား မပေါ်လွင်ဘဲ အများပိုင်သတ္တိ မြင်ကိစ္စတခုကို နာမ်တရား ၈-ပါးလုံးက ဆုံးဖြတ်ချက် ချလိုက်သဖြင့် စိတ်သည် သိမှုသတ္တိ, ဖဿသည် တွေ့ထိမှုသတ္တိ, ဝေဒနာသည် ခံစားမှုသတ္တိစသော ကိုယ်ပိုင်သတ္တိတို့ မပေါ်လွင်ဘဲ မြင်တဲ့အလုပ်တခုသာ အကောင်အထည် ပေါ်လာရသည်။

ဤ၌---နာမ်တရားတို့၏ စုဝေးမိခြင်း နှင့် အစည်းအဝေးသည်တူ၏။

နာမ်တရားများနှင့် အသင်းသားများသည် တူ၏။ နာမ်တရားများ၏ ပင်ကို ကိုယ်ပိုင် သတ္တိ များနှင့် အသင်းသား၏ ပင်ကို ကိုယ်ပိုင် သဘောဆန္ဒများ တူကြသည်။

နာမ်တရားများ၏ စုဝေးမိသောအခါ မိမိတို့၏ ပင်ကို ကိုယ်ပိုင် သတ္တိများ မပေါ်လွင် မထင်ရှား မပြဌာန်းတော့ဘဲ အားလုံးသော နာမ်တရားများ၏ စုဝေးညီညွတ်ခြင်းကြောင့် ဖြစ်ပေါ် လာသော မြင်ကိစ္စ မြင်သတ္တိ ဖြစ်ရခြင်းနှင့် အသင်း

စည်းဝေးသောအခါ အသင်းသားတို့၏ အသီးအသီးကိုယ်ပိုင် ဆန္ဒများဖြင့် မဆုံးဖြတ်ရဘဲ အများ၏ သဘောဆန္ဒ အတိုင်း ဆုံးဖြတ်ချက် ပေါ်ထွက်လာရခြင်းသည် တူလေ၏။

ဆုံးဖြတ်ချက်သည် ဘယ်သူ၏ ဆုံးဖြတ်ချက်ဟု လက်သည် ရှာမရသလို မြင်ကိစ္စ တခုသည်၊ ဝါ-စက္ခုဝိညာဏ်စိတ် ခေါ် နာမ်တရား ဖြစ်ပေါ်လာမှုသည် ဘယ်သူကစ၍ လုပ်သည်ဟု လက်သည် ရှာ၍မရပေ။ ဤအတူ စိတ်, စေတသိက် တွဲဖက်၍ ဖြစ်ပေါ်သော နာမ်သဘာဝ ဂ၉၊ ဝါ-၁၂၁-ပါးတို့၌ ပြုလုပ်သူလက်သည် ရှာ၍မရပေ။ ရုပ်သဘာဝ၌လည်း ထိုအတူပင်။

ထိုကြောင့် ဘုရားရှင်သည် "အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ"ဟု ဟောတော်မူသည်။

နာမ်တရား ၅၃-ပါးတို့သည် ဓါတ်သဘာဝ၊အတိုင်း နေသောအခါ တခုစီ တခုစီ၌သာ မိမိတို့၏ ကိစ္စ သတ္တိ ထင်ရှားသည်၊ ပေါင်းစည်း၍ တကယ်ဖြစ်ပေါ်သောအခါ နာမ်တရားတို့၏ သတ္တိ ၅၃-မျိုးသည် မထင်ရှားတော့၊ပြဋ္ဌာန်းသောသတ္တိ တခုသာ ထင်ရှား ပေါ်လွင်ရသည်။ ဥပမာ-ကြက်သားဟင်း ဆိုရာ၌ ကြက်သား တခုတည်းကိုသာ ချက်သည် မဟုတ်၊ ဟင်းချက်ရာ၌ ထည့်သင့်သော ရေ, ဆီ, ဆား, ငရုပ်, ကြက်သွန်, ချင်း,မဆလာများ ထည့်၍ ချက်ရသည်။ ထိုကြက်သား ဟင်း၌ ပါသော ကြက်သား ရေ, ဆီ, ဆား, ငရုပ်, ကြက်သွန်, ချင်း, မဆလာ တို့သည် တခုစီ နေသောအခါ ကြက်သားအရသာ, ရေ၏အရသာ, ဆီ၏အရသာ, ဆား၏အရသာ, ငရုပ်၏ အရသာ, ကြက်သွန်အရသာ, ချင်းအရသာ,မဆလာအရသာ တို့သည် အသီးသီး ရှိကြကုန်၏။ ပေါင်းစပ်၍ ချက်လိုက်သော အခါ ကြက်သားဟင်းဟု ကြက်သားက ပဓါနဖြစ်၍ ထင်ရှား

ပေါ်လွင်ကာ ရေ့ဆိစသော ဝတ္ထုတို့၏အသီးအသီး အရသော တို့သည် မပေါ်လွင် မထင်ရှားတော့ဘဲ ကြက်သားကို ပြန် လေးနက် ကောင်းမွန်စေလျက် မပြဋ္ဌာန်းတော့ သကဲ့သို့မှတ်။

၍အဓိပ္ပါယ်များကို ''ဘာသ်,ကြိ,တွေး'' ဆိုသည်အတိုင်း နာနာဘာသ်၍ကြံတွေးပါလေ၊ ထိုအဓိပ္ပါယ်ကို သဘောပေါက် ပါက၊ ဝါ-ကျန မှန်ကန်စွာ သိပါက သံသရာ အစမရှိဆိုသော စကား၏ အဓိပ္ပါယ်ကို အတော်အတန် သဘောပေါက်ရောက် ပါလိမ့်မည်။

## သံသရာစက် လည်ပုံ။

သံသရာ စက်လည်ပုံ အကျဉ်း ချုပ်ကို ပြမည်။ ယခု ဘဝ၏ အစသည် ပဋိသန္ဓေ ဝိညာဏ် ဖြစ်၏။ ထိုဝိညာဏ် ကြောင့် နာမ်ရုပ် ၂-ပါး တွဲလျက် ခန္ဓာကိုယ် အကောင် အထည် ပေါ်လာ၏။ ထိုခန္ဓာ ကိုယ်ကောင်၌ မျက်စိ, နား, နှာ,လျှာ,ကိုယ်,မနော ဟူသော အတွင်း အကြည်ဓါတ် ၆-မျိုး ဖြစ်ပေါ်လာ၏။ ထို ၆-မျိုးကြောင့် မြင်, ကြား, နံ့, သိ ရောထိ သောအခါ၊ အကြောင်းတရား ၃ ပါး ပေါင်းဆုံခြင်း ဖဿ တရား ဖြစ်၏။ (စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော) ထိုဖဿကြောင့် အာရုံ၏ အရသာကို ခံစားခြင်း ဝေဒနာ ဖြစ်၏။ ထိုခံစား ခြင်းကြောင့် လိုချင် နှစ်သက်ခြင်း တဏှာဖြစ်၏။ ထို တဏှာကြောင့် စွဲလမ်းနှစ် သက်ခြင်း ဥပါဒါန် ဖြစ်၏။ ထို ဥပါဒါန်ကြောင့် ကာယကံ ဝစီကံ,မနောကံ တို့ကို ပြုလုပ်မိတော့၏။ထိုကံကြောင့် အကျိုး တရား ဝိပါက်များ နောက်ဘဝ၌ ပေါ်ရတော့မည်။ ဤကား ယခု ဘဝ၏ အကြောင်း အကျိုး ဆက်စပ် ဖြစ်ပေါ်ပုံတည်း။

ရေးဦးသင် အဘိဓမ္မာ။

ဤပစ္စုပ္ပန် ယခုဘဝ၏ အစဖြစ်သော ဝိညာဏ်သည် အဘယ်ကြောင့် ဖြစ်ပေါ်ရသနည်းဆိုလျှင်၊ရှေးရှေးဘဝတို့က အဝိဇ္ဇာနှင့်သင်္ခါရ တို့ကြောင့် ဖြစ်ပေါ်ရ၏ဟု အတိတ် အကြောင်းနှစ်ပါးကို ပြရမည်။ ယခု ပစ္စုပ္ပန်ဘဝ ပြီးက, ပြတ်၍ ဘာမျှအကျိုး မဖြစ်တော့ဘူးလား မေးလျှင် မပြတ်ပေ။ နောက်လာမည့် ဘဝမှာ ပဋိသန္ဓေ နေရဦးမည်, အိုရဦးမည်, သေရဦးမည်ဟု အကျဉ်းချုံး၍ပြောရပေမည်။

အကျဉ်းချုပ်မှာ

**အတိတ်ဘဝက**= အဝိဇ္ဇာ, သင်္ခါရကြောင့်....

**ပစ္စုပ္ပန်ဘဝမှာ**= ဝိညာဏ်, နာမ်,ရုပ်, သဠာယတန, ဖဿ ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဖြစ်ရသည်။ ၎င်းတို့ကြောင့်-

**အနာဂါတ်ဘဝမှာ**= ဇာတိ, ဇရာ, မရဏ တို့ဖြစ်ရ မည်ဟု ဆိုလိုသည်။ ။ဤ၌- အဝိဇ္ဇာ ဖြစ်ပေါ် လာရ ခြင်းမှာ— 'အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ'ဆိုသောကြောင့် ကာမာသဝစသော အာသဝ ၄-ပါးသည် အဝိဇ္ဇာ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၏။

ထို အာသဝ ၄ ပါးတို့၏ တရားကိုယ်မှာ- လောဘ, ဒိဋ္ဌိ မောဟများဖြစ်၍ အပုညာဘိသင်္ခါရ ဖြစ်သောအခါ ထိုတရားကိုယ်များ ဖြစ်ပေါ်ပါရှိလေသည်။ နာမ်-ရုပ် တရားတွင်၎င်း၊ တဏှာ တရားတွင်၎င်း၊ ဥပါဒါန် တရားတွင်၎င်း၊ ဘဝတရားတွင်၎င်း၊ ထိုအာသဝ တရား ကိုယ်များ ပါလေသည်။ ထို အာသဝ တရားတို့က အဝိဇ္ဇာကို ဖြစ်ပေါ်စေ၍ အဝိဇ္ဇာက သင်္ခါရကို ဖြစ်ပေါ်စေသည် စသည်ဖြင့် စက်လည် လေသည်။

ဤတရားအားလုံး၌ အဝိဇ္ဇာ၏ အကြောင်းသာ ရှာလို့ ရ၏။ အဝိဇ္ဇာ ဖြစ်ပေါ်အောင် မည်သူလုပ်သနည်း။တကဲ့လက်သည် ရှာ၍ မရပေ။ ရှာမရ ပုံမှာ အဝိဇ္ဇာ ဆိုသည်မှာ မောဟ စိတ္တုပ္ပါဒ်၌ နာမ်ဓါတ်ပေါင်း စိတ် ၁-ပါး၊ စေတသိက် ၁၅၊ ပေါင်း နာမ်သဘာ၀ ၁၆-ပါးတို့သည် ပေါင်းစုဖြစ်ပေါ်ကြ၍ သစ္စာလေးပါးကို မသိခြင်း(အဝိဇ္ဇာ)အလုပ်တခုကို လုပ်ကိုင်ကြကုန်၏။ သစ္စာလေးပါးကို မသိခြင်း (အဝိဇ္ဇာ) အလုပ်ကို စိတ်ကလုပ်သလား၊ ဖဿ,ဝေဒနာစသော စေတသိက် ၁၅-ပါးက လုပ်သလားမေးသော်- စိတ်ကလည်း ကျွန်ုပ်၏ သတ္တိ မဟုတ်ပါ၊ ဖဿကလည်း ကျွန်ုပ်၏သတ္တိမဟုတ်ပါ၊ ဝေဒနာ စသည် တို့ကလည်း ဤသို့ပင် ပြောကြ ပေမည်။ စုပေါင်း၍ ဖြစ်သော သတ္တိ ဖြစ်ပါသည်ဟု အဖြေပေးစရာ ဖြစ်ပေသည်။ အောက်၌ပြကဲ့သော အစည်းအဝေး၏ ဆုံးဖြတ်ချက် ဥပဒေ အတိုင်းပင်၊စုပေါင်းညီညွတ်၍ ဥပ္ပါဒအဖြစ် ရောက်လာသော နာမ်သဘာ၀ ၁၆ ပါးတို့၏ ကိစ္စသတ္တိသာ ဖြစ်ကြောင်းထင် ရှားလာလိမ့်မည်။ထိုကြောင့် အဝိဇ္ဇာ မသိမှု ကိစ္စကိုမှပြုလုပ်သူ လက်သည် ရှာမရလျှင်၊ နောက်-သင်္ခါရ,ဝိညာဏ်, နာမ်ရုပ်,စသည်တို့၌ အဘယ်မှာ လက်သည်ရှိနိုင်တော့ မည်နည်း။ ထိုကြောင့်-သံသရာ အစမရှိပေ၊ နာမ်တရား တို့၏ (ဥပ္ပါဒ) ဥပါဒ်ခြင်းကို အစ ဟူ ခေါ်မှု ခေါ်နိုင်ပေသည်။ ဤကား- အကျဉ်း အမြွက်မျှသာ၊ အားလုံးသော တရား တို့ကို ဤမှု အတိုင်း လက်သည်ရှာ၍ မတွေ့က ခန္ဓာ, အာယတန,ဓါတ် တို့၏ မပြတ်လည်နေသော သံသရာစက် အစမရှိပုံကို သဘော ပေါက်ကြလိမ့်မည်၊စဉ်းစားတွေးတော ကြံစည် အားထုတ်ကြ ပါကုန်လော့။ ။

စာကြည့်ခန်း
၁၄၉၉-

ရန်ကုန်မြို့၊ အမှတ် ၁၁၄၊ ကရိလမ်း၊ အောင်သိပ္ပံစာအုပ်တိုက်၊ ဒေါ်ကြည်ကြည် (၀၇၄) ကထုတ်
ရန်ကုန်မြို့၊ အမှတ် ၆၀၊ ရေကျော်သမ်း၊ ကုသလဝတီပုံနှိပ်တိုက်တွင် ဦးဘကျော်(၃၂၆)ကရိုက်နှိပ်